
http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ သာသနာတော်၌
ပဋိဝေဓ နိဗ္ဗာန် အမှန်ရရှိရန်
ပဋိပတ္တိအကျင့် မှန်ကန်ဖို့ လိုအပ်ပါသည်။
အကျင့်မှန်စေရန်
ပရိယတ္တိ အသိမှန်ဖို့
အရေးကြီးလှပေသည်။
ဤမဟာသတိပဋ္ဌာနသုတ်တော်မြတ်သည်
သာသနာတော်သုံးရပ်အတွင်း အကျုံးဝင်၍
သာသနာတော်သုံးရပ်စလုံးကို
ပြီးပြည့်စုံစေနိုင်ပါသည်။
သို့အတွက်
အပိုအလိုမရှိ မူရင်း ပကတိအတိုင်းသာ
အဋ္ဌကထာကို
မြန်မာပြန်ဆိုမှု ပြုထားပါသည်။

http://www.dhammadownload.com



# မဟာသတိပဋ္ဌာနသုတ်

အဓိပ္ပာယ်

မြန်မာပြန်

ဓမ္မဒူတ ဆရာတော်ကြီး၏
တာပည့်

ဓမ္မဒူတ အရှင်ဆေကိန္ဒ

http://www.dhammadownload.com

# မဟာသတိပဋ္ဌာနသုတ်

အဖွင့်

## မြန်မာပြန်

ဓမ္မဒူတ ဆရာတော်ကြီး၏
တပည့်
ဓမ္မဒူတ အရှင်ဆေကိန္ဒ

http://www.dhammadownload.com

# ဆန္ဒတိုက်တွန်း၍သာ

မိမိသည် ကျေးဇူးတော်ရှင် (တောင်စွန်း) ဓမ္မဒူတ ဆရာတော်ကြီး၏ အနီးကပ် အဆုံးအမကို ရရှိ၍လည်းကောင်း၊ သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ချီးမြှောက်ထောက်ပံ့မှုကြောင့် လည်းကောင်း စာရေး စာချ တရားဟော တရားပြ လုပ်ငန်းတာဝန် အတတ်ပညာကို သင်ယူဆည်းပူးခွင့် ရရှိခဲ့ပါသည်။

ထိုကျေးဇူးရှင်တို့ အထောက်အပံ့အင်အားကြောင့် အဋ္ဌကထာ စာအုပ်များကို မြန်မာဘာသာသို့ ပြန်လိုစိတ်များ ဖြစ်ပေါ်ခဲ့ရပါသည်။ ထိုဆန္ဒအားလျော်စွာ စိတ်ကူးဖြင့်ပင် အဖွဲ့အစု ဖွဲ့၍ နီးစပ်ရာ၊ ခင်မင်ရာ၊ အားကိုးရာ ပုဂ္ဂိုလ်များနှင့်အတူ အဋ္ဌကထာများကို မြန်မာ ဘာသာသို့ ပြန်ဆိုမိကြပါသည်၊ မအောင်မြင်ခဲ့ပါချေ။

မိမိရည်မှန်းထားသည့် ပုဂ္ဂိုလ်များသည်ကား သာသနာ့တာဝန် များကို အချိန်မအား မနားမနေ တာဝန်ယူနေကြသော အရှင်မြတ်များ ဖြစ်ကြ၍ မအောင်မြင်ခြင်း ဖြစ်ပါသည်။

တစ်ချို့သော အရှင်မြတ်တို့က ဤအဋ္ဌကထာ မြန်မာပြန်ဆိုခြင်းသည် အလွန်ကြီးမား လေးလံသော တာဝန်ကြီးဖြစ်သည်ဟု သတိပေးကြပြန်ပါသည်။ အမှန်တကယ် ကြီးမားလေးလံလွန်းသော တာဝန်ကြီး ဖြစ်ပါသည်။

http://www.dhammadownload.com

သို့သော် မိမိသည် "အဋ္ဌကထာအားလုံးကို မြန်မာဘာသာသို့ မပြန်နိုင်စေကာမူ တစ်ကျမ်းတစ်အုပ်မျှ ပြန်နိုင်လျှင်လည်း ကောင်းပါ၏" ဟု နှလုံးသွင်းမိပြန်ပါသည်။

မိမိထမ်းဆောင်နေဆဲ သာသနာ့တာဝန်များက များပြားလွန်းသဖြင့် အချိန်အား မရှိသလောက်ပင် ဖြစ်နေပါ၏။ သို့အတွက် ကျမ်းစာတစ်အုပ်လုံးကို မြန်မာပြန်မှုသည် မိမိအတွက် အလွန်ခက်ခဲနေပြန်ပါ၏။

'ဤသို့ ဖြစ်လျှင် လက်လျှော့လိုက်တော့မည်' ဟူသော စိတ်ကူးမျိုး တစ်ခါမျှ မပေါ်ခဲ့ပါလေ။ 'တစ်သုတ်ချင်း မြန်မာပြန်ဆိုလျှင်လည်း ဖြစ်နိုင်တာပါပဲ' ဟုသာ ဆန္ဒဖြစ်ပေါ်လာခဲ့ပြန်ပါသည်။

'မည်သည့်သုတ္တန်ကို အရင်ပြန်ဆိုလျှင် သင့်တော်မည်နည်း' ဟု အမေးပေါ်လာပြန်ပါသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က နိုင်ငံခြားသားသုံးဦး ရောက်ရှိလာပြီး တရားဓမ္မ မေးမြန်းခဲ့ကြပါသည်။ အဖြေပေးလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပြီး 'ဒီတစ်ခေါက် မြန်မာပြည်ကို လာရကျိုးနပ်ပါပေသည်' ဟု ပြောဆိုကြပါသည်။

ထို့အပြင် 'မဟာသတိပဋ္ဌာနသုတ်ကို ပါဠိတော် အဋ္ဌကထာ အင်္ဂလိပ်လို ပြန်ဆိုထားသည်ကို လိုချင်ပါသည်' ဟု တောင်းခဲ့ပါသည်။

'နိုင်ငံမျိုးစုံက အင်္ဂလိပ်ဘာသာပြန်စာအုပ်များ ရှိပါသည်' ဟု ပြောသော်လည်း ယင်းစာအုပ်များသည် ပါဠိတော် အဋ္ဌကထာတို့ကို

http://www.dhammadownload.com

အင်္ဂလိပ်ဘာသာပြန် ဆိုထားသော်လည်း မပြည့်စုံသည့်က တစ်ဖုံ၊ မူရင်းအဓိပ္ပါယ်တို့၌ စာရေးသူ၏ အလိုဆန္ဒ အယူအဆတွေကို ထည့်သွင်းထားကြသည်မက တစ်မျိုးကြောင့် နှစ်သက်မှုအားနည်းကြောင်း ပြောဆိုကြပါသည်။

မိမိ၌ အသိတစ်မျိုးတိုး၍ ဆန္ဒတစ်ခု ထပ်မံ ပေါ်ခဲ့ရပြန်ပါသည်။

မိမိ၏ အဋ္ဌကထာ မြန်မာပြန်သည် ပါဠိစာပေသမားတွေအတွက်လည်း ဖြစ်ရမည်၊ မူရင်းအဓိပ္ပါယ်အတိုင်း ဆိုလိုရင်း မပျက်လည်း ဖြစ်ရမည်၊ တရားအလုပ် အားထုတ်သူတွေအတွက်လည်း ကျေးဇူးများစေရမည် ဟူသော ဆန္ဒပင် ဖြစ်ပါသည်။

ထို့အပြင် မြန်မာစာဖတ်တတ်ပြီး တခြားဘာသာစကားကို နားလည်သူများအတွက်လည်း တစ်ဆင့် ဘာသာပြန်ဆိုလိုပါက ပြန်ဆိုနိုင်စေရမည်။ သို့မှသာ မြတ်စွာဘုရားရှင်၏ ပါဠိတော်စကားရပ်၊ အဋ္ဌကထာဆရာကြီး၏ အလိုဆန္ဒတို့အတိုင်းသာ သာသနာပြန့်ပွားမည်ဖြစ်ပါသည်။

ယခု မဟာသတိပဋ္ဌာနသုတ်အဖွင့် မြန်မာပြန်ဆိုမှု အချိန်ကာလသည် အလွန်ကြာမြင့်ခဲ့ပါပြီ။ အခက်အခဲများစွာလည်း ရှိခဲ့ပါသည်။ မိမိ၏ ဆန္ဒပြင်းပြလွန်းလို့ ဤဆန္ဒတိုက်တွန်းမှုကြောင့်သာ ယခုအခါ ဖတ်ရှုနိုင်သော အခြေအနေသို့ ရောက်ရှိခဲ့ပါပြီ။

http://www.dhammadownload.com

ထိုကုသိုလ်ပါရမီအတွက် ကျေးဇူးရှင် ဆရာသမားများနှင့် ကျမ်းစာအုပ် အဆင်ပြေ ချောမွေ့စေရန် အနီးကပ် အကူအညီများကို ပေးကြသော ကွန်ပျူတာ ပညာရှင် ဆရာ ဦးဖြူဝင်း (ဘီအီး-ဓာတု)၊ ကွန်ပျူတာစာစီ ဦးချမ်းသာ (သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ)၊ ကပ္ပိယကာရက ဦးမောင်ရွှေ (လားရှိုး)၊ ဦးအောင်ချိန် + ဒေါ်ကျင်လှိုင် ကျော့အောင်အော့ဖ်ဆက်၊ ဤကျမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် မတည်ထောက်ပံ့ လှူဒါန်းကြသော (ဖခင်ကြီး ဦးတင်လှ) + မိခင်ကြီး ဒေါ်စန်းရီ၊ သမီး ဒေါက်တာ ဒေါ်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ) မိသားစု နှင့် သီးခြားအလှူရှင်တို့အားလည်း ကျေးဇူးတင်ထိုက်သူများအဖြစ် မှတ်တမ်းပြုအပ်ပါသည်။

အပိုအလိုမရှိ မူရင်း ပကတိအတိုင်းသာ

မဟာသတိပဋ္ဌာနသုတ္တန်၏ အရသာကို

ခံစားနိုင်ကြပါစေ -

ဓမ္မဒူတ အရှင်ဆေကိန္ဒ

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၉–မဟာသတိပဋ္ဌာနသုတ်အဖွင့် မြန်မာပြန်


| | | |
|---|---|---|
| ၁။ | အကျဉ်းချုပ်အဖွင့် | ၆ |
| ၂။ | ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တစ်ဆယ့်လေးပါးအဖွင့် | |
| | ၁-ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၆၆ |
| | ၂-ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း | ၈၂ |
| | ၃-သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၉၀ |
| | ၄-စက်ဆုပ်ဖွယ်ရာဟု နှလုံးသွင်းခြင်းအပိုင်းအဖွင့် | ၉၃ |
| | ၅-ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းအဖွင့် | ၉၇ |
| | ၆-သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၀၂ |
| ၃။ | ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါးအပိုင်းအဖွင့် | ၁၁၅ |
| ၄။ | စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါးအပိုင်းအဖွင့် | ၁၂၆ |
| ၅။ | သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး | |
| | နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၃၂ |
| | ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၅၃ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၅၇ |
| | ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၆၅ |
| | သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် | ၁၉၉ |
| | ဒုက္ခအရိယသစ္စာအဖွင့် | ၂၀၁ |
| | ဒုက္ခသမုဒယအရိယသစ္စာအဖွင့် | ၂၁၆ |
| | ဒုက္ခနိရောဓအရိယသစ္စာအဖွင့် | ၂၂၄ |
| | ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာအဖွင့် | ၂၃၀ |


******

http://www.dhammadownload.com

# ဓမ္မဒူတ အရှင်ဆေကိန္ဒ
## ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

******

ဓမ္မဒူတ အရှင်ဆေကိန္ဒ အလောင်းအလျာကို စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ခမည်းတော် ဦးအောင်သန်း+ မယ်တော် ဒေါ်စိန်ကြည် တို့က ကောဇာသက္ကရာဇ် ၁၃၁၉-ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက်၊ (၂၈ - ၁ - ၁၉၅၈) အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်စိုးမင်း ဖြစ်၍ မွေးချင်း မောင်နှမ (၁၀) ယောက်တို့တွင် သားဦးရတနာ ဖြစ်ပါသည်။



ဓမ္မဒူတ အရှင်ဆေကိန္ဒ အလောင်းအလျာသည် ခေတ်မူလ တန်းပညာကို စစ်ကိုင်းမြို့ အမှတ် (၉) ထုံးဘိုမူလတန်းကျောင်း၌ လည်းကောင်း၊ အလယ်တန်းပညာကို စစ်ကိုင်းမြို့ အမှတ် (၁) ရန်နိုင် အလယ်တန်းကျောင်း၌လည်းကောင်း၊ အထက်တန်းပညာကို စစ်ကိုင်းမြို့ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း ဆည်းပူးသင်ယူခဲ့၍ ၁၉၇၅-ခုနှစ်တွင် ၁၀-တန်းကို အောင်မြင်ခဲ့ပါသည်။

ထို့အပြင် ၁၉၇၉-ခုနှစ်၌ မန္တလေးမြို့ စက်မှုလက်မှုသိပ္ပံ၏ A.G.T.I (Civil) မြို့ပြအင်ဂျင်နီယာ ဒီပလိုမာဘွဲ့လက်မှတ်ကို ရရှိ အောင်မြင်ခဲ့ပါသည်။

http://www.dhammadownload.com

ဆောက်လုပ်ရေး အင်ဂျင်နီယာဘာဝဖြင့် ၄-နှစ်ကျော်မျှ နိုင်ငံတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၃-ခုနှစ်တွင် မွန်ပြည်နယ် ဘီလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရ ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်းအဖြစ်ကို ခံယူခဲ့ပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်မြတ်သည် တောင်စွန်း ဓမ္မဒူတတောရ ကျောင်းတိုက်ကြီး၌ပင် ပရိယတ္တိစာပေတို့ကို မိမိကိုယ်တိုင် လေ့လာသင်ယူရင်းဖြင့် တပည့်သံဃာတော်တို့အားလည်း ပို့ချသင်ပေးခဲ့ပါသည်။

လောကုတ္တရာစာပေဖြစ်သော မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို နှစ်ချင်းပေါက် အောင်မြင်တော်မူခဲ့ပြီး ၁၉၉၃-ခုနှစ်တွင် စာချတန်း၌ ကျမ်းရင်းသုံးကျမ်းစလုံးကို တစ်နှစ်တည်းဖြင့်ပင် အောင်မြင်တော်မူခဲ့၍ အစိုးရ သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့ပါသည်။

အခြားသော စာချဘွဲ့တံဆိပ်များဖြစ်သည့် သဒ္ဓမ္မနေပုည ဓမ္မာစရိယဘွဲ့နှင့် သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့တို့ကိုလည်း ရရှိတော်မူခဲ့ပြန်ပါသည်။

လောကုတ္တရာ ပရိယတ္တိစာပေများကို တောင်စွန်း ဓမ္မဒူတ ဆရာတော်ကြီးနှင့် စာချဘုန်းတော်ကြီး အရှင်ဝိသုဒ္ဓါစာရာဘိဝံသ၊ ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်

http://www.dhammadownload.com

အရှင်ပညာဝံသာဘိဝံသာလင်္ကာရနှင့် စာချဘုန်းတော်ကြီးများ၊ မန္တလေးမြို့ မစိုးရိမ်တိုက် ပိဋကနယ္ယူပဒေသကျောင်း နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ၊ စစ်ကိုင်းမြို့ ဇေယျသိန် ပါဠိတက္ကသိုလ် နာယက ဆရာတော် ဦးပညာသိရီ၊ စစ်ကိုင်းမြို့ သုဗောဓာရုံစာသင်တိုက် အရှင်ဝိသုဒ္ဓါစာရာဘိဝံသ စသော အရှင်မြတ်တို့၏ အထံတော်မှ လည်းကောင်း နည်းနာခံယူ ဆည်းပူးလေ့လာ သင်ယူခဲ့ပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်မြတ်သည် ကျေးဇူးတော်ရှင် သက်တော်ရှည် ရွှေဥမင် ဆရာတော်ကြီး၊ ပေါက်စေတီ ဆရာတော်ကြီး၊ ဗန်းမော် ဆရာတော်ကြီး၊ တိပိဋက မဟာဂန္ဓာရုံ ဆရာတော်ကြီး တို့၏ အနီးကပ် စောင့်ရှောက်မှုကို ခံယူလျက် မွန်ပြည်နယ် ဘီလင်းမြို့ တောင်စွန်း ဓမ္မဒူတ နာယကအဖွဲ့ဝင်၊ မှော်ဘီမြို့နယ် သံဃနာယက အဖွဲ့ဝင်၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာန ဝိပဿနာ ကထိက ဆရာတော်၊ နိုင်ငံခြားသား ရဟန်းတော်များ၏ အဆောင်မှူး ဆရာတော် စသော တာဝန်တို့ကို ဆောင်ရွက်တော်မူနေပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်မြတ်သည် -

၁။ အသိပေးစကားစု (၁)

၂။ အသိပေးစကားစု (၂)

http://www.dhammadownload.com

၃။ အသိပေးစကားစု (၃)
၄။ ဝိပဿနာအမေးအဖြေများ (၁)
၅။ ဝိပဿနာအမေးအဖြေများ (၂)
၆။ ဝိပဿနာအလုပ် အနှစ်ချုပ်
၇။ ကုသိုလ်တန်ဖိုး
၈။ အမြင်မှန်ရဖို့ အမှန်မြင်အောင် ကြိုးစားစို့
၉။ သတိရှိဖို့ သတိထားကြစို့
၁၀။ အသံတိတ်နဲ့ကြိတ်ငိုသည်
၁၁။ လူတိုင်းသိချင်စေပါသည်
၁၂။ ရဲရင့်သူတို့၏သတ္တိ
၁၃။ မရှိမဖြစ် စင်ကြယ်ခြင်း
၁၄။ ဈေးရောင်းရင်း ပါရမီဖြည့်မယ်

စသော ကျမ်းစာအုပ်များနှင့် လစဉ်ထုတ် ဘာသာရေး မဂ္ဂဇင်းများတွင် ဆောင်းပါးများကိုလည်း ပြုစုရေးသားတော်မူခဲ့ပါသည်။

ယခုအခါ အရှင်မြတ်သည် သာသနာတော်အတွက် စွမ်းနိုင်သည့်ဘက်မှ "စာရေး စာချ တရားဟော တရားပြ" လုပ်ငန်းတို့ကို ဆောင်ရွက်တော်မူရုံသာမက ကလေးအရွယ် လူငယ်များအတွက်လည်း ယဉ်ကျေးလိမ္မာသင်တန်း၊ တရားစခန်းပွဲနှင့် အထူးတရားပွဲတို့ကိုလည်း အားပေး၍ စွမ်းဆောင်တော်မူလျက် ရှိပါသည်။

http://www.dhammadownload.com

# မှတ်သားဖွယ်ရာများ


၁။ တရားထူးကို ရရှိစေနိုင်သောအထောက်အပံ့များ၊ [နှာ၊ ၂၊ ပိုဒ် ၃-၄]

၂။ နောင်အခါ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်နိုင်သော ကမ္မဋ္ဌာန်း၊ [နှာ၊ ၆၊ ပိုဒ် ၁]

၃။ မဂ္ဂင်အကျင့်လမ်းစဉ်၏အမည်နှင့်အဓိပ္ပါယ်များ၊ [နှာ၊ ၇၊ ပိုဒ် ၁---]

၄။ မဟာသတိပဋ္ဌာနသုတ်၏အလိုအရ အကျင့်လမ်းစဉ်မဂ်သည် ဝိပဿနာအကျင့်သာတည်း။ [နှာ၊ ၁၀၊ ပိုဒ် ၁]

၅။ ရှေးရှေးမထေရ်ကြီးတို့၏ စိတ်ထား၊ [နှာ၊ ၁၂၊ ပိုဒ် ၃]

၆။ ဝိပဿနာမဂ်အကျင့်လမ်းစဉ်၏ဂုဏ်သတ္တိ၊ [နှာ၊ ၁၄၊ ပိုဒ် ၃]

၇။ ဘာဝနာအလုပ် ဖြစ်နိုင်-မဖြစ်နိုင်၊ [နှာ၊ ၁၇၊ ပိုဒ် ၃]

၈။ ကိုယ်တိုင်ပြုသော နာကျင်မှုကို ဝိပဿနာတိုက်ရိုက်ရှု၍ ရနိုင်-မရနိုင်၊ [နှာ၊ ၁၉၊ ပိုဒ် ၂]

၉။ တရားအားထုတ်ရာ၌ ဝစီပိတ် မနေသင့်ပုံ၊ [နှာ၊ ၂၀၊ ပိုဒ် ၁]

၁၀။ မိမိပယောဂ မပါသော နာကျင်မှု အနာရောဂါကို ပယ်ခွာ၍ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်တရားကို ရှုပွားနိုင်ပုံ၊ [နှာ၊ ၂၀၊ ပိုဒ် ၅]

၁၁။ ရုပ်ကို မပယ်၊ ဝေဒနာကို မပယ်၊ တဏှာကို ပယ်၊ [နှာ၊ ၂၁၊ ပိုဒ် ၃]

၁၂။ တရားဒေသနာတော်၏ ဂုဏ်တော်များ၊ [နှာ၊ ၂၇၊ ပိုဒ် ၅]

၁၃။ အာရုံသတိပဋ္ဌာန် စိတ်သတိပဋ္ဌာန်၊ [နှာ၊ ၃၂၊ ပိုဒ် ၄၊ နှာ၊ ၃၃၊ ပိုဒ် ၇]

၁၄။ စိတ်၌ သတိဖြစ်ခြင်းသည်သာ သတိပဋ္ဌာန်၊ [နှာ၊ ၃၄၊ ပိုဒ် ၄]

၁၅။ လူတိုင်းအတွက် သတိပဋ္ဌာန်နည်း တစ်မျိုးတည်းဖြင့်သာ အားထုတ်သင့်ပါသလော၊ [နှာ၊ ၃၆၊ ပိုဒ် ၄]

http://www.dhammadownload.com

၁၆။ အသုဘ ဒုက္ခ အနိစ္စ အနတ္တ လက္ခဏာတို့နှင့် သတိပဋ္ဌာန်
လေးပါးတို့၏ အာရုံများ၊ [နှာ၊ ၃၈၊ ပိုဒ် ၂-၃]
၁၇။ သတိပဋ္ဌာန်လေးပါး ကွဲပြားသော်လည်း နိဗ္ဗာန်၌ ပေါင်းဆုံ
သက်ရောက်မှု တစ်မျိုးတည်းသာ၊ [နှာ၊ ၃၉၊ ပိုဒ် ၄ ---]
၁၈။ ရုပ်ကို ရှုသိမြင်နေစဉ် အခြားသော ဝေဒနာစသည်ကို မြင်နိုင်-
မမြင်နိုင်၊ [နှာ၊ ၄၅၊ ပိုဒ် ၆]
၁၉။ ဉာဏ်အသိ သညာအသိ စိတ်အသိ ဒိဋ္ဌိအသိတို့ ကွဲပြားပုံ၊
[နှာ၊ ၄၇၊ ပိုဒ် ၃]
၂၀။ သတိရှိမှ ဉာဏ်ရှိ၊ ဉာဏ်ရှိ သတိကောင်း၊ [နှာ၊ ၅၂၊ ပိုဒ် ၆-၈]
၂၁။ သုံးမျိုးမရှိလျှင် တရားအလုပ် မဖြစ်၊ [နှာ၊ ၅၂၊ ပိုဒ် ၈-၉]
၂၂။ တရားအလုပ် အားထုတ်ခြင်း၏အစွမ်း၊ [နှာ၊ ၅၅၊ ပိုဒ် ၄]
၂၃။ ဣရိယာပုထ် မျှတမှု၏ အဓိပ္ပါယ်၊ [နှာ၊ ၅၇၊ ပိုဒ် ၆]
၂၄။ ဝေဒနာရှုပွားနည်း၊ [နှာ၊ ၆၂၊ ပိုဒ် ၅ ---]
၂၅။ သတိပြဋ္ဌာန်းသော အာနာပါန သမထ သမာဓိဖြင့် လျော့က်ပတ်
သော နေရာများ၊ [နှာ၊ ၆၈-၉-၇၀]
၂၆။ အသံကို ကြောက်လျှင် သမထ၊ [နှာ၊ ၇၀၊ ပိုဒ်၊ ၃]
၂၇။ အာနာပါန သမထမှ ဝိပဿနာကူးပုံ၊ [နှာ၊ ၇၀၊ ပိုဒ် ၄]
၂၈။ သိခြင်းမျှသည် ကမ္မဋ္ဌာန်း ဖြစ်-မဖြစ်၊ [နှာ၊ ၈၂-၃]
၂၉။ သွားရောက်ထိုင်လျှောင်း အမူအရာတို့မှ လွတ်သော အမူအရာ၊
[နှာ၊ ၈၆-၅]
၃၀။ အပ္ပနာနှင့်ဥပစာရသမာဓိတို့၏ ကမ္မဋ္ဌာန်းများ၊ [နှာ၊ ၁၁၃-၄]
၃၁။ ဝေဒနာကို သိရမည် ဆိုရာ၌၊ [နှာ၊ ၁၁၅-၆---]

http://www.dhammadownload.com


၃၂။ စိတ်ကို ရှုသိမြင်ရာ၌၊ [နှာ၊ ၁၂၉-၁၃၀]

၃၃။ ဓမ္မာနုပဿနာ ပရမတ်အာရုံ နှစ်မျိုး၊ [နှာ၊ ၁၃၂-၃]

၃၄။ အကြောင်းနိမိတ်နှစ်မျိုး၊ [နှာ၊ ၁၃၄၊ ပိုဒ် ၅]

၃၅။ ဒေါသပယ်ဖျောက်နည်း၊ [နှာ၊ ၁၄၀-၁]

၃၆။ သတိဖြစ်ကြောင်း တရားများ၊ [နှာ၊ ၁၆၇၊ ပိုဒ် ၄]

၃၇။ ဓမ္မဝိစယဉာဏ်ဖြစ်ကြောင်း တရားများ၊ [နှာ၊ ၁၆၉၊ ပိုဒ် ၂]

၃၈။ သမထနှင့်ဝိပဿနာ လိုအပ်ချက်များ၊ [နှာ၊ ၁၇၃၊ ပိုဒ် ၄-၅]

၃၉။ ဝီရိယဖြစ်ကြောင်း တရားများ၊ [နှာ၊ ၁၇၆၊ ပိုဒ် ၂]

၄၀။ ပီတိဖြစ်ကြောင်း တရားများ [နှာ၊ ၁၈၄၊ ပိုဒ် ၃]

၄၁။ ပဿဒ္ဓိဖြစ်ကြောင်း တရားများ၊ [နှာ၊ ၁၈၇၊ ပိုဒ် ၂]

၄၂။ သမာဓိဖြစ်ကြောင်း တရားများ [နှာ၊ ၁၈၉၊ ပိုဒ် ၂]

၄၃။ ဥပေက္ခာဖြစ်ကြောင်း တရားများ၊ [နှာ၊ ၁၉၄၊ ပိုဒ် ၂]

၄၄။ ဇာတိဇရာမရဏတို့၏ ပညတ်ပရမတ်အဓိပ္ပါယ်၊ [နှာ၊ ၂၀၀ ---]

၄၅။ နိဗ္ဗာန်၏အဓိပ္ပါယ်များ၊ [နှာ၊ ၂၂၄-၅]

၄၆။ နိဗ္ဗာန်၌ ချုပ်သော တဏှာ၊ [နှာ၊ ၂၂၈၊ ပိုဒ် ၂]

၄၇။ အရိယမဂ္ဂသစ္စာ၌ မဂ်ကိစ္စ လေးချက်၊ [နှာ၊ ၂၃၀-၁]

၄၈။ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည် ဖြစ်နိုင်သလော၊ [နှာ၊ ၂၅၀၊ ပိုဒ်၊ ၅]

၄၉။ မဟာသတိပဋ္ဌာနသုတ်၌ ဗုဒ္ဓမြတ်စွာ၏ အာမခံမိန့်ဆိုချက်၊ [နှာ၊ ၂၅၃၊ ပိုဒ် ၁ ---]

. http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၉–မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်

၃၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မ မည်သော နိဂုံး၌ သီတင်းသုံးနေထိုင်တော်မူ၏။ မြတ်စွာဘုရားသည်

---

## ၉–မဟာသတိပဋ္ဌာနသုတ်အဖွင့် မြန်မာပြန်



[**“အဋ္ဌကထာ”** ဟူသည် မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သော ပါဠိတော်စကားတို့၌ ဉာဏ်အားနည်းသူတို့အဖို့ ရှုပ်ထွေးနိုင်သော နက်နဲသည့် သဘောအဓိပ္ပါယ်တို့ကို လွယ်ကူစွာ နားလည်သိစေရန် ဆရာတို့၏ ထပ်မံဖွင့်ဆိုပြသော စကားပေတည်း။]

၃၇၁။ ဤဖွင့်ဆိုမည်ဖြစ်သော စကားတို့သည် **“အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်”** အစရှိသော မဟာသတိပဋ္ဌာနသုတ္တန်၏ ရှေ့အဖို့၌ မဖွင့်ဆိုရသေးသော ပုဒ်တို့၏ အဖွင့်တည်း။

**“ရဟန်းတို့ ဤလမ်းခရီးသည် တကြောင်းတည်းသော လမ်းခရီး ဖြစ်ပေ၏”** အစရှိသော ဤမဟာသတိပဋ္ဌာနသုတ္တန်ကို မြတ်စွာ ဘုရားသည် အဘယ်ကြောင့် ကုရုတိုင်း၌ ဟောတော်မူပါသနည်း။

http://www.dhammadownload.com



**ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်လျှောက်ကြကုန်၏။**

---

ကုရုတိုင်းသားတို့၏ နက်နဲသော တရားစကားကို ခံယူနိုင်စွမ်းရှိသောကြောင့် မြတ်စွာဘုရားသည် ဤသုတ္တန်ကို ဟောတော်မူခဲ့ပါသည်။

မှန်၏၊ ကုရုတိုင်းသည် ကောင်းမွန်သော ရာသီဥတု၊ သင့်လျော်သော အသုံးအဆောင်ပစ္စည်းတို့နှင့် ပြည့်စုံ၏။ ကုရုတိုင်းသား ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ထိုဥတုအသုံးအဆောင်တို့ကို မှီဝဲရသောကြောင့် အမြဲတမ်း ကိုယ်ကျန်းမာ စိတ်ချမ်းသာခြင်း ရှိကြကုန်၏။



ကုရုတိုင်းသားတို့သည် အမြဲတမ်း ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိကြခြင်းကြောင့် ပညာအားကို တိုးပွားအောင် ထောက်ပံ့နိုင်ကြကုန်သဖြင့် နက်နဲသော တရားစကားကို ခံယူနိုင်စွမ်းရှိကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ကုရုတိုင်းသားတို့၏ အစွမ်းကို ကောင်းစွာ သိမြင်တော်မူ၍ နှစ်ဆယ့်တစ်မျိုးသော အရာတို့၌ သစ္စာလေးပါး ကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ်၌ ထည့်သွင်းတော်မူ၍ နက်နဲသော သဘောရှိသော ဤမဟာသတိပဋ္ဌာနသုတ္တန်ကို ဟောတော်မူခဲ့ပြီ။

ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ရွှေပန်းခြင်းတောင်းကို ရရှိ၍ လှပဆန်းကြယ် တန်ဖိုးကြီးသော ပန်းအမျိုးမျိုးတို့ကို ထိုရွှေပန်းခြင်းတောင်း၌ ထည့်သကဲ့သို့ ရွှေသေတ္တာရှိသူသည်

http://www.dhammadownload.com



ခုနစ်ပါးသော ရတနာမျိုးစုံတို့ကို ထိုရွှေသေတ္တာ၌ ထည့်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည်လည်း ကုရုတိုင်းနေ ပရိသတ်လေးပါးတို့ကို ရရှိ၍ နက်နဲသော တရားစကားကို ဟောတော်မူခဲ့ပြီ။

ထို့ကြောင့်ပင် ကုရုတိုင်း၌ အခြားနက်နဲသော ဒီဃနိကာယ်လာ မဟာနိဒါနသုတ်၊ မဇ္ဈိမနိကာယ်လာ သတိပဋ္ဌာနသုတ်၊ သာရောပမာ သုတ်၊ ရုက္ခောပမာသုတ်၊ ရဋ္ဌပါလသုတ်၊ မာဂဏ္ဍိယသုတ်၊ အာနေဉ္ဇ သပ္ပါယသုတ်တို့ကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူခဲ့ပြီ။

သည်မျှသာမကသေး၊ ထိုကုရုတိုင်း ကမ္မာသဒမ္မဇနပုဒ်၌ ပရိသတ် လေးပါးတို့သည် ပင်ကိုအားဖြင့်ပင် သတိပဋ္ဌာန်အလုပ်ကို မပြတ် အားထုတ်၍ နေကြကုန်၏။ အောက်ထစ်အားဖြင့် ကျွန်၊ အလုပ်သမား၊ အခြွေအရံတို့သော်မှလည်း သတိပဋ္ဌာန်နှင့်စပ်သော တရားစကားကိုသာ ပြောဆိုကြကုန်၏။ ရေချိုးဆိပ်၊ ချည်ငင်ရာအရပ် စသော (လူများ စုဝေးရာ) အရပ်တို့၌သော်မှ အကျိုးစီးပွားမရှိသော စကားကို မပြောဆို ကြပေ။ ၇

တစ်စုံတစ်ယောက်သော အမျိုးသမီးသည် "အမိ၊ သင်ဟာ အဘယ်သတိပဋ္ဌာန်ဘာဝနာကို နှလုံးသွင်းပါသလဲ"ဟု အမေးခံရသော် "ဘာကိုမျှ နှလုံးမသွင်းမိပါ"ဟု ပြောဆိုခဲ့လျှင် ထိုမိန်းမကို "နင်ရဲ့ဘဝ (အသက်ရှင်ရခြင်း) ဟာ စက်ဆုတ်ရွံ့ရှာထိုက်ပေစွ၊ နင်ဟာ အသက် ရှင်ပေမဲ့ လူသေကောင်နဲ့ တူတူပါပဲ"ဟု ကဲ့ရဲ့ကြကုန်၏။ ထိုနောင် "ယခုမှစ၍ ဒီလိုမလုပ်ပါနဲ့တော့"ဟု ဆုံးမ၍ တစ်ခုခုသော သတိ ပဋ္ဌာန်ကို သင်ပေးကြကုန်၏။

http://www.dhammadownload.com



ထိုမှတစ်ပါး အမေးခံရသော အမျိုးသမီးသည် "ကျွန်မက ဒီသတိပဋ္ဌာန်ကို နှလုံးသွင်းပါတယ်"ဟု ပြောသည်ရှိသော် "ကောင်းလေစွ၊ ကောင်းလေစွ"ဟု ထိုမိန်းမအား ချီးမွမ်းခြင်းကို ပြုကြ၍ "သင့်ဘဝ (အသက်ရှင်ခြင်း) ဟာ ကောင်းတဲ့အသက်ရှင်ခြင်း ပေတည်း။ သင်ဟာ လူစင်စစ်အဖြစ် ရောက်ပါပေတယ်။ မြတ်စွာဘုရား၏ပွင့်ပေါ်ခြင်းဟာ သင့်အကျိုးအတွက်ပါပဲ"ဟု ဤသို့သော စကားတို့ဖြင့် ချီးမွမ်းကြကုန်၏။

ဤကုရုတိုင်း ကမ္မာသဒမ္မ ဇနပုဒ်၌ လူဖြစ်သူတို့သာ သတိပဋ္ဌာန် နှလုံးသွင်းခြင်းကို အားထုတ်ကြကုန်သည်မဟုတ်။ ထိုလူတို့ကို မှီ၍ နေကြကုန်သော တိရစ္ဆာန်တို့သော်မှလည်း အားထုတ်ကြကုန်သေး၏။



ဤအကြောင်းကား ကချေသည်တစ်ယောက်သည် ကျေးသားငယ်ကို မွေးမြူ၍ အတတ်ပညာကို သင်ပေးလျက် လှည့်လည်၍ အသက်မွေးမှု ပြုသတဲ့။ ထိုကချေသည်သည် ဘိက္ခုနီကျောင်းကို အမှီပြုနေထိုင်ပြီး ပြန်သွားရာအခါ၌ ကျေးသားငယ်ကို မေ့၍သွားပြီ။

ထိုကျေးသားငယ်ကို သာမဏေမတို့သည် ကောက်ယူမွေးမြူကြကုန်ပြီ။ "ဗုဒ္ဓ ရက္ခိတ"ဟူ၍ အမည်မှည့်ခေါ်ကြကုန်၏။

တစ်နေ့သောအခါ ထေရီမကြီးသည် ရှေ့၌နားနေသော ကျေးသားငယ်ကို မြင်၍ "ဗုဒ္ဓရက္ခိတ"ဟု ခေါ်လိုက်သောကြောင့် ကျေးသားငယ်က "အရှင်မ၊ အဘယ်ပါနည်း"ဟု ပြန်ပြောပြီ။

"သင်ဟာ ဘာဝနာတရားတစ်ခုခုကို နှလုံးသွင်းခြင်း ရှိပါသလော"

http://www.dhammadownload.com



"အရှင်မ၊ မရှိပါ"

"အမောင်၊ ရဟန်းတို့အထံ၌ နေထိုင်သူဆိုတာ လက်လွတ်စဖွယ် မနေသင့်။ တရားနှလုံးသွင်းမှု တစ်ခုခုတော့ ရှိသင့်တယ်။ ဒါပေမဲ့ သင်ဟာ အရိုးစုကမ္မဋ္ဌာန်းမှ တစ်ပါး အခြားကမ္မဋ္ဌာန်းကို နှလုံးသွင်း စွမ်းနိုင်မည် မဟုတ်ပါ။ 'အရိုး၊ အရိုး'လို့သာ ရွတ်ဆိုနှလုံးသွင်းခြင်းကို ပြုပါလော့"ဟု ပြောပြီ။

ထိုကျေးသားငယ်သည် ထေရီမကြီး၏ အဆုံးအမကို ရ၍ 'အရိုး၊ အရိုး'ဟု ရွတ်ဆိုနှလုံးသွင်းမှုကို ပြုလျက်သာ နေထိုင်၏။

တစ်နေ့သောအခါ နံနက်စောစော တုရင်တိုင်ထိပ်ဖျား၌ နား၍ နေပူဆာလှုံနေသော ထိုကျေးသားငယ်ကို သိန်းငှက်တစ်ကောင်သည် ခြေသည်းအိမ်ဖြင့် သုတ်ယူပြီ။ ထိုကျေးသားငယ်သည် 'ကျိကျိ' ဟူ၍ အော်ပြီ။ သာမဏေမတို့သည် ကြား၍ "အရှင်မတို့၊ ဗုဒ္ဓရက္ခိတကို သိန်းငှက်က ဖမ်းသွားပါပြီ၊ လွတ်အောင် လုပ်ကြပါစို့" ဟု အော်ပြော၍ နောက်ကပြေးလိုက်ကြ၍ လွတ်အောင် ပြုကြကုန်ပြီ။

ထိုလွတ်လာသော ဗုဒ္ဓရက္ခိတကို ခေါ်ဆောင်၍ ထေရီမကြီး၏ ရှေ့၌ ထားကြပြီ။ ထေရီမကြီးသည် "ဗုဒ္ဓရက္ခိတ၊ သိန်းငှက်အဖမ်း ခံရတုန်းက သင်ရဲ့စိတ် ဘယ်လိုဖြစ်သလဲ" ဟု မေးပြီ။

"အရှင်မ၊ 'အရိုးစု'မှ တစ်ပါး အခြား စိတ်၌ မဖြစ်ပါ။ အရိုးစု တစ်ခုကသာ အရိုးစုတစ်ခုကို ယူ၍ သွားပါကလား၊ ဘယ်နေရာမှာ ဖရိုဖရဲကြပြီးကျမလဲ၊ အဲဒီလိုသာ စိတ်မှာဖြစ်ပါတယ် အရှင်မ"ဟု ဖြေပြီ။

http://www.dhammadownload.com



## အကျဉ်းချုပ်

၃၇၃။ ရဟန်တို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွှတ်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏။

---

"ဗုဒ္ဓရက္ခိတ၊ ကောင်းလေစွ၊ ကောင်းလေစွ။ ဤကောင်းမှုဟာ နောင်အခါ၌ သင်ရဲ့ဘဝ ကုန်ရာကုန် ကြောင်းဖြစ်သော နိဗ္ဗာန်ရဲ့ အထောက်အပံ့ သေချာဖြစ်ပေလိမ့်မယ်"ဟု ပြောပြီ။

ဤသို့လျှင် ကမ္မာသဒမ္မဇနပုဒ်၌ တိရစ္ဆာန်တို့သော်မှ သတိပဋ္ဌာန် နှလုံးသွင်းမှုကို ပြုကြကုန်သေး၏။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ကုရုတိုင်းသားတို့အား သတိပဋ္ဌာန်၌ဖြစ်သော အသိဉာဏ်ကိုသာ ဖြစ်စေတော်မူလို၍ ဤမဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူပြီ။

## အကျဉ်းချုပ်အဖွင့်

၃၇၃။ ထို "ရဟန်းတို့ ဤလမ်းခရီးသည် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏" ဟူသော စကားရပ်၌ "တကြောင်းတည်းသော ခရီးလမ်း" ဟူသည် တစ်ခုသော လမ်းစဉ်တည်း။

မှန်၏၊ "မဂ္ဂ ပန္ထ ပထ ပဇ္ဇ အဉ္ဇသ ဝဋုမ အယန နာဝါ ဥတ္တရ သေတု ကုလ္လ ဘိသိ သင်္ကမာ" ဟူသော အမည်တို့သည် လမ်းခရီးဟော ပါဠိစကားရပ်အမည်များ ဖြစ်ကုန်၏။

http://www.dhammadownload.com



ဤသတိပဋ္ဌာနသုတ်၌ ထိုလမ်းခရီးကို "ခရီးလမ်း" ဟူသော အမည်ဖြင့် မြတ်စွာဘုရားက ဟောတော်မူသောကြောင့် "ရဟန်းတို့ ဤခရီးလမ်းသည် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏" ဟူသောစကားရပ်၌ ရဟန်းတို့ ဤလမ်းခရီးသည် တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်တည်း။ "နှစ်မျိုးနှစ်ခွရှိသော အကျင့်လမ်းစဉ်မဟုတ်" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

တစ်နည်းကား တစ်ယောက်တည်းသာ သွားထိုက်သောကြောင့် တစ်ကြောင်းတည်းသော ခရီလမ်း ခေါ်၏။

"တကြောင်းတည်း" ဟူသည် ပကတိအပေါင်းအဖေါ်ကို ပယ်စွန့်၍ ကိလေသာအဖေါ် ကင်းဆိတ်သော စိတ်ရှိသူသည် သွားထိုက်, ကျင့်ထိုက်သော လမ်းစဉ်တည်း။

တစ်နည်းကား "သံသရာမှလွတ်၍ နိဗ္ဗာန်သို့ သွားရောက်လိုသော သူတို့သည် ဤသတိပဋ္ဌာန်လမ်းစဉ်ဖြင့် သွားကြ, ကျင့်ကြကုန်၏" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

တစ်ယောက်သောသူ၏ လမ်းစဉ်တည်း။ အတူမရှိ တစ်ဦးတည်းသာဖြစ်သော အမြတ်ဆုံး မြတ်စွာဘုရား၏ အကျင့်လမ်းစဉ်တည်း။

"မြတ်စွာဘုရားသည် သတ္တဝါအားလုံး၏ အမြတ်ဆုံးဖြစ်တော်မူသောကြောင့် တစ်ဦးတည်း အတူမရှိ မြတ်သော မြတ်စွာဘုရား၏ အကျင့်လမ်းစဉ်တည်း" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

http://www.dhammadownload.com



မှန်၏၊ အခြားကုန်သော ပုဂ္ဂိုလ်တို့သည်လည်း သတိပဋ္ဌာန် လမ်းစဉ်ဖြင့် သွားကြကုန်သော်လည်း မြတ်စွာဘုရားသည် ရှာဖွေဖော်ထုတ်တော်မူသောကြောင့် ထိုလမ်းစဉ်သည် မြတ်စွာဘုရား၏သာ အကျင့်လမ်းစဉ်ဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ "ပုဏ္ဏား၊ ထိုမြတ်စွာဘုရားသည် မဖြစ်သေးသော လမ်းစဉ်ကို ရှာဖွေဖော်ထုတ်တော်မူတတ်၏" ဤသို့ အစရှိသော စကားကို အရှင်အာနန္ဒာသည် မိန့်တော်မူ၏။

တစ်နည်း၊ ဖြစ်တတ်သောကြောင့် "အယန"မည်၏။ "ရောက်တတ်ဖြစ်တတ်သည်" ဟု ဆိုလို၏။ တစ်ခုတည်း၌သာ ဖြစ်တတ်သောကြောင့် "အယန" မည်၏။ "ဤတစ်ခုတည်းသော ဘုရားရှင်၏ ဓမ္မဝိနယသာသနာတော်၌သာ ဖြစ်တတ်၏။ ထိုမှတစ်ပါး တခြား၌ မဖြစ်ပေ" ဤသို့ ဆိုလိုရင်းကို ဆိုထိုက်၏။

"သုဘဒ္ဒ၊ တရားသဖြင့် ဆုံးမရာ ဤသာသနာတော်၌သာ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်လမ်းစဉ်ကို ရထိုက်၏"ဟု ဟောတော်မူခဲ့၏။

မှန်၏၊ ဤ "အယနောနှင့်မဂ္ဂေါ" ဟူသော စကားသည် တရားစကားအမည်အားဖြင့်သာ ကွဲပြား၏။ ဆိုလိုရင်းအဓိပ္ပါယ်ကား တစ်မျိုးသည်သာတည်း။

သည်သာမကသေး၊ တစ်ခုတည်းသော နိဗ္ဗာန်သို့သာ သွားတတ်သောကြောင့် "တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏" မည်၏။

"ရှေ့အဖို့၌ ဘာဝနာနည်းအမျိုးမျိုး ဖြစ်ကြပါသော်လည်း နောက်အဖို့၌ တစ်ခုတည်းသော နိဗ္ဗာန်သို့သာ သွားတတ်၏" ဤသို့ ဆိုလို၏။

http://www.dhammadownload.com



သဟမ္ပတိဗြဟ္မာသည် ဤသို့ ရွတ်ဆို၏ -

"ဇာတိကုန်ရာ နိဗ္ဗာန်တည်းဟူသော အဆုံးကို မြင်တော်မူတတ်သော သတ္တဝါတို့ကို အကျိုးစီးပွားဖြင့် စောင့်ရှောက်တော်မူတတ်သော မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်တတ်သော တစ်ခုတည်းသော သတိပဋ္ဌာန်အကျင့်လမ်းစဉ်ကို သိတော်မူ၏။ ရှေးအခါ၌ မြတ်စွာဘုရားတို့သည် ဤသတိပဋ္ဌာန်လမ်းစဉ်ဖြင့်သာ ဝဲသြဃလေးဖြာ သံသရာရေအယဉ်ကို လွန်မြောက်တော်မူခဲ့ကြကုန်ပြီ။ နောင်အခါ၌လည်း ဝဲသြဃလေးဖြာ သံသရာရေအယဉ်ကို လွန်မြောက်တော်မူကြလိမ့်မည်သာ။ ယခုအခါ၌လည်း မြတ်စွာဘုရားရှင်တို့သည် ဤသတိပဋ္ဌာန်အကျင့်လမ်းစဉ်ဖြင့်သာ ဝဲသြဃလေးဖြာ သံသရာရေအယဉ်ကို လွန်မြောက်တော်မူကြကုန်ဆဲဖြစ်၏။" (ဤသို့ ရွတ်ဆို၏)

အချို့ဆရာတို့သည် "န ပါရံ ဒိဂုဏံ ယန္တိ" ဟူသော ဂါထာနည်းအားဖြင့် တစ်ကြိမ် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် "တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏"ဟု ဆိုကြကုန်၏။

ထိုစကားသည် မသင့်။ နိဗ္ဗာန်သို့ တစ်ကြိမ် သွားတတ်၏ဟု ဆိုလျှင် "သကိံ အယနော" ဟူသော စကားသာ ဖြစ်သင့်၏။

အကယ်၍ ဧကံ အယနံ အဿ - တစ်ခုသော ဖြစ်ခြင်းရှိ၏။ ဧကော ဂတိ ပဝတ္တိ - တစ်ခုသော ဖြစ်ခြင်း ရှိ၏ ဟူ၍ ဆိုလိုသော် သဒ္ဒါစကားသည် ဖြစ်သင့်သေး၏။ ဆိုလိုရင်းအဓိပ္ပါယ်ကား နှစ်မျိုးစလုံးအားဖြင့်လည်း မသင့်ပေ။

http://www.dhammadownload.com



အဘယ်ကြောင့်နည်းဟူမူ ဤမဟာသတိပဋ္ဌာနသုတ်၌ အရိယမဂ်၏ရှေ့အဖို့၌ ဖြစ်သော ဝိပဿနာမဂ်ကို အလိုရှိထိုက်သောကြောင့်တည်း။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဤ "ရဟန်းတို့ ဤခရီးလမ်းသည် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏" ဟူသော စကားရပ်၌ ရုပ်အပေါင်းကာယစသော အာရုံလေးပါး၌ဖြစ်သော အရိယမဂ်၏ ရှေ့အဖို့၌ ဖြစ်သော သတိပဋ္ဌာန်တည်းဟူသော ဝိပဿနာလောကီမဂ်ကို အလိုရှိထိုက်၏၊ လောကုတ္တရာအရိယမဂ်ကို အလိုမရှိထိုက်။

ထိုအရိယမဂ်၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာမဂ်သည်လည်း အကြိမ်များစွာလည်း ဖြစ်တတ်၏။ ထိုမဂ်လမ်းစဉ်၏ တစ်ကြိမ်သာ ဖြစ်ခြင်းသည် မဟုတ်။



ရှေးအခါတုန်းက ဤ "ခရီးလမ်း" ဟူသောစကားရပ်၌ ပုဗ္ဗဘာဂမဂ်, လောကုတ္တရာမဂ် ဟူသော ဆွေးနွေးပြောဆိုခြင်းသည် မထေရ်ကြီးတို့အားလည်း ဖြစ်ခဲ့သည်သာ။

ပိဋကသုံးပုံဆောင် အရှင်စူဠနာဂထေရ်သည် အရိယမဂ်၏ ရှေ့၌ဖြစ်သော သတိပဋ္ဌာန်ဝိပဿနာမဂ်ဟု ဆို၏။ ထိုအရှင်၏ ဆရာဖြစ်သော ပိဋကသုံးပုံဆောင် အရှင်စူဠသုမထေရ်သည် ဝိပဿနာမဂ်, အရိယမဂ် နှစ်မျိုးရောနေ၏ဟု ဆို၏။

တပည့်က "အရှင်ဘုရား၊ ဝိပဿနာမဂ်ပါတည်း" ဟု ပြော၏။ ထိုအခါ ဆရာဖြစ်သူကလည်း "ရောနှောသောမဂ်ပါတည်း" ဟု ပြန်ပြောပြီ။

http://www.dhammadownload.com



ဆရာဖြစ်သူသည် ထပ်ခါထပ်ခါ (ရောနှောသောမဂ်ဟု) ပြောသည်ရှိသော် တပည့်ဖြစ်သူက မတားမြစ်၊ ပြန်မပြောမူ၍ တိတ်ဆိတ်နေ၏။ ပြဿနာကို မဆုံးဖြတ်မူ၍သာ ထကြကုန်ပြီ။

ထို့နောင် ဆရာဖြစ်သူသည် ရေချိုးခန်းသို့ သွားလတ်သော် “ငါသည် လောကီ လောကုတ္တရာ ရောနှောသောမဂ်”ဟု ပြောခဲ့ပြီ။ စူဠနာဂထေရ်သည် ရှေ့အဖို့၌ဖြစ်သော လောကီမဂ်ဟု ခိုင်ခိုင်မာမာ ပြောခဲ့၏။ ဤ “ရဟန်းတို့ ဤခရီးလမ်းသည် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏” ဟူသော စကား၌ “အဆုံးအဖြတ် အမှန်သည် အဘယ်သို့နည်း” ဤသို့ ကြံစည်၍ မဟာသတိပဋ္ဌာနသုတ်ကို အစမှစ၍ ပြန်လည်ရွတ်ဆို နှလုံးသွင်းသော် “ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသော နည်းဖြင့် ပွားများအံ့” ဟူသော ဤစကားရပ်၌ အမှားအမှန်ကို ကောင်းစွာ မှတ်ချက်ချနိုင်ပြီ။

“လောကုတ္တရာမဂ် ဟူသည် ဖြစ်ပြီး၍ ခုနစ်နှစ်တို့တိုင်တိုင် တည်နေခြင်းမည်သည် လုံးဝမရှိ။ ငါဆိုခဲ့သော လောကီ လောကုတ္တရာ နှစ်မျိုးရောနှောသော မဂ်သည် မရထိုက်။ စူဠနာဂထေရ်သိမြင်သော အရိယမဂ်၏ ရှေ့အဖို့၌ ဖြစ်သော ဝိပဿနာသတိပဋ္ဌာန်မဂ် အကျင့်လမ်းစဉ်ကိုသာလျှင် ရထိုက်၏”ဟု သိ၍ ရှစ်ရက်မြောက် (ဥပုသ်)နေ့၌ တရားနာချိန်ကို ကြွေးကြော်သည်ရှိသော် သွားကြပြီ။

http://www.dhammadownload.com



ရှေးရှေးထေရ်အရှင်တို့သည် တရားနာမှုကို နှစ်သက်မြတ်နိုးကြကုန်၏။ တရားပွဲရှိသံကို ကြားသည်ရှိသော် "ငါအရင်သွားအံ့၊ ငါအရင်သွားအံ့"ဟု စိတ်ဖြစ်၍ တစ်ပြိုင်နက်တည်းသာလျှင် သွားရောက်ကြကုန်၏။

ထိုရှစ်ရက်မြောက် (ဥပုသ်)နေ့၌ အရှင်စူဠနာဂထေရ်၏ (တရားဟောရန်) အလှည့်ဖြစ်၏။ ထိုစူဠနာဂထေရ်သည် တရားဟောပလ္လင်၌ ထိုင်လျက် ယပ်ကိုကိုင်၍ ရှေးဦးစွာ ရွတ်ဆိုသင့်သော ဂါထာတို့ကို ရွတ်ဆိုနေစဉ် တရားဟောထေရ်၏ ပလ္လင်ကျောဘက်၌ ထိုင်နေသော စူဠသုမထေရ်အား "မျက်ကွယ်ရာ၌ ထိုင်လျက် မပြောတော့" ဟူသော စိတ်အကြံသည် ဖြစ်ပြီ။



မှန်၏၊ ရှေးရှေးသော မဟာထေရ်တို့သည် ငြူစူခြင်းမရှိကြကုန်။ မိမိအလိုရှိသလောက် ကြံစည်းကို ထမ်း၍ လှည့်လည်မသွားကြကုန် သကဲ့သို့ ထို့အတူ မိမိအလိုကိုသာ ဦးစားမပေးကြကုန်။ သင့်တော်သော အကြောင်းကို မှတ်ယူ၍ မသင့်သောအကြောင်းကို စွန့်ပယ်ကြကုန်၏။

ထို့ကြောင့် မဟာထေရ်သည် "ငါ့ရှင် စူဠနာဂ" ဟု ခေါ်ပြီ။ ထိုစူဠနာဂထေရ်သည် "ဆရာရဲ့ အသံနှင့် တူပါလား"ဟု ထင်၍ တရားဟောခြင်းကို ရပ်တန့်လျက် "အရှင်ဘုရား၊ အဘယ်ပါနည်း"ဟု ပြောပြီ။

"ငါ့ရှင် စူဠနာဂ၊ ငါဆိုသော လောကီ လောကုတ္တရာ ရောနှော သောမဂ် ဟူသည် မရထိုက်ပါ။ သင်ဆိုသော (လောကုတ္တရာ အရိယမဂ်)

http://www.dhammadownload.com



ရှေ့အဖို့၌ ဖြစ်သော (ဝိပဿနာ) သတိပဋ္ဌာန်မဂ် အကျင့်လမ်းစဉ်သည်သာ ရထိုက်ပါပေ၏" ဟု ဆို၏။

စူဠနာဂထေရ်သည် "ငါတို့၏ဆရာသည် အလုံးစုံသော ပရိယတ် ကျွမ်းကျင်သော ပိဋကတ်သုံးပုံကို ဆောင်နိုင်သော အကြားအမြင် ရှိသော သုတဗုဒ္ဓ တစ်ဆူပေတည်း။ ဤသို့ သဘောရှိသော ထေရ် ရဟန်း၏စိတ်၌သော်မှ ဤပြဿနာသည် မွှေနှောက်ချောက်ချားနိုင် သေး၏။ နောင်အနာဂတ်ကာလ၌ ငါ၏ ညီတော်တို့သည်လည်း ဤပြဿနာမျိုးကို မွှေနှောက်ချောက်ချားကြလိမ့်ဦးမည်ဟု ကြံစည်၍ သုတ္တန်ကို အခြေပြု၍ ဤပြဿနာကို မတုန်မလှုပ်နိုင်အောင် ပြုအံ့" ဟု စိတ်၌ အကြံဖြစ်ပြီ။ ထို့နောက်

ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ "တစ်ခုတည်းသော အကျင့်လမ်းစဉ်ကို (လောကုတ္တရာအရိယမဂ်၏) ရှေ့အဖို့၌ဖြစ်သော သတိပဋ္ဌာန် (လောကီ ဝိပဿနာ) မဂ်အကျင့်လမ်းစဉ်သာတည်း ဟူ၍ ဆိုထိုက်၏။



လောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်သောမဂ်ကို တစ်ကြောင်း တည်းသော မဂ်လမ်းစဉ်ဟု ဆိုထိုက်၏။ လမ်းခရီးစဉ်တို့တွင် ရှစ်ပါး သောအင်္ဂါရှိသော မဂ်လမ်းစဉ်သည် အမြတ်ဆုံးတရားတည်း။ သစ္စာ အမှန်တရားတို့တွင် လေးပါးကုန်သော အရိယာသစ္စာအစုတရားတို့ သည်သာ အမြတ်ဆုံးတည်း။ တရားတို့တွင် တပ်မက်မှုကင်းရာ နိဗ္ဗာန် တရားသည်သာ အမြတ်ဆုံးတည်း။ အခြေနှစ်ချောင်းရှိသူ လူနတ် ပြဟ္မာ

http://www.dhammadownload.com



တို့တွင်လည်း ငါးပါးသော စက္ခုအမြင်ရှိသော မြတ်စွာဘုရားသည်သာ အမြတ်ဆုံးသောပုဂ္ဂိုလ်တည်း။

နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်းငှာ ဤအဋ္ဌင်္ဂိက မဂ်မှ အခြားသော မဂ်လမ်းစဉ်မရှိတော့။ တိုက်တွန်းသင့်၏၊ မာရ်နတ်, မာရ်နတ်၏ စစ်တပ်ကို နှိမ်နင်းကြောင်းဖြစ်သော ဤအင်္ဂါရှစ်ပါးသော ရှိသော မဂ်ဟူသော အကျင့်လမ်းစဉ်ကို သင်တို့သည် ကျင့်ကြကုန်လော့။ ဤလမ်းစဉ်ကို ကျင့်ကုန်သော သင်တို့သည် ဝဋ်ဆင်းရဲအဆုံးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်လတ္တံ့." ဟူသော ပါဠိတော်ကို ဆောင်ယူ၍ ထားတော်မူပြီ။



"ခရီးလမ်း"ဟူသည် အဘယ်အနက်သဘောကြောင့် "မဂ္ဂ" မည်သနည်း၊ နိဗ္ဗာန်ကို ရကြောင်း ဟူသော သဘောကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်းတို့သည် ရှာမှီးထိုက် ကပ်ရောက်ထိုက်သော သဘောကြောင့်လည်းကောင်း "ခရီးလမ်း" မည်၏။

"သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်" ဟူသည် ရာဂအစရှိသော အညစ်အကြေးတို့ဖြင့် ညစ်ပေသော စိတ်ရှိကြကုန်သော သတ္တဝါတို့၏လည်းကောင်း၊ သူတစ်ပါးတို့၏ စည်းစိမ်ကို ရှေ့ရှုကြံစည်တတ်သော လောဘ, မညီမျှသော လောဘ အစရှိကုန်သော ညစ်ပေခံရသော စိတ်ရှိကုန်သော သတ္တဝါတို့၏လည်းကောင်း စင်ကြယ်ခြင်း အကျိုးငှာ။

http://www.dhammadownload.com



ထိုစကားကို ချဲ့၍ ဆိုဦးအံ့၊ ဤသတိပဋ္ဌာန် တည်းဟူသော လမ်းစဉ်ဖြင့်ပင် ဤကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အလွန်ရှိသည်တို့၏ အထက်၌ တစ်ခုသော ကမ္ဘာ၌ပင် ဖြစ်တော်မူကုန်သော တဏှင်္ကရ မေဓင်္ကရ သရဏင်္ကရ ဒီပင်္ကရ အမည်တော်ရှိကြကုန်သော ဘုရားရှင်တို့ကို အစပြု၍ တစ်ဆူမက များကုန်သော ဘုရားရှင်တို့လည်းကောင်း၊ အရာမက များစွာကုန်သော ပစ္စေက ဗုဒ္ဓဘုရားရှင်တို့လည်းကောင်း၊ မရေမတွက်နိုင်ကုန်သော အရိယာဖြစ်သော ဘုရားရှင်၏တပည့်တို့လည်းကောင်း၊ ဤသို့သော သတ္တဝါ အလုံးစုံတို့သည် စိတ်၏ အညစ်အကြေးကို (မျှော၍) လျှော်ဖွပ်၍ အလွန်အထူးစင်ကြယ်ခြင်းသို့ ရောက်တော်မူကြကုန်ပြီ။

ရုပ်အညစ်အကြေးကြောင့် သတ္တဝါတို့၏ ညစ်ပေခြင်း၊ ဖြူစင်ခြင်း ဟူ၍ အမည်ပညတ်ခြင်းမျှသည်ပင် မရှိ။ ထိုစကားမှန်၏၊ 

“ညစ်ပေသော ရုပ်ကြောင့် သတ္တဝါတို့သည် ညစ်ပေကြကုန်၏။ ရုပ်သည် စင်ကြယ်လတ်သော် သတ္တဝါတို့သည် စင်ကြယ်ကြကုန်၏ ဟူသော စကားကို အမြွတ်တရားကို ရှာမှီးသော မြတ်စွာဘုရားသည် ဟောတော်မမူပေ။

ညစ်ပေသော စိတ်ကြောင့် သတ္တဝါတို့သည် ညစ်ပေကြကုန်၏။ စိတ်သည် စင်ကြယ်လတ်သော် သတ္တဝါတို့သည် စင်ကြယ်ကြကုန်၏” ဟူသော စကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

သာဓကအားဖြင့် မြတ်စွာဘုရားသည် “ရဟန်းတို့၊ စိတ်၏ ညစ်ပေခြင်းကြောင့် သတ္တဝါတို့သည် ညစ်ပေကြကုန်၏၊ စိတ်၏

http://www.dhammadownload.com



ဖြူစင်ခြင်းကြောင့် သတ္တဝါတို့သည် စင်ကြယ်ကြကုန်၏" ဟူ၍ ဟောတော်မူ၏။

ထိုစိတ်စင်ကြယ်ခြင်းသည် ဤသတိပဋ္ဌာန် လမ်းစဉ်ကြောင့် ဖြစ်၏။ ထို့ကြောင့် "သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်"ဟူ၍ ပါဠိတော်၌ ဟောတော်မူ၏။

"စိုးရိမ်ပူပန်ခြင်း, ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်" ဟူသည် စိုးရိမ်ပူဆွေးခြင်းကိုလည်းကောင်း၊ ငိုကြွေးမြည်တမ်းခြင်းကိုလည်းကောင်း လွန်မြောက်ရန်။ "ပယ်ခြင်းငှာ" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဤသတိပဋ္ဌာန်လမ်းစဉ်ကို ဖြစ်စေသော ကျင့်သောသူသည် သန္တတိအမတ်ကြီးစသော သူတို့၏ စိုးရိမ်ပူဆွေးခြင်းကို လွန်မြောက်ခြင်းငှာ ဖြစ်သကဲ့သို့၊ ပဋာစာရာစသောသူတို့၏ ငိုကြွေးမြည်တမ်းခြင်းကို လွန်မြောက်ခြင်းငှာ ဖြစ်သကဲ့သို့ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက်ခြင်းငှာ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်" ဟူ၍ ဟောတော်မူ၏။

အနည်းငယ် ချဲ့၍ဆိုဦးအံ့၊ သန္တတိအမတ်ကြီးသည် "ရှေး၌ ဖြစ်ခဲ့သော ခန္ဓာ၌ဖြစ်တတ်သော တဏှာသံကိလေသာကို စင်ကြယ်စေလော့။ နောက်ဖြစ်လတ္တံ့သော ခန္ဓာ၌ သင့်အား ဖိစီးနှိပ်စက်တတ်သော သံကိလေသာသည် မဖြစ်ပါစေလင့်။ အလယ်ဖြစ်သော လက်ရှိခန္ဓာ၌ တကယ်စင်စစ် မစွဲလမ်းသည်ရှိသော် ငြိမ်းအေး

http://www.dhammadownload.com



(ချမ်းသာ)လျက် လှည့်လည် (နေထိုင်) ရ၏" ဟူသော တရားစကားကို နာကြားရသောကြောင့်သာလျှင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပြီ။

ပဋာစာရာသည် "ဘဝတစ်ခုလုံးကို ဆုံးအောင်ပြုတတ်သော သေခြင်းသဘောဖြင့် လွှမ်းမိုးနှိပ်စက်မှုခံနေရသော သူအား သေခြင်းမှ စောင့်ရှောက်ခြင်းငှာ (စွမ်းနိုင်သော) သားသမီးတို့မည်သည် မရှိကုန်၊ မိဘတို့မည်သည် မရှိကုန်၊ ဆွေမျိုးတို့သည်လည်း မရှိကုန်" ဟူသော တရားစကားကို နာကြားရသောကြောင့် သောတာပတ္တိဖိုလ်၌ တည်ခဲ့လေပြီ။

ရုပ်အပေါင်းကာယ၊ ခံစားမှုဝေဒနာ၊ စိတ်၊ ဓမ္မ (သဘောတရား) တို့၌ တစ်စုံတစ်ခုသော သဘောတရားကို မသုံးသပ်မူ၍ ဘာဝနာ မည်သည် မဖြစ်နိုင်သောကြောင့် ထိုသန္တတိအမတ်ကြီး၊ ပဋာစာရာ တို့သည်လည်း ဤသတိပဋ္ဌာန်လမ်းစဉ်ဖြင့်သာလျှင် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက်ကြလေကုန်၏။ ဤသို့ သိထိုက်၏။

**"ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်"** ဟူသည် ကိုယ်၌ ဖြစ်သော ဆင်းရဲခြင်းလည်းကောင်း၊ စိတ်၌ဖြစ်သော နှလုံးမသာယာ ခြင်းလည်းကောင်း- ဤသို့ နှစ်ပါးကုန်သော ကိုယ်ဆင်းရဲမှု၊ စိတ်နှလုံး မသာယာမှုတို့၏ချုပ်ခြင်းသို့ ရောက်ခြင်းငှာ။ "ချုပ်ငြိမ်းခြင်းသို့ ရောက် ခြင်းငှာ" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

http://www.dhammadownload.com



အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဤသတိပဋ္ဌာန်လမ်းစဉ်ကို ဖြစ်စေသော ကျင့်သောသူသည်လည်း တိဿထေရ်စသောသူတို့၏ ကိုယ်ဆင်းရဲခြင်း ချုပ်ငြိမ်းခြင်းငှာ၊ သိကြားမင်းစသောသူတို့၏ စိတ်ဆင်းရဲခြင်း ချုပ်ငြိမ်းရန် ဖြစ်သကဲ့သို့ ထို့အတူ (ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းရန်) ဖြစ်၏။

ထိုစကားရပ်၌ ဆိုလိုရင်းကို သိသာအောင် ပြဦးအံ့၊ သာဝတ္ထိပြည်၌ တိဿအမည်ရှိသော သူကြွယ်သားသည် ကုဋေလေးဆယ်သော ရွှေငွေတို့ကို ပယ်စွန့်၍ ရဟန်းပြုပြီးနောက် (လူနေအိမ်ခြေ) ရွာမရှိသော တော၌ နေ၏။ ထိုတိဿထေရ်၏ ညီငယ်၏ မယားသည် "သွားကြချေ၊ ထိုတိဿထေရ်ကို သတ်ကြကုန်လော့" ဟု ပြော၍ ငါးရာသော ခိုးသူတို့ကို စေလွှတ်ပြီ။



ထိုသူတို့သည် (တောသို့) သွား၍ ထိုထေရ်ကို ဝိုင်း၍ ထိုင်နေကြကုန်ပြီ (ဝိုင်းကြကုန်ပြီ)။ တိဿထေရ်သည် "ဒကာတို့ အဘယ် ကြောင့် လာကြကုန်သလဲ"ဟု မေးပြီ။ "သင့်ကို သတ်ကြမလို့"ဟု ဖြေကြကုန်ပြီ။ "ဒကာတို့၊ ငါ၏ အာမခံချက်ကို ယူ၍ ယနေ့ တစ်ညဉ့်မျှ အသက်ရှင်ခွင့်ကို ပေးကြပါကုန်"ဟု ပြောပြီ။

"ရဟန်း၊ ဤတောအရပ်၌ သင့်အား အဘယ်သူသည် အာမခံ ပေးမည်နည်း" ဟု ဆိုပြီ။

တိဿထေရ်သည် ကျောက်တုံးကြီးတစ်ခုကို ယူ၍ ပေါင်နှစ်ဖက်တို့ကို ထုချိုး၍ "ဒကာတို့၊ ဤအာမခံချက်သည် သင့်လောက် ပါပြီလော"ဟု ပြောပြီ။

http://www.dhammadownload.com



ထိုစားပြတို့သည် နောက်သို့ဆုတ်၍ စကြံဦး၌ မီးဖို၍ အိပ်ကြကုန်ပြီ။

တိဿထေရ်သည် ဝေဒနာ (နာကျင်မှု) ကို (နှလုံးမသွင်းသောအားဖြင့်) ခွာ၍ သီလကို ဆင်ခြင်လတ်သော် လုံးဝစင်ကြယ်သောသီလကို အမှီပြု၍ နှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်ပြီ။

ထိုမှနောက်၌ အစဉ်အားဖြင့် ဝိပဿနာပညာကို တိုးပွားစေလျက်ညဉ့်သုံးယံပတ်လုံး ရဟန်းတရားကို ကျင့်ကြံသည်ဖြစ်၍ အရုဏ်တက်ချိန်၌ ရဟန္တာအဖြစ်သို့ ရောက်ပြီး ဤဝမ်းမြောက်ဖွယ်စကားကို ကျူးရင့်ပြီ - - -

"ငါသည် ပေါင်နှစ်ဖက်တို့ကို ချိုး၍ အာမခံပေးခဲ့ပါပြီ။ ငါသည်ရာဂရှိလျက် သေခြင်းကို ရွံရှာပါ၏၊ ရှက်ပါ၏။ ငါသည် ဤသို့ စဉ်းစား၍ အဟုတ်အမှန်ဖြစ်သည့်အတိုင်း ထူးသောဉာဏ်ဖြင့် မြင်ပြီး ရဟန္တာအဖြစ်သို့ ရောက်ပြီ" ဟူသော (ဤဝမ်းမြောက်ဖွယ်စကားကို ကျူးရင့်ပြီ)



အခြားလည်း ဖြစ်ကုန်သော သုံးဆယ်သော ရဟန်းတို့သည်မြတ်စွာဘုရား၏အထံသို့ ကမ္မဋ္ဌာန်းကို ယူဆောင်၍ တောကျောင်း၌ဝါဆို (ဝါကပ်) ၍ "ငါ့ရှင်တို့၊ ညဉ့်သုံးယံပတ်လုံး ရဟန်းတရားကိုအားထုတ်သင့်၏။ တစ်ပါးက တစ်ပါးရဲ့အထံကို မလာရ" ဤသို့ ပြော၍နေကြကုန်ပြီ။

ထိုရဟန်းတို့သည် ရဟန်းတရားကို အားထုတ်ကြ၍ နံက်လင်းခါနီးအခါ၌ အိပ်ငိုက်နေကြစဉ် ကျားတစ်ကောင်သည် ရောက်လာ၍

http://www.dhammadownload.com



ရဟန်းတစ်ပါးစီကို ကိုက်၍ သွား၏။ မည်သူမျှ "တပည့်တော်ကို ကျား ဆွဲနေပြီ" ဟူ၍ မအော်ပေ။

ဤသို့လျှင် ငါးပါး ဆယ်ပါးကုန်သော ရဟန်းတို့ကို ကျား စားပြီးရာ ဥပုသ်နေ့အခါ၌ "ငါ့ရှင်တို့၊ တခြားရဟန်းတွေက အဘယ်မှာနည်း"ဟု မေး၍ အဖြစ်မှန်ကို သိသည်ရှိသော် "ယခု အချိန်မှ (စပြီး) ကျားဆွဲခံရသူသည် 'ငါ့ကို ကျားကိုက်နေပြီ' ဟု ပြောရမည်"ဟု မိန့်မှာ၍ နေထိုင်ကြကုန်ပြီ။

ထိုနောင်၌ ရဟန်းငယ်တစ်ပါးကို ရှေးနည်းအတိုင်း ကျားဆွဲပြီ။ ထိုရဟန်းငယ်သည် "အရှင်ဘုရားတို့၊ ကျား" ဟူ၍ အော်ပြီ။ ရဟန်း တို့သည် တောင်ဝှေး၊ မီးရှူးတို့ကို ကိုင်ဆောင်၍ လွတ်အောင် ပြုကြ ကုန်စို့" ဟု အတင်းလိုက်ကြကုန်ပြီ။ ကျားသည် ရဟန်းတို့ မလိုက် နိုင်သော ကမ်းပါးပြတ်အရပ်သို့ တက်၍ ထိုရဟန်းကို ခြေမှစ၍ စားရန် အားထုတ်ပြီ။



အခြားလိုက်ကြသော ရဟန်းတို့သည် "သူတော်ကောင်း၊ အခု ငါတို့မှာ လုပ်ပေးစရာ မရှိတော့။ ရဟန်းတို့တွေ တရားထူးကို ရတယ် မရဘူးဆိုတာ ရရှိခြင်း မည်သည် ဒီလိုနေရာမှာ သိသာတယ်"ဟု အော်ပြောကြကုန်ပြီ။

ထိုရဟန်းငယ်သည် ကျားပါးစပ်၌ လျောင်းလျက်သာ ထိုဝေဒနာ (နာကျင်မှု)ကို နှလုံးမသွင်း ခွာ၍ (ရုပ်နာမ်ပရမတ်တို့ကို) ဝိပဿနာ ဉာဏ်ပညာကို တိုးပွားစေလျက် ဖမျက်တိုင်အောင် စားနေချိန်၌ သောတာပန်ဖြစ်၍ ဒူးခေါင်းတိုင်အောင် စားနေချိန်၌ သကဒါဂါမ်ဖြစ်၍

http://www.dhammadownload.com



ချက်တိုင်အောင် စားနေချိန်၌ အနာဂါမ်ဖြစ်၍ နှလုံးအိမ်ကို မစားသေးမီ၌ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ပြီးလျှင် ဝမ်းမြောက်ဖွယ်စကားကို ကျူးရင့်ပြီ -

'သီလရှိသော အကျင့်ကောင်းနှင့် ပြည့်စုံသော ဝိပဿနာ ပညာရှိသော သမာဓိရှိသော တစ်ချက်ကလေးမျှ မေ့လျော့ခြင်းကို အကြောင်းပြု၍ ကျားကိုက်ခံရသော စိတ်ရှိသော ငါ့ကိုယ်ကောင်ကြီးကို ကိုက်ချီ၍ ကျောက်တုံးပေါ်၌ ချထားပြီး ကျားသည် ငါ့ကို အရိုးပဲဖြစ်စေ၊ အကြောပဲဖြစ်စေ (အကြွင်းအကျန်မရှိ) စားချင်တိုင်း စားပါစေ။ (ငါသည်လည်း) ကိလေသာတွေကို ကုန်အောင် ခဲစားတော့အံ့၊ ကိလေသာတို့မှ လွတ်သော အရဟတ္တဖိုလ်သို့ တွေ့ထိတော့အံ့"ဟူသော (ဝမ်းမြောက်ဖွယ်စကားကို ကျူးရင့်ပြီ။



တခြားတစ်ပါးလည်းဖြစ်သော ပီတမလ္လမည်သော ထေရ်သည် လူ့ဘဝ (လက်ဝှေ့ကျော်) ဖြစ်စဉ်က ပဏ္ဍု၊ စောဠ၊ ဂေဠ မည်သော တိုင်းသုံးတိုင်းတို့၌ ပထမဆုအလံကို ယူပြီး သီဟိုဠ်ကျွန်းသို့ ရောက်လာ၍ ရှင်ဘုရင်ကို ဖူးမျှော်ကာ မင်းချီးမြှောက်မှုကို ခံယူရသည်ဖြစ်၍ တစ်နေ့သ၌ ဖျာကာဇရပ်အနီး မြို့တံခါး၌ သွားနေစဉ် "ရဟန်းတို့၊ ရုပ်သည် သင်တို့ဟာ မဟုတ်၊ ထိုရုပ်၌ (နှစ်သက်မှု) ကို ပယ်စွန့်ကြကုန်လော့။ ထိုရုပ်၌ (နှစ်သက်မှုတဏှာ)ကို ပယ်လိုက်ခြင်းသည် သင်တို့အတွက် နေ့ရောညဉ့်ပါ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပေလိမ့်မယ်" ဟူသော "ရုပ်ဆိုတာ သင်တို့ဟာ မဟုတ်" ဤသို့ပြောဆိုသံကို ကြားရ၍ "ရုပ်ဆိုတာ ငါ့ဟာ မဟုတ်ဘူးတဲ့။ ဝေဒနာလည်း ငါ့ဟာ မဟုတ်ဘူးတဲ့"ဟု စဉ်းစားပြီ။

http://www.dhammadownload.com



ထိုလက်ဝှေ့ကျော်သည် ထိုစကားကို (ဆင်ကို ထိန်းနိုင်သော) ချွန်းကဲ့သို့ မှတ်ယူ၍ ဆက်ထွက်ပြီး၊ မဟာဝိဟာရ ကျောင်းတိုက်သို့ သွား၍ ထိုနောက် ရှင်အဖြစ် တောင်းပန်၍ ရှင်အဖြစ် ရဟန်းအဖြစ်သို့ ရောက်ပြီး ဝိနည်းနှစ်စောင်ကို အပါးဝစွာ လေ့လာ၍ သုံးဆယ်သော ရဟန်းတို့ကို ခေါ်ပြီး ကဗလဝါသိယလွင်ပြင်သို့ သွားရောက်၍ ရဟန်းတရားကို အားထုတ်ပြီ။

(စင်္ကြံလျှောက်အားထုတ်ရာ၌) ခြေတို့ကို မသယ်ဆောင်နိုင်သည်ရှိသော် ပုဆစ်ဒူးတို့ဖြင့် စင်္ကြံလျှောက်၏။ ညဉ့်အခါ၌ မုဆိုးတစ်ယောက်သည် (ဒူးထောက်စင်္ကြံလျှောက်နေသော) ထိုပီတမလ္လထေရ်ကို သားကောင်မှတ်ထင်လျက် ပစ်ခတ်ပြီ။ လှံသည် (ကိုယ်ကို) ဖောက်၍ သွားပြီ။ ထိုပီတမလ္လထေရ်သည် လှံကို စွဲနုတ်၍ လှံပေါက်ကို မြက်ဆုပ်ဖြင့် ဖြည့်၍ ကျောက်ဖျာပေါ်၌ ဖြည်းဖြည်းထိုင်လျက် အခွင့်ကောင်းကို ပြု၍ ဝိပဿနာဉာဏ်ကို တိုးပွားစေသည်ရှိသော် ပဋိသမ္ဘိဒါဉာဏ်တို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ပြီး၍ ချောင်းဟန့်သံကြောင့် ရောက်လာကြကုန်သော ရဟန်းတို့အား (အကြောင်းစုံ)ကို ပြောကြား၍ ဤဝမ်းမြောက်ဖွယ်သော စကားကို ကျူးရင့်လေပြီ - - -

"လောကအားလုံး၌ အမြတ်ဆုံးစကားကို ဟောပြောလေ့ရှိတော်မူသော ဘုရားမြတ်စွာသည် 'ရဟန်းတို့၊ ဤရုပ်သည် သင်တို့ဟာ မဟုတ်။ ထိုရုပ် (၌ နှစ်သက်မှု တဏှာဆန္ဒရာဂ)ကို ပယ်စွန့်လိုက်ကြကုန်လော့' ဟူသော စကားကို ဟောတော်မူခဲ့ပြီ။

http://www.dhammadownload.com



ပြုပြင်တတ် ပြုပြင်ခံရသော (သင်္ခါရ) တရားတို့သည် စင်စစ် မမြဲကုန်၊ ဖြစ်ခြင်း, ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပေါ်ကြပြီးလျှင် ချုပ်ပျောက်ကြကုန်၏။ ထိုပြုပြင်တတ် ပြုပြင်ခံရသော (သင်္ခါရ) တရားတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်သည် ချမ်းသာအစစ်ပေတည်း။" ဟူသော (ဝမ်းမြောက်ဖွယ်သော စကားကို ကျူးရင့်လေပြီ။)

ဤသို့လျှင် စိတ်ဆင်းရဲမှု ချုပ်ငြိမ်းခြင်းမှ ရှေးဦးစွာ ဤသတိပဋ္ဌာန် လမ်းစဉ်သည် တိဿထေရ် အစရှိသော သူတို့၏ ကိုယ်ဆင်းရဲမှု ချုပ်ငြိမ်းရန် ဖြစ်၏။

နတ်တို့၏အရှင်သခင်ဖြစ်သော သိကြားမင်းသည် မိမိ၏ ရှေးဦး သေမည့် နိမိတ်ငါးမျိုးကို မြင်၍ သေဘေးသည် လွန်စွာခြိမ်းခြောက်ခံရ သည် ဖြစ်၍ စိတ်နှလုံး မသာယာခြင်းဖြစ်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အမေးပုစ္ဆာကို မေးပြီ။

ထိုသိကြားမင်းသည် (မြတ်စွာဘုရား၏) ဥပေက္ခာအမေးကို ဖြေဆိုခြင်းအဆုံး၌ ရှစ်သောင်းသော နတ်တို့နှင့်အတူ သောတာပတ္တိ ဖိုလ်၌ တည်ပြီ။ သိကြားမင်း၏ ထိုသိကြား နတ်မင်းအဖြစ်သည်လည်း တစ်ဖန် နဂိုသဘောအတိုင်းသာ ပြန်ဖြစ်ပြီ။

သုဗြဟ္မာနတ်သားသည်လည်း နတ်သမီးတစ်ထောင် ခြံရံလျက် နတ်စည်းစိမ်ကို ခံစား၏။ ထိုနတ်သမီးတစ်ထောင်တို့တွင် နတ်သမီး ငါးရာတို့သည် သစ်ပင်မှ ပန်းတို့ကို ဆွတ်ခူးနေကြစဉ် စုတေသေကြ၍ ငရဲ၌ ဖြစ်ကြကုန်ပြီ။

http://www.dhammadownload.com



ထိုနတ်သားသည် "ဒီနတ်သမီးတွေဟာ အလွန် ကြာလှချေ တကား"ဟု စူးစမ်းဆင်ခြင်လတ်သော် ထိုနတ်သမီးတို့၏ ငရဲ၌ ဖြစ်ကြ သည်ကို သိ၍ "ငါရဲ့ အသက်လည်း ဘယ်မျှရှည်လိမ့်ဦးမလဲ"ဟု ဆင်ခြင်လတ်သော် မိမိ၏ သက်တမ်းကုန်ခြင်းကိုလည်း သိ၍ စုတေ ပြီးလျှင် ထိုနတ်သမီးတို့ဖြစ်ရာ ငရဲ၌ပင် ဖြစ်ရမည်ကိုလည်း မြင်၍ ကြောက်လန့်ပြီး ပြင်းစွာသော စိတ်နှလုံးမသာယာသည် ဖြစ်၍ "ငါရဲ့ စိတ်နှလုံးမသာယာခြင်းကို မြတ်စွာဘုရားသည်သာ ပယ်ဖျောက်ပေး နိုင်လိမ့်မယ်။ မြတ်စွာဘုရားမှတစ်ပါး အခြား ပယ်ဖျောက်ပေးနိုင် သောသူ မရှိ"ဟု သိ၍ ကျန်သော နတ်သမီးငါးရာတို့ကို ခေါ်၍ မြတ်စွာ ဘုရားသို့ ချဉ်းကပ်ပြီး မေးလျှောက်လေပြီ - - -



"မြတ်စွာဘုရား၊ မဖြစ်ပေါ်သေးသော စိတ်ပြိုငြင်စရာ ကိစ္စတို့ ကြောင့်လည်းကောင်း၊ ထိုမျိုး ဖြစ်ပေါ်ပြီးသော စိတ်ပြိုငြင်စရာ ကိစ္စ တို့ကြောင့်လည်းကောင်း ဤစိတ်သည် အမြဲတမ်း ကြောက်လန့် နေရပါ၏။ ဤစိတ်သည် အမြဲတမ်း ထိတ်လန့် တုန်လှုပ်နေရပါ၏။ စိတ်မကြောက်လန့်ကြောင်း စိတ်မထိတ်လန့်မတုန်လှုပ်ကြောင်း တရား ရှိမည်ဆိုလျှင် တပည့်တော် (သိလို၍) မေးသော ထိုအဖြေကို ပြောပြ တော်မူပါဘုရား"ဟူ၍ (မေးလျှောက်လေပြီ။)

ထိုအမေးကြောင့် မြတ်စွာဘုရားသည် သုဗြဟ္မာနတ်သားကို ပြောပြလေပြီ - - -

http://www.dhammadownload.com



"နတ်သား၊ သစ္စာလေးပါးကို သိသောဉာဏ်ဖြစ်ကြောင်း ဗောဇ္ဈင် အကျင့်မှတစ်ပါး သတ္တဝါတို့၏ စိတ်ချမ်းသာကြောင်း တခြားအကျင့်ကို ငါသည် မမြင်။ ဣန္ဒြေစောင့်စည်းမှုမှတစ်ပါး သတ္တဝါတို့၏ စိတ်ချမ်းသာကြောင်း တခြားစောင့်စည်းမှုကို ငါသည် မမြင်။ အလုံးစုံစွန့်လွှတ်မှုမှ တစ်ပါး သတ္တဝါတို့၏စိတ်ချမ်းသာကြောင်း တခြားကို ငါသည် မမြင်" ဟူ၍ (ပြောပြပြီ)။

သုဗြဟ္မာနတ်သားသည် တရားစကားအဆုံး၌ နတ်သမီးငါးရာ တို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်၍ နတ်စည်းစိမ်ခိုင်မြဲမှု ပြု၍ နတ်ပြည်သို့သာ ပြန်သွားလေပြီ။

ဤသို့ သတိပဋ္ဌာန်လမ်းစဉ်ကို ဖြစ်စေသည် ကျင့်သည်ရှိသော် သိကြားမင်း စသော သူတို့၏ စိတ်နှလုံးမသာယာခြင်း၏ ချုပ်ငြိမ်းရန်ငှာ ဖြစ်သကဲ့သို့ ထို့အတူ တခြားသတ္တဝါအပေါင်း၏ စိတ်နှလုံးမသာယာ ခြင်း၏ ချုပ်ငြိမ်းရန်လည်း ဖြစ်၏။ ဤသို့ မှတ်သားထိုက်၏။

**"အရိယမဂ်ဉာဏ်ကို ရရန်"** ဟူသော စကားရပ်၌ အင်္ဂါရှစ်ပါး ရှိသော မြတ်သော လောကုတ္တရာမဂ်ကို "ဉာယ"ဟူ၍ ဆိုထိုက်၏။ "ထိုမဂ်ဉာဏ်ကို ရခြင်းငှာ။ အရိယာအဖြစ်သို့ ရောက်ခြင်းငှာ" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

မှန်၏၊ လောကုတ္တရာအရိယမဂ်၏ ရှေ့အဖို့၌ လောကီဖြစ်သော သတိပဋ္ဌာန်ဝိပဿနာမဂ်ကို ဖြစ်စေလတ်သော် လောကုတ္တရာအရိယ မဂ်ကို ရခြင်းငှာ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "အရိယ မဂ်ဉာဏ်ကို ရရန်"ဟု ဟောတော်မူ၏။

http://www.dhammadownload.com



"နိဗ္ဗာန်ကို မျက်မှောက်ပြုရန်" ဟူသည် တဏှာ ဟူသော ဝါနမှ ကင်းသောကြောင့် နိဗ္ဗာန်ဟု အမည်ရသော မသေရာကို မျက်မှောက်ပြုခြင်းငှာ။ "မိမိကိုယ်တိုင် မျက်မှောက်ပြုနိုင်ခြင်းငှာ" ဤသို့ ဆိုလိုရင်း ဖြစ်၏။

မှန်၏၊ လောကီသတိပဋ္ဌာန် ဝိပဿနာမဂ်လမ်းစဉ်ကို ဖြစ်စေသည် ကျင့်သည်ရှိသော် အစဉ်အားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိုလည်း ပြီးစေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "နိဗ္ဗာန်ကို မျက်မှောက်ပြုရန်"ဟု ဟောတော်မူ၏။

ထိုမဟာသတိပဋ္ဌာနသုတ်၌ "သတ္တဝါတို့၏ စိတ်၏စင်ကြယ်ရန်"ဟု ဟောတော်မူသည်ရှိသော် စိုးရိမ်ပူဆွေးမှု လွန်မြောက်ခြင်းစသည်တို့ကိုလည်း ဆိုလိုရင်းသဘောအားဖြင့် ပြီးပြည့်စုံကုန်သည်သာ ဖြစ်ပါသော်လည်း သာသနာတော်နှင့်ဆိုင်သော တရားတို့၌ ကျွမ်းကျင်သောသူတို့ကို ဖယ်ထား၍ အခြားသောသူတို့အား (ဆိုလိုရင်းသဘောတို့သည်) မထင်ရှားကြကုန်။ မြတ်စွာဘုရားသည် ရှေးဦးစွာ သာသနာတော်နှင့်ဆိုင်သော တရားတော်တို့၌ ကျွမ်းကျင်သော လူအပေါင်းကို ပြု၍ နောက်မှ တရားစကားကို ဟောသည် မဟုတ်။



ထို့ကြောင့် ထိုသုတ္တန်ဖြင့်ပင် ထိုထိုဆိုလိုရင်းသဘောကို သိစေတော်မူ၏။ ထို့ကြောင့် ဤမဟာသတိပဋ္ဌာနသုတ္တန်၌လည်း တစ်ခုတည်းသော လမ်းစဉ်ဖြင့် ပြီးပြည့်စုံနိုင်သော ထိုထိုဆိုလိုရင်းသဘောကို ထင်ရှားအောင် ပြလိုသောကြောင့် "စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်း

http://www.dhammadownload.com



တို့ကို လွန်မြောက်ရန်" အစရှိသော စကားတော်ကို မြတ်စွာဘုရားက မိန့်တော်မူလေပြီ။

တစ်နည်းကား၊ သတိပဋ္ဌာန် ဝိပဿနာလမ်းစဉ်ကြောင့် သတ္တဝါတို့၏ စိတ်၏ စင်ကြယ်ခြင်းဖြစ်၏၊ ထိုစိတ်၏ စင်ကြယ်ခြင်းသည် စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက်ခြင်းကြောင့် ဖြစ်၏၊ ထိုလွန်မြောက်ခြင်းသည် ကိုယ်ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာခြင်းတို့၏ ချုပ်ငြိမ်းမှုကြောင့် ဖြစ်၏၊ ထိုချုပ်ငြိမ်းခြင်းသည် အရိယမဂ်ကို ရခြင်းကြောင့် ဖြစ်၏၊ ထိုအရိယာမဂ်ကို ရခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကြောင့် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့သော ကြောင်းကျိုးဒိစဉ်ကို ပြတော်မူလိုသည်ဖြစ်၍ "သတ္တဝါတို့၏ စိတ်၏စင်ကြယ်ရန်"ဟု မိန့်တော်မူပြီး၍ "စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်" စသော တရားစကားတော်ကို မိန့်တော်မူလေပြီ။



တစ်မျိုးကား၊ ဤ "သတ္တဝါတို့၏ စိတ်၏စင်ကြယ်ရန်" စသော စကားရပ်သည် သတိပဋ္ဌာန်ဝိပဿနာ တစ်ခုတည်းသော အကျင့်လမ်းစဉ်၏ ဂုဏ်တို့ကို ချီးမွမ်းပြောဆိုသော စကားရပ်တည်း။

မှန်၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့၊ သင်တို့အား အစလည်း ကောင်းသော၊ အလယ်လည်း ကောင်းသော၊ အဆုံးလည်း ကောင်းသော၊ ဆိုလိုရင်းသဘောနှင့်လည်း ပြည့်စုံသော၊ အရေးအသား အသုံးအနှုန်းလည်း ပြေပြစ်သော၊ ဖြည့်ဖွယ်မရှိ လုံးဝပြည့်စုံသော၊ ပယ်စရာ အပြစ်

http://www.dhammadownload.com



မရှိ စင်ကြယ်သော၊ မြတ်သောအကျင့်ကို ပြဆိုသော တရားတော်ကို ဟောပေအံ့" ဤသို့သော ခြောက်မျိုးသော ခြောက်ပါးအစု သုတ္တန်၏ ဂုဏ်ကို ရှစ်ပါးသော စကားရပ်တို့ဖြင့် မိန့်တော်မူ၏။

သည်သာမကသေး၊ မြတ်စွာဘုရားသခင်သည် -

"ရဟန်းတို့ လေးပါးကုန်သော ဤဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏ အနွယ်တို့ကို မြတ်သော အနွယ်တို့ဟု သိထိုက်ကုန်၏။ ကြာမြင့်သော ညဥ့်ရှိသော (သက်တမ်းရှည်သော) အနွယ်တို့၊ ရှေးယခင်ကတည်းက ဖြစ်သော အနွယ်တို့၊ အခြားသော အနွယ်တို့နှင့် မရော, မိမိမျိုးနွယ်ကို မစွန့်သော အနွယ်တို့၊ ရှေး၌လည်း မျိုးနွယ်ကို အပျက်မခံ၊ ယခုလည်း မျိုးနွယ်ကို အပျက်မခံ၊ နောင်လည်းပဲ မျိုးနွယ်ကို အပျက်မခံသော အမျိုးအနွယ်တို့၊ ပညာရှိ ရဟန်းပုဏ္ဏားတို့သည် မကဲ့ရဲ့ထိုက် (မကဲ့ရဲ့ဝံ့) သော အမျိုးအနွယ်တို့ ဟူ၍လည်း သိထိုက်ကုန်၏။" အရိယာအနွယ်အကြောင်းကို ဟောထားသော သုတ္တန်၏ ဂုဏ်ကိုလည်း ကိုးပါးသော စကားရပ်တို့ဖြင့် မိန့်တော်မူသေး၏။



ထို့အတူ တစ်ခုတည်းသော သတိပဋ္ဌာန်ဝိပဿနာ လမ်းစဉ်၏ ဂုဏ်ကိုလည်း "သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်" စသော ခုနစ်ပါးသော စကားရပ်တို့ဖြင့် မိန့်တော်မူခဲ့ပြီ။

အဘယ်ကြောင့် ဂုဏ်ပုဒ်ကို ထုတ်ပြရသနည်းဟု မေးငြားအံ့။ ထိုတရားနာသူရဟန်းစသော ပရိသတ်တို့အား အားတက်သရောဖြစ်စေခြင်းငှာ ဂုဏ်ပုဒ်ကို ထုတ်၍ ပြရပါသည်။

http://www.dhammadownload.com



အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဂုဏ်ချီးမွမ်းစကားကို ကြားသိ၍ ထိုတရားနာရဟန်းတို့သည် "ဒီတစ်ကြောင်းတည်းသော မဂ်အကျင့်လမ်းစဉ်ခရီးဟာ စိတ်နှလုံးကို ပူပန်စေတဲ့ ဝမ်းနည်းခြင်း၊ စကားပြောဆိုမြည်တမ်းငိုကြွေးခြင်း၊ ကိုယ်မှာဖြစ်သော မသာယာခြင်းဆင်းရဲ၊ စိတ်မှာဖြစ်သောနှလုံးမသာယာခြင်း ဆင်းရဲ - ဒီဘေးဥပဒ်လေးမျိုးတို့ကို ပယ်သတ်နိုင်သတဲ့။ ကိလေသာတို့မှ စင်ကြယ်ခြင်း၊ အရိယမဂ်ဉာဏ်ရခြင်း၊ နိဗ္ဗာန်မျက်မှောက်ပြုခြင်း - ဒီတရားထူး သုံးပါးတို့ကို ရွက်ဆောင်နိုင်သတဲ့" ဤသို့ အားတက်သရောဖြစ်ကြ၍ ဤတရားဒေသနာတော်ကို နှုတ်တတ်ရအောင် သင်ယူထိုက်၏၊ မေ့ပျက်မသွားအောင် အဖန်ဖန်လေ့လာထိုက်၏၊ အာဂုံနှုတ်တက် ဆောင်ရွက်ထိုက်၏၊ တပည့်တို့အားသင်ယူစေထိုက်၏၊ မိမိသန္တာန်၌ သတိပဋ္ဌာန်မဂ်ကို ဖြစ်စေထိုက်၏ဟူ၍လည်း မှတ်ထင်ကြကုန်လတ္တံ့။ 

ဤသို့လျှင် ထိုတရားနာသော ရဟန်းတို့၏ အားတက်သရောဖြစ်စေခြင်းအကျိုးငှါ ကမ္ဗလာကုန်သည်စသောသူတို့သည် ကမ္ဗလာစသည်တို့၏ဂုဏ်ကို ချီးမွမ်းပြောဆိုကြသကဲ့သို့ ဂုဏ်ကျေးဇူး ချီးမွမ်းခြင်းကို ဟောတော်မူပြီ။

ဥပမာဆောင်၍ ထင်ရှားအောင် ဆိုဦးအံ့၊ ကမ္ဗလာကုန်သည်သည် အဖိုးတစ်သိန်းထိုက်တန်သော အရောင်နုသော ကမ္ဗလာကို "ဝယ်ယူကြပါကုန်လော့"ဟု တကြော်ကြော် အော်ပါသော်လည်း "မည်သို့သော ကမ္ဗလာ" ဟူ၍ လူတို့သည် မသိကြကုန်သေး။ မသိကြသည်ကား မှန်၏၊ ဆံပင်ဖြင့် ယက်ထားသော ကမ္ဗလာ၊ သားမြီးဖြင့်

http://www.dhammadownload.com



ယက်ထားသော ကမ္ဗလာတို့သည်လည်း အနံ့မကောင်း၊ ဝတ်ရုံရ မကောင်းပါသော်လည်း "ကမ္ဗလာတို့" ဟူ၍သာ ခေါ်ဆိုကြကုန်၏။

လှည့်လည်ရောင်းချရာအခါ၌ ကမ္ဗလာသည်သည် "ဂန္ဓာရတိုင်းဖြစ် ကမ္ဗလာပါ၊ ရဲရဲနီတဲ့ ကမ္ဗလာပါ၊ အသားနူးညံ့တဲ့ ကမ္ဗလာပါ၊ အရောင်တောက်တဲ့ ကမ္ဗလာပါ၊ ဝတ်ရုံလို့ကောင်းတဲ့ ကမ္ဗလာပါ" ဟူ၍ တကြော်ကြော် အော်ထိုက်၏။ ထိုအခါ ဝယ်ယူနိုင်သူတို့သည် ဝယ်ယူကြကုန်၏၊ မဝယ်နိုင်သူတို့သည် ကြည့်ချင်ကြကုန်၏။

ဤအတူသာလျှင် "ရဟန်းတို့၊ ဤခရီးလမ်းသည် တစ်ခုတည်းသော ခရီးလမ်းဖြစ်ပေ၏"ဟု ဟောပြောပါသော်လည်း "မည်သို့သော လမ်းစဉ်" ဟူ၍ မသိသာ၊ မထင်ရှားနိုင်သေးသည် ဖြစ်၏။



မှန်၏၊ အမျိုးမျိုးကွဲပြားကုန်သော သံသရာဆင်းရဲမှ လွတ်မြောက်ကြောင်းမဟုတ်သော လမ်းစဉ်တို့ကိုလည်း "မဂ်လမ်းစဉ်တို့" ဟူ၍သာ ပြောဆိုကြကုန်၏။

ဤသုတ္တန်၌ကား "သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်" အစရှိသော စကားတို့ကို ဟောတော်မူရာ၌ "ဤဝိပဿနာသတိပဋ္ဌာန် အကျင့်လမ်းစဉ်သည် လေးပါးကုန်သော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ကပ်၍နှိပ်စက်တတ်သော ဘေးရန်တို့ကို ပယ်သတ်နိုင်သတဲ့။ စိတ်၏ စင်ကြယ်ခြင်း၊ အရိယမဂ်ဉာဏ်၊ နိဗ္ဗာန်၊ ဤတရားထူးသုံးမျိုးတို့ကို ဆောင်ရွက်နိုင်သတဲ့"ဟူ၍ သိ၍ အားတက်သရော ရှိကြကုန်သည်ဖြစ်၍ ဤသတိပဋ္ဌာန်တရားစကားကို နှုတ်တက်ရအောင် သင်ယူထိုက်၏၊

http://www.dhammadownload.com



**ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ ပင်တည်း။**

---

မေ့ပျောက်မသွားအောင် အဖန်ဖန် လေ့လာထိုက်၏၊ အာဂုံနှုတ်တက် ဆောင်ရွက်ထိုက်၏၊ တပည့်တို့အား သင်ယူစေထိုက်၏၊ မိမိသန္တာန်၌ သတိပဋ္ဌာန်မဂ်ကို ဖြစ်စေထိုက်၏ ဟူ၍လည်း မှတ်ထင်ကြကုန်လတ္တံ့။ ဤသို့လျှင် ဂုဏ်ကို မိန့်လိုသည်ဖြစ်၍ "သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်" စသည်တို့ကို ဟောတော်မူပြီ။

အဖိုးတစ်သိန်းဖြင့် ထိုက်တန်သော အရောင်နုသော ကမ္ဗလာ ကုန်သည်ဥပမာကို ထုတ်ဆောင်ပြသကဲ့သို့ ထို့အတူ နီရောင်သန်း သော ဇမ္ဗူရစ်ရွှေ ရေကို ကြည်စေနိုင်သော ပတ္တမြားရတနာ၊ အလွန် သန့်စင်သော ပတ္တမြားရတနာ ပုလဲသန္တာအစရှိသည်တို့၏ ကုန်သည် ဥပမာတို့ကိုလည်း ဂုဏ်သုတ်ပြောဆိုရာ၌ ဆောင်ယူပြထိုက်၏။

"ယဒိဒံ" ဟူသော စကားရပ်သည် နိပါတ်သဒ္ဒါမျှသာတည်း။ အကြင်သတိပဋ္ဌာန်တို့သည် ရှိကုန်၏။ ဤသည်ကား "ယဒိဒံ" ဟူသော နိပါတ်ပုဒ်၏ ဆိုလိုရင်းသဘောတည်း။

"**လေးပါးတို့ (ပင်တည်း)**" ဟူသည် အရေအတွက်ကို ပိုင်းခြားပြ ကြောင်းစကားတည်း။ ထို "လေးပါးကုန်သော" စကားဖြင့် သတိပဋ္ဌာန် တရားတို့သည် ထိုလေးပါးအောက်လည်း မလျော့ကုန်၊ ထိုလေးပါး အထက်လည်း မများကုန်။ ဤသို့ သတိပဋ္ဌာန်အပိုင်းအခြားကို ပြ၏။

"**သတိပဋ္ဌာန**" ဟူသည် သတိ၏ကျက်စားရာ အာရုံလည်းကောင်း၊ သုံးမျိုးအားဖြင့် ကျင့်ကုန်သော တပည့်တို့၌ မြတ်စွာဘုရား၏ ချစ်ခြင်း

http://www.dhammadownload.com



မုန်းခြင်းတို့ကို လွန်သည်၏အဖြစ်လည်းကောင်း၊ သတိလည်းကောင်း၊ ဤသို့ သတိပဋ္ဌာန်သုံးမျိုးတို့သည် ရှိကုန်၏။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ "ရဟန်းတို့ လေးပါးကုန်သော သတိပဋ္ဌာန်တို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်မှုသို့ ရောက်ကြောင်းကိုလည်းကောင်း ဟောတော်မူအံ့။ ထိုတရားစကားကို နာယူကြကုန်လော့။ ။ပ။ ချစ်သားတို့ ကိုယ်၏ဖြစ်ကြောင်းသည် အဘယ်နည်း၊ အာဟာရ ဖြစ်ခြင်းကြောင့် ကိုယ်၏ဖြစ်ခြင်းတည်း" ဤသို့ အစရှိသော တရားစကား၌ သတိ၏ကျက်စားရာအာရုံကို "သတိပဋ္ဌာန" ဟူ၍ ဆိုထိုက်၏။

ထို့အတူ "ကာယသည် ကပ်၍တည်ရာတည်း၊ သတိမဟုတ်၊ သတိသည် ကပ်၍လည်း တည်တတ်၏၊ သတိလည်း ဟုတ်၏" ဤသို့ အစရှိသော တရားစကား၌ သတိ၏ ကျက်စားရာအာရုံကို "သတိပဋ္ဌာန" ဟူ၍ ဆိုထိုက်၏။

ထို "သတိပဋ္ဌာန" စကားရပ်၏ ဆိုလိုရင်းကား - ဤရုပ်အပေါင်း ကာယစသော အာရုံတို့၌ တည်တတ်သောကြောင့် တည်ရာသည် "ပဋ္ဌာန"မည်၏၊ အဘယ်တရားသည် တည်တတ်သနည်း၊ သတိတရားတည်း။ တည်တတ်သော သတိ၏တည်ရာ အာရုံသည် "သတိပဋ္ဌာန" မည်၏။

တစ်နည်းကား၊ ပြဋ္ဌာန်းသော တည်ရာသည် "ပဋ္ဌာန" မည်၏။ ဆင်မြင်း အစရှိသည်တို့၏ တည်ရာတို့သည် ဆင်တည်ရာ၊ မြင်း

http://www.dhammadownload.com



တည်ရာတို့ မည်ကုန်သကဲ့သို့၊ ထို့အတူသာလျှင် သတိ၏ပြဋ္ဌာန်းသော တည်ရာသည် "သတိပဋ္ဌာန" မည်၏။

"သတိပဋ္ဌာန်တရားသုံးပါးတို့ကို မှီဝဲတော်မူသော ဘုရားမြတ်စွာ ဆရာသည် ဂိုဏ်းသံဃာကို ဆုံးမခြင်းငှာ ထိုက်တော်မူ၏" ဟူသော တရားစကား၌ သုံးမျိုးအားဖြင့် ကျင့်တော်မူကြကုန်သော တပည့်တို့၌ ဘုရားမြတ်စွာဆရာ၏ မုန်းခြင်း ချစ်ခြင်းကို လွန်တော်မူသည်၏ အဖြစ်ကို "သတိပဋ္ဌာန" ဟူ၍ ဆိုကုန်၏။

ဤ "သတိပဋ္ဌာန"စကားရပ်၏ ဆိုလိုရင်းကား တည်စေထိုက်သည်၏အဖြစ်ကြောင့် "ပဋ္ဌာန" မည်၏။ "ဖြစ်စေထိုက်" ဤသို့ ဆိုလိုရင်း ဖြစ်၏။

အဘယ်တရားဖြင့် ဖြစ်စေထိုက်သနည်းဟု မေးငြားအံ့၊ သတိ တရားဖြင့် ဖြစ်စေထိုက်၏ဟုသာ ဖြေရမည်။

သတိဖြင့် ဖြစ်စေထိုက်သောကြောင့် "သတိပဋ္ဌာန" မည်၏။

"လေးပါးသော သတိပဋ္ဌာန်တို့ကို ဖြစ်စေ (ပွားစေ) အပ်ကုန်သည် ရှိသော်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ခုနစ်ပါးကုန်သော ဗောဇ္ဈင်္ဂတရားတို့ကို ပြည့်စေနိုင်ကုန်၏" ဤသို့ အစရှိသော တရား စကား၌ သတိကိုသာ "သတိပဋ္ဌာန" ဟူ၍ ဟောလို၏။

"သတိပဋ္ဌာန" ဟူသော တရားစကား၏ ဆိုလိုရင်းကား တည် တတ်သောကြောင့် "ပဋ္ဌာန" မည်၏။ "ကပ်၍တည်တတ်၏၊ သက်ဝင်၍ ပြေးဝင်၍ ဖြန့်၍ ဖြစ်တတ်၏" ဤကား ဆိုလိုရင်းတည်း။ သတိသည်သာ "သတိပဋ္ဌာန" မည်၏။

http://www.dhammadownload.com



တစ်နည်းကား အမှတ်ရခြင်းသဘောကြောင့် "သတိ" မည်၏။ ကပ်၍တည်ခြင်းသဘောကြောင့် "ပဋ္ဌာန" မည်၏၊ ထိုအမှတ်ရခြင်းသဘော ဟူသည် အာရုံ၌ ကပ်၍တည်ခြင်းသဘောလည်း ဟုတ်၏။ ထို့ကြောင့် "သတိပဋ္ဌာန"မည်၏။

"အာရုံ၌ ကပ်၍တည်တတ်သော သတိသည်သာ သတိပဋ္ဌာန် ဖြစ်၏" ဤသို့ ဆိုလိုရင်းသဘောကို ဤမဟာသတိပဋ္ဌာနသုတ်၌ အလိုရှိထိုက်၏။

ဤသို့ "သတိသည်သာ သတိပဋ္ဌာန် ဖြစ်၏" ဟု ဆိုလိုသည် ရှိသော် အဘယ်ကြောင့် "သတိပဋ္ဌာနာ" ဟု ဗဟုဝုစ်သဒ္ဒါဖြင့် ဟောတော်မူရပါသနည်း။ ဤကား အမေးတည်း။



သတိများသောကြောင့် "သတိပဋ္ဌာနာ" ဟု ဗဟုဝုစ်သဒ္ဒါဖြင့် ဟောတော်မူရသည်။ ဤကား အဖြေတည်း။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ အာရုံတို့၏ (လေးမျိုး) ကွဲပြားကုန်သောကြောင့် ထိုသတိတို့သည် များကြရကုန်၏၊ အာရုံများသောကြောင့် သတိများသည် ဖြစ်ကုန်ပါလျက် အဘယ်ကြောင့် (သတိပဋ္ဌာန်) လမ်းစဉ်ကို "မဂ္ဂေါ" ဟု မြတ်စွာဘုရားက ဧကဝုစ်ဖြင့် ဆိုရပါသနည်း။ လမ်းစဉ်သဘောအားဖြင့် တစ်ခုတည်းသာရှိသောကြောင့် ဧကဝုစ်ဖြင့် ဆိုရပါသည်။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ထိုလေးပါးကုန်သော သတိတို့သည်လည်း လမ်းစဉ်အားဖြင့် တစ်ခုတည်းအဖြစ်သို့ ရောက်ကြကုန်၏။

http://www.dhammadownload.com



သာဓကကား၊ "အဘယ်သို့သော သဘောကြောင့် သတိပဋ္ဌာန် လမ်းစဉ်ကို "မဂ္ဂ" ဟူ၍ ဆိုရသနည်း၊ နိဗ္ဗာန်ကို ရောက်တတ်ခြင်း သဘောကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကို အလိုရှိသူတို့သည် ရှာမှီး ထိုက်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း "မဂ္ဂ" ဟူ၍ ဆိုရပါသည်။

လေးပါးကုန်သော ဤသတိတရားတို့သည်လည်း နောက်အဖို့ အရိယမဂ်ခဏ၌ ရှုပ်အပေါင်းကာယအစရှိကုန်သော အာရုံတို့၌ မဂ် ကိစ္စကို ပြီးစေကြကုန်လျက် နိဗ္ဗာန်သို့ ရောက်တတ်ကြကုန်၏။ အစမှ စ၍ နိဗ္ဗာန်ကို အလိုရှိသူတို့သည် ရှာမှီးထိုက်ကုန်၏။ ထို့ကြောင့် သတိ လေးပါးတို့ကိုလည်း "တကြောင်းတည်းသော ခရီးလမ်း"ဟူ၍ ဆိုထိုက် ကုန်၏။

တရားစကား ဆိုလိုရင်းသဘောသည် ဤသို့ ဖြစ်လတ်သော် ကေဝုစ် ဗဟုဝုစ် စကားအားဖြင့် အဆက်အစပ်ရှိကြသည်သာတည်း။



"ရဟန်းတို့၊ သင်တို့အား မာရ်နတ်, မာရ်နတ်၏ စစ်တပ်ကို နှိမ်နင်းကြောင်း မဂ်လမ်းစဉ်ကို ဟောတော်မူအံ့၊ ထိုလမ်းစဉ်တရားကို နာယူကြကုန်လော့။ ။ ပ။ ရဟန်းတို့ မာရ်နတ်, မာရ်နတ်၏စစ်တပ်ကို နှိမ်နင်းကြောင်းဖြစ်သော မဂ်လမ်းစဉ်ဟူသည် အဘယ်နည်း။ ခုနစ်ပါး ကုန်သော ဗောဇ္ဈင်တရားတို့သည် ဖြစ်ကုန်၏" စသည်တို့၌ကဲ့သို့တည်း။

မာရ်နတ်, မာရ်နတ်၏ စစ်တပ်ကို နှိမ်နင်းကြောင်း တစ်ခု တည်းသော လမ်းစဉ်သည်လည်းကောင်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် လည်းကောင်း ဆိုလိုရင်းသဘောကား အတူတူပေတည်း။ ဤစကား

http://www.dhammadownload.com



နှစ်ရပ်၌ စကားအသုံးအနှုန်းသည်သာ ကွဲပြား၏။ ဤသို့လျှင် တစ်ခုတည်းသော သတိပဋ္ဌာန်ကျင့်လမ်းစဉ်သည်လည်းကောင်း၊ သတိပဋ္ဌာန်လေးပါးတို့သည်လည်းကောင်း ဆိုလိုရင်းသဘောကား အတူတူပင်တည်း၊ စကားအသုံးအနှုန်းသည်သာ ကွဲပြား၏။

ထို့ကြောင့် နိဗ္ဗာန်ကို ရှာမှီးတတ်၊ အလိုရှိသူတို့၏ အရှာကို ခံရသောသဘောကြောင့် ဆိုလိုရင်းသဘောတူသဖြင့် ဧကဝုစ် ဖြစ်၏။ အာရုံကွဲပြားသဖြင့် သတိတရားများသောကြောင့် ဗဟုဝုစ် ဖြစ်ရ၏ဟု မှတ်သားထိုက်၏။

မြတ်စွာဘုရားသည် အဘယ်ကြောင့် လေးပါးအောက်လည်း မလျော့၊ လေးပါးတို့ထက်လည်း မပိုလွန်သော လေးပါးကုန်သော သတိပဋ္ဌာန်တို့ကိုသာ ဟောတော်မူရပါသနည်း။ တရားသိနိုင်ကြသူ (ဝေနေယျ)တို့၏ အကျိုးစီးပွားဖြစ်ခြင်းအလို့ငှာ ဟောတော်မူကုန်၏။



အကျယ်ချဲ့၍ ဆိုဦးအံ့၊ တဏှာ (စရိုက်) အားကောင်းသော အကျင့်၊ ဒိဋ္ဌိ (စရိုက်) အားကောင်းသော အကျင့်ရှိကုန်သော၊ သမထ အကျင့် ဝိပဿနာအကျင့်တို့ကို ကျင့်ကုန်သော ပုဂ္ဂိုလ်တို့၌ ညာ( နုံ့ခြင်း, ညာဏ်ထက်ခြင်းတို့၏ကွဲပြားမှုဖြင့် နှစ်မျိုးစီ နှစ်မျိုးစီဖြစ်ကုန်သော တရားသိနိုင်သူတို့၌ ညာဏ်နုံ့ တဏှာ (စရိုက်)ရှိသူအား (သိသာထင်ရှားလွယ်သော) ကြမ်းတမ်းသော အာရုံဖြစ်သော ကာယာနုပဿနာ သတိပဋ္ဌာန်သည် (သတ္တဝါတို့၏) စိတ်စင်ကြယ်ခြင်း၏ အကျင့် လမ်းစဉ် ဖြစ်၏။ ညာဏ်( )က်သော တဏှာစရိုက်ရှိသူအား နူးညံ့သိမ်မွေ့သော

http://www.dhammadownload.com



အာရုံဖြစ်သော ဝေဒနာနုပဿနာသတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ် ဖြစ်၏။

ဒိဋ္ဌိစရိုက်လည်းရှိသော ဉာဏ်နုံ့သူအား အလွန်ကွဲပြားမှုမရှိသော စိတ္တာနုပဿနာသတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ် ဖြစ်၏။

ဒိဋ္ဌိစရိုက်လည်းရှိသော ဉာဏ်ထက်သူအား အလွန်ကွဲပြားမှု ရှိသော ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့် လမ်းစဉ်ဖြစ်၏။

သမထအကျင့်လည်းကျင့်သော ဉာဏ်နုံ့သူအား မငြိုမငြင် မပင် မပန်း ရနိုင်သော နိမိတ်ရှိသော ပထမမြောက် ကာယာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ် ဖြစ်၏။

သမထအကျင့်လည်း ကျင့်သော ဉာဏ်ထက်သူအား ကြမ်းတမ်း သောအာရုံ၌ စိတ်မတည်ခြင်းကြောင့် နှစ်ခုမြောက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ် ဖြစ်၏။

ဝိပဿနာအကျင့်လည်း ကျင့်သော ဉာဏ်နုံ့သူအား အလွန် ကွဲပြားမှုမရှိသော တတိယမြောက် စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ်ဖြစ်၏။

ဝိပဿနာအကျင့်လည်း ကျင့်သော ဉာဏ်ထက်သူအား အလွန် ကွဲပြားမှုရှိသော အာရုံဖြစ်သော စတုတ္ထမြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ခြင်း၏ အကျင့်လမ်းစဉ်ဖြစ်၏။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားသည် လေးပါးအောက်လည်း မလျော့၊ လေးပါးထက်လည်း မပိုလွန်သော လေးပါးကုန်သော သတိပဋ္ဌာန်တို့ကိုသာ ဟောတော်မူကုန်၏။ (ဤကား အဖြေတည်း)

တစ်နည်းကား သုဘ-တင့်တယ်၏၊ သုခ-ချမ်းသာ၏၊ နိစ္စ-မြဲ၏၊ အတ္တဘာဝ-ထင်တဲ့အတိုင်း ဟုတ်၏ဟု အမှန်မဟုတ်ဘဲ ဖောက်ဖောက်ပြန်ပြန် သိမှတ်ထင်မှုကို ပယ်ခြင်းအကျိုးငှာလည်း (သတိပဋ္ဌာန်လေးပါးတို့ကို မိန့်ဆိုရပါသည်။)

မှန်၏၊ ရုပ်အပေါင်းကာယသည် မတင့်တယ်-အသုဘတည်း၊ ထိုရုပ်အပေါင်းကာယ၌ သတ္တဝါတို့သည် တင့်တယ်သော သုဘမဟုတ်ဘဲလျက် တင့်တယ်၏ဟု လွဲလွဲမှားမှား သိ, မှတ်, ထင်ခြင်းရှိကြကုန်၏။ ထိုသူတို့အား ထိုရုပ်အပေါင်းကာယ၌ မတင့်တယ်သော အသုဘသဘောကို မြင်ခြင်းကြောင့် ထိုအသိ၊ အမှတ်၊ အထင်လွဲမှားမှုကို ပယ်ခြင်းငှာ ပဌမမြောက် ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူခဲ့၏။



သုခ-ချမ်းသာ၊ နိစ္စ-အမြဲ၊ အတ္တဘာဝ-ထင်တဲ့အတိုင်း ဟုတ်၏ဟု လွဲလွဲမှားမှား သိ၊ မှတ်၊ ထင်စွဲယူနေသူတို့၌လည်း ဝေဒနာစသည်တို့၌ ဝေဒနာခံစားမှုသည် ဆင်းရဲ၊ စိတ်သိမှုသည် မမြဲ၊ ဓမ္မသဘောတရားတို့သည် ထင်တဲ့အတိုင်း မဟုတ်ပေ။ ထိုဝေဒနာ စိတ် ဓမ္မတို့၌ သတ္တဝါတို့သည် ချမ်းသာ၏၊ မြဲ၏၊ ထင်တဲ့အတိုင်း မှန်၏ဟု မဟုတ်ပါဘဲလျက် လွဲလွဲမှားမှားသိ၊ အဟုတ်ထင်၊ မှတ်ယူကြလေကုန်၏။ ထိုသူတို့အား ဝေဒနာစသည်တို့၌ ဆင်းရဲစသော သဘောကို မြင်ခြင်းကြောင့်

http://www.dhammadownload.com



ထိုလွဲလွဲမှားမှားသိ ထင်, မှတ်ယူခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ကျန်သော သတိပဋ္ဌာန်သုံးပါးတို့ကို ဟောတော်မူကုန်၏။

ဤသို့လျှင် သုဘ သုခ နိစ္စ အတ္တအဖြစ် ဟူသော လွဲလွဲမှားမှား သိ ထင် မှတ်မှုကို ပယ်ဖျောက်ခြင်းငှာ လေးပါးအောက် မလျော့၊ လေးပါးထက်မပို၊ လေးပါးသာလျှင်ဖြစ်သော သတိပဋ္ဌာန်တို့ကို ဟောတော်မူရ၏ ဟု သိမှတ်ထိုက်ကုန်၏။

လွဲလွဲမှားမှား ထင်၊ မှတ်၊ သိမှုတို့ကို ပယ်ဖျောက်ခြင်းငှာသာ ဟောတော်မူသည်မဟုတ်သေး။ စင်စစ်သော်ကား ဝဲကဲ့သို့ ဆွဲမြုပ်တတ်သော ဩဃလေးပါး၊ ချည်နှောင်တတ်သော ယောဂလေးပါး၊ ယိုစီးတတ်သော အာသဝလေးပါး၊ ထုံးဖွဲ့တတ်သော ဂန္ထလေးပါး၊ စွဲလမ်းတတ်သော ဥပါဒါန်လေးပါး၊ မဖြစ်သင့်သော အဂတိလေးပါး တို့ကိုလည်း ပယ်ဖျောက်နိုင်ခြင်းအကျိုးငှာလည်းကောင်း၊ လေးပါးသော အထောက်အပံ့အာဟာရတို့ကို ပိုင်းခြား၍ သိမြင်ခြင်းအကျိုးငှာလည်းကောင်း သတိပဋ္ဌာန်လေးပါးတို့ကိုသာ ဟောတော်မူကုန်၏ဟု သိထိုက်ကုန်၏။

ဤဖွင့်ဆိုခဲ့သော နည်းသည် အဋ္ဌကထာနည်းမှ ရှေးဦးစွာ နေတ္တိကျမ်း၌ ဖွင့်ပြသောနည်းတည်း။

အဋ္ဌကထာအဖွင့်နည်း၌ကား ရုပ်အပေါင်းကာယ စသော သဘော၊ ကုသိုလ်စသော တရားတို့ကို ကြံစည်အမှတ်ရခြင်း၏အစွမ်း အားဖြင့်လည်းကောင်း၊ နိဗ္ဗာန်၌ ပေါင်းဆုံသက်ရောက်ခြင်းသဘော တစ်မျိုးတည်း၏ အစွမ်းအားဖြင့်လည်းကောင်း တစ်ခုတည်းသော

http://www.dhammadownload.com



သတိပဋ္ဌာန်ကျင့်လမ်းစဉ်သည် အာရုံတို့၏ကွဲပြားခြင်းဖြင့် လေးပါးတို့သာတည်း။ ဤသို့ ဆိုလိုရင်းသဘောကို ဖွင့်ဆို၏။

ဥပမာဆောင်၍ ထင်ရှားအောင် ဆိုဦးအံ့၊ တံခါးပေါက်ကြီးလေးခုရှိသောမြို့၌ အရှေ့အရပ်မှ လာသူတို့သည် အရှေ့အရပ်ထွက် ကုန်ပစ္စည်းတို့ကို ယူ၍ အရှေ့တံခါးဖြင့်သာ မြို့တွင်းသို့ ဝင်ကြသကဲ့သို့လည်းကောင်း၊ တောင်အရပ်မှ၊ အနောက်အရပ်မှ၊ မြောက်အရပ်မှ လာသူတို့သည် မြောက်အရပ်ထွက် ကုန်ပစ္စည်းတို့ကို ယူ၍ မြောက်တံခါးဖြင့်သာ မြို့တွင်းသို့ ဝင်ကြသကဲ့သို့လည်းကောင်း ထို့အတူ ဤသတိပဋ္ဌာန်လေးပါးဖြစ်ခြင်းကို ပြည့်စုံစွာ သိထိုက်၏။

မှန်၏၊ မြတ်သော နိဗ္ဗာန်မြို့ကြီးကို တံခါးကြီးလေးပေါက်ရှိသောမြို့ကဲ့သို့၊ အင်္ဂါရှစ်ပါးရှိသော လောကုတ္တရာမဂ်ကို မြို့သို့ဝင်ရာ တံခါးပေါက်ကဲ့သို့၊ ရုပ်အပေါင်းကာယ အစရှိသော သတိ၏အာရုံတို့ကို အရှေ့အရပ် စသည်ဖို့ကဲ့သို့ (ဥပမာ ဥပမေယျ ယှဉ်တွဲ၍) သိထိုက်ကုန်၏။



အရှေ့အရပ်မှ လာသူတို့သည် အရှေ့အရပ်ထွက် ကုန်ပစ္စည်းတို့ကို ယူ၍ အရှေ့တံခါးဖြင့် မြို့သို့သာ ဝင်ကြကုန်သကဲ့သို့၊ ထို့အတူ ကာယာနုပဿနာသတိပဋ္ဌာန်ကို အဦးပြု၍ အားထုတ်ကြကုန်သောသူတို့သည် တစ်ဆယ့်လေးပါးသော အပြားအားဖြင့် (တစ်ဆယ့်လေးမျိုးသော) ကာယာနုပဿနာကို ဖြစ်စေ၍ ကာယာနုပဿနာဘာဝနာ၏ အစွမ်းကြောင့်ဖြစ်သော အရိယမဂ်တံခါးဖြင့် တစ်ခုတည်းသော နိဗ္ဗာန်သို့သာ ဝင်ရောက်ကြကုန်၏။

http://www.dhammadownload.com



တောင်အရပ်မှ လာသူတို့သည် တောင်အရပ်ထွက်ကုန်ပစ္စည်းတို့ကို ယူ၍ တောင်တံခါးဖြင့် မြို့သို့သာ ဝင်ကြကုန်သကဲ့သို့၊ ထို့အတူ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အဦးပြု၍ အားထုတ်ကြကုန်သော သူတို့သည် ကိုးပါးသော အပြားအားဖြင့် (ကိုးမျိုးသော) ဝေဒနာနုပဿနာကို ဖြစ်စေ၍ ဝေဒနာနုပဿနာ ဘာဝနာ၏အစွမ်းကြောင့် ဖြစ်သော အရိယမဂ်တံခါးဖြင့် တစ်ခုတည်းသော နိဗ္ဗာန်သို့သာ ဝင်ရောက်ကြကုန်၏။

အနောက်အရပ်မှ လာသူတို့သည် အနောက်အရပ်ထွက် ကုန်ပစ္စည်းတို့ကို ယူ၍ အနောက်တံခါးဖြင့် မြို့သို့သာ ဝင်ကြကုန်သကဲ့သို့၊ ထို့အတူ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို အဦးပြု၍ အားထုတ်ကြသော သူတို့သည် တစ်ဆယ့်ခြောက်ပါးသော အပြားအားဖြင့် (တစ်ဆယ့်ခြောက်မျိုးသော) စိတ္တာနုပဿနာကို ဖြစ်စေ၍ စိတ္တာနုပဿနာ ဘာဝနာ၏အစွမ်းကြောင့် ဖြစ်သော အရိယမဂ်တံခါးဖြင့် တစ်ခုတည်းသော နိဗ္ဗာန်သို့သာ ဝင်ရောက်ကြကုန်၏။

မြောက်အရပ်မှ လာသူတို့သည် မြောက်အရပ်ထွက် ကုန်ပစ္စည်းတို့ကို ယူ၍ မြောက်တံခါးဖြင့် မြို့သို့သာ ဝင်ကြကုန်သကဲ့သို့၊ ထို့အတူ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို အဦးပြု၍ အားထုတ်ကြကုန်သော သူတို့သည် ငါးပါးအပြားအားဖြင့် (ငါးမျိုးသော) ဓမ္မာနုပဿနာကို ဖြစ်စေ၍ ဓမ္မာနုပဿနာဘာဝနာ၏အစွမ်းကြောင့် ဖြစ်သော အရိယမဂ်တံခါးဖြင့် တစ်ခုတည်းသော နိဗ္ဗာန်သို့သာ ဝင်ရောက်ကြကုန်၏။

ဤသို့လျှင် ရုပ်အပေါင်းကာယ စသော သဘော၊ ကုသိုလ်စသော တရားတို့ကို ကြံစည်အမှတ်ရခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ နိဗ္ဗာန်၌

http://www.dhammadownload.com



**အဘယ်လေးပါးတို့နည်းဟူမူ -**

**ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။**

---

ပေါင်းဆုံသက်ရောက်ခြင်းသဘော တစ်မျိုးတည်း၏အစွမ်းအားဖြင့်လည်းကောင်း တစ်ခုတည်းသော သတိပဋ္ဌာန်လမ်းစဉ်သည် အာရုံတို့၏ကွဲပြားခြင်းဖြင့် လေးပါးတို့ ဟူ၍သာ မြတ်စွာဘုရားသည် ဟောတော်မူကုန်၏။ ဤသို့ သိမှတ်ထိုက်၏။



**“အဘယ်လေးပါးတို့နည်းဟူမူ”** ဟူသော အမေးစကားသည် ကိုယ်တိုင်ဖြေလိုသောကြောင့် မေးသော အမေးစကားတည်း။

**“ဤသာသနာတော်၌“** ဟူသည် ဤသာသနာတော်၌၊

**“ရဟန်းတို့“** ဟူသော စကားသည် တရားစကားကို ခံယူနာကြားမည့်ပုဂ္ဂိုလ်တို့ကို ခေါ်ဆိုသော စကားတည်း။

**“ရဟန်းသည်”** ဟူသော စကားသည် အကျင့်လမ်းစဉ်ကို ကောင်းစွာပြည့်စုံအောင် ကျင့်နိုင်သောပုဂ္ဂိုလ်ကို ညွှန်းဆိုသော စကားတည်း။

တခြားသော နတ်လူတို့သည်လည်း သတိပဋ္ဌာန်တရားလမ်းစဉ်ကို ကောင်းစွာ ပြည့်စုံအောင် ကျင့်နိုင်သော ပုဂ္ဂိုလ်ကို ညွှန်းဆိုသော စကားတည်း။

http://www.dhammadownload.com



အခြားသော နတ်လူတို့သည်လည်း သတိပဋ္ဌာန်လမ်းစဉ်ကို ကောင်းစွာပြည့်စုံအောင် ကျင့်နိုင်ကြသည်သာ။ သို့ပါသော်လည်း ရဟန်းမှာ မြတ်သောသဘောရှိသောကြောင့်လည်းကောင်း၊ အကျင့်လမ်းစဉ်အားဖြင့် 'ရဟန်း'၏အဖြစ်ကို ပြလိုခြင်းကြောင့်လည်းကောင်း "ရဟန်း" ဟူ၍ မိန့်တော်မူပြီ။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ မြတ်စွာဘုရား၏ အဆုံးအမကို ခံယူကြကုန်သော သူတို့တွင် အမျိုးမျိုးသော အဆုံးအမ အားလုံးတို့၏ တည်ရာဖြစ်သောကြောင့် ရဟန်းသည် အမြတ်ဆုံးဖြစ်၏။ ထိုသို့ မြတ်သောသဘောရှိခြင်းကြောင့် "ရဟန်း" ဟူ၍ မိန့်တော်မူပြီ။

"ရှင်ဘုရင် လာ၏" ဟူသော စကား၌ 'ရှင်ဘုရင်'ဟု ဆိုသဖြင့် ရှင်ဘုရင်မှ ကျန်သော ပရိသတ်တို့ကိုလည်း ပါဝင်ကြသည်ဟု သိသင့်သကဲ့သို့၊ ထို့အတူ ထို 'ရဟန်းသည်'ဟူသော စကားကို ဆိုသည်ရှိသော် ရဟန်းမှကြွင်းသော နတ်လူတို့ကိုလည်း ပါဝင်ယူထိုက်သည်သာ ဖြစ်ကုန်၏။ ၄၃

နောက်တစ်မျိုးကား၊ ဤသတိပဋ္ဌာန်လမ်းစဉ်ကို ကျင့်သော ပုဂ္ဂိုလ်သည် "ရဟန်း"မည်၏။ ထိုသို့ အကျင့်လမ်းစဉ်အားဖြင့် 'ရဟန်း'၏ အဖြစ်ကို ပြောလိုခြင်းကြောင့်လည်းကောင်း "ရဟန်း"ဟူ၍ မိန့်တော်မူ၏။

မှန်၏၊ ကျင့်သော ပုဂ္ဂိုလ်သည် နတ်မူလည်း ဖြစ်စေ၊ လူမူလည်း ဖြစ်စေ 'ရဟန်း' ဟူ၍ ခေါ်ဆိုထိုက်သည်၏အဖြစ်သို့ ရောက်သည်သာ။ သာဓကကား - - -

http://www.dhammadownload.com



"အကြင်ပုဂ္ဂိုလ်သည် လူ့ဝတ်စားတန်ဆာတို့ဖြင့် အကယ်၍ ပြင်ဆင်ထားစေဦးတော့၊ သတ္တဝါအားလုံးတို့၏အပေါ်၌ ကိုယ်ဖြင့် နှိပ်စက်ခြင်းဒဏ်ကို မပြု၊ ရာဂစသော အပူမှ ငြိမ်းအေး၏၊ ဣန္ဒြေတို့ကို ဆုံးမပြီးခြင်းကြောင့် ယဉ်ကျေး၏၊ မြတ်သော အကျင့်ကို အမြဲကျင့်လေ့ရှိ၏။ ထိုပုဂ္ဂိုလ်သည် မကောင်းမှုတို့ကို ပယ်ဖျောက်မျှောပြီးသောကြောင့် ဗြာဟ္မဏလည်း မည်၏။ ကိလေသာအပူတို့ကို ငြိမ်းစေပြီးသောကြောင့် သမဏလည်း မည်၏။ ကိလေသာတို့ကို ဖျက်ဆီးပြီးသောကြောင့် ဘိက္ခုလည်း မည်၏" ဟု ဟောတော်မူ၏။

**"ရုပ်အပေါင်း၌"** ဟူသည်ကား ရုပ်အပေါင်းကာယ၌။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ "ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍" အစရှိသော တရားစကား၌ ရုပ်အပေါင်းကို အင်္ဂါကြီးအင်္ဂါငယ်တို့၏လည်းကောင်း၊ ဆံပင်စသော ကောဋ္ဌာသအစုဟု ဆိုထိုက်ကုန်သော ဘူတရုပ် ဥပါဒါရုပ် တရားတို့၏လည်းကောင်း အပေါင်းအစု၏အဖြစ်ဟူသော ဆိုလိုရင်းသဘောကြောင့် ဆင်အပေါင်းအစု ရထားအပေါင်းအစု စသည်တို့ကဲ့သို့ "ရုပ်အပေါင်းကာယ"၏ သဘောကို ဉာဏ်ဖြင့် အလိုရှိထိုက်၏



အပေါင်းအစု ဟူသော သဘောဖြင့် ရုပ်အပေါင်းကာယကို သိသင့်သလို ဖြစ်ပေါ်ခဲ့ရာအရပ်ဟူသော သဘောဖြင့်လည်း ရုပ်အပေါင်းကာယကို သိထိုက်သေး၏။

မှန်ပါ၏၊ စက်ဆုပ်ဖွယ်ကောင်းကုန်သော အလွန်ရွံရှာဖွယ်ကောင်းကုန်သော ဆံပင်စသော ကောဋ္ဌာသအစုတို့၏ ဖြစ်ပေါ်ခဲ့ရာကြောင့်လည်း ရုပ်အပေါင်းကာယ မည်၏။

http://www.dhammadownload.com



" (ကု+အာယော) အာယော"ဟူသည် ဖြစ်ပေါ်ခဲ့ရာအရပ်တည်း။ ထိုကာယ-ဟူသော စကား၌ ဆိုလတ္တံ့သည်ကား သဒ္ဒါအသုံးအနှုန်း သဘောတည်း။ ထိုရုပ်အပေါင်းကာယမှ ဖြစ်ပေါ်လာကြသောကြောင့် "အာယ"မည်၏၊ အဘယ်တို့ ဖြစ်ပေါ်လာကြသနည်း၊ စက်ဆုပ်ဖွယ် ကောင်းကုန်သော ဆံပင်စသည်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

ဤသို့လျှင် စက်ဆုပ်ဖွယ်ကောင်းကုန်သော ဆံပင်စသော ကောဋ္ဌာသအစုတို့၏ ဖြစ်ပေါ်ခဲ့ရာ အရပ်ဖြစ်သောကြောင့် ကာယ မည်၏။

**"ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍"** ဟူသည် ရုပ်အပေါင်းကာယ၌ အဖန်ဖန် ရှုသိမြင်လေ့ရှိ၏။

တစ်နည်းကား ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်နေသည်။

"ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍" ဟူသောစကား၌ "ရုပ်အပေါင်း၌"ဟု ဆိုပြီးပါလျက် ဒုတိယ "ရုပ်အပေါင်းကို" ထပ်၍ ဆိုရခြင်းသည် ဝေဒနာစသည်တို့နှင့် မရော သည်၏အဖြစ်၊ တစ်ခဲနက် အသီးသီး ခွဲစိတ်ဝေဖန်ခြင်း စသည်တို့ကို ပြခြင်းအကျိုးငှာ ပြ၏ဟု သိမှတ်ထိုက်၏။

ထို့ကြောင့် ရုပ်အပေါင်းကာယ၌ ခံစားမှု ဝေဒနာကို အဖန်ဖန် ရှုသိမြင်လေ့ရှိ၏ဟုလည်းကောင်း၊ စိတ် ဓမ္မကို အဖန်ဖန် ရှုသိမြင်လေ့ ရှိ၏ဟုလည်းကောင်း မဟုတ်ပါ။ အဟုတ်သော်ကား ရုပ်အပေါင်း ကာယကို အဖန်ဖန် ရှုသိမြင်လေ့ရှိသည်သာဖြစ်၏။ ဤသို့ ရုပ်အပေါင်း ကာယဟု ဆိုထိုက်သော (အနုပဿနာဉာဏ်၏) တည်ရာ အာရုံ၌

http://www.dhammadownload.com



ရုပ်အပေါင်းကာယကို အကြိမ်ကြိမ် ရှုသိမြင်ပုံ အခြင်းအရာကိုသာ ပြခြင်းအားဖြင့် ရုပ်အပေါင်းကာယသည် ခံစားမှု ဝေဒနာ စသည်တို့နှင့် မရောနှော၊ အသီးအခြား ဖြစ်ခြင်းကို ပြတော်မူ၏။

ထိုစကားမှန်၏၊ ရုပ်အပေါင်းကာယ၌ အင်္ဂါကြီးငယ်တို့မှ လွတ်သော တစ်မျိုးသောတရားကို အဖန်ဖန်ရှုသိမြင်လေ့ရှိသည် မဟုတ်။ ဆံပင်မွေးညင်းစသော ကောဋ္ဌာသအစုတို့မှ သီးခြားဖြစ်သော မိန်းမ ယောကျ်ားကို အဖန်ဖန် ရှုသိမြင်လေ့ရှိသည် မဟုတ်။

ဤမျှမကသေး ဆံပင်မွေးညင်း စသော ဘူတရုပ် ဥပါဒါရုပ်တို့၏အပေါင်းဟု ဆိုထိုက်သော ရုပ်အပေါင်းကာယ၌လည်း ဘူတရုပ် ဥပါဒါရုပ်တို့မှ လွတ်သော သီးခြားဖြစ်သော သဘောတစ်မျိုးကို ရှုသိ မြင်နေသည် မဟုတ်။ အမှန်တကယ်အားဖြင့် ရထားကိုယ်ထည်ကို အဖန်ဖန်ရှုသိမြင်သော သူသည် ရထားအင်္ဂါ အစိတ်အစိတ်ကို အဖန်ဖန် ရှုသိမြင်နေတတ်သကဲ့သို့ အင်္ဂါကြီးငယ်တို့၏အပေါင်းကို အဖန်ဖန် ရှုသိမြင်နေတတ်၏။ မြို့ကို ရှုသော သူသည် မြို့၏အစိတ်အပိုင်း ဖြစ်သော အိမ်စသည်တို့ကို အဖန်ဖန် ရှုသိမြင်နေတတ်သကဲ့သို့ ဆံပင်မွေးညင်းစသော ကောဋ္ဌာသအစုကို အဖန်ဖန် ရှုသိမြင်နေတတ်၏၊

ငှက်ပျောတုံး၏ အရွက်အဖူးတို့ကို အသီးသီးခွဲခြားတတ်သော သူကဲ့သို့လည်းကောင်း၊ ဘာမျှမရှိ အချည်းနှီးသော လက်သီးဆုပ်ကို ဖြေသောသူကဲ့သို့လည်းကောင်း၊ ဘူတရုပ် ဥပါဒါရုပ်တို့၏အပေါင်းကို အဖန်ဖန် ရှုသိမြင်နေတတ်သည်သာ ဖြစ်၏။ အမျိုးမျိုးသော အပြား

http://www.dhammadownload.com



အားဖြင့် အပေါင်း၏အဖြစ်ဖြင့်သာ ရုပ်အပေါင်း (ကာယ) ဟု ဆို ထားသော တည်ရာကို ပြတော်မူခြင်းအားဖြင့် ဒုတိယ ရုပ်အပေါင်း (ကာယ) စကားရပ်ဖြင့် တစ်ခဲနက် အသီးသီး ခွဲစိတ်ဝေဖန်ခြင်းကို ပြ၏။

မှန်၏၊ ရုပ်အပေါင်းကာယ၌ ဆိုခဲ့သော အင်္ဂါကြီးငယ်အပေါင်းကို လည်းကောင်း၊ ဆံပင်မွေးညင်းစသောအစုမှ လွတ်သော ကိုယ်ကောင်ကို လည်းကောင်း၊ မိန်းမကိုလည်းကောင်း၊ ယောက်ျားကိုလည်းကောင်း၊ တခြားတစ်စုံ တစ်ခုသော သတ်မှတ်ချက်ကို မတွေ့မြင်၊

စင်စစ်သော်ကား ဆိုခဲ့ပြီးသော တရားအပေါင်းအစုမျှ၌သာ သတ္တဝါတို့သည် မိမိတို့ ထင်ချင်သလို မှားသောအားဖြင့် စွဲမြဲစွာ နှလုံးသွင်းခြင်းကို ပြုကြကုန်၏။

ထို့ကြောင့် ရှေးရှေးဆရာတော်တို့သည် - - -

"လူအပေါင်းတို့သည် ယောက်ျာ မိန်းမစသည်ကို မြင်ရသည်ဟု ထင်မှတ်သိမှားနေ၏။ စင်စစ်ကား ထိုယောက်ျား မိန်းမစသည်ကို ပညာဉာဏ်ဖြင့် တွေ့မြင်နိုင်သည် မဟုတ်၊ မြင်စရာ မြင်စရာတို့၏ သဘောကို ပညာဉာဏ်ဖြင့်သာ မြင်နိုင်၏။ ထိုပညာဉာဏ်ဖြင့် မြင်နိုင်သည်ကို အသိမှား အမြင်မှား အထင်မှားဖြင့် မမြင်နိုင်။ ပညာဉာဏ်ဖြင့် မြင်သင့်သည်ကို မမြင်နိုင်ဘဲ တွေဝေနေသကို ကိလေသာတို့ဖြင့် နှောင်ဖွဲ့ခံရ၏။ ကိလေသာနှောင်ဖွဲ့ခံရသူသည် ဆင်းရဲအပေါင်းမှ မလွတ်နိုင်"ဟူ၍ ဆိုတော်မူကြကုန်၏။

http://www.dhammadownload.com



တစ်ခဲနက် အသီးသီး ခွဲစိတ်ဝေဖန်ခြင်း စသည်တို့ကို ပြခြင်း အကျိုးငှာဟု ဆိုခဲ့ပြီ။

ဤစကား၌ 'စသည်တို့ကို' ဟူသော စကားဖြင့် ဤသို့ဆိုလိုရင်းကိုလည်း သိထိုက်သေး၏ - - -

ချဲ့၍ဆိုဦးအံ့၊ ဤရဟန်းသည် ဤရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်နေသည်သာဖြစ်၍ အခြားသော မတင့်တယ်ခြင်းစသည်မှ တစ်ပါးသော တရားတို့ကို အဖန်ဖန် ရှုသိမြင်နေသည် မဟုတ်။ ဤသို့ ဆိုလိုရင်းသာဖြစ်သည်။

ရေနှင့်တူသော ရေမဟုတ်သည့် တံလျှပ်၌ ရေဟု အမြဲထင်၍ နေကုန်သကဲ့သို့၊ ထို့အတူ မြဲသည်ဟု ထင်ရလျက် မမြဲသော၊ ချမ်းသာသည်ဟု ထင်ရလျက် မချမ်းသာသော၊ ထင်သလို ဟုတ်၏ဟု ထင်ရလျက် ထင်သလိုမဟုတ်သော၊ တင့်တယ်၏ဟု ထင်ရလျက် မတင့်တယ်သော ဤရုပ်အပေါင်းကာယ၌ မြဲ၊ ချမ်းသာ၊ ထင်သလို ဟုတ်၊ တင့်တယ်သော အဖြစ်ကို အဖန်ဖန်ထင်နေသည် မဟုတ်။

အမှန်တကယ်အားဖြင့် ရုပ်အပေါင်းကာယကို အဖန်ဖန်ရှုသိမြင်နေသူသည် မမြဲ၊ ဆင်းရဲ၊ ထင်သလိုမဟုတ်၊ မတင့်တယ်သော အခြင်းအရာဖြင့် ရုပ်အပေါင်းကာယကို အဖန်ဖန်ရှုသိမြင်နေသည်သာလျှင် ဖြစ်၏။ ဤသို့ ဆိုလိုရင်းဖြစ်၏။

တစ်နည်းကား "ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ၊ ။ပ။ ထိုရဟန်းသည် သတိရှိလျက်

http://www.dhammadownload.com



သာလျှင် ထွက်သက်ကို ရှိုက်၏” ဤသို့အစရှိသော နည်းဖြင့် ထွက်သက် ဝင်သက်အစ အမှုန်စုအမှုန်စုဖြစ်သော အရိုးစုအဆုံးရှိသော ရုပ်အပေါင်းကာယကို မြတ်စွာဘုရားက ဟောတော်မူပြီ။

ဒသည်သာမကသေး၊ “ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် (ပထဝီဓာတ်) မြေရုပ်အပေါင်းကို မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန်ရှုသိမြင်နေ၏။ (အာပေါဓာတ်) ရေရုပ်အပေါင်းကို၊ (တေဇော ဓာတ်) မီးရုပ်အပေါင်းကို၊ (ဝါယောဓာတ်) လေရုပ်အပေါင်းကို၊ ဆံပင်ရုပ်အပေါင်းကို၊ မွေးညှင်းရုပ်အပေါင်းကို၊ အရေပါးရုပ်အပေါင်းကို၊ အရေထူရုပ်အပေါင်းကို၊ အသားရုပ်အပေါင်းကို၊ အသွေးရုပ်အပေါင်းကို၊ အကြောရုပ်အပေါင်းကို၊ အရိုးရုပ်အပေါင်းကို၊ ရိုးတွင်းခြင်ဆီ ရုပ်အပေါင်းကို မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန်ရှုသိမြင်နေ၏”ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ရုပ်အပေါင်းကာယကို တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည် မိန့်တော်မူ၏။ 

အလုံးစုံသော ထိုကာယာနုပဿနာ၏ ဆိုလိုရင်းကို ဤရုပ်အပေါင်းကာယ၌ပင် အဖန်ဖန်ရှုသိမြင်နေသောကြောင့် “ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍” ဤသို့လျှင် ဆိုလိုရင်းကိုလည်း မှတ်သားထိုက်၏။

တစ်နည်းကား ရုပ်အပေါင်းကာယ၌ ငါသည်ဟူ၍လည်းကောင်း၊ ငါ၏ဟူ၍လည်းကောင်း ဤသို့ သိ, ထင်, မှတ်, ခြင်းဖြင့် စွဲယူနေသော တစ်စုံတစ်ယောက်သောသူအား အနုပဿနာဉာဏ်မဖြစ်ခြင်းကြောင့်၊ ထိုထိုဆံပင် မွေးညှင်းအစရှိသော ရုပ်အပေါင်းကာယ၌ အမျိုးမျိုးသော

http://www.dhammadownload.com



ရုပ်တရားအပေါင်းကို အဖန်ဖန် ရှုသိမြင်ခြင်းကြောင့် ရုပ်အပေါင်းကာယ၌ ဆံပင် အစရှိသော တရားအစုဟု ဆိုထိုက်သော ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်လေ့ရှိ၏။ ဤသို့လျှင် ဆိုလိုရင်းကို သိထိုက်၏။

စင်စစ်သော်ကား "ဤရုပ်အပေါင်း၌ မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင်၏။ မြဲသောအခြင်းအားဖြင့် အဖန်ဖန် မရှုမြင်" စသော အစဉ်အားဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာသော အလုံးစုံသော မမြဲခြင်းလက္ခဏာ အစရှိသော အခြင်းအရာအပေါင်းဟု ဆိုအပ်သော (လက္ခဏာရှိသော) ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်နေခြင်းကြောင့်လည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အကြိမ်ကြိမ် ရှုသိမြင်သည်ဖြစ်၍ (နေ၏)။ ဤသို့လျှင် ဆိုလိုရင်းကို သိထိုက်၏။



အကျယ်ချဲ့၍ ဆိုဦးအံ့၊ ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယဟု အဖန်ဖန် ရှုသိမြင်နေလေ့ရှိသော အကျင့်ကို ကျင့်သော ဤရဟန်းသည် ဤရုပ်အပေါင်းကာယကို မမြဲဟု ရှုသိမြင်လေ့ရှိခြင်း အစရှိသော ခုနစ်ပါးကုန်သော ရှုသိမြင်ခြင်းတို့၏အစွမ်းဖြင့် မမြဲသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုသိမြင်နေတတ်၏။ မြဲသော အခြင်းအရာအားဖြင့် အဖန်ဖန် မရှုမသိမမြင်တတ်၊ ဆင်းရဲသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုသိမြင်တတ်၏၊ ချမ်းသာသော အခြင်းအရာအားဖြင့် အဖန်ဖန် မရှုမသိမမြင်တတ်၊ ထင်မြင်သလို မဟုတ်ဟူသော

http://www.dhammadownload.com



အခြင်းအရာအားဖြင့် အဖန်ဖန်ရှုသိမြင်နေတတ်၏၊ ထင်မြင်သလို ဟုတ်၏ ဟူသော အခြင်းအရာအားဖြင့် အဖန်ဖန် မရှုမသိမမြင်တတ်၊ ငြီးငွေ့၏၊ မနှစ်သက်၊ ဉာဏ်ဖြင့်စက်ဆုပ်၏၊ ရာဂဖြင့် မတပ်မက်၊ ရာဂကို ချုပ်စေ၏၊ တဏှာသမုဒယကို မဖြစ်စေ၊ ကိလေသာမာရ်ကို တစ်ခဏမျှ ပယ်ခြင်းအားဖြင့် စွန့်၏၊ ကိလေသာကို ဖြစ်စေသောအားဖြင့် မယူ။

ထိုရဟန်းသည် ရုပ်အပေါင်းကာယကို အနိစ္စအားဖြင့် အဖန်ဖန် ရှုသိမြင်သည်ရှိသော် နိစ္စဟု သိ ထင် မှတ် မှားမှုကို ပယ်စွန့်နိုင်၏။ ဒုက္ခဟု အဖန်ဖန် ရှုသိမြင်သည်ရှိသော် သုခဟု သိထင်မှတ်မှားမှုကို ပယ်စွန့်နိုင်၏။ အနတ္တဟု အဖန်ဖန် ရှုသိမြင်သည်ရှိသော် အတ္တဟု သိထင်မှတ်မှားမှုကို ပယ်စွန့်နိုင်၏။ ငြီးငွေ့သည်ရှိသော် ပီတိဖြင့် နှစ်သက်မှုတဏှာကို ပယ်စွန့်နိုင်၏။ စက်ဆုပ်လတ်သော် ရာဂတပ်မက်ခြင်းကို ပယ်စွန့်နိုင်၏။ ရာဂကို ချုပ်စေလတ်သော် တဏှာသမုဒယကို ပယ်စွန့်၏။ ပယ်စွန့်သည်ရှိသော် ကိလေသာဖြစ်အောင် ယူခြင်းကို စွန့်နိုင်၏။ ဤသို့လည်း သိထိုက်၏။

**“နေ၏”** ဟူသည် ညောင်းညာသော ဣရိယာတစ်ခုမှ နေသာသော ဣရိယာပုတ်တစ်ခုကို ပြောင်းလဲ၍ ဤကိုယ်ကောင်ကြီးကို မထိန်းနိုင် ပြိုလဲကျခြင်း မဖြစ်အောင် သွား ရပ် ထိုင် လျောင်း လိုရာပြောင်း၍ ဣရိယာပုတ်တစ်ခုကို ဖြစ်စေ၏။

**“ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍”** ဟူသည် သုံးပါးသော ကာမဘဝ ရူပဘဝ အရူပဘဝတို့၌ ကိလေသာတို့ကို လွန်စွာ ပူလောင်ရှို့မြိုက်တတ်သောကြောင့် **“အာတာပ”** မည်၏။

http://www.dhammadownload.com



"အာတာပ" ဟူသည် ဝီရိယ၏အမည်တည်း။

ကိလေသာတို့ကို လွန်စွာ ပူလောင်ရှို့မြိုက်တတ်သော အာတာပ ရှိသော သူတို့သည် ပြင်းစွာ အားထုတ်သော လုံ့လရှိသူ မည်၏။

"သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍" ဟူသည် ကောင်းစွာ ခွဲခြား၍ သိတတ်သောဉာဏ်နှင့် ပြည့်စုံနေသူ မည်၏။

"သတိရှိသည်ဖြစ်၍" ဟူသည် ရုပ်အပေါင်းကာယကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိနှင့် ပြည့်စုံနေသူ မည်၏။

တရားအားထုတ်သောသူသည် သတိဖြင့် ရုပ်အပေါင်းကာယ အာရုံကို ပိုင်းခြားယူ၍ ပညာဖြင့် အဖန်ဖန်ရှုသိမြင်၏။



မှန်၏၊ သတိမရှိသော တရားအားထုတ်သောသူအား ပညာဉာဏ် မည်သည် မရှိနိုင်။

ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့၊ ငါဘုရားသည် သတိတရားကို အလုံးစုံသော (ဗောဇ္ဈင်) အကျိုးရှိကြောင်းတရား ဟူ၍ ဆိုတော်မူ၏" ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဤသုတ်၌ "ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏" ဟု ဟောသော စကားမျှဖြင့် ရုပ်အပေါင်း ကာယ၌ အဖန်ဖန်ရှုသိမြင်သော ဉာဏ်နှင့်သတိကို ဆိုလိုသည်ဖြစ်၏။

တစ်နည်းကား၊ လုံ့လဝီရိယ မရှိသောသူအား တရားအလုပ်ကို အန္တရာယ်ပြုတတ်သော ပျင်းရိခြင်းသည် ဖြစ်တတ်၏။ ကောင်းစွာ

http://www.dhammadownload.com



ခွဲခြား၍ မသိတတ်သောသူသည် အကြောင်းမှန်ကို ပိုင်းခြား၍ယူခြင်း၊ အကြောင်းများကို ရှောင်ကြဉ်ခြင်းတို့၌ တွေဝေတတ်၏။ သတိကင်းနေသူသည် အကြောင်းကို မစွန့်ခြင်း၊ အကြောင်းမဟုတ်သည်ကို မသိမ်းယူခြင်းတို့၌ မစွမ်းနိုင်။ ထိုသုံးမျိုးမရှိခြင်းကြောင့် တရားအလုပ်သည် မပြီးစီးမပြည့်စုံနိုင်။

"တရားအလုပ်ကို ပြီးပြည့်စုံနိုင်သော ထိုတရားတို့၏အစွမ်းကို ပြဆိုခြင်းငှာ "ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ် ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍" ဟူသော စကားတော်ကို မြတ်စွာဘုရားသည် မိန့်ဆိုတော်မူ၏" ဤသို့ သိထိုက်၏။

ဤဆိုခဲ့ပြီးသော နည်းဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်ကိုလည်းကောင်း၊ ထိုသတိပဋ္ဌာန်နှင့် ကောင်းစွာ ယှဉ်တွဲသော အင်္ဂါကိုလည်းကောင်း ပြဆိုပြီး၍ ယခုအခါ၌ ပယ်ထိုက်သော အင်္ဂါကို ပြဆိုခြင်းငှာ **"လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍"** ဟု မိန့်တော်မူလေပြီ။



ထိုစကားရပ်၌ **"ပယ်ဖျောက်၍"** ဟူသည် တဒင်္ဂအားဖြင့်သော်လည်းကောင်း၊ အလွန်ကြာမြင့်စွာ ပယ်ခွာခြင်းအားဖြင့်သော်လည်းကောင်း ပယ်ဖျောက်၍။

**"လောက၌"** ဟူသည် ထိုရုပ်အပေါင်းကာယ၌ပင်။

မှန်၏၊ ဤစကားရပ်၌ ရုပ်အပေါင်းကာယကို ပျက်စီးတတ်၊ ဖရမ်းဖတာ ပျက်စီးတတ်သောသဘောကြောင့် **"လောက"**ဟူ၍ သိသင့်၏။

http://www.dhammadownload.com



ဆက်၍သိသင့်သည်ကား တရားအားထုတ်သူအား ရုပ်အပေါင်း ကာယမျှ၌သာ အဘိဇ္ဈာဒေါမနဿကို ပယ်သင့်သည် မဟုတ်သေး၊ ဝေဒနာ ခံစားမှု စသည်တို့၌လည်း အဘိဇ္ဈာဒေါမနဿကို ပယ်သင့်သည်သာ။ ထို့ကြောင့် စွဲလမ်းမှုတို့၏အာရုံဖြစ်သော ငါးပါးသော ခန္ဓာတို့သည်လည်း လောကသာတည်းဟု ဝိဘင်္ဂပါဠိတော်၌ မြတ်စွာဘုရားသည် ဟောတော်မူ၏။

"လောက"ဟု ခေါ်ဆိုထိုက်သောကြောင့်လည်း ထိုရုပ်အပေါင်း ကာယ, ခံစားမှု ဝေဒနာ, စိတ္တ ဓမ္မသဘောတရားတို့၏ ဆိုလိုရင်း သဘောတို့ကို ထုတ်ပြခြင်းအနေဖြင့် ဤ "လောက"ဟူသောစကားကို မိန့်တော်မူ၏။

"ထိုစကား၌ လောက-ဟူသည် အဘယ်ပါနည်း၊ ထိုရုပ်အပေါင်း ကာယသည်ပင် လောကသာတည်း" ဤသို့သော ဆိုလိုရင်းသဘောကို သိထိုက်၏။



ထို "ရုပ်အပေါင်းကာယ" တည်းဟူသော လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ရာ၏ဟူသော စကားတို့ကို ဆက်စပ်သင့်၏။

ဤ "အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ရာ၏" ဟူသော စကားရပ်၌ အဘိဇ္ဈာ-ဟူသော စကားကို ဆိုသဖြင့် ကာမစ္ဆန္ဒနီဝရဏကို၊ ဒေါမနဿဟု ဆိုသဖြင့် ဗျာပါဒကို သိမ်းယူခြင်းသို့ ရောက်၏။

ထိုသို့ နီဝရဏ၌ အကျုံးဝင်၍ အားလည်းကြီးသော ကာမစ္ဆန္ဒ ဗျာပါဒတရား နှစ်ပါးကို ပြခြင်းဖြင့် နီဝရဏအားလုံးကို ပယ်ဖျောက်ခြင်းကိုလည်း ဆိုလိုသည်ဟု သိထိုက်၏။

http://www.dhammadownload.com



အထူးအားဖြင့် ဆက်၍ဆိုဦးအံ့၊ ထိုနီဝရဏတို့ကို ပယ်ဖျောက်ခြင်းတို့တွင် အဘိဇ္ဈာကို ပယ်ဖျောက်ခြင်းဖြင့် ရုပ်အပေါင်းကာယ၏ ပြည့်စုံခြင်း၏အကြောင်းရှိသော လျော်စွာချစ်ခြင်းကို၊ ဒေါမနဿကို ပယ်ဖျောက်ခြင်းဖြင့် ရုပ်အပေါင်းကာယ၏ ပျက်စီးခြင်း၏အကြောင်း ရှိသော ဆန့်ကျင်ဘက် မုန်းခြင်းကိုလည်းကောင်း ပယ်ဖျောက်နိုင်သည်ကို ဆိုလို၏။

သည်သာမကသေး၊ အဘိဇ္ဈာကို ပယ်ဖျောက်ခြင်းဖြင့် ရုပ်အပေါင်းကာယ၌ အလွန်မွေ့လျော်ခြင်းကိုလည်းကောင်း၊ ဒေါမနဿကို ပယ်ဖျောက်ခြင်းဖြင့် ကာယာနုပဿနာဘာဝနာ၌ မမွေ့လျော်ခြင်းကိုလည်းကောင်း ပယ်ဖျောက်နိုင်သည်ကို ဆိုလို၏။

အဘိဇ္ဈာကို ပယ်ဖျောက်ခြင်းဖြင့် ရုပ်အပေါင်းကာယ၌ အထင်အရှားမရှိကုန်သော တင့်တယ်သည်၏အဖြစ်၊ ချမ်းသာသည်၏ အဖြစ်စသည်တို့ကို (စိတ်၌) ထည့်သွင်းခြင်းကိုလည်းကောင်း၊ ရုပ်အပေါင်းကာယ၌ အထင်အရှားရှိကုန်သော မတင့်တယ်သည်၏အဖြစ်၊ မချမ်းသာသည်၏အဖြစ်တို့ကို (စိတ်မှ) ဖယ်ထုတ်ခြင်းကိုလည်းကောင်း ပယ်ဖျောက်နိုင်သည်ကို ဆိုလို၏။



ထို **"လောကၡ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ရာ၏"** ဟူသော စကားရပ်ဖြင့် တရားအလုပ် အားထုတ်သူ၏ အားထုတ်ခြင်းကိုလည်းကောင်း၊ တရားအလုပ်အားထုတ်ခြင်း၌ အစွမ်းရှိသည်ကိုလည်းကောင်း ဖော်ပြနိုင်၏။

http://www.dhammadownload.com



မှန်ပေ၏၊ ဤတရားအလုပ် အားထုတ်ခြင်း၏ အကျိုးဆက် အစွမ်းသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်မြောက်သည်လည်းကောင်း၊ တရားအလုပ်၌ မပျော်ခြင်း ပျော်ခြင်းကို သည်းခံနိုင်ခြင်းသည်လည်း ကောင်း၊ ထင်ရှားမရှိသည်ကို (စိတ်၌) သွင်းယူခြင်း, ထင်ရှားရှိသည်ကို (စိတ်၌) ဖယ်ထုတ်ခြင်းမှ ကင်းပျောက်ခြင်းလည်းကောင်း ဖြစ်နိုင်၏။

တရားအလုပ် အားထုတ်ခြင်း၌ အစွမ်းရှိမှုသည် ချစ်ခြင်း မုန်းခြင်းမှ လွန်မြောက်နိုင်၏။ တရားအလုပ်၌ မပျော်ခြင်း, ပျော်ခြင်းကို သည်းခံနိုင်၏။ ထင်ရှားမရှိသည်ကို (စိတ်၌) မသွင်းယူနိုင်, ထင်ရှားရှိ သည်ကို (စိတ်၌) ဖယ်ထုတ်နိုင်၏။ ဤသို့လျှင် တရားအလုပ် အားထုတ် ခြင်း၏ အကျိုးဆက်အစွမ်းကို သိနိုင်၏။



အခြားတစ်နည်းကား၊ "ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ် ကြိမ်ရှုလေ့ရှိသည်ဖြစ်၍" ဟူသော စကားရပ်၌ အားထုတ်တတ်သော သတိ ဝီရိယ ဉာဏ်၏ ကမ္မဋ္ဌာန်းအာရုံကို ဟောတော်မူခဲ့ပြီ။

"နေ၏" ဟူသော စကား၌ ဆိုခဲ့ပြီးသော 'နေထိုင်ခြင်းသဘော' စကားဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်နေသော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ် ကောင်ကြီးကို ရွက်ဆောင်နေပုံကို ဆိုလိုသည်။

"ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍" စသော စကားတို့၌ ပြင်းစွာအားထုတ်သော လုံ့လဟူသော စကားဖြင့် သမ္မပ္ပဓာန်ဝီရိယကို ဆိုလိုသည်။

http://www.dhammadownload.com



သတိသမ္ပဇဉ် နှစ်ပါးစုံခြင်းဖြင့် ကမ္မဋ္ဌာန်းအလုပ် အကျိုးအားလုံး ပြီးပြည့်စုံခြင်းကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းပြီးမြောက်အောင် ရွက်ဆောင်နိုင်ခြင်းနည်းလမ်းကိုလည်းကောင်း ဆိုလိုသည်။

တစ်နည်းကား ကာယာနုပဿနာ၏အစွမ်းဖြင့် သတိသည် သမထကို ရနိုင်၏၊ ပညာဉာဏ်သည် ဝိပဿနာကို ရနိုင်၏။

အဘိဇ္ဈာ ဒေါမနဿကို ပယ်နိုင်ခြင်းဖြင့် တရားအားထုတ်မှု ဘာဝနာ၏အစွမ်းကို ဆိုလိုသည်။ ဤသို့ သိထိုက်၏။

သတိပဋ္ဌာနဝိဘင်းပါဠိတော်ကြီး၌ကား "အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍" ဟူသော ထိုမာတိကာပုဒ်၌ ပါဝင်သော အနုပဿနာဟူသည် အဘယ်နည်း၊ နာမ်ရုပ်တို့ကို အနိစ္စစသော လက္ခဏာအမျိုးမျိုးဖြင့် သေချာသိတတ်သောသဘော၊ ကွဲကွဲပြားပြား သိတတ်သောသဘော၊ ။ပ။ ဟုတ်တိုင်းမှန်စွာ မြင်တတ်သော ပညာဉာဏ်ကို "အနုပဿနာ"ဟု ဆိုလို၏။ ၅၇

ဤအဖန်ဖန် ရှုသိမြင်သော ဉာဏ်ပညာဖြင့် ကပ်ရောက်၏၊ ဘာဝနာ၏အဖြစ်ဖြင့် ကောင်းစွာ ကပ်ရောက်၏၊ ဉာဏ်ပညာဖြင့် ပြည့်စုံ၏၊ ဘာဝနာ၏အဖြစ်ဖြင့် ကောင်းစွာပြည့်စုံ၏၊ ဉာဏ်ပညာဖြင့် ဖြစ်၏၊ ဘာဝနာ၏အဖြစ်ဖြင့် ကောင်းစွာဖြစ်၏။ ထို့ကြောင့် "အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍"ဟု ဆိုလို၏။

"နေ၏" ဟူသည် ဣရိယာပုတ်ကို ဖြစ်စေ၏၊ အမူအရာအမျိုးမျိုး ဖြစ်၏၊ ကိုယ်ကောင်ကြီးကို မလဲကျအောင် စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ အမူအရာ အမျိုးမျိုးဖြင့် လှုပ်ရှားလည်၏၊ ဣရိယာပုတ်

http://www.dhammadownload.com



အညောင်းအညာများကို တခြားဣရိယာပုတ်ကို ပြောင်းပေးခြင်းဖြင့် ကိုယ်ကောင်ကြီး လဲပြိုမကျအောင် ဆောင်ထား၏။ ထိုသို့ဖြစ်နေခြင်းကို "နေ၏"ဟု ဆိုလို၏။

"ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍" ဟူသော ထို မာတိကာပုဒ်၌ ပါဝင်သော "အာတာပေါ" ဟူသည် အဘယ်နည်း၊

စိတ်၌ဖြစ်သော အားစိုက်ထုတ်ရခြင်းသဘော၊ ။ပ၊ ကောင်းစွာ အမှန်အတိုင်း အားထုတ်ခြင်းသဘောကို "အာတာပ"ဟု ဆိုလို၏။

ဤ လုံ့လနှင့် ဉာဏ်ပညာဖြင့် ကပ်ရောက်၏၊ ။ပ။ ဘာဝနာ၏ အဖြစ်ဖြင့် ကောင်းစွာဖြစ်၏။



ထို့ကြောင့် "ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍" ဟု ဆိုလို၏။

"သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍" ဟူသော ထိုမာတိကာပုဒ်၌ ပါဝင် သော "သမ္ပဇဉ" သည် အဘယ်နည်း။

နာမ်ရုပ်တို့ကို အနိစ္စစသော လက္ခဏာအမျိုးမျိုးဖြင့် သေချာ သိတတ်သောသဘော၊ ။ပ။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ပညာဉာဏ်ကို "သမ္ပဇဉ" ဟု ဆိုလို၏။

ဤပညာနှင့် ဉာဏ်ပညာဖြင့် ကပ်ရောက်၏၊ ။ပ။ ဘာဝနာ၏ အဖြစ်ဖြင့် ကောင်းစွာဖြစ်၏။ ထို့ကြောင့် "သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍" ဟု ဆိုလို၏။

http://www.dhammadownload.com



"သတိရှိသည်ဖြစ်၍"ဟူသော ထိုမာတိကာပုဒ်၌ ပါဝင်သော "သတိ" ဟူသည် အဘယ်နည်း။ အမှတ်ရခြင်းသဘော၊ အဖန်ဖန် အမှတ်ရခြင်းသဘော၊ ။ပ။ မဖောက်မပြန် ဟုတ်မှန်စွာ အမှတ်ရခြင်း သဘောကို "သတိ"ဟု ဆိုလို၏။ ဤသတိနှင့် ဉာဏ်ပညာဖြင့် ကပ်ရောက်၏၊ ။ပ။ ဘာဝနာ၏ အဖြစ်ဖြင့် ကောင်းစွာဖြစ်၏။ ထို့ကြောင့် "'သတိရှိသည်ဖြစ်၍"ဟု ဆို၏။

"လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍" ဟူသော ထိုမာတိကာ၌ ပါဝင်သော "လောက"ဟူသည် အဘယ်နည်း။

ထိုရုပ်အပေါင်းကာယသည်ပင် လောကတည်း။ ပျက်စီးနေသော စွဲလမ်းမှု၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း လောကတည်။ ဤတရားကို "လောက"ဟု ဆိုထိုက်၏။

ထိုစကားရပ်၌ "အဘိဇ္ဈာ"ဟူသည် အဘယ်နည်း။ တပ်မက်ခြင်းသဘော၊ လွန်စွာတပ်မက်ခြင်းသဘော၊ စိတ်ကို ဆွဲဆောင်တတ်သောသဘော၊ မဆန့်ကျင် ချစ်ခင်တတ်သောသဘော၊ နှစ်သက်ခြင်းသဘော၊ နှစ်သက်တပ်မက်ခြင်းသဘော၊ စိတ်၏ လွန်စွာ တပ်မက်တတ်သော သဘောကို "အဘိဇ္ဈာ"ဟု ဆိုလို၏။

ထိုစကားရပ်၌ "ဒေါမနဿ" ဟူသည် အဘယ်နည်း။ စိတ်၌ဖြစ်သော မသာယာတတ်သောသဘော၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊ စိတ်၌မှီသော အာရုံနှင့် ဆုံတွေ့မှုကြောင့်ဖြစ်သော မသာယာတတ်သော ဆင်းရဲခြင်းသဘော ခံစားမှုဝေဒနာကို "ဒေါမနဿ"ဟု ဆိုထိုက်၏။

http://www.dhammadownload.com



ဤသို့လျှင် အဘိဇ္ဈာသည်လည်းကောင်း၊ ဒေါမနဿသည်လည်းကောင်း စွဲလမ်းမှု၏အာရုံဖြစ်သော ခန္ဓာငါးပါးလောက၌ ပယ်ဖျောက်အပ်ကုန်ပြီ၊ တစ်ဖန် (ပျောက်ကင်းကုန်၏)၊ ငြိမ်သက်ခြင်းသို့ ရောက်အပ်ကုန်ပြီ၊ အထူးသဖြင့် ငြိမ်သက်ခြင်းသို့ ရောက်အပ်ကုန်ပြီ၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်ပြီ၊ ပျက်စီးခြင်းသို့ ရောက်စေကုန်ပြီ၊ အထူးသဖြင့် ပျက်စီးခြင်းသို့ ရောက်စေအပ်ကုန်ပြီ။ ခြောက်သွေ့စေအပ်ကုန်ပြီ၊ အထူးသဖြင့် ခြောက်သွေ့စေအပ်ကုန်ပြီ၊ အကြွင်းအကျန်မရှိအောင် ပြုအပ်ကုန်ပြီ။ ထို့ကြောင့် "လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍" ဟု ဆိုလို၏။

ဤသို့လျှင် "အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍" အစရှိသော စကားရပ်တို့၏ ဆိုလိုရင်းသဘောကို မြတ်စွာဘုရားသည် မိန့်တော်မူခဲ့၏။



ထိုဝိဘင်းပါဠိတော်နှင့် အဋ္ဌကထာမှ ဖွင့်ဆိုနည်းသည် ဆိုလိုရင်းသဘောအားဖြင့် တူညီ၍ ကောင်းစွာ သိနိုင်၏။

ဤဖွင့်ဆိုခဲ့ပြီးသည်ကား ဝေဒနာနုပဿနာ စသည်တို့မှ ရှေးဦးစွာ ကာယာနုပဿနာသတိပဋ္ဌာန်၏ အကျဉ်းပြ ပါဠိတော် စကားရပ်၏ ဆိုလိုရင်းသဘောကို ဖွင့်ဆိုခြင်းသည်သာတည်း။

❖❖❖❖❖❖❖

http://www.dhammadownload.com



ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

---

ယခုအခါ၌ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ရန် ဝေဒနာတို့၌၊ စိတ်၌၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏" ဟူသော စကားရပ်တို့၌ "ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍" ဤသို့ စသော စကားရပ်တို့၌ ဝေဒနာ စသောပုဒ်တို့ကို ထပ်၍ဟောရခြင်း အကျိုးကို ကာယာနုပဿနာပုဒ်၌ ဖွင့်ဆိုခဲ့သော နည်းဖြင့်သာလျှင် နားလည်ထိုက်၏။

ဝေဒနာတို့၌ ဝေဒနာတို့ကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။ စိတ်၌ စိတ်ကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ သဘောတရားတို့ကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏" ဟူသော စကားရပ်တို့၌ကား "ဝေဒနာ" ဟူသည် သုံးပါးကုန်သော ဒုက္ခ သုခ အဒုက္ခမသုခတို့တည်း။ ထိုဝေဒနာတို့သည်လည်း လောကီဝေဒနာတို့

http://www.dhammadownload.com



ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**အကျဉ်းချုပ် ပြီး၏။**

---

ချည်းသာ။ စိတ်သည်လည်း လောကီစိတ်သာတည်း။ ထို့အတူသာလျှင် သဘောတရားတို့သည်လည်း လောကီသဘောတရား တို့သာတည်း။

ထိုဝေဒနာ၊ စိတ်၊ သဘောတရားတို့ကို အသေးစိတ် ဝေဖန်ခြင်းသည် နိဒ္ဒေသဝါရ (အကျယ်ဟောပါဠိတော်)၌ ထင်ရှားပေအံ့။



အနည်းငယ် ဆိုဖွယ်အထူးကား ဤအကျဉ်းဟောဝါရ၌ ဝေဖန်ခြင်းမဖက် သက်သက် ခံစားမှုဝေဒနာကို အဖန်ဖန်ရှုသိမြင်သကဲ့သို့ အဖန်ဖန်ရှုသိမြင်နေသူကို "ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍" ဟူ၍ သိထိုက်၏။

စိတ်၊ သဘောတရားတို့၌လည်း ဤကဲ့သို့သောနည်းပင် ဖြစ်သတည်း။

အဘယ်သို့လျှင် ဝေဒနာကို အဖန်ဖန်ရှုသိမြင်နေထိုက်သနည်း၊ ဤကား အမေးတည်း။ ရှေးဦးစွာ ချမ်းသာသော ခံစားမှု ဝေဒနာကို ဆင်းရဲသဘောအားဖြင့် အဖန်ဖန် ရှုသိမြင်နေထိုက်၏။ ဆင်းရဲသော ခံစားမှုဝေဒနာကို (မြားငြောင့်တို့ကဲ့သို့) ထိုးဆွခြင်းသဘောအားဖြင့်

http://www.dhammadownload.com



အဖန်ဖန် ရှုသိမြင်နေထိုက်၏။ ချမ်းသာလည်းမဟုတ် ဆင်းရဲလည်း မဟုတ်သော ခံစားမှုဝေဒနာကို မမြဲသောအားဖြင့် အဖန်ဖန် ရှုသိမြင် ထိုက်၏။

အဘယ်ကဲ့သို့ ဗုဒ္ဓမြတ်စွာသည် ဟောတော်မူသနည်းဟူမူ - - -

"ချမ်းသာသော ခံစားမှုကို ဆင်းရဲသဘောဖြင့် ရှုသိမြင်သော၊ ဆင်းရဲသော ခံစားမှုကို ထိုးဆွခံရသော သဘောဖြင့် ရှုသိမြင်သော၊ ဆင်းရဲမပါ ချမ်းသာမဖက် သက်သက်ငြိမ်သက်သော ခံစားမှုကို မမြဲသော သဘောဖြင့် ရှုသိမြင်နေသော ထိုရဟန်းသည် ကိလေသာ အပူဝေး ငြိမ်အေးလျက် လှည့်လည် နေထိုင်ရလတ္တံ့." ဟု ဟောတော်မူပါသည်။

တစ်နည်း ဆိုဦးအံ့၊ ခံစားမှု ဝေဒနာအားလုံးကို "ဆင်းရဲသော သဘော"ဟူ၍သာ အဖန်ဖန် သိမြင်ထိုက်၏။

သက်သေသာဓကကား မြတ်စွာဘုရားသည် "အလုံးစုံသော ခံစားစရာကို ဆင်းရဲ၌သာ အကျုံးဝင်၏"ဟု ဟောတော်မူထားသော ကြောင့်တည်း။

ထိုမျှမကသေး၊ ခံစားမှုဝေဒနာ အားလုံးကို ချမ်းသာ ဆင်းရဲ နှစ်မျိုးအားဖြင့်လည်း ရှုသိမြင်ထိုက်၏။

သက်သေသာဓကကား - "ချမ်းသာသော ခံစားမှုသည် တည်ရာ ခဏ၌ ချမ်းသာ၊ ဖောက်ပြန် ပျက်စီးရာခဏ၌ ဆင်းရဲ၊ (ဆင်းရဲသော ခံစားမှုသည် တည်ရာခဏ၌ ဆင်းရဲ၊ ဖောက်ပြန်ပျက်စီးရာခဏ၌ ချမ်းသာ)" ဟု ဓမ္မဒိန္နာရဟန်းမ ဆိုသော စကားကို အကျယ်ချဲ့၍ သိမြင်ထိုက်၏။

http://www.dhammadownload.com



တစ်နည်း မမြဲသဘော အစရှိသော ခုနစ်ပါးသော အဖန်ဖန် ရှုသိမြင်ခြင်း အနုပဿနာအစွမ်းဖြင့်လည်း အဖန်ဖန်ရှုသိမြင်ထိုက်၏။

ကျန်သော စကားသည် အကျယ်ဟောရာဝါရ၌သာ ထင်ရှားလတ္တံ့။

စိတ်၊ သဘောတရားတို့၌လည်း ရှေးဦးစွာ စိတ်ကို အာရုံ၊ အကြီးအမှူး၊ အတူဖြစ်ဖက်၊ တည်ရာဘုံ၊ ကံ၊ အကျိုးပေး၊ ပြုမှု စသည်တို့၏ထူးခြားကွဲပြားခြင်းအစွမ်းဖြင့်လည်းကောင်း၊ အဖန်ဖန် ရှုသိမြင်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ အကျယ်ပြဆိုရာဝါရ၌ လာသော တပ်မက်မှုရာဂနှင့်တကွဖြစ်သော စိတ်အစရှိသော အပြားတို့၏အစွမ်းဖြင့်လည်းကောင်း အဖန်ဖန် ရှုသိမြင်ထိုက်၏။



သဘောတရားဓမ္မတို့ကို ကိုယ်ပိုင်သဘောလက္ခဏာ၊ အားလုံးတူ သဘောလက္ခဏာတို့၏လည်းကောင်း၊ သိ၊ ထင်၊ မှတ်ထားသည်တို့မှ ကင်းဆိတ်သော သဘောတရား၏ မမြဲခြင်း အစရှိသော အဖန်ဖန် သိမြင်ခြင်းခုနစ်ပါးတို့၏လည်းကောင်း၊ အကျယ်ပြဆိုရာဝါရ၌ လာသော ခုနစ်ပါးငြိမ်းအေးခြင်း အစရှိသော အပြားတို့၏လည်းကောင်း အစွမ်းအားဖြင့် ရှုသိမြင်ထိုက်၏။

ကျန်ရှိသောပုဒ်တို့၏ ဖွင့်ဆိုမှုသည် ဆိုခဲ့ပြီးသော နည်းအတိုင်းသာဖြစ်၏။

ရဟန်းသည် ကာယ-ဟု ဆိုအပ်သော ရုပ်အပေါင်းလောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်စွန့်သကဲ့သို့ ဝေဒနာ စသည်တို့၌လည်း ပယ်စွန့်ရသည်သာ။

http://www.dhammadownload.com



ပုဂ္ဂိုလ်အမျိုးမျိုးအစွမ်းကြောင့်လည်းကောင်း၊ စိတ်ခဏ အမျိုးမျိုး၌ ဖြစ်သော သတိပဋ္ဌာန်ဘာဝနာအစွမ်းကြောင့်လည်းကောင်း အလုံးစုံသော (ရုပ်အပေါင်းကာယ၊ ခံစားမှု ဝေဒနာ၊ စိတ်၊ သဘောတရား) တို့၌ (အဘိဇ္ဈာဒေါမနဿပယ်ခြင်းကို) ဆိုလို၏။

တစ်နည်းကား၊ တစ်ခုသော သတိပဋ္ဌာန်အာရုံတရားတို့၌ အဘိဇ္ဈာဒေါမနဿ မဖြစ်စေရန် ပယ်နိုင်သော အကြောင်းကြောင့် ကျန်သော သတိပဋ္ဌာန်အာရုံ (သုံးပါး)တို့၌လည်း ပယ်နိုင်၏။

ထို့ကြောင့်ပင်လျှင် ထိုသတိပဋ္ဌာန်အာရုံတရားတို့၌ ထိုအဘိဇ္ဈာဒေါမနဿကို ပယ်မှုပြခြင်းအကျိုးငှာလည်း "အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍" ဟူသော စကားကို မိန့်တော်မူ၏။ ဤသို့လျှင် သိမှတ်ထိုက်၏။



အကျဉ်းချုပ်အဖွင့် ပြီး၏။

❖❖❖❖❖❖❖

http://www.dhammadownload.com



## ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တစ်ဆယ့်လေးပါး
## ၁-ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

၃၇၄။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

---

## ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တစ်ဆယ့်လေးပါးအဖွင့်
## ၁-ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၇၄။ ယခုအခါ၌ ကျွမ်းကျင်သော နှီးရွေသမားသည် ကြမ်းသောဖျာ၊ ပျော့ပျောင်းသောဖျာ၊ စကော၊ ပန်းခြင်းတောင်း၊ ပုတ်စသော ယက်လုပ်စရာတို့ကို ပြုလိုသည်ဖြစ်၍ ဝါးလုံးကြီးတစ်လုံးကို ရပြီး၍ လေးပိုင်းခွဲ၍ ထိုလေးပိုင်းမှ ဝါးပိုင်းတစ်ခုတစ်ခုကို ယူ၍ နွာ၍ ထိုထိုယက်လုပ်စရာ တစ်မျိုးစီကို ပြုလုပ်လေသကဲ့သို့၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် သတိပဋ္ဌာန်ဒေသနာဖြင့် အမျိုးမျိုးကွဲပြားသော သတ္တဝါတို့၏ တရားထူးရခြင်းကို ပြုတော်မူလိုသည်ဖြစ်၍ သမ္မာသတိတစ်ခုတည်းကိုသာ "လေးပါးသော သတိပဋ္ဌာန်တို့ ရှိကုန်၏၊ အဘယ်လေးပါးတို့နည်းဟူမူကား၊ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏" အစရှိသော နည်းဖြင့် အာရုံအစွမ်းဖြင့် လေးမျိုးခွဲ၍ ထိုအာရုံလေးမျိုးမှ သတိပဋ္ဌာန် တစ်ခုတစ်ခုကို ယူ၍ ရုပ်အပေါင်းကာယကို ဝေဖန်ပြတော်မူလိုသည်ဖြစ်၍ "ရဟန်းတို့၊ အဘယ်သို့လျှင်" အစရှိသော နည်းဖြင့် ဝေဖန်ပြခြင်းကို ဆိုခြင်းငှာ အားထုတ်လေပြီ။

ထိုစကားရပ်၌ "အဘယ်သို့လျှင်" အစရှိသော အမေးသည် အကျယ်ချဲ့မိန့်လိုသည်ဖြစ်၍ မေးသော အမေးတည်း။

http://www.dhammadownload.com



**ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေ့ရှုဖြစ်**

———————————

ဤစကားရပ်၌ ဖွင့်ဆိုလတ္တံ့သည်ကား အကျဉ်းချုပ်ဆိုလိုရင်းတည်း -- "ရဟန်းတို့ အဘယ်သို့သောနည်းအပြားအားဖြင့် ရဟန်းသည် ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်နေသနည်း" ဤကား အမေးအကျဉ်းတည်း။ အမေးစကား အားလုံးတို့၌လည်း ဤနည်းသာတည်း။

**"ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည်"** ဟူသည် ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည်။

မှန်၏၊ ဤစကားရပ်၌ "ဤသာသနာတော်၌"ဟူသော သဒ္ဒါစကားသည် အလုံးစုံသော နည်းအပြားအားဖြင့် ကာယာနုပဿနာကို ဖြစ်စေတတ်သော တရားအားထုတ်သောပုဂ္ဂိုလ်၏ ကောင်းစွာ မှီရာဖြစ်သော သာသနာတော်ကို ထင်ရှားပြဆိုကြောင်းဖြစ်သော စကားလည်းကောင်း၊ ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားသော သာသနာ၏ ထိုကာယာနုပဿနာကို ဖြစ်စေတတ်သော တရားအားထုတ်သော ပုဂ္ဂိုလ်၏ မှီရာအဖြစ်ကို တားမြစ်ကြောင်းဖြစ်သော စကားလည်းကောင်း ဖြစ်၏။

သာဓကကား၊ "ရဟန်းတို့၊ ဤသာသနာတော်၌သာ ပထမတန်းသောတာပန်ရဟန်းသည် ဖြစ်နိုင်၏၊ ။ပ။ သာသနာမှ တစ်ပါးကုန်သော

http://www.dhammadownload.com



**စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှိုက်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်"ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်"ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း**

— — — — — — — — — —

သမဏအမည်ခံပုဂ္ဂိုလ်တို့ပြောဆိုသော ဝါဒတို့သည် သောတာပန်စသည်တို့မှ ကင်းကုန်၏"ဟု မြတ်စွာဘုရား မိန့်ဆိုတော်မူ၏။ ထို့ကြောင့် "ဤသာသနာတော်၌ ရဟန်းသည်" ဟူ၍ မြတ်စွာဘုရားသည် မိန့်ဆိုတော်ပြီ။

**"တောသို့ သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ"** ဟူသော စကားရပ်တို့သည် ထိုရဟန်း၏ သတိပဋ္ဌာန်ဘာဝနာအား လျောက်ပတ်သောနေရာအရပ်တို့ကို သိမ်းယူပြကြောင်း စကားရပ်တို့တည်း။



အကျယ်ချဲ့၍ ဆိုဦးအံ့၊ တရားကို အားထုတ်သော ဤရဟန်း၏ နေ့ညဥ့်ပတ်လုံး များစွာသော ရူပါရုံစသော (ကာမဂုဏ်) အာရုံတို့၌ အမြဲလိုလို ပျံ့နှံ့ကျက်စားခဲ့သော စိတ်သည် ကမ္မဋ္ဌာန်းလမ်းစဉ်ဟိုသက်ရောက်ခြင်းငှာ အလိုမရှိ။ ကောက်ကျစ်သောနွားဖြင့် ယှဉ်ကထားသော လှည်းယာဉ်သည် လမ်းမဟုတ်ရာသို့သာ ပြေးသွားသကဲ့သို့တည်း။

ထို့ကြောင့် နွားကျောင်းသားသည် (ကောက်ကျစ်စဉ်းလဲသော) နွားရိုင်းမကြီး၏နို့ကိုသာ သောက်ရ၍ ကြီးပြင်းလာသော (ကောက်ကျစ်သော) နွားရိုင်းငယ်ကို ယဉ်ကျေးအောင် ဆုံးမလိုသည်ရှိသော် နွားမကြီးမှ ဖယ်ရှား၍ တစ်ခုသော အစွန်အရပ်၌ ကြီးစွာသောတိုင်ကို

http://www.dhammadownload.com



"တိုတို ရှိုက်သည်"ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟု သိ၏။ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရှုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်"ဟု ကျင့်၏၊ (ဝင်သက်

---

စိုက်၍ ကြိုးဖြင့် ထိုတိုင်၌ ချည်ထားလေရာသကဲ့သို့ ထိုအခါ၌ နွားကျောင်းသား၏ နွားရိုင်းငယ်သည် ထိုမှဤမှ လူးပ်ရှား၍ ပြေးလွှားခြင်းငှာ မတတ်နိုင်သည်ရှိသော် ထိုတိုင်ကိုသာ ကပ်၍ ဝပ်နေရသကဲ့သို့, ကပ်၍အိပ်နေရသကဲ့သို့၊ ထို့အတူသာလျှင် အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည်လည်း နေ့ညဥ့်ပတ်လုံး များစွာသော ရူပါရုံစသော (ကာမဂုဏ်) အာရုံတို့၏ အရသာကို သောက်သုံးရ၍ ကြီးထွားလာသော မကောင်းသောစိတ်ကို ဆုံးမခြင်းငှာ လိုလားသဖြင့် ရူပါရုံအစရှိသော (ကာမဂုဏ်) အာရုံတို့မှ ဖယ်ခွာ၍ တောသို့သော်လည်းကောင်း၊ သစ်ပင်၏ အနီးအောက်သို့သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာနေရာသို့သော်လည်းကောင်း ဝင်ပြီး၍ ထိုအရပ်၌ သတိပဋ္ဌာန်၏ အာရုံဖြစ်သောတိုင်၌ သတိတည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်ရာ၏။

ဤသို့လျှင် သတိတည်းဟူသော ကြိုးဖြင့် ချည်ထားလတ်သော် ထိုစိတ်ရိုင်းသည် ထိုမှဤမှ လူးပ်ရှား၍လည်း ရှေး၌ လေ့ကျက်ဖူးသော အာရုံမျိုးကို မရသည်ဖြစ်၍လည်းကောင်း၊ သတိကြိုးကို ဖြတ်၍ ပြေးသွားခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ထိုသတိပဋ္ဌာန်၏ အာရုံကိုသာ ဥပစာရအပ္ပနာ (သမာဓိ) အစွမ်းဖြင့် ကပ်၍ဝပ်ရ၊ ကပ်၍ အိပ်နေရတော့၏။

http://www.dhammadownload.com



လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်"ဟု ကျင့်၏၊ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်"ဟု ကျင့်၏။

---

ထို့ကြောင့် ရှေးရှေးအဋ္ဌကထာဆရာတို့သည် -

"ရိုင်းသောနွားငယ်ကို ဆုံးမလိုသော နွားကျောင်းသားသည် တိုင်၌ ဖွဲ့ချည်ရာသကဲ့သို့။ ဤအတူ ဤသာသနာတော်၌ ရိုင်းသော မိမိစိတ်ကို သတိတည်းဟူသော ကြိုးဖြင့် ကမ္မဋ္ဌာန်းအာရုံချည်တိုင်၌ ခိုင်မြဲစွာ ဖွဲ့ချည်ထားရာ၏"ဟု ဆိုကြကုန်၏။

ဤသို့လျှင် ထိုတရား အားထုတ်သောရဟန်းအား ဆိတ်ငြိမ်ရာ နေရာအရပ်သည် ဘာဝနာအလုပ်အားလျော်စွာ ဖြစ်၏။ ထို့ကြောင့် "တောသို့ သွားရောက်၍ဖြစ်စေ" စသော ဤစကားရပ်သည် ထိုတရား အားထုတ်သော ရဟန်း၏ သတိပဋ္ဌာန်ဘာဝနာအား လျောက်ပတ်သော နေရာအရပ်တို့ကို သိမ်းယူပြကြောင်း စကားရပ်တည်းဟု ဖွင့်ဆို၏။



ဤမျှမကသေး၊ အသံသည် ဈာန်၏ဆူးငြောင့်ဖြစ်သောကြောင့် ကာယာနုပဿနာ၏ ဦးထိပ်သဖွယ်ဖြစ်သော၊ အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓ ဗုဒ္ဓတပည့်သားတို့၏ တရားထူးကို ရခြင်း, မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း၏ (ဦးစွာသော) အကြောင်းရင်းဖြစ်သော အာနာပါနသတိကမ္မဋ္ဌာန်းကို မိန်းမသံ ယောကျ်ားသံ ဆင်သံ မြင်းသံ အစရှိသည်တို့ဖြင့် ရောပြွမ်းသော ရွာစွန်ရွာဖျားကို မစွန့်မူ၍ ပြီးပြည့်စုံစေခြင်းငှာ မလွယ်ကူ။

http://www.dhammadownload.com



အမှန်တကယ်အားဖြင့် ရွာသံဆိတ်သော တောအရပ်၌ တရားအားထုတ်နေသောပုဂ္ဂိုလ်သည် ဤအာနာပါနကမ္မဋ္ဌာန်းကို သိမ်းယူ၍ အာနာပါနစတုတ္ထစျာန်ကို ဖြစ်စေ၍ ထိုစျာန်ကိုပင် အခြေပြု၍ သင်္ခါရတရားတို့ကို သုံးသပ်၍ အမြတ်ဆုံး ရဟန္တာအဖြစ်သို့ ရောက်ခြင်းငှာ လွယ်ကူစွာ ပြုနိုင်၏။

ထို့ကြောင့် ထိုရဟန်းအား လျောက်ပတ်သော နေရာအရပ်ကို ပြလိုတော်မူသည်ဖြစ်၍ မြတ်စွာဘုရားသည် "တောသို့ သွားရောက်၍ ဖြစ်စေ" အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူပြီ။

ဥပမာဆောင်၍ ထင်ရှားအောင် ပြဦးအံ့၊ မြတ်စွာဘုရားရှင်သည် မြေကြန်အတတ်ကို တတ်သောဆရာနှင့် တူတော်မူ၏။

ထိုမြေကြန်အတတ်ကို တတ်သောဆရာသည် မြို့ရာမြေကို တွေ့မြင်၍ ကောင်းစွာ စူးစမ်းဆင်ခြင်၍ "ဤနေရာ၌ မြို့ကို တည်ထောင်ကြကုန်" ဟု ညွှန်ပြသကဲ့သို့လည်းကောင်း၊ ချမ်းသာစွာ မြို့ကို တည်ထောင်ပြီးသည်ရှိသော် မင်းမျိုးမှ ကြီးမြတ်သော ပူဇော်မှုကို ခံရသကဲ့သို့လည်းကောင်း၊ ဤအတူ မြတ်စွာဘုရားသည် တရားအလုပ်အားထုတ်သောသူ၏ သင့်တင့်လျောက်ပတ်သော နေရာအရပ်ကို စူးစမ်းဆင်ခြင်၍ "ဤနေရာ၌ ကမ္မဋ္ဌာန်းကို အားထုတ်သင့်၏"ဟု ညွှန်ပြတော်မူ၏။ ထိုသို့ညွှန်ပြခြင်းကြောင့် ထိုနေရာ၌ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည် အစဉ်အတိုင်း ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် "ထိုမြတ်စွာဘုရားသည် မဖောက်မပြန် အမှန်အတိုင်း ကိုယ်တော်တိုင် သိမြင်တော်မူနိုင်ပါပေစွတကား" ဟု ကြီးမြတ်စွာသော ပူဇော်မှုကို ရရှိ၏။

http://www.dhammadownload.com



တစ်နည်းအားဖြင့် တရားအားထုတ်သော ဤရဟန်းကို သစ်မင်း (ကျားသစ်) နှင့် တူ၏ဟု ဆိုထိုက်၏။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ကျားသစ်မင်းသည် တောတွင်း၌ မြက်ရှုပ်တောကိုလည်းကောင်း၊ သစ်ပင်ရှုပ်တောကိုလည်းကောင်း၊ တောင်စွယ်ကိုလည်းကောင်း အမှီပြု၍ ပုန်းအောင်း၍ တောကျွဲ၊ စိုင်၊ ဝက်စသော သားကောင်တို့ကို ဖမ်းယူရသကဲ့သို့ ဤအတူသာလျှင် တောအရပ်စသော သင့်လျော်ရာနေရာ အရပ်တို့၌ ကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် အစဉ်အတိုင်း လေးပါးကုန်သော မဂ်တို့ကိုလည်းကောင်း၊ လေးပါးကုန်သော ဖိုလ်တို့ကိုလည်းကောင်း ရယူနိုင်၏။

ထို့ကြောင့် ရှေးရှေးအဋ္ဌကထာဆရာတို့သည်



"ကျားသစ်မည်သော သစ်မင်းသည် (တောထဲ၌) ပုန်း၍ သားကောင်တို့ကို ဖမ်းယူသကဲ့သို့ ထို့အတူပင် ဘုရားသားတော်ဖြစ်သော ကမ္မဋ္ဌာန်းကို အားထုတ်သော ထူးခြားစွာ အမှန်အတိုင်း သိမြင်တတ်သော ရဟန်းသည် တောအရပ်သို့ ဝင်ပြီး၍ မြတ်သော အရဟတ္တဖိုလ်ကို ရယူနိုင်၏" ဟု ဆိုကြကုန်၏။

ထို့ကြောင့် ထိုရဟန်း၏ လုံ့လဝီရိယအဟုန်အား လျောက်ပတ်သော မြေအရပ်၌ဖြစ်သော သစ်မင်း၏ပုန်းအောင်းရာ တောနှင့်တူသော နေရာအရပ်ကို ပြလိုတော်မူသည်ဖြစ်၍ မြတ်စွာဘုရားသည် "တောသို့ သွားရောက်၍ဖြစ်စေ" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ဤမှတစ်ပါးသော ဤထွက်သက်ဝင်သက်ကမ္မဋ္ဌာန်း၌ ဆိုသင့်သောစကားရပ်ကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ဆိုထားခဲ့ပြီးသည်သာ။

http://www.dhammadownload.com



ရဟန်တို့၊ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမား သည်ဇင်း၊ ပွတ်သမား၏တပည့်သည်ဇင်း (ပွတ်ကြိုးကို) ရှည်ရှည် ဆွဲငင်လျှင်လည်း "ရှည်ရှည်ဆွဲငယ်သည်"ဟု သိ၏။ (ပွတ်ကြိုးကို) တိုတိုဆွဲငင်လျှင်လည်း "တိုတိုဆွဲငင်သည်"ဟု သိ၏။

— — — — — — — — — — —

မှန်၏၊ "ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမား သည်ဇင်း" အစရှိသော စကားသည် ဥပမာမျှသာလျှင်တည်း။

"ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း" အစရှိသော စကားသည် အပ္ပနာမျှသည်သာလျှင်တည်း။ ထိုစကားသည်လည်း ထိုဝိသုဒ္ဓိမဂ် ကျမ်း၌ မလာ။ ကျန်သော ပုဒ်တို့၏အဖွင့်သည် ဝိသုဒ္ဓိမဂ်ကျမ်း၌ ဖွင့်ဆိုသည်သာတည်း။

ဝိသုဒ္ဓိမဂ်မဂ်၌ မဖွင့်ဆိုသော စကားရပ်တို့၌ "ကျွမ်းကျင်သော" ဟူသည် ကျွမ်းကျင်လိမ္မာသော။

"ရှည်ရှည်ဆွဲငင်လျှင်လည်း" ဟူသည် ကြီးမားသော စည်အိမ်၊ စောင်းခွက် အစရှိသည်တို့ကို ပွတ်ထိုးရာအခါ၌ လက်တို့ကိုလည်း ကောင်း၊ ခြေတို့ကိုလည်းကောင်း ဆန့်တန်း၍ ရှည်ရှည်ဆွဲငင်လတ် သော်။

"တိုတိုဆွဲငင်လျှင်လည်း" ဟူသည် သေးငယ်ကုန်သော ဆင် စွယ်အပ်ဗူး အစရှိသည်တို့ကို ပွတ်ထိုးရာအခါ၌ ဖြည်းဖြည်းသာသာ တိုစွာဆွဲငင်လတ်သော်။

http://www.dhammadownload.com



ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်"ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်"ဟု သိ၏။ တိုတိုရှိုက်လျှင် "တိုတို ရှိုက်သည်"ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟု သိ၏။(ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်"ဟု ကျင့်၏၊ (ဝင်သက် လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်"ဟု ကျင့်၏၊ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်"ဟု ကျင့်၏။

---



"ဤအတူပင်"ဟူသည် ဤသို့လျှင် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော ဤရဟန်းသည်လည်း ရှည်သောကာလ၏အစွမ်းဖြင့်လည်းကောင်း၊ အခြားသော တိုသောကာလ၏အစွမ်းဖြင့်လည်းကောင်း ဖြစ်ကုန်သော ထွက်သက်ဝင်သက်တို့၏အစွမ်းဖြင့် ရှည်စွာလည်း ထွက်သက်ကို ဖြစ်စေလတ်သော် ရှည်စွာ ထွက်သက်ကို ဖြစ်စေ၏ဟု သေချာသိ၏။

"တိုစွာလည်း ထွက်သက်ကို ဖြစ်စေလတ်သော် တိုစွာ ထွက်သက်ကို ဖြစ်စေ၏ဟု ဤသို့ သေချာသိ၏။ ။ပ။ ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

ဤသို့ ကျင့်သော ထိုရဟန်း၏ ထွက်သက်ဝင်သက်ကို မှီ၍ ထင်လာသော ပဋိဘာဂနိမိတ် (ပုံတူအာရုံ)၌ ဈာန်လေးပါးတို့သည်

http://www.dhammadownload.com



ဖြစ်ကုန်၏။ ထိုရဟန်းသည် ဈာန်မှထ၍ ထွက်သက်ဝင်သက်တို့ကိုသော်လည်း ပိုင်းခြား၍ သိမ်းယူ၏။ ဈာန်အင်္ဂါတို့ကိုသော်လည်း ပိုင်းခြား၍ သိမ်းယူ၏။

ထို ထွက်သက်ဝင်သက်တို့ကို သိမ်းယူသောရဟန်း, ဈာန်အင်္ဂါတို့ကို သိမ်းယူသော ရဟန်းတို့တွင် ထွက်သက်ဝင်သက်၌ အာရုံပြုသော ရဟန်းသည် "ဤထွက်သက်ဝင်သက်တို့သည် အဘယ်ကို မှီကုန်သနည်း၊ မှီရာဝတ္ထုကို မှီကြကုန်၏။ မှီရာမည်သည် ကရဇကာယတည်း။ ကရဇကာယမည်သည် မဟာဘုတ်လေးပါးတို့လည်းကောင်း၊ ဥပါဒါရုပ်တို့လည်းကောင်း ဖြစ်၏။" ဤသို့ ရုပ်ကို ပိုင်းခြား၍ သိမ်းယူ၏။

ထိုမှတစ်ပါး ရုပ်ဟူသော အာရုံရှိကုန်သော ဖဿလျှင် ငါးခုမြောက် ရှိသော တရားတို့ကို "နာမ်"ဟူ၍ ပိုင်းခြား၍ သိမ်းယူ၏။ ၇၁

ဤသို့ နာမ်ရုပ်ကို ပိုင်းခြား၍သိမ်းယူပြီး ထိုနာမ်ရုပ်တရား၏ အကြောင်းကို ရှာမှီးလတ်သော် အဝိဇ္ဇာအစရှိသော အကြောင်းကိုစွဲ၍ ဖြစ်သော သင်္ခါရစသော အကျိုးကို မြင်၍ "ဤနာမ်ရုပ်သည် အကြောင်းကြောင့် အကျိုးဖြစ်ခြင်း တရားမျှသာတည်း။ အကြောင်းအကျိုး ဆက်စပ်ခြင်းမှ အခြားသော သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း မရှိ" ဟု ယုံမှားခြင်းကို လွန်မြောက်၍ အကြောင်းနှင့်တကွဖြစ်သော နာမ်ရုပ်၌ လက္ခဏာရေးသုံးပါးကို တင်၍ ဝိပဿနာဉာဏ်အားကို တိုးပွားစေလတ်သော် မဂ်ဉာဏ် ဖိုလ်ဉာဏ် အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။ ဤသည်ကား တစ်ပါးတစ်ပါးသော

http://www.dhammadownload.com



**ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။**

---

ရဟန်း၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်းတည်း။

ချာန်အင်္ဂါတို့ကို အာရုံပြုသောရဟန်းသည်လည်း "ဤဈာန် အင်္ဂါတို့သည် အဘယ်ကို မှီကုန်သနည်း။ မှီရာဝတ္ထုကို မှီကြကုန်၏။ မှီရာမည်သည် ကရဇကာယတည်း။ ဈာန်အင်္ဂါတို့သည် နာမ်တည်း။ ကရဇကာယသည် ရုပ်တည်း" ဟု နာမ်ရုပ်ကို အသီးအသီး ပိုင်းခြား၍ ထိုနာမ်ရုပ်၏အကြောင်းကို ရှာမှီးလတ်သော် အဝိဇ္ဇာအစရှိသော အကြောင်းကို စွဲ၍ဖြစ်သော သင်္ခါရစသော အကျိုးကို မြင်၍ "ဤနာမ် ရုပ်သည် အကြောင်းကြောင့် အကျိုးဖြစ်ခြင်း တရားမျှသာတည်း။ အကြောင်း အကျိုးဆက်စပ်ခြင်းမှ အခြားသော သတ္တဝါသည်လည်း ကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း မရှိ" ဟု ယုံမှားခြင်းကို လွန် မြောက်၍ အကြောင်းနှင့် တကွဖြစ်သော နာမ်ရုပ်၌ လက္ခဏာရေး သုံးပါးကို တင်၍ ဝိပဿနာဉာဏ်အားကို တိုးပွားစေလတ်သော် မဂ်ဉာဏ် ဖိုလ်ဉာဏ် အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။ ဤသည်ကား တစ်ပါးတစ်ပါးသောရဟန်း၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏အကြောင်းတည်း။

"ဤသို့ (မိမိ၏)" ဟူသည် ဤသို့ မိမိ၏မူလည်း ထွက်သက် ဝင်သက်အပေါင်း၌ ထွက်သက်ဝင်သက်အပေါင်းကို အဖန်ဖန် ရှုသိ မြင်သည်ဖြစ်၍ နေ၏။

http://www.dhammadownload.com



**သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။**

**ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။**

---

"**သူတပါး၏**" ဟူသည် သူတစ်ပါး၏မူလည်း ထွက်သက်ဝင်သက်အပေါင်း၌ (ထွက်သက်ဝင်သက်အပေါင်းကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။)

"**မိမိ, သူတပါး၏**" ဟူသည် ရံဖန်ရံခါ မိမိ၏လည်းကောင်း၊ ရံဖန်ရံခါ သူတစ်ပါး၏လည်းကောင်း ထွက်သက်ဝင်သက်အပေါင်း၌။

"ဤ မိမိ၏, သူတပါး၏" ဟူသောစကားဖြင့် လိမ္မာကျွမ်းကျင်သော ရဟန်း၏ အားထုတ်ထိုက်သော ကမ္မဋ္ဌာန်းကို မရပ်စေမူ၍ မိမိ သူတစ်ပါး၏ ထွက်သက် ဝင်သက်အာရုံတို့၌ တစ်အာရုံပြီး တစ်အာရုံ အဆက်မပြတ် ကောင်းစွာဖြစ်ရာအခါကို ဆိုလို၏။ သို့ပါသော်လည်း အချိန်တူကာလ တစ်ခုတည်း၌ မိမိသူတစ်ပါး၏ ထွက်သက် ဝင်သက် အာရုံနှစ်မျိုးစလုံးကို မရနိုင်။

"**ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း**" ဟူသည် ပန်းပဲသမား၏ သားရေဖားဖိုကိုလည်းကောင်း၊ မီးရှူးပြွန်ဝကိုလည်းကောင်း၊ ထိုလေကို ဖြစ်စေသော လုံ့လကို

http://www.dhammadownload.com



**ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။**

---

လည်းကောင်း စွဲ၍ လေသည် အဆက်မပြတ် ကောင်းစွာဖြစ်သကဲ့သို့ ဤအတူ ရဟန်း၏ (ခန္ဓာကိုယ်၌) မိဘတို့၏ သုက်သွေးကြောင့်ဖြစ်သော ခန္ဓာကိုယ်ကိုလည်းကောင်း၊ နှာခေါင်းဖုကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း စွဲ၍ ထွက်သက်ဝင်သက်အပေါင်းသည် အဆက်မပြတ် ကောင်းစွာဖြစ်၏။ ရုပ်အပေါင်းအစရှိကုန်သော တရားတို့သည် ထွက်သက်ဝင်သက်တို့၏ ဖြစ်ကြောင်းတို့တည်း။ ထိုထွက်သက် ဝင်သက်တို့၏ ဖြစ်ကြောင်းတို့ကို ရှုသိမြင်သောရဟန်းကို "ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏"ဟူ၍ ဆို၏။



"ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း"ဟူသည် သားရေဖားဖိုကို ဖယ်ပြီးသော်လည်းကောင်း၊ မီးရှူးပြွန်ဝကို ဖျက်ပြီးသော်လည်းကောင်း ထိုလေကို ဖြစ်စေသော လုံ့လမရှိသော်လည်းကောင်း ထိုလေသည် မဖြစ်သကဲ့သို့ ဤအတူသာလျှင် ရုပ်အပေါင်းကာယသည် ပျက်သော်လည်းကောင်း၊ နှာခေါင်းဖုသည် ပျက်စီးသော်လည်းကောင်း၊ စိတ်သည် ချုပ်သော်လည်းကောင်း၊ ထွက်သက်ဝင်သက်အပေါင်းမည်သည် မဖြစ်ဟု ရုပ်အပေါင်းကာယအစရှိသည်တို့၏ ချုပ်ခြင်းကြောင့် ထွက်သက် ဝင်သက်အပေါင်းတို့၏ ချုပ်ခြင်းဖြစ်၏။ ဤသို့ ရှုသိမြင်သော ရဟန်းကို

http://www.dhammadownload.com



**ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။**

**ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်**

---

"ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏"ဟု ဆိုထိုက်၏။

"**ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း**"ဟူသည် ရံဖန်ရံခါ ထွက်သက်ဝင်သက်အပေါင်းတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ရံဖန်ရံခါ ထွက်သက်ဝင်သက်အပေါင်းတို့၏ ပျက်ကြောင်းကိုလည်းကောင်း အဖန်ဖန်ရှုသိမြင်သော ရဟန်းကို "ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏"ဟူ၍ ဆိုထိုက်၏။

"**ရုပ်အပေါင်းသည်သာလျှင် ရှိသည်**" ဟူသည် ထွက်သက်ဝင်သက်အပေါင်းသည် ရှိ၏၊ သတ္တဝါသည် မရှိ ပုဂ္ဂိုလ်သည် မရှိ ငါသည် မရှိ၊ ငါ့ဥစ္စာသည် မရှိ၊ တစ်စုံတစ်ယောက်သောသူ မရှိ၊ တစ်စုံ တစ်ယောက်၏ ဥစ္စာသည် မရှိ ဟု ဤသို့ ထိုတရားအားထုတ်သောရဟန်း၏ သတိသည် ရှေးရှုကပ်၍တည်၏။

"**အဆင့်ဆင့်**" ဟူသော ဤစကားရပ်သည် အကျိုး၏အပိုင်း အခြားကို ပိုင်းခြားမှတ်သားကြောင်းစကားရပ်တည်း။

http://www.dhammadownload.com



အသိဉာဏ်တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။

(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောကဥ္စ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။

---

ဤသို့ ဆိုလိုရင်းအဓိပ္ပါယ်ကို ဆိုထိုက်၏ - - - "အာရုံ၌ ကပ်၍တည်သော သတိသည် သတိသမ္ဗောဇ္ဈင်မှတစ်ပါး အခြားအကျိုးငှာ မဖြစ်။ အမှန်တကယ်အားဖြင့် အလွန်ဆုံး ဉာဏ်အတိုင်းအရှည်အကျိုးငှာသာလျှင်လည်းကောင်း၊ အဆင့်ဆင့် အထက်အထက် ဉာဏ်အတိုင်းအရှည်အကျိုးငှာသာလျှင်လည်းကောင်း၊ အလွန်ဆုံး သတိအတိုင်းအရှည်အကျိုးငှာသာလျှင်လည်းကောင်း။ "သတိသမ္ဗောဇ္ဈင်တို့၏ တိုးပွားခြင်းအကျိုးငှာ (ဖြစ်၏)" ဤသို့ ဆိုလိုရင်းတည်း။

"မမှီမတွယ်မူ၍လည်း နေ၏" ဟူသော ဤစကားရပ်သည် မှီရာ တဏှာ, ဒိဋ္ဌိတို့နှင့် စပ်သဖြင့် မမှီသည်သာဖြစ်၍ နေ၏။

"လောကဥ္စ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း' ဟူသော ဤစကားရပ်သည် လောကဥ္စ တစ်စုံတစ်ခုသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၊ ဝိညာဏ်ကို "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တ၊ (ဒိဋ္ဌိစွဲ)။ ငါ၏ဥစ္စာ (တဏှာစွဲ) တည်း" ဤသို့လည်းကောင်း မယူ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

---

"ဤသို့လည်း" ဤစကားရပ်၌ ပိ-အက္ခရာသည် အထက်၌ ဆိုလတ္တံ့သော ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်းအစရှိသော အနက်အဓိပ္ပါယ်ကို ညဏ်ဖြင့် ထောက်ဆ၍ ပေါင်းဆည်းသော အဓိပ္ပါယ်ရှိ၏။ ဤ "ဤသို့လည်း" ဟူသောစကားရပ်ဖြင့် မြတ်စွာဘုရားသည် ထွက်သက်ဝင်သက်နှင့်စပ်သော ဒေသနာတော်ကို နိဂုံးအုပ်၍ ညွှန်ပြတော်မူ၏။

ထိုထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းဒေသနာတော်၌ ထွက်သက်ဝင်သက်ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်း။ ထိုသတိကို ဖြစ်စေတတ်သော ရှေး၌ဖြစ်သော တဏှာသည် သမုဒယသစ္စာတည်း။ ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ မဖြစ်ကြောင်း မဖြစ်ရာ တရားသည် နိရောဓသစ္စာတည်း။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်တတ်သော, နိရောဓသစ္စာအာရုံရှိသော အရိယမဂ်သည် မဂ္ဂသစ္စာတည်းဟု သစ္စာလေးပါးတို့နှင့်စပ်သဖြင့် အားထုတ်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏။

ဤဆိုခဲ့ပြီးသည်ကား ထွက်သက်ဝင်သက်တို့နှင့် စပ်သဖြင့် နှလုံးသွင်းသော တစ်စုံတစ်ယောက်သော ရဟန်း၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏အကြောင်းတည်း။ ဤကား အပြီးတည်း။

**ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအဖွင့် ပြီး၏။**

http://www.dhammadownload.com



## ၂-ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း

၃၇၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွားသည်"ဟု သိ၏။

ရပ်လျှင်လည်း "ရပ်သည်"ဟု သိ၏။ ထိုင်လျှင်လည်း "ထိုင်သည်"ဟု သိ၏။ လျောင်းလျှင်လည်း "လျောင်းသည်"ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင်အမူအရာအားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

---

## ၂-ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း

၃၇၅။ ဤဆိုခဲ့ပြီးသောနည်းဖြင့် မြတ်စွာဘုရားသည် ထွက်သက် ဝင်သက်လေတို့နှင့်စပ်သဖြင့် ကာယာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ ဣရိယာပုတ် အမျိုးမျိုးအားဖြင့် ကာယာနုပဿနာကို ဝေဖန် ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထိုစကားရပ်၌ အိမ်ခွေး, တောခွေး စသော သတ္တဝါတို့သော်မှ လည်း သွားနေကြစဉ် "ငါတို့သည် သွားနေကြ၏"ဟု သိကြပါသော်လည်း ဤသို့သော အသိမျိုးကို ရည်ရွယ်၍ မြတ်စွာဘုရားသည် မိန့်တော်မူသည် မဟုတ်။

မှန်၏၊ ဤသို့သော သိခြင်းသည် သတ္တဝါဟူသော အစွဲကို မစွန့်နိုင်။ "ငါ၊ ငါဆိုင်၊ ငါပိုင်"ဟူသော သညာကို မခွာနိုင်။ ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ သတိပဋ္ဌာန်ဘာဝနာသည်လည်းကောင်း မဖြစ်။

http://www.dhammadownload.com



အမှန်တကယ်အားဖြင့် ဤတရားအားထုတ်သော ရဟန်း၏ သေချာ သိခြင်းသည် သတ္တဝါ ဟူသော အစွဲကို ပယ်စွန့်နိုင်၏၊ "ငါ၊ ငါဆိုင်၊ ငါပိုင်"ဟူသော သညာကို ခွာနိုင်၏၊ (ဤသို့ သေချာသိခြင်းသည်) ကမ္မဋ္ဌာန်းသည်လည်းဖြစ်၏၊ သတိပဋ္ဌာန်ဘာဝနာသည်လည်း ဖြစ်၏။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ "သွားလျှင်လည်း 'သွားသည်' ဟု သိ၏" ဤစကားရပ်ကို "အဘယ်သူသည် သွားသနည်း။ အဘယ်သူ၏ သွားခြင်းနည်း၊ အဘယ်အကြောင်းကြောင့် သွားသနည်း" ဟူ၍ ကောင်းစွာ ကွဲကွဲပြားပြား သေချာသိခြင်းကို ရည်ရွယ်၍ မိန့်ဆိုခဲ့၏။ ရပ်ခြင်းအစရှိသော ဣရိယာပုတ်တို့၌လည်း ဤနည်းကဲ့သို့ပင်တည်း။

ထိုစကားရပ်၌ "အဘယ်သူသည် သွာသနည်း" ဟု မေးသော် တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း သွားသည် မဟုတ်။

"အဘယ်သူ၏ သွားခြင်းနည်း" ဟု မေးသော် တစ်စုံတစ်ယောက်သော သတ္တဝါ၏လည်းကောင်း၊ ပုဂ္ဂိုလ်၏လည်းကောင်း သွားခြင်း မဟုတ်။

"အဘယ်အကြောင်းကြောင့် သွားသနည်း" ဟု မေးခဲ့သော် စိတ်ကြောင့် ဖြစ်သော လေဓာတ်၏ လှုပ်ရှားခြင်းအမူအရာကြောင့် သွား၏ဟု ဖြေနိုင်၏။

ထို့ကြောင့် တရားအားထုတ်သော ဤရဟန်းသည် ဤသို့ သေချာသိ၏ - - - "ငါသည် သွားမည်"ဟု စိတ်ဖြစ်၏၊ ထိုသွားလိုသော စိတ်သည် လေဓာတ်ကို ဖြစ်စေ၏၊ လေဓာတ်သည် ကိုယ်အမူအရာကို

http://www.dhammadownload.com



ဖြစ်စေ၏။ စိတ်ကြောင့်ဖြစ်သော လေဓာတ်၏ လှုပ်ရှားခြင်းအမူအရာကြောင့် တစ်ကိုယ်ကောင်းလုံး၏ ရှေ့သို့ ရွေးရွှေဆောင်ခြင်းကို "သွားခြင်း"ဟူ၍ ဆိုရမည်။ ရပ်ခြင်းအစရှိသည်တို့၌လည်း ဤနည်းကဲ့သို့ ပင်တည်း။

ချဲ့၍ဆိုဦးအံ့၊ ထို ရပ်ခြင်း အစရှိသည်တို့၌လည်း "ငါသည် ရပ်မည်"ဟု စိတ်ဖြစ်၏။ ထိုရပ်လိုသောစိတ်သည် လေဓာတ်ကို ဖြစ်စေ၏၊ လေဓာတ်သည် ကိုယ်အမူအရာကို ဖြစ်စေ၏။ စိတ်ကြောင့် ဖြစ်သော လေဓာတ်၏ လှုပ်ရှားခြင်းအမူအရာကြောင့် တစ်ကိုယ်ကောင်လုံး၏ အောက်ခြေမှစ၍ ထောင်မတ်နေခြင်းကို "ရပ်ခြင်း" ဟူ၍ ဆိုရမည်။



"ငါသည် ထိုင်မည်" ဟု စိတ်ဖြစ်၏၊ ထိုထိုင်လိုသော စိတ်သည် လေဓာတ်ကို ဖြစ်စေ၏၊ လေဓာတ်သည် ကိုယ်အမူအရာကို ဖြစ်စေ၏။ စိတ်ကြောင့်ဖြစ်သော လေဓာတ်၏ လှုပ်ရှားခြင်းအမူအရာကြောင့် အောက်ပိုင်းကိုယ်၏ ကွေးခြင်းကိုလည်းကောင်း၊ အထက်ပိုင်းကိုယ်၏ ထောင်မတ်နေခြင်းကိုလည်းကောင်း "ထိုင်ခြင်း" ဟူ၍ ဆိုရမည်။

"ငါသည် လျောင်းမည်"ဟု စိတ်ဖြစ်၏။ ထိုလဲလျောင်းလိုသော စိတ်သည် လေဓာတ်ကို ဖြစ်စေ၏၊ လေဓာတ်သည် ကိုယ်အမူအရာကို ဖြစ်စေ၏။ စိတ်ကြောင့်ဖြစ်သော လေဓာတ်၏ လှုပ်ရှားခြင်းအမူအရာကြောင့် တစ်ကိုယ်ကောင်လုံးကို (နေရာအပြင်၌) လှဲသောအားဖြင့် ဆန့်ခြင်းကို "လဲလျောင်းခြင်း" ဟူ၍ ဆိုရမည်။ ဤသို့ အကျယ်အားဖြင့် သိရ၏။

http://www.dhammadownload.com



ဤသို့ တရားအားထုတ်သော ရဟန်း၏ "သတ္တဝါသည် သွား၏၊ သတ္တဝါသည် ရပ်၏"ဟု ဆိုပါသော်လည်း ဆိုလိုရင်းသဘောအားဖြင့် သွားနေသော, ရပ်နေသော တစ်စုံတစ်ယောက်သော သတ္တဝါသည် မရှိ" ဟု သေချာသိသော အသိဉာဏ်သည် ဖြစ်၏။

"လှည်းသည် သွားနေ၏, လှည်းသည် ရပ်နေ၏"ဟု ဆိုပါသော် လည်း သွားနေသော, ရပ်နေသော တစ်စုံတစ်ခုသော လှည်းမည်သည် မရှိ။

အမှန်တကယ်အားဖြင့် နွားလေးကောင်တို့ကို တပ်ယှဉ်စေ၍ ကျွမ်းကျင်သော လှည်းသမားသည် မောင်းနှင်လတ်သော် "လှည်းသည် သွားနေ၏၊ လှည်းသည် ရပ်နေ၏" ဟူသော အခေါ်အဝေါ်မျှသာ ဖြစ်သကဲ့သို့၊ ဤအတူသာလျှင် မသိတတ်သော သဘောအားဖြင့် ရုပ်အပေါင်း တစ်ကိုယ်ကောင်လုံးကို လှည်းကဲ့သို့ စိတ်ကြောင့်ဖြစ်သော လေဓာတ်တို့ကို နွားတို့ကဲ့သို့၊ စိတ်ကို လှည်းသမားကဲ့သို့ ဥပမာ သဘောအားဖြင့် သိထိုက်၏။

"ငါသည် သွားမည်၊ ငါသည် ရပ်မည်'ဟု သွားလို ရပ်လိုသော စိတ်သည် ဖြစ်လတ်သော် လေဓာတ်သည် ကိုယ်အမူအရာကို ဖြစ်စေလျက် ဖြစ်နေ၏။ စိတ်ကြောင့်ဖြစ်သော လေဓာတ်၏လှုပ်ရှားခြင်း အမူအရာကြောင့် သွားခြင်းအစရှိသော ဣရိယာပုတ်တို့သည် ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့် "သတ္တဝါသည် သွားနေ၏၊ သတ္တဝါသည် ရပ်နေ၏၊ ငါသည် သွားနေ၏၊ ငါသည် ရပ်နေ၏"ဟု အခေါ်အဝေါ် မျှသာ ဖြစ်၏။ ထို့ကြောင့် -

http://www.dhammadownload.com



"လှေသည် လေအဟုန်ကြောင့် တစ်နေရာမှ တစ်နေရာသို့ ရွေ့နိုင်သကဲ့သို့၊ မြားသည် လေးညှို့၏အဟုန်ကြောင့် တစ်နေရာသို့ ရောက်နိုင်သကဲ့သို့ ထို့အတူသာလျှင် ဤကိုယ်ကာယရုပ်အပေါင်းသည် စိတ်ကြောင့်ဖြစ်သော လေဓာတ်ပို့ဆောင်ထားသောကြောင့် တစ်နေရာမှ တစ်နေရာသို့ ရွေ့နိုင်၏၊ ရောက်နိုင်၏။

ကြိုးဆွဲရုပ်သေးရုပ်သည် အရုပ်ဆွဲကြိုးတို့၏စွမ်းအားကြောင့် သွားနိုင်၊ ရပ်နိုင်၊ ထိုင်နိုင်သကဲ့သို့ စိတ်ကြိုးနှင့်စပ်သော ဤကိုယ်ကာယ ရုပ်သေးရုပ်သည်လည်း စိတ်တည်းဟူသော ကြိုး၏စွမ်းအားကြောင့် သွားနိုင်၏၊ ရပ်နိုင်၏၊ ထိုင်နိုင်၏။

အကြောင်းအထောက်အပံ့တို့နှင့်ကင်း၍ မိမိ၏အစွမ်းကြောင့် ရပ်နိုင်သော, သွားနိုင်သော သတ္တဝါမည်သည် ဤလောက၌ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ သတ္တဝါမည်သည် အမှန်တကယ်အားဖြင့် မရှိ" ဟူ၍ ရှေးအဌကထာ၌ မိန့်ဆိုပြီ။



ထို့ကြောင့် ဤသို့ အကြောင်းအထောက်အပံ့တို့၏ အစွမ်းကြောင့် ဖြစ်လာကုန်သော သွားခြင်းစသည်တို့ကို ကောင်းစွာမှတ်သားနိုင်သော တရားအားထုတ်သော ဤရဟန်းကို "သွားလျှင်လည်း 'သွားသည်'ဟု သိ၏၊ ရပ်လျှင်လည်း 'ရပ်သည်'ဟု သိ၏၊ ထိုင်လျှင်လည်း 'ထိုင်သည်'ဟု သိ၏၊ လျောင်းလျှင်လည်း "လျောင်းသည်' ဟု သိ၏" ဟု သိထိုက်၏။

"ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏၊ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့်

http://www.dhammadownload.com



**ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။**

---

သိ၏" ဟူသော ဤစကားသည်ကား အလုံးစုံသော အမူအရာတို့ကို သိမ်းယူ ကြောင်းစကားတည်း။ ဤသို့ ဆိုလိုရင်းကား -

"တရားအားထုတ်သော ထိုရဟန်းသည် ရုပ်အပေါင်းကာယဖြင့် တည်တိုင်းတည်တိုင်းသော အမူအရာကို သေချာသိ၏။ သွားခြင်း အမူအရာဖြင့် တည်နေသော ရုပ်အပေါင်းကာယကို 'သွားနေ၏'ဟု သေချာသိ၏။ ရပ်ခြင်း ထိုင်ခြင်း လဲလျောင်းခြင်း အမူအရာဖြင့် တည်နေသော ရုပ်အပေါင်းကာယကို 'ရပ်နေ၏' ဟု သေချာသိ၏။ 'ထိုင်နေ၏' ဟု သေချာသိ၏။ 'လျောင်းနေ၏' ဟု သေချာသိ၏" ဟူ၍ ဆိုလိုရင်းတည်း။ ၈၇

"**ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း**" ဟူသည် ဤသို့ မိမိ၏မူလည်း ဣရိယာပုတ်လေးပါးကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည် ဖြစ်၍ နေ၏။

"**သူတပါး၏ ရုပ်အပေါင်း၌မူလည်း**"ဟူသည် သူတစ်ပါး၏ မူလည်း ဣရိယာပုတ်လေးပါးကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် (ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန်ရှုသိမြင်သည်ဖြစ်၍ နေ၏။)

http://www.dhammadownload.com



မိမိ, သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။

ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။

---

"မိမိ, သူတပါး၏ ရုပ်အပေါင်း၌မူလည်း" ဟူသည် ရံဖန်ရံခါ မိမိ၏, ရံဖန်ရံခါ သူတစ်ပါး၏ ကြိယာပုတ်လေးပါးကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။



အဖို့တစ်ပါးကား "ဖြစ်ကြောင်းတရားနှင့်ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း" အစရှိသော စကားရပ်တို့၌ 'အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်အပေါင်းဖြစ်ခြင်းတည်း' အစရှိသောနည်းဖြင့် အခြင်းအရာငါးပါးတို့ဖြင့် ရုပက္ခန္ဓာ၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ပျက်ကြောင်းကိုလည်းကောင်း ထုတ်ဆောင်ထိုက်၏။

မှန်၏၊ ထိုအကြောင်းငါးပါးတို့ဖြင့် ရုပက္ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်းကို ရည်ရွယ်၍ ဤကြိယာပုတ်အပိုင်း၌ "ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း" အစ ရှိသော စကားရပ်ကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

http://www.dhammadownload.com



ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။

ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။

ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။ 

---

"ထို့ပြင် 'ရုပ်အပေါင်းသည်သာလျှင် ရှိ၏" အစရှိသော စကားရပ်သည် ဆိုခဲ့ပြီးသော စကားရပ်နှင့် တူသည်သာ။

ဤ ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း၌လည်း ဣရိယာပုတ်လေးပါးတို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်း။ ထိုသတိကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သော တဏှာသည် သမုဒယသစ္စာတည်း။ ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ မဖြစ်ကြောင်း မဖြစ်ရာ တရားသည် နိရောဓသစ္စာတည်း။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်တတ်သော, နိရောဓသစ္စာအာရုံ ရှိသော အရိယမဂ်သည် မဂ္ဂသစ္စာတည်း။ ဤသို့ လေးပါးသော

http://www.dhammadownload.com



သစ္စာနှင့်စပ်သဖြင့် အားထုတ်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏။ ဤဆိုခဲ့ပြီး သည်ကား လေးပါးသော ဣရိယာပုတ်ကို ပိုင်းခြား၍ သိမ်းယူတတ်သော ရဟန်း၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်းတည်း။ ဤကား အပြီးတည်း။

ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။

❖❖❖❖❖❖❖

http://www.dhammadownload.com



## ၃-သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

၃၇၆။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့ တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏။ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကွေးရာဆန့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ရာ၌ သိလျက် ပြုလေ့ ရှိ၏။ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက် ပြုလေ့ ရှိ၏။ ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မှုလည်း ။ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ် ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။



သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၃-သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၇၅။ ဤသို့ မြတ်စွာဘုရားသည် ဣရိယာပုတ်တို့၏အစွမ်းဖြင့် ကာယာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ သမ္ပဇဉ်လေးပါးအားဖြင့် ဝေဖန်တော်မူပြခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူ၏။ ထိုစကားရပ်၌ "ရှေ့သို့ တိုးရာ၌" ဟူသော စကားရပ်တို့ကို သာမညဖလသုတ်၌ ငါဖွင့်ထားခဲ့ကုန်ပြီ။

"ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မှုလည်း"ဟူသည် ဤသို့ လေးပါးသော သမ္ပဇဉ်ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် မိမိ၏မှုလည်း

http://www.dhammadownload.com



ရုပ်အပေါင်းကာယ၌၊ သူတပါး၏မူလည်း ရုပ်အပေါင်းကာယ၌၊ ရံဖန်ရံခါ မိမိ၏မူလည်း ရုပ်အပေါင်းကာယ၌၊ ရံဖန်ရံခါ သူတတပါး၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည် ဖြစ်၍ နေ၏။

ဤသမ္မဇညလေးပါးဆင်ခြင်ခြင်းအပိုင်း၌လည်း "ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း" အစရှိသော စကားရပ်တို့၌ ရူပက္ခန္ဓာ၏သာ ဖြစ်ကြောင်းကိုလည်း၊ ပျက်ကြောင်းကိုလည်း ဆောင်ထိုက်၏။ ကျန်သော စကားရပ်သည် ဆိုခဲ့ပြီးသော စကားရပ်နှင့် တူသည်သာ။

ဤသမ္မဇညလေးပါး ဆင်ခြင်ခြင်းအပိုင်း၌ သမ္မဇဉ်လေးပါး တို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်း။ ထိုသတိကို ဖြစ်စေတတ်သော ရှေး၌ ဖြစ်သော တဏှာသည် သမုဒယ သစ္စာတည်း။ ဒုက္ခ သမုဒယသစ္စာ နှစ်ပါးတို့၏ မဖြစ်ကြောင်း မဖြစ်ရာ တရားသည် နိရောဓသစ္စာတည်း။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်တတ်သော, နိရောဓသစ္စာအာရုံရှိသော အရိယ မဂ်သည် မဂ္ဂသစ္စာတည်း။ ဤသို့ သစ္စာလေးပါးနှင့် စပ်သဖြင့် အား ထုတ်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏။ ဤဆိုခဲ့ပြီးသည်ကား သမ္မဇဉ်လေး ပါးတို့ကို သိမ်းယူတတ်သော ရဟန်း၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်းတည်း။ ဤကား အပြီးတည်း။

**သမ္မဇညဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။**

http://www.dhammadownload.com



## ၄-စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

၃၇၇။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှ အောက်ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏။ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းချဉ်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် သည် ရှိ၏" ဟု စူးစိုက်ဆင်ခြင်၏။



---

## ၄-စက်ဆုပ်ဖွယ်ရာဟု နှလုံးသွင်းခြင်းအပိုင်းအဖွင့်

၃၇၇။ ဤသို့ မြတ်စွာဘုရားသည် သမ္ပဇညလေးပါးတို့၏အစွမ်းဖြင့် ကာယာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ စက်ဆုပ်ရွံရှာဖွယ်ကို နှလုံးသွင်းခြင်း၏အစွမ်းဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထိုစကားရပ်၌ "ဤရုပ်အပေါင်းကိုပင်" အစရှိသော စကားရပ်တို့၌ ဆိုထိုက်သော စကားရပ်အားလုံးကို ပြည့်ပြည့်စုံစုံ အကျယ်တဝင့်အားဖြင့် ဝိသုဒ္ဓိမဂ်ကျမ်း ကာယဂတာသတိကမ္မဋ္ဌာန်းအဖွင့်၌ ငါ ဆိုခဲ့၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက်ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ - သလေးစပါး ကောက်ကြီးစပါး ပဲနောက် ပဲကြီး နှမ်း ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောကျာ်းသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း၊ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည်တို့ကား ပဲနောက်တို့တည်း၊ ဤသည်တို့ကား ပဲကြီးတို့တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ ဤသည်တို့ကား ဆန်တို့တည်း"ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့

---

"နှစ်ဖက်မျက်နှာဝရှိသော"ဟူသည် အောက်အထက် မျက်နှာဝနှစ်ဖက်ရှိသော။



"အမျိုးမျိုး (သော) " ဟူသည် အမျိုးမျိုးကွဲပြားမှုရှိသော။

ဤ စက်ဆုပ်ဖွယ်ရာဟု နှလုံးသွင်းခြင်းအပိုင်း၌ ဤဆိုလတ္တံ့သောစကားသည် ဥပမာနနှင့်ဥပမေယျ နှစ်ပါးတို့၏ နှီးနှောကြောင်းဖြစ်သော စကားတည်း။

မဟာဘုတ်လေးပါးရှိသော ရုပ်အပေါင်းကာယကို အောက်အထက်၌ မျက်နှာဝနှစ်ဖက်ရှိသော အိတ်ကဲ့သို့ သိထိုက်၏။ ဆံပင်အစရှိကုန်သော သုံးဆယ့်နှစ်ပါးကုန်သော အခြင်းအရာတို့ကို ထိုအိတ်၌ ရောနှော၍ ထည့်ထားသော အမျိုးမျိုးသော စပါး, ဆန်, ပဲ, နှမ်းကဲ့သို့ သိထိုက်ကုန်၏။ တရားအားထုတ်သောပုဂ္ဂိုလ်ကို မျက်စိအားကောင်းသောယောကျာ်းကဲ့သို့ သိထိုက်၏။ တရားအားထုတ်သောပုဂ္ဂိုလ်၏

http://www.dhammadownload.com



ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ခြေဖဝါးမှ အထက်ဆံပင်ဖျားမှ အောက်ထက်ဝန်ကျင်း အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏။ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ ။ပ။ ကျင်ငယ်သည် ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း ပြီး၏။



---

သုံးဆယ့်နှစ်ပါးဖြစ်သော အစိတ်အပိုင်းတို့ ထင်ရှား သိရာအခါကို ထိုယောကျ်ား၏ အိတ်ကို ဖြေ၍ (ပြေကျလာသော)အမျိုးမျိုးကွဲပြားသော စပါး, ဆန်, ပဲ, နှမ်းတို့ကို ဆင်ခြင်လတ်သော် ထင်ရှားသိရာအခါကဲ့သို့ သိထိုက်၏။

"ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း" ဟူသည် ဤသို့ ဆံအစရှိသည်တို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် မိမိ၏မူလည်း ရုပ်အပေါင်းကာယ၌၊ သူတစ်ပါး၏မူလည်း ရုပ်အပေါင်းကာယ၌၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ရုပ်အပေါင်း ကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။

http://www.dhammadownload.com



ဤ “မိမိ၏ ရုပ်အပေါင်း၌မှုလည်း” စသော စကားအပေါင်းမှ နောက်ဖြစ်သော ကြွင်းကျန်သော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းသာ။

အထူးကား သီးသန့်အားဖြင့် ဤ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း၌ သုံးဆယ့်နှစ်ပါး အခြင်းအရာကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်းဟူ၍ ဤသို့ ယှဉ်စပ်၍ ဝင်ရှဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။

ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။**



❖ ❖ ❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



## ၅-ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

၃၇၈။ ရဟန်းတို့ တဖန် ထို့ပြင်လည်း "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

---

## ၅-ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းအဖွင့်

၃၇၈။ ဤသို့ မြတ်စွာဘုရားသည် စက်ဆုပ်ရွံရှာဖွယ်ကို နှလုံးသွင်းခြင်း၏အစွမ်းဖြင့် ကာယာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ ဓာတ်လေးပါးတို့ကို နှလုံးသွင်းခြင်း၏အစွမ်းဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း"အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူ၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သော စကားသည် ဥပမာနနှင့် ဥပမေယျနှစ်ပါးတို့ နှီးနှောကြောင်းနှင့်တကွ အနက်သဘောကို ဖွင့်ဆိုခြင်းတည်း - - -

တစ်စုံတစ်ယောက်သော နွားသတ်သမားသည်သော်လည်းကောင်း၊ ထိုနွားသတ်သမား၏ပင် ရိက္ခာစား အခယူ အနီးနေ တပည့်သည်သော်လည်းကောင်း နွားမကို သတ်ပြီး၍ အမဲသားကို အပိုင်းအပိုင်းဖြတ်၍ အရပ်လေးမျက်နှာတို့သို့ သွားရောက်နိုင်သော လမ်းမကြီးတို့၏အလယ်အရပ်ဟု ဆိုရသော လမ်းဆုံ လမ်းမ လမ်းလေးခွ၌ တစ်ပုံစီ တစ်ပုံစီ စုံပုံထား၍ ထိုင်နေသကဲ့သို့၊ ထို့အတူသာလျှင် ရဟန်းသည် ဣရိယာပုတ်လေးပါးတို့တွင် တစ်ပါးပါးဖြင့် တည်နေသောကြောင့် တည်နေသည့်အတိုင်းလည်းဖြစ်သော၊ တည်နေသည့်အတိုင်း ဆောင်ထား

http://www.dhammadownload.com



ရဟန်းတို့၊ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်ဖြစ်စေ၊ နွားသတ်သမား၏တပည့်သည်ဖြစ်စေ နွားကို သတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ်

---

နိုင်သော ရုပ်အပေါင်းကာယကို "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏" ဟူ၍ စူးစိုက်ဆင်ခြင်၏။

အဘယ်သို့ ဆိုလိုရင်းဖြစ်သနည်း - - - နွားသတ်သမားသည် နွားမကို ကျွေးမွေးစဉ်လည်းကောင်း၊ နွားသတ်ရာသို့ ခေါ်ဆောင်စဉ်လည်းကောင်း၊ ခေါ်ဆောင်၍ ထိုနွားသတ်ရာ၌ တုပ်နှောင်၍ ထားစဉ်လည်းကောင်း၊ သတ်စဉ်လည်းကောင်း၊ သတ်ပြီး၍ သေသောနွားမကို



ကြည့်နေစဉ်လည်းကောင်း ထိုသေပြီးသော နွားမကို အပိုင်းအပိုင်း ဖြတ်၍ မစုပုံမခွဲခြမ်းရသေးမီ နွားမဟူသော အမှတ်သညာသည် မကွယ်ပျောက်သေး။

အမှန်အားဖြင့် စုပုံခွဲခြမ်းပြီး၍ ထိုင်နေသော ထိုနွားသတ်သမား၏ နွားမဟူသော အမှတ်သညာသည် ကွယ်ပျောက်သွား၏၊ အမဲသားဟူသော အမှတ်သညာသည် ဖြစ်၏။

ထိုနွားသတ်သမားအား "ကျွန်ုပ်က နွားမကို ရောင်းနေ၏။ ဒီဈေးဝယ်သူတို့က နွားမကို ဆောင်ယူသွားကုန်၏" ဤသို့ စိတ်၌ မဖြစ်။ အမှန်တကယ်အားဖြင့် "ကျွန်ုပ်က အမဲသားကို ရောင်းနေ၏၊ ဒီဈေးဝယ်သူတို့က အမဲသားကို ဆောင်ယူသွားကုန်၏"ဟု ထိုနွားသတ်သမားအား အမှတ်သညာသည်သာ ဖြစ်သကဲ့သို့၊ ထို့အတူသာလျှင်

http://www.dhammadownload.com



**ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏”ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။**

— — — — — — — — — —

ဤရဟန်းသည်လည်း ရှေး၌ မိုက်သောပုထုဇဉ်အခါ၌ လူဖြစ်စဉ်လည်းကောင်း၊ ရဟန်းဖြစ်စဉ်လည်းကောင်း တည်နေတိုင်းသော ဆောင်ထားနိုင်သော ရုပ်အပေါင်းကာယကို တစ်ခဲနက် ခွဲစိပ်ဝေဖန်ခြင်းကို ပြု၍ ဓာတ်အစုအားဖြင့် မဆင်ခြင်ရသေးမီ သတ္တဝါဟူသော အမှတ်သညာသည်လည်းကောင်း၊ ပုဂ္ဂိုလ်ဟူသော အမှတ်သညာသည်လည်းကောင်း မကွယ်ပျောက်နိုင်သေး။

အမှန်ကကယ်အားဖြင့် ဓာတ်အစုအားဖြင့် ဆင်ခြင်နေသော ထိုရဟန်း၏ သတ္တဝါဟူသော အမှတ်သညာသည် ကွယ်ပျောက်၏။ ဓာတ်အစုအစွမ်းအားဖြင့်သာလျှင် စိတ်သည် ကောင်းစွာတည်၏။



ထို့ကြောင့် မြတ်စွာဘုရားသည် “ ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏”ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။ ရဟန်းတို့၊ ဉပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်ငင်း၊ နွားသတ်သမား၏ တပည့်သည်ငင်း နွားကို သတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် ‘ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏’ဟု” ဤသို့ မိန့်ဆိုတော်မူ၏။

တရားအားထုတ်သော ပုဂ္ဂိုလ်ကို နွားသတ်သမားကဲ့သို့ သိထိုက်၏။ သတ္တဝါဟူသော အမှတ်သညာကို နွားမဟူ၍ ဖြစ်သော

http://www.dhammadownload.com



ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဓာတ်အားဖြင့် နှလုံးသွင်းခြင်း ပြီး၏။

———————————

အမှတ်သညာကဲ့သို့ သိထိုက်၏။ လေးပါးသော ကြိယာပုတ်ကို လမ်းဆုံ လမ်းမ လမ်းလေးခွကဲ့သို့ သိထိုက်၏။ ဓာတ်အစုအားဖြင့် ဆင်ခြင် ခြင်းကို အစုအစုအားဖြင့် ခွဲခြား၍ ထိုင်နေသည်ကဲ့သို့ သိထိုက်၏။

ဤသည်ကား ပါဠိတော်၏အဖွင့်တည်း။ ကမ္မဋ္ဌာန်းနှင့်စပ်သော စကားကိုကား ဝိသုဒ္ဓိမဂ်၌ အကျယ်ချဲ့ခဲ့ပြီ။



"ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း" ဟူသည် ဓာတ်လေးပါး တို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် မိမိ၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။ သူ တစ်ပါး၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။

ဤ "မိမိ၏ ရုပ်အပေါင်း၌မူလည်း" စသော စကားအပေါင်းမှ နောက်ဖြစ်သော ကြွင်းကျန်သော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းသာ။

အထူးကား သီးသန့်အားဖြင့် ဤဓာတ်အားဖြင့် နှလုံးသွင်းခြင်း အပိုင်း၌ ဓာတ်လေးပါးကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည်

http://www.dhammadownload.com



ဒုက္ခသစ္စာတည်းဟူ၍ ဤသို့ ယှဉ်စပ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းအဖွင့် ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



## ၆-သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

၃၇၉။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍တစ်ရက်ရှိသော သူသေကောင်၊ သေ၍နှစ်ရက်ရှိသော သူသေကောင်၊

—————————

## ၆-သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၇၉။ ဤသို့ မြတ်စွာဘုရားသည် ဓာတ်ကို နှလုံးသွင်းခြင်းနှင့် စပ်သဖြင့် ကာယာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ သင်္ချိုင်း၌ တည်သော ကိုးပါးသော "ဖူးရောင်နေသောသူသေကောင်" အစရှိသော သူသေကောင်တို့ကို ဆိုရာအပိုင်းအခန်းတို့ဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထို "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်၌ "မြင်ရာသကဲ့သို့လည်း" ဟူသည် မြင်သည့်အတိုင်း။

"သူသေကောင်" ဟူသည် သေပြီးသော အလောင်းကောင်ကို။

"သင်္ချိုင်း၌ စွန့်ပစ်ထားသော" ဟူသည် သုသာန်၌ စွန့်ပစ်ထားခဲ့သော။

သေပြီးသည့်ရက် တစ်ရက်လွန်ရှိသောကြောင့် ထိုအလောင်းကောင်သည် "သေ၍ တစ်ရက်ရှိသော သူသေကောင်" မည်၏။

သေပြီးသည့်ရက် နှစ်ရက်လွန်ရှိသောကြောင့် ထိုအလောင်းကောင်သည် "သေ၍ နှစ်ရက်ရှိသော သူသေကောင်" မည်၏။

http://www.dhammadownload.com



**သေ၍သုံးရက်ရှိသော သူသေကောင်၊ ဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်၊ ပြည်**

—————————

သေပြီးသည့်ရက် သုံးရက်လွန်ရှိသောကြောင့် ထိုအလောင်းကောင်သည် "သေ၍ သုံးရက်ရှိသော သူသေကောင်" မည်၏။

လေကြောင့် ဖောင်းပွတက်လာသော ပန်းပဲသမားတို့၏ ဖားဖိုကဲ့သို့ သေပြီးသည့်နောက်ပိုင်း၌ တဖြည်းဖြည်း ဖောင်းပွတတ်လာသော ဖူးဖူးရောင်ထွက်လာသဖြင့် သေပြီး နှစ်ရက်, သုံးရက်လွန်သဖြင့် ဖူးရောင်သောကြောင့် "ဖူးရောင်နေသော သူသေကောင်" မည်၏။

သေပြီး နှစ်ရက်, သုံးရက်လွန်သဖြင့် ဖူးဖူးရောင်ထွက်လာသော အလောင်းကောင်သည်ပင် "ဖူးရောင်နေသော သူသေကောင်" မည်၏။



တစ်နည်းကား ရွံရှာစရာရှိသောကြောင့် စက်ဆုပ်ထိုက်သော သေပြီး နှစ်ရက်သုံးရက်လွန်သဖြင့် ဖူးဖူးရောင်ထွက်လာသော အလောင်းကောင်တည်း။

အဖြူအနီအရောင်ပြောင်း၍ ပင်ကို အရောင်ပျောက်နေသော နီညိုအဆင်းရှိသည်ကို "ရုပ်ဆင်းပျက်လျက် ညိုမဲ" ဟု ဆိုထိုက်၏။

ပင်ကိုအရောင်ပျောက်နေသော နီညိုအဆင်းရှိသော အလောင်းကောင်သည်ပင် "ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်" ဖြစ်၏။

တစ်နည်းကား - ရွံရှာစရာကောင်းသောကြောင့် စက်ဆုပ်ထိုက်သော ဖြူနီညိုမဲ ပုပ်နေသော အလောင်းကောင်သည် "ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်" မည်၏။

http://www.dhammadownload.com



**ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်ယိုစီးသော သချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်**

**— — — — — — — — —**

ဤ "ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်" ဟူသော အမည်သည် များသော အသားရှိရာအရပ်တို့၌ အနီရောင်၊ ပြည်တို့၏ စုဝေးရာအရပ်တို့၌ အဖြူရောင်၊ ညိုသောအရပ်တို့၌ ညိုသော အဝတ်ဖြင့် ခြုံထားသကဲ့သို့ များသောအားဖြင့် အညိုရောင်ရှိသော သူသေကောင်၏ အမည်တည်း။

သူသေကောင်၏ပေါက်ကွဲရာတို့မှသော်လည်းကောင်း၊ အမာဝကိုးပေါက်တို့မှသော်လည်းကောင်း ပြည်ယိုနေသော အလောင်းကောင်သည် "ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်ယိုစီးသော သူသေကောင်" မည်၏။



အပေါက်မျိုးစုံမှ ပြည်ယိုနေသော အလောင်းကောင်သည်ပင် **"ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သူသေကောင်"** မည်၏။

တစ်နည်းကား - ရွံရှာစရာကောင်းသောကြောင့် စက်ဆုပ်ထိုက်သော ပြည်ယိုနေသော အလောင်းကောင်သည် **"ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သူသေကောင်"** မည်၏။

ပြည်ယိုသောသဘောသို့ ရောက်သော ထိုသို့သော အလောင်းကောင်သည် **"ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သူသေကောင်"** မည်၏။

**"ထိုရဟန်းသည် ဤရုပ်အပေါင်းကိုပင်"** ဟူသည် ထိုရဟန်းသည် မိမိ၏ ဤကိုယ်ကာယရုပ်အပေါင်းကို ထိုအလောင်းကောင်နှင့် အတူပြု၍ ဉာဏ်ဖြင့် ကပ်ဆောင်၏၊ နှလုံးသွင်းခြင်းဖြင့် သိ၏။

http://www.dhammadownload.com



အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်”ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

---

အဘယ်သို့ ကပ်ဆောင်၍ သိသနည်း - “ဤ ငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်”ဟု ကပ်ဆောင်၍ သိ၏။

ဤသို့ ဆိုလိုရင်းဖြစ်၏ - - - “ရုပ်ဇီဝိတိန္ဒြေအသက်၊ ကမ္မဇတေဇောအငွေ့၊ ဝိပါက်စိတ်ဝိညာဏ်လည်းကောင်း၊ ဤတရားသုံးပါးတို့ရှိကြကုန်သောကြောင့် ဤရုပ်အပေါင်းကာယသည် ရပ်ခြင်း, သွားခြင်းစသော အမူအရာသည် ဖြစ်နိုင်၏။ ၁၀၅

ရုပ်ဇီဝိတိန္ဒြေအသက်၊ ကမ္မဇတေဇောအငွေ့၊ ဝိပါက်စိတ်ဝိညာဏ်တို့မှ ကင်းကွာခြင်းကြောင့် ဤအလောင်းကောင်သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော ပုပ်သောသဘောရှိသည်သာ။

“ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း”ဟူသည် ဤသို့ ဖူးရောင်ခြင်းစသော အမျိုးမျိုးသော သူသေကောင်သည် ဖြစ်ရမည်သာတည်း။ “ဤသို့သော သဘောကို မလွန်ဆန်နိုင်” ဟူသည် ဤသို့ ဖူးရောင်ခြင်းစသော သူသေကောင်အဖြစ်ကို မလွန်မြောက်နိုင်သည်သာ။ ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

http://www.dhammadownload.com



ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစား အပ်သည်မှုလည်းဖြစ်သော၊ စွန်ရဲတို့ ခဲစားအပ်သည်မှုလည်းဖြစ် သော၊ လင်းတတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ ဘုံမတီးငှက် တို့ခဲစားအပ်သည်မှုလည်းဖြစ်သော၊ ခွေးတို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော၊ ကျားတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ သစ်တို့ခဲစား အပ်သည်မှုလည်းဖြစ်သော၊ မြေခွေးတို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော၊ ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ဤကိုယ်ကို



---

"ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း" ဟူသည် ဤသို့ ဖူးရောင်ခြင်းစသော သူသေကောင်စသည်တို့ကို ပိုင်းခြား၍ သိမ်းယူ ခြင်းဖြင့် မိမိ၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို၊ သူတစ်ပါး၏မူလည်း ရုပ်အပေါင်းကာယ၌၊ ရံဖန်ရံခါ မိမိ၏မူလည်း၊ ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်း ကာယကို အဖန်ဖန်ရှုသိမြင်သည်ဖြစ်၍ နေ၏။

**"ခဲစားအပ်သည်မှုလည်းဖြစ်သော"** ဟူသည် ဝမ်းဗိုက်အရပ် စသည်တို့၌ ထိုင်ပြီး ဝမ်းဗိုက်သား၊ နှုတ်ခမ်းသား၊ မျက်စိကွင်း စသည် တို့ကို ဆွဲနှုတ်၍ဆွဲထုတ်၍ ခဲစားထားသော။

http://www.dhammadownload.com



သာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘော ရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မှုလည်း ။ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် အသား အသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက် ရှိသေးသော သချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ သကဲ့သို့ ။ပ။ အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြော တို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက်ရှိသေးသော သချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို ။ပ။

အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သချိုင်း၌ စွန့်ပစ်အပ်သော သူကောင်ကို ။ပ။

---

"အသားအသွေးရှိသေးသော" ဟူသည် အသားအသွေးတို့ အကြွင်းအကျန်ရှိနေသော အလောင်းကောင်။

"အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက်" ဟူသည် အသား ကုန်ပြီးပါသော်လည်း သွေးမခြောက်သေးသော အလောင်းကောင်ကို ရည်ရွယ်၍ "အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက်" ဟူ၍ မြတ်စွာ ဘုရားသည် မိန့်တော်မူ၏။

http://www.dhammadownload.com



တနေရာ၌ လက်ရိုး၊ တနေရာ၌ ခြေရိုး၊ တနေရာ၌ ခြေဖမျက်ရိုး၊ တနေရာ၌ မြင်းခေါင်းရိုး၊ တနေရာ၌ ပေါင်ရိုး၊ တနေရာ၌ ခါးရိုး၊ တနေရာ၌ နံရိုး၊ တနေရာ၌ ကျောက်ကုန်းရိုး၊ တနေရာ၌ ပခုံးရိုး၊ တနေရာ၌ လည်ပင်းရိုး၊ တနေရာ၌ မေးရိုး၊ တနေရာ၌ သွားရိုး၊ တနေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သောသဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ။ပ။ နေ၏။



ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော သင်္ချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ပ။ နှစ်လွန်လျက် စုပုံနေသော သင်္ချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုသူသေကောင်

---

"တနေရာ၌" ဟူသည် အခြားသော အရပ်အဖို့၌။

"လက်ရိုး" ဟူသည် တခြားစီ တခြားစီ ဖရိုဖရဲ ကြဲပြန့်နေသော ခြောက်ဆယ့်လေးမျိုးသော လက်ရိုးကို။

ခြေရိုးစသည်တို့၌လည်း ဤနည်းအတိုင်းတည်း။

"နှစ်လွန်လျက် စုပုံနေသော" ဟူသည် တစ်နှစ်လွန်ပြီးကုန်သော (အရိုးတို့)။

http://www.dhammadownload.com



တို့ကို မြင်ရာသကဲ့သို့ ။ပ။ ဆွေးမြေ့လျက် အမှုန့်ဖြစ်ကုန်သော သချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူကောင်တိုကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ ရုပ်အပေါင်း

---

"ဆွေးမြေ့လျက်" ဟူသည် လွင်တီးခေါင်၌ ရှိနေကုန်သော အရိုးတို့သည် လေ နေပူ မိုးရေတို့၏ ထိတွေ့မှုဖြင့် နှစ်လွန်ခြင်းသို့ ရောက်ကုန်၍ ပုပ်ဆွေးကုန်၏။ မြေအတွင်း၌ ရောက်နေကုန်သော အရိုးတို့သည်ကား ကြာမြင့်စွာ တည်ကုန်၏။

"အမှုန့်ဖြစ်ကုန်သော"ဟူသည် အစိတ်အစိတ် အမှုန့်အမှုန့် ဖြစ်၍ ဖရိုဖရဲ ကြဲပြန့်ကုန်သော (အရိုးတို့)။

အလုံးစုံသော စကားရပ်တို့၌ "ထိုရဟန်းသည် ဤရုပ်အပေါင်းကိုပင်" ဟူ၍ ဟောတော်မူခဲ့ပြီးသော နည်းဖြင့် ခဲစားထားသော အလောင်းကောင်စသည်တို့၏အစွမ်းဖြင့် အနက်သဘော ယှဉ်စပ်စေခြင်းကို ပြုထိုက်၏။

"ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း" ဟူသည် ဤသို့ ခဲစားထားသော အလောင်းကောင် စသည်တို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့်

http://www.dhammadownload.com



၌မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်း နေ၏။

ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။



---

အစိတ်အစိတ် အမှုန့်အမှုန့် အလောင်းကောင်အဖြစ်တိုင်အောင် မိမိ၏မှုလည်း ရုပ်အပေါင်းကာယ၌၊ သူတစ်ပါး၏မှုလည်း ရုပ်အပေါင်းကာယ၌၊ ရံဖန်ရံခါ မိမိ၏မှုလည်း၊ ရံဖန်ရံခါ သူတစ်ပါး၏မှုလည်း ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယကို အဖန်ဖန်ရှုသိမြင်သည်ဖြစ်၍ နေ၏။

ဤစကားရပ်၌ ရုပ်တန့်၍ သင်္ချိုင်း၌ ဖြစ်သော ကိုးပါးကုန်သော သူသေကောင်တို့ကို ပေါင်းယူသိထိုက်ကုန်၏။

http://www.dhammadownload.com



**(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောကၡ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။**

———————————

အကျယ်ချဲ့၍ ဆိုဦးအံ့၊ "သေ၍ တစ်ရက်ရှိသော" စသော နည်းဖြင့် ဟောတော်မူထားသော အလုံးစုံသော စကားရပ်သည်လည်း သူသေကောင် တစ်မျိုးတည်း။

"ကျီးတို့ခဲစားအပ်သည်မူလည်းဖြစ်သော" အစရှိသော စကား ရပ်သည် သူသေကောင်တစ်မျိုးတည်း။

"အသားအသွေးရှိသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုး ဆက်လျက်ရှိသေးသော" ဟူသော စကားရပ်သည် သူသေကောင် တစ်မျိုးတည်း။

"အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော" ဟူသော စကားရပ်သည် သူသေကောင်တစ်မျိုးတည်း။

"အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော" ဟူသော စကားရပ်သည် သူသေကောင်တစ်မျိုးတည်း။

"ဖွဲ့ခြင်းကင်းကုန်လျက် အရိုးစုတို့" ဟူသော စကားရပ်သည် သူသေကောင်တစ်မျိုးတည်း။

"ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးကုန်သော အရိုးစုတို့"ဟူသော စကားရပ်သည် သူသေကောင်တစ်မျိုးတည်း။

http://www.dhammadownload.com



**ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။**

**သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

---

"နှစ်လွန်လျက်စုပုံနေသော သချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုတို့" ဟူသော စကားရပ်သည် သူသေကောင်တစ်မျိုးတည်း။

"ဆွေးမြေ့လျက် အမှုန့်ဖြစ်ကုန်သော သချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစုတို့" ဟူသော စကားရပ်သည် သူသေကောင် တစ်မျိုးတည်း။



**"ရဟန်းတို့ ဤသို့လည်း"** ဟူသော စကားကို သချိုင်း၌ ဖြစ်သော ကိုးပါးသော အကောင်ပုပ်နှင့် စပ်သော စကားတို့ကို ပြ၍ ကာယာနုပဿနာကို ပြီးဆုံးစေတော်မူလိုသောကြောင့် မြတ်စွာဘုရားသည် မိန့်တော်မူပြီ။

ထို သူသေကောင်ကိုးမျိုး ဆင်ခြင်ခြင်းအပိုင်း၌ သချိုင်း၌ ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်း။ ထိုသတိကို ဖြစ်စေတတ်သော ရှေး၌ ဖြစ်သော တဏှာသည် သမုဒယသစ္စာတည်း။ ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ မဖြစ်ကြောင်း မဖြစ်ရာ တရားသည် နိရောဓသစ္စာတည်း။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်တတ်သော, နိရောဓသစ္စာအာရုံရှိသော အရိယမဂ်သည် မဂ္ဂသစ္စာတည်း။

http://www.dhammadownload.com



ဤသို့ လေးပါးသောသစ္စာတို့နှင့် စပ်သဖြင့် အားထုတ်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏။

ဤဆိုခဲ့ပြီးသည်ကား သဈိုင်း၌ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ပိုင်းခြား၍ သိမ်းယူကုန်သော ရဟန်းတို့၏ အရဟတ္တဖိုလ်တိုင်အောင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏အကြောင်းတည်း။ ဤကား အပြီးတည်း။

**သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။**

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်တို့ဖြင့် ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း၊ ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း၊ သမ္ပဇညလေးပါးတို့ဖြင့် ဆင်ခြင်ခြင်းအပိုင်း၊ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း၊ ဓာတ်အစုမျှသာဟု နှလုံးသွင်းခြင်းအပိုင်း၊ သဈိုင်း၌ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ဆင်ခြင်ခြင်းအပိုင်း၊ ဤတစ်ဆယ့်လေးပါးအပိုင်းရှိသော ရုပ်အပေါင်းကာယကို အဖန်ဖန် ရှုသိမြင်မှုတို့သည် ပြီးကုန်၏။

ထို တစ်ဆယ့်လေးပါးသောအပိုင်းတို့တွင် ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း၊ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း၊ ဤ အပိုင်း နှစ်ပိုင်းတို့သည်သာ အပ္ပနာကို ဆောင်နိုင်သော ကမ္မဋ္ဌာန်းတို့သည် ဖြစ်နိုင်ကုန်၏။

http://www.dhammadownload.com



သချိုင်း၌ ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့၏ အပြစ်ကို အဖန်ဖန် ရှုသိမြင်ခြင်းအစွမ်းဖြင့် ဟောတော်မူထားသောကြောင့် ကြွင်းကျန်ကုန်သော အပိုင်းတစ်ဆယ့်နှစ်ပါးတို့သည်ကား ဥပစာရ သမာဓိကို ဆောင်နိုင်သော ကမ္မဋ္ဌာန်းတို့သည်သာ ဖြစ်နိုင်ကုန်၏။

**ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တစ်ဆယ့်လေးပါးအဖွင့် ပြီး၏**

❖❖❖❖❖❖❖

http://www.dhammadownload.com



## ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါးအပိုင်း

၃၈၀။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်"ဟု သိ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်"ဟု သိ၏။ အဒုက္ခမသုခ ဝေဒနာကို ခံစားလျှင်လည်း "အဒုက္ခမသုခ ဝေဒနာကို ခံစားသည်"ဟု သိ၏။

---

## ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါးအပိုင်းအဖွင့်

၃၈၀။ ဤသို့ မြတ်စွာဘုရားသည် တစ်ဆယ့်လေးမျိုး (အပြား) အားဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောပြတော်မူပြီး၍ ယခုအခါ ကိုးမျိုး အားဖြင့် ဝေဒနာနုပဿနာကို ဟောပြတော်မူခြင်းငှာ "ရဟန်းတို့၊ အဘယ်သို့လျှင်" အစရှိသော စကားကို မိန့်တော်မူ၏။

ထိုစကားရပ်တို့၌ "သုခဝေဒနာကို" ဟူသည် ကိုယ်၌မူလည်း ဖြစ်သော, စိတ်၌မူလည်းဖြစ်သော ချမ်းသာသော ဝေဒနာကို ခံစားသည် ရှိသော် "ငါသည် သုခဝေဒနာကို ခံစားနေ၏"ဟု သေချာသိ၏။ ဤသို့ ဆိုလို၏။

ထိုစကားရပ်၌ ပက်လက်အိပ်အရွယ် ကလေးသူငယ်တို့သည် သော်မှ နို့စို့ရာ စသောအခါ၌ ချမ်းသာသော ဝေဒနာကို ခံစားကုန်

http://www.dhammadownload.com



သည်ရှိသော် "ငါတို့သည် ချမ်းသာသော ဝေဒနာကို ခံစားနေကုန်၏" ဟု သိနိုင်ကြကုန်သေး၏။ ဤသို့သဘောရှိသော သိခြင်းမျှကို ရည်ရွယ်၍ ဟောတော်မူသည်မဟုတ်။

မှန်၏၊ ဤသို့သော သိခြင်းသည် သတ္တဝါဟူသော အစွဲကို မစွန့်နိုင်။ "ငါ၊ ငါဆိုင်၊ ငါပိုင်" ဟူသော သညာကို မခွာနိုင်။ ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ သတိပဋ္ဌာန်ဘာဝနာသည်လည်းကောင်း မဖြစ်နိုင်။

စင်စစ်အားဖြင့် ဤတရားအားထုတ်သော ရဟန်း၏ သေချာသိခြင်းသည် သတ္တဝါ ဟူသော အစွဲကို ပယ်စွန့်နိုင်၏၊ "ငါ၊ ငါဆိုင်၊ ငါပိုင်" ဟူသော သညာကို ခွာနိုင်၏၊ (ဤသို့ သေချာသိခြင်းသည်) ကမ္မဋ္ဌာန်းသည်လည်း ဖြစ်၏၊ သတိပဋ္ဌာန်ဘာဝနာသည်လည်း ဖြစ်၏။



အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဤ "သုခဝေဒနာကို ခံစားလျှင်လည်း 'သုခဝေဒနာကို ခံစားသည်'ဟု သိ၏" စကားရပ်ကို "အဘယ်သူသည် ခံစားသနည်း။ အဘယ်သူ၏ ခံစားခြင်းနည်း၊ အဘယ်အကြောင်းကြောင့် ခံစားသနည်း" ဟူ၍ ကောင်းစွာ ကွဲကွဲပြားပြား သေချာသိသော ခံစားခြင်းကို ရည်ရွယ်၍ မိန့်ဆိုခဲ့၏။

ထို စကားရပ်၌ "အဘယ်သူသည် ခံစားသနည်း" ဟု မေးသော် တစ်စုံတစ်ယောက်သော သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း ခံစားသည် မဟုတ်။

"အဘယ်သူ၏ ခံစားခြင်းနည်း" ဟု မေးသော် တစ်စုံတစ်ယောက်သော သတ္တဝါ၏လည်းကောင်း၊ ပုဂ္ဂိုလ်၏လည်းကောင်း ခံစားခြင်းသည် မဟုတ်။

http://www.dhammadownload.com



"အဘယ်အကြောင်းကြောင့် ခံစားသနည်း" ဟု မေးသော် ခံစားခြင်း၏တည်ရာ အဆင်းစသော အာရုံတို့ကြောင့်သာ ခံစားခြင်းသည် ဖြစ်ရာ၏ဟု ဖြေနိုင်၏။

ထို့ကြောင့် ဤတရားအားထုတ်နေသော ရဟန်းသည် "သုခအစရှိသော ဝေဒနာတို့၏ မှီရာ အဆင်းစသော အာရုံကို အာရုံပြု၍ ဝေဒနာခံစားမှုကသာ ခံစားတတ်၏။ ထိုခံစားတတ်သော ဝေဒနာ၏ ဖြစ်ခြင်းကို ဉာဏ်ဖြင့် ယူ၍ "ငါသည် ခံစားနေမိ၏" ဟု အခေါ်အဝေါ် အဖြစ်မျှသာ ဖြစ်၏"ဟု သေချာသိ၏။

ဤသို့ မှီရာဖြစ်သော အဆင်းစသော အာရုံကို အာရုံပြု၍ ဝေဒနာ ခံစားမှုသည်သာ ခံစားတတ်၏ဟု ကောင်းစွာမှတ်သားမိသော ဤရဟန်းကို "သုခဝေဒနာကို ခံစားနေသည်ဟု သိ၏"ဟု သေချာသိသော စိတ္တလတောင်၌ အမျိုးအမည် မထင်ရှားသော ထေရ်တစ်ပါးကဲ့သို့ သိထိုက်၏။ 

ချဲ့၍ ဆိုဦးအံ့၊ ထေရ်သည် မကျန်းမာရာအခါ၌ အားကြီးသော ဒုက္ခဝေဒနာကြောင့် ညည်းလျက် တပြောင်းပြန်ပြန် လူးလှိမ့်နေရ၏။ ရဟန်းငယ်တစ်ပါးက ထိုထေရ်ကို "အရှင်ဘုရား၊ အရှင်ဘုရားတို့ရဲ့ ဘယ်နေရာဟာ နာနေပါသလဲ"ဟု လျှောက်လေပြီ။

"ငါ့ရှင်၊ သတ်သတ်မှတ်မှတ် နာတဲ့နေရာဆိုတာ ဘယ်ရှိမလဲ၊ မှီရာအာရုံကို အာရုံပြုပြီး ခံစားမှုဝေဒနာကသာ ခံစားနေတာပေါ့'ဟု ထေရ်က ပြန်ပြောပြီ။

http://www.dhammadownload.com



ရဟန်းငယ်က "အရှင်ဘုရား၊ ဒီလိုသေချာသိနေမှတော့ နာကျင့်မှုဝေဒနာကို သည်းခံနိုင်သင့်သည်မဟုတ်ပါလော" ဟု ထပ်လျှောက်ပြီ။

ထေရ်က "ငါ့ရှင်၊ ငါသည် သည်းခံနေပါတော့မယ်"ဟု ပြောပြီ။

ရဟန်းငယ်က "အရှင်ဘုရား၊ (သေချာသိ၍) သည်းခံနိုင်ခြင်းသည် ကောင်းမြတ်ပါတယ်ဘုရား" ဟု လျှောက်ပြီ။ ထေရ်သည် သည်းခံနေလေပြီ။

ပြင်းထန်သော ကိုယ်တွင်းလေသည် နှလုံးသားတိုင်အောင် ခွဲ ၄လေပြီ။ ညောင်စောင်း၌ အူတို့သည် အစုလိုက်အပုံလိုက် ဖြစ်ကုန်ပြီ။ ထေရ်သည် ရဟန်းငယ်အား "ငါ့ရှင်၊ ဤမျှလောက် သည်းခံနိုင်ခြင်းသည် သင့်တော်သည် မဟုတ်လော" ဟု (ဉာဏ်ဖြင့် သည်းခံမှုကို) လက်တွေ့ပြပြီ။



ရဟန်းငယ်သည် နှုတ်ဆိတ်သွားလေပြီ။ ထေရ်သည် ဝီရိယနှင့် ညီမျှသော သမာဓိကို ဖြစ်စေ၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာဖြစ်ပြီးသည့် တစ်ပြိုင်နက် ပရိနိဗ္ဗာန်စံပြီ။

သုခဝေဒနာကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်"ဟု သိသကဲ့သို့ ထို့အတူ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်"ဟု သိ၏။ ။ပ။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားသည် ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူပြီးလျှင် နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူလိုသည်ဖြစ်၍ တွေ့ထိမှု-ဖဿ၊ အာရုံသိမှု စိတ်တို့နှင့်စပ်သဖြင့်လည်း ဟောတော်မူထားသော ကမ္မဋ္ဌာန်းသည် မသိသာ ထင်ရှား၊ မှောင်ကျသကဲ့သို့ ထင်ရ၏။

ဝေဒနာတို့၏ကား ဖြစ်ခြင်း ထင်ရှားသောကြောင့် ဝေဒနာ အစွမ်းဖြင့် ထင်ရှားသော နာမ်ကမ္မဋ္ဌာန်းကို ဟောခြင်းသည် ဖြစ်၏။ ထို့ကြောင့် သက္ကပဉှသုတ်၌ကဲ့သို့ ဤမဟာသတိပဋ္ဌာနသုတ်၌လည်း ဝေဒနာအစွမ်းဖြင့် နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူလေပြီ။

ထိုမဟာသတိပဋ္ဌာနသုတ်၌ "ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးရှိ၏" စသော စကားအစဉ်ကို သက္ကပဉှသုတ်၌ ဟောတော်မူသောနည်းဖြင့်ပင် သိထိုက်၏။

ထို **"သုခဝေဒနာကို"** အစရှိသော စကားရပ်တို့၌ ဤဆိုလတ္တံ့ သည်ကား ဝေဒနာကို တစ်မျိုးအားဖြင့် သိစေနိုင်သော သဒ္ဓာသိပ္ပံ ပရိယာယ်တစ်မျိုးတည်း။

**"သုခဝေဒနာကို ခံစားသည်'ဟု သိ၏"** ဟူသည် ချမ်းသာသော ခံစားမှုဖြစ်ရာခဏ၌ ဆင်းရဲခံစားမှု မဖြစ်ခြင်းကြောင့် ချမ်းသာသော ခံစားမှုကို ခံစားနေသည်ရှိသော် "ငါသည် ချမ်းသာသော ခံစားမှုကိုသာ ခံစားနေရ၏"ဟု သဒ္ဓာသိ၏။

ထို့ကြောင့် ချမ်းသာသော ခံစားခြင်းဖြစ်ရာ ယခုအခါ၌ ထိုရှေး၌ ဖြစ်ဖူးသော ဆင်းရဲခံစားမှု၏ မဖြစ်ခြင်းကြောင့်လည်း၊ ယခုအခါမှ ရှေး၌ ဤချမ်းသာသော ခံစားမှုဝေဒနာ၏ မဖြစ်ခြင်းကြောင့်လည်း ခံစားမှု

http://www.dhammadownload.com



ဝေဒနာ မည်သည် မမြဲ၊ မခိုင်ခံ့၊ ဖောက်ပြန်ပြောင်းလဲခြင်း သဘော ရှိ၏။ ဤသို့ ထိုခံစားမှုဝေဒနာ၌ ကောင်းစွာ ကွဲကွဲပြားပြား သေချာ သိခြင်းသည် ဖြစ်၏၊

သာဓကအားဖြင့် "အဂ္ဂိဝေဿန၊ ချမ်းသာသော ခံစားမှုကို ခံစား နေသောအခါ၌ ဆင်းရဲသော ခံစားမှုကို မခံစားရ။ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုကိုလည်း မခံစားရ။

ထိုအခါ၌ ချမ်းသာသော ခံစားမှုကိုသာ ခံစားရ၏။ ဆင်းရဲသော ခံစားမှုကို ခံစားနေသောအခါ၌ ချမ်းသာသော ခံစားမှုကို မခံစားရ။ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုကိုလည်း မခံစားရ။ ထိုအခါ၌ ဆင်းရဲသော ခံစားမှုကိုသာ ခံစားရ၏။

ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုကို ခံစားနေသောအခါ၌ ချမ်းသာသော ခံစားမှုကို မခံစားရ။ ဆင်းရဲသော ခံစားမှုကိုလည်း မခံစားရ။ ထိုအခါ၌ ဆင်းရဲလည်း မဟုတ် ချမ်းသာ လည်း မဟုတ်သော ခံစားမှုကိုသာ ခံစားရ၏။



အဂ္ဂိဝေဿန၊ ချမ်းသာသော ခံစားခြင်းသည်လည်း မမြဲ၊ ပြုပြင်ခံရ၏၊ အကြောင်းကို စွဲ၍ ကောင်းစွာဖြစ်၏၊ ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ မတပ်မက်ဖွယ်သဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏။

အဂ္ဂိဝေဿန၊ ဆင်းရဲသော ခံစားခြင်းသည်လည်း မမြဲ၊ ပြုပြင် ခံရ၏၊ အကြောင်းကို စွဲ၍ ကောင်းစွာဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ မတပ်မက်ဖွယ်သဘောရှိ၏၊ ချုပ်ခြင်းသဘော ရှိ၏။

http://www.dhammadownload.com



**ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ဝေဒနာကို ခံစား လျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟု သိ၏။**

---

အဂ္ဂိဝေဿန၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုသည်လည်း မမြဲ၊ ပြုပြင်ခံရ၏၊ အကြောင်းကို စွဲ၍ ကောင်းစွာ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ မတပ်မက်ဖွယ် သဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏။

အဂ္ဂိဝေဿန၊ ဤသို့ သိမြင်သော, ဗဟုသုတရှိသော အရိယာ ဖြစ်သော တပည့်သည် ချမ်းသာသော ခံစားခြင်း၌လည်း ငြီးငွေ့၏။ ဆင်းရဲသော ခံစားခြင်း၌လည်း ငြီးငွေ့၏။ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားခြင်း၌လည်း ငြီးငွေ့၏။ ငြီးငွေ့သည် ရှိသော် မတပ်မက်။ မတပ်မက်ခြင်းကြောင့် ကိလေသာတို့မှ လွတ်၏။ ကိလေသာတို့မှ လွတ်သောစိတ်၌ 'ကိလေသာတို့မှ လွတ်နေ၏'ဟု ဤသို့ သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏။ 

'ပဋိသန္ဓေနေရခြင်းသည် ကုန်ပြီ၊ မြတ်သော အရိယာအကျင့်ကို ကျင့်သုံးခဲ့ပြီ၊ ပြုသင့်ပြုထိုက်သော မဂ်ကိစ္စကို ပြုပြီးပြီ၊ နောက်ထပ် မဂ်ကိစ္စ အကျိုးငှါ ပြုဖွယ်ကိစ္စ မရှိပြီ'ဟု သေချာသိမြင်၏" ဟူသော စကားရပ်ကိုလည်း မြတ်စွာဘုရားသည် မိန့်ဆိုတော်မူခဲ့၏။

"ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော"စသော စကားရပ်တို့၌ "ကာမဂုဏ်နှင့်စပ်သော ချမ်းသာ" မည်သည် ကာမဂုဏ် ငါးပါးတို့ကို

http://www.dhammadownload.com



ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်ဟု" သိ၏။

ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင် လည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစား သည်"ဟု သိ၏။

ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင် လည်း "ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစား သည်"ဟု သိ၏။

---



ကိလေသာဖြင့် သုံးသပ်မှီဝဲနေသော ခြောက်ပါးသော ကာမဂုဏ်အိမ်၌ မှီသော ဝမ်းမြောက်သော ခံစားခြင်းတည်း။

"ကာမဂုဏ်နှင့်မစပ်သောချမ်းသာ" မည်သည် ခြောက်ပါးသော ကာမဂုဏ်တို့မှ ထွက်မြောက်တတ်သောသဘော၌ မှီသော ဝမ်းမြောက် သော ခံစားခြင်းတည်း။

"ကာမဂုဏ်နှင့်စပ်သော ဆင်းရဲ" မည်သည် ခြောက်ပါးသော ကာမဂုဏ်အိမ်၌မှီသော ဝမ်းနည်းသော ခံစားခြင်းတည်း။

"ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲ" မည်သည် ခြောက်ပါးသော ကာမဂုဏ်တို့မှ ထွက်မြောက်တတ်သောသဘော၌ မှီသော ဝမ်းနည်း သော ခံစားခြင်းတည်း။

http://www.dhammadownload.com





ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ် သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ် သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

ဤသို့ (မိမိ၏) ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ,

---

"ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်" မည်သည် ခြောက်ပါးသော ကာမဂုဏ်အိမ်၌မှီသော ဝမ်းမြောက် ဝမ်းနည်း မဖြစ်သော ခံစားခြင်းတည်း။

"ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်" မည်သည် ခြောက်ပါးသော ကာမဂုဏ်တို့မှ ထွက်မြောက်တတ်သော သဘော၌မှီသော ဝမ်းမြောက် ဝမ်းနည်းမဖြစ်သော ခံစားခြင်းတည်း။

ထိုဝေဒနာတို့၏ ဝေဖန်ပိုင်းခြားခြင်းကို သဠာယတနဝိဘင်္ဂသုတ်၌ ငါဝေဖန်ပြောဆိုထားပြီးသည်သာတည်း။

"ဤသို့ (မိမိ၏) ဝေဒနာတို့၌မူလည်း" ဟူသည် ဤသို့ ချမ်းသာသော ခံစားခြင်းအစရှိသည်တို့ကို ပိုင်းခြား၍ယူခြင်းဖြင့် မိမိ၏မူလည်း ဝေဒနာတို့၌၊ သူတစ်ပါး၏မူလည်း ဝေဒနာတို့၌ ၊ ရံဖန်ရံခါ

http://www.dhammadownload.com



သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ဝေဒနာသည်သာလျှင်

---

မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ဝေဒနာတို့၌ ဝေဒနာကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။



"ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း"ဟူသော ဤစကားရပ်၌ 'အဝိဇ္ဇာအကြောင်းကြောင့် ဝေဒနာဖြစ်ခြင်း' ဤသို့စသော အခြင်းအရာ ငါးပါးငါးပါးတို့ဖြင့် ဝေဒနာတို့၏ ဖြစ်ခြင်းကိုလည်းကောင်း, ပျက်ခြင်းကိုလည်းကောင်း ရှုသိမြင်သော ပုဂ္ဂိုလ်ကို "ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့်ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရံဖန်ရံဖန် ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရံဖန်ရံခါ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့်ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏"ဟု သိထိုက်၏။

http://www.dhammadownload.com



ရှိသည်”ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။

(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဝေဒနာတို့ကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

---

ဤ “မိမိ၏ ရုပ်အပေါင်း၌မူလည်း” စသော စကားအပေါင်းမှ နောက်ဖြစ်သော ကြွင်းကျန်ကုန်သော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းသာ။



အထူးကား သီးသန့်အားဖြင့် ဤဝေဒနာနုပဿနာ၌ ဝေဒနာကို ပိုင်းခြား၍သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်းဟု ဤသို့ ယှဉ်စပ်၍ ခံစားမှုဝေဒနာကို ပိုင်းခြား၍ သိမ်းယူတတ်သော ရဟန်း၏ ထွက်မြောက်ကြောင်းကို သိထိုက်၏။

ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

ဝေဒနာတို့ကို ဆင်ခြင်ခြင်းကိုးပါးအပိုင်းအဖွင့် ပြီး၏။

❖❖❖❖❖❖❖

http://www.dhammadownload.com



## စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါးအပိုင်း

၃၈၁။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရာဂနှင့်တကွသော စိတ်ကိုလည်း "ရာဂနှင့်တကွသော စိတ်"ဟု သိ၏။ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသော စိတ်"ဟု သိ၏။

---

## စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါးအပိုင်းအဖွင့်

၃၈၁။ ဤသို့ မြတ်စွာဘုရားသည် ကိုးမျိုးအားဖြင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပြတော်မူပြီး၍ ယခုအခါ၌ တစ်ဆယ့်ခြောက်ပါး အပြားရှိသော စိတ္တာနုပဿနာကို ပြတော်မူခြင်းငှာ "ရဟန်းတို့ အဘယ်သို့လျှင်" စသော စကားရပ်ကို မိန့်၏။

ထိုစကားရပ်၌ **"ရာဂနှင့်တကွသော"** မည်သည် လောဘ ရှစ်မျိုး နှင့်တကွဖြစ်သောစိတ်။

**"ရာဂကင်းသော"** မည်သည် လောကီကုသိုလ် အဗျာကတ ဖြစ်သောစိတ်။

ဤ "ရာဂနှင့်တကွသော၊ ရာဂကင်းသော" ဟူသော စကား နှစ်ရပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု စိတ်ကို သုံးသပ်ကြောင်း ဝိပဿနာကို ပြသောစကားရပ်၊ ရထိုက်သောတရားတို့ကို ပေါင်းဆုံ ကြောင်း စကားရပ်မဟုတ်သောကြောင့် ဤ "ရာဂနှင့်တကွသော၊ ရာဂ ကင်းသော"ဟူသော စကားနှစ်ရပ်၌ ပုဒ်တစ်ခုမျှ၌လည်း လောကုတ္တရာ

http://www.dhammadownload.com



**ဒေါသနှင့်တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသော စိတ်"ဟု သိ၏။ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသော စိတ်"ဟု သိ၏။ မောဟနှင့်တကွသော စိတ်ကိုလည်း "မောဟနှင့် တကွသောစိတ်"ဟု သိ၏။ မောဟကင်းသောစိတ်ကိုလည်း "မောဟ ကင်းသောစိတ်"ဟု သိ၏။**

---

တရားကို မရထိုက်။ လောဘမူ, လောကီကုသိုလ်, အဗျာကတမှ ကြွင်းကျန်ကုန်သော ဒေါသမူ မောဟမူ အကုသိုလ်စိတ်လေးခုတို့သည် "ရာဂနှင့်တကွသော" ဟူသော ရှေ့ပုဒ်၌ မပါဝင်ကြကုန်၊ "ရာဂကင်း သော" ဟူသော နောက်ပုဒ်၌လည်း မပါဝင်ကြကုန်။

**"ဒေါသနှင့်တကွသော"** ဟူသည် ဒေါမနဿနှစ်မျိုးနှင့် တကွ ဖြစ်သောစိတ်။ **"ဒေါသကင်းသော"** မည်သည် လောကီကုသိုလ် အဗျာကတဖြစ်သောစိတ်။

ဒေါသမူ, လောကီကုသိုလ်, အဗျာကတမှ ကြွင်းကျန်ကုန်သော လောဘမူ, မောဟမူ, အကုသိုလ်စိတ်ဆယ်ပါးတို့သည် **"ဒေါသနှင့် တကွသော"** ဟူသော ရှေ့ပုဒ်၌ မပါဝင်ကုန်။ **"ဒေါသကင်းသော"** ဟူသောနောက်ပုဒ်၌လည်း မပါဝင်ကုန်။

**"မောဟနှင့်တကွသော"** မည်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ် နှစ်ပါးဖြစ်၏။

မောဟသည် အကုသိုလ်စိတ်အားလုံးတို့၌ ဖြစ်သောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဥဒ္ဓစ္စသဟဂုတ်စိတ်မှ ကြွင်းကျန်သော အကုသိုလ်စိတ်တို့သည်လည်း "မောဟနှင့်တကွသော" ဟူသော ဤပုဒ်၌ သင့်လျော်ကုန်သည်သာ။

http://www.dhammadownload.com



သံခိတ္တစိတ်ကိုလည်း "သံခိတ္တစိတ်" ဟု သိ၏။ ဝိက္ခိတ္တစိတ်ကိုလည်း "ဝိက္ခိတ္တစိတ်"ဟု သိ၏။ မဟဂ္ဂုတ်စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်"ဟု သိ၏။ အမဟဂ္ဂုတ်စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်"ဟု သိ၏။ သဥတ္တရစိတ်ကိုလည်း "သဥတ္တရစိတ်"ဟု သိ၏၊ အနုတ္တရစိတ်ကိုလည်း "အနုတ္တရစိတ်"ဟု သိ၏။

---

မှန်၏၊ "မောဟနှင့်တကွသော" ဟူသော စကားရပ်၌သာ တစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့ကို ထက်ဝန်းကျင် ပိုင်းခြား၍ ယူထိုက်ကုန်၏ဟု မှတ်သားထိုက်၏။

"မောဟနှင့် တင်းသော" မည်သည် လောကီကုသိုလ် အဗျာကတဖြစ်သောစိတ်။



"သံခိတ္တစိတ်" မည်သည် ထိနမိဒ္ဓကျရောက်သော စိတ်။ မှန်၏၊ ဤထိနမိဒ္ဓကျရောက်ထိုက်သော သသင်္ခါရိက စိတ်ငါးပါးသည် တွန့်ဆုတ်သော စိတ်မည်၏။

"ဝိက္ခိတ္တစိတ်" မည်သည် ဥဒ္ဓစ္စသဟဂုတ်ဖြစ်သောစိတ်။ မှန်၏၊ ဤ ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပြန့်လွင့်သောစိတ်မည်၏။

"မဟဂ္ဂုတ်စိတ်"ဟူသည် ရူပါဝစရ အရူပါဝစရ ဖြစ်သောစိတ်။

"အမဟဂ္ဂုတ်စိတ်' ဟူသည် ကာမာဝစရဖြစ်သောစိတ်။

"သဥတ္တရစိတ်" ဟူသည် ကာမာဝစရဖြစ်သောစိတ်၊

"အနုတ္တရစိတ်"ဟူသည် ရူပါဝစရ အရူပါဝစရလည်းဖြစ်သော စိတ်။

http://www.dhammadownload.com



**သမာဟိတစိတ်ကိုလည်း "သမာဟိတစိတ်" ဟု သိ၏၊ အသမာဟိတစိတ်ကိုလည်း "အသမာဟိတစိတ်"ဟု သိ၏။ ဝိမုတ္တစိတ်ကိုလည်း "ဝိမုတ္တစိတ်" ဟု သိ၏။ အဝိမုတ္တစိတ်ကိုလည်း "အဝိမုတ္တစိတ်"ဟု သိ၏။**

**ဤသို့ (မိမိ၏) စိတ်၌မှုလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ စိတ်၌မှုလည်း စိတ်ကို အကြိမ်**

---

ထို ရူပါဝစရ အရူပါဝစရစိတ်တို့တွင်လည်း သဉတ္တရစိတ်သည် ရူပါဝစရစိတ်တည်း။ အနုတ္တရစိတ်သည် အရူပါဝစရစိတ်တည်း။

**"သမာဟိတစိတ်'** ဟူသည် အပ္ပနာသမာဓိ၊ ဥပစာရသမာဓိတို့နှင့် ယှဉ်သောစိတ်။ **"အသမာဟိတစိတ်"**ဟူသည် ဥပစာရသမာဓိ, အပ္ပနာသမာဓိ နှစ်ပါးမှ ကင်းသောစိတ်။ 

**"ဝိမုတ္တစိတ်"**ဟူသည် တစ်ခဏလွတ်မြောက်ခြင်း၊ ပယ်ခွာ၍ လွတ်မြောက်ခြင်းတို့ဖြင့် ကိလေသာတို့မှ လွတ်သောစိတ်။ **"အဝိမုတ္တစိတ်'** ဟူသည် တစ်ခဏလွတ်မြောက်ခြင်း၊ ပယ်ခွာ၍ လွတ်မြောက်ခြင်း နှစ်ပါးတို့မှ ကင်းသောစိတ်။

ဤစိတ္တာနုပဿနာအရာ၌ အပြီးအပြတ် လွတ်မြောက်ခြင်း၊ ငြိမ်အေးလွတ်မြောက်ခြင်း၊ ကျွတ်ကျွတ်လွတ်လွတ် လွတ်မြောက်ခြင်းတို့၏အခွင့်သည်ပင် မရှိ။

**"ဤသို့ (မိမိ၏) စိတ်၌မှုလည်း"** ဟူသော စကားရပ်၌ ဤသို့ ရာဂစသော တရားတို့နှင့်တကွသော စိတ်တို့ကို ပိုင်းခြား၍ သိမ်းယူ

http://www.dhammadownload.com



ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ စိတ်၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ မူလည်း နေ၏။ စိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ စိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "စိတ်သည် သာလျှင် ရှိသည်"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်)

———————————

ခြင်းဖြင့် ခဏတိုင်းခဏတိုင်း၌ ဖြစ်သော ထိုထိုစိတ်ကို မှတ်သားသော ရဟန်းသည် မိမိ၏မူလည်း စိတ်၌ စိတ်ကို အဖန်ဖန်ရှုသိမြင်သည်ဖြစ်၍ နေ၏။ သူတစ်ပါး၏မူလည်း စိတ်၌၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း စိတ်၌ စိတ်ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။



အဖို့တစ်ပါးကား "ဖြစ်ကြောင်း ပျက်ကြောင်းနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း" ဟူသော ဤစကားရပ်၌ 'အဝိဇ္ဇာအကြောင်းကြောင့် ဝိညာဏ်ဖြစ်ခြင်း' စသော အခြင်းအရာ ငါးပါးငါးပါးတို့ဖြင့် ဝိညာဏ်၏ဖြစ်ခြင်းကိုလည်းကောင်း, ပျက်ခြင်းကိုလည်းကောင်း ထုတ်ဆောင်ထိုက်၏။

"ဤ (မိမိ၏) ရုပ်အပေါင်း၌မူလည်း" စသော စကားအပေါင်းမှ နောက်စကားရပ်သည် ကာယာနုပဿနာ၌ ဆိုခဲ့ပြီးသော နည်းရှိသာတည်း။

http://www.dhammadownload.com



**အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိ တဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟူ) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။**

**စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါးအပိုင်း ပြီး၏။**

---

အထူးကား သီးသန့်အားဖြင့် ဤ စိတ္တာနုပဿနာ၌ စိတ်ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်းဟူ၍ ဤသို့ ယှဉ်စပ်၍ စိတ်ကို ပိုင်းခြား၍ သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။

ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါးအပိုင်းအဖွင့် ပြီး၏။**

❖❖❖❖❖❖❖

http://www.dhammadownload.com



## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး
### နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၂။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် သဘောတရား တို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

---

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး
### နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်



၃၈၂။ ဤသို့ မြတ်စွာဘုရားသည် တစ်ဆယ့်ခြောက်ပါးအပြားအားဖြင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဟောပြတော်မူပြီး၍ ယခုအခါ၌ သဘော တရားငါးမျိုးကို ဟောပြတော်မူခြင်းငှာ "ရဟန်းတို့၊ အဘယ်သို့လျှင်" စသော စကားရပ်ကို မိန့်တော်မူ၏။

သည်သာမကသေး၊ မြတ်စွာဘုရားသည် ကာယာနုပဿနာဖြင့် နာမ်နှင့်မဖက် ရုပ်သက်သက်ကို ပိုင်းခြား၍ယူပုံကို ဟောတော်မူခဲ့ပြီ။ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာတို့ဖြင့် ရုပ်နှင့်မဖက် နာမ်သက် သက်ကို ပိုင်းခြား၍ယူပုံကို ဟောတော်မူခဲ့ပြီ။ ယခုအခါ၌ ရုပ်နာမ် ရောသော တရားတို့ကို ပိုင်းခြား၍ယူပုံကို ဟောခြင်းငှာ "ရဟန်းတို့၊ အဘယ်သို့လျှင်" စသော စကားရပ်ကို မိန့်တော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်" ဟု သိ၏။ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိ" ဟု သိ၏။

---

တစ်နည်းကား ကာယာနုပဿနာဖြင့် ရူပက္ခန္ဓာကို ပိုင်းခြား၍ ယူပုံကိုသာ မိန့်တော်မူပြီ။ ဝေဒနာနုပဿနာဖြင့် ဝေဒနာက္ခန္ဓာကို ပိုင်းခြား၍ သိမ်းယူခြင်းကိုသာ ဟောတော်မူပြီ။ စိတ္တာနုပဿနာဖြင့် ဝိညာဏက္ခန္ဓာကို ပိုင်းခြား၍ သိမ်းယူခြင်းကိုသာ ဟောတော်မူပြီ။

ယခုအခါ၌ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို ပိုင်းခြား၍ သိမ်းယူခြင်းကိုလည်း ဟောတော်မူခြင်းငှာ "ရဟန်းတို့၊ အဘယ်သို့လျှင်" စသော စကားရပ်ကို မိန့်ဆို၏။

ထိုစကားရပ်၌ "ရှိလျှင်လည်း" ဟူသည် မပြတ်မပြတ် ဖြစ်ခြင်းအစွမ်းဖြင့် ထင်ရှားရှိသော။

"မရှိလျှင်လည်း" ဟူသည် အချိန်ကြာအောင် မဖြစ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း, မဂ်ဖြင့် ပယ်ပြီးသောကြောင့်လည်းကောင်း ထင်ရှားမရှိသော။

http://www.dhammadownload.com



**မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။**

---

"(အကြင်) **အကြောင်းကြောင့်လည်း**" ဟူသည် အကြင် အကြောင်းကြောင့် ကာမစ္ဆန္ဒဖြစ်ခြင်းဖြစ်၏။

"**ထိုအကြောင်းကို သိ၏**"ဟူသည် ထိုကာမစ္ဆန္ဒဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

ဤနည်းဖြင့် (ဗျာပါဒနီဝရဏ) စသော အလုံးစုံသော စကားရပ်တို့၌ သဘောအဓိပ္ပါယ်ကို သိထိုက်၏။



ထိုစကားအပေါင်း၌ တင့်တယ်သောအာရုံ၌ မသင့်သော အကြောင်းအားဖြင့် စိတ်ထားမှုကြောင့် ကာမစ္ဆန္ဒ၏ဖြစ်ခြင်းတည်း။

"**သုဘနိမိတ်**" မည်သည်ကို ဤသို့သောနည်းဖြင့် သိထိုက်၏။ တင့်တယ်၏ဟု မှတ်ယူတတ်သော ရှေးရှေးသော ကာမစ္ဆန္ဒသည်လည်း တင့်တယ်၏ဟု မှတ်ယူတတ်သော နောက်နောက်သော ကာမစ္ဆန္ဒ၏ အကြောင်းဖြစ်သော သုဘနိမိတ် မည်ပေ၏။ စေ့ကန်တင့်တယ်သော သဘာဝဣဋ္ဌာရုံ, တင့်တယ်၏ဟု မှတ်ယူထိုက်သော ပရိကပ္ပဣဋ္ဌာရုံသည်လည်း တင့်တယ်၏ဟု မှတ်ယူတတ်သော ကာမစ္ဆန္ဒ၏အကြောင်းတည်း။

"**မသင့်သော အကြောင်းအားဖြင့် စိတ်ထားမှု**" မည်သည် အလိုရှိထိုက်သော စီးပွားချမ်းသာကို ရခြင်း၏အကြောင်းမဟုတ်သော

http://www.dhammadownload.com



အားဖြင့် စိတ်ထားမှု၊ လမ်းရိုးလမ်းမှန် မဟုတ်သောအားဖြင့် စိတ်ထားမှု၊ အနိစ္စဖြစ်သော လောကီခန္ဓာငါးပါး၌ နိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဖြစ်သော လောကီခန္ဓာငါးပါး၌ သုခ ဟူ၍လည်းကောင်း၊ အတ္တမဟုတ်သော လောကီခန္ဓာငါးပါး၌ အတ္တ ဟူ၍လည်းကောင်း၊ သုဘမဟုတ်သော လောကီခန္ဓာငါးပါး၌ သုဘဟူ၍လည်းကောင်း စိတ်ထားမှုတည်း။

ထို မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကို ထိုသုဘနိမိတ်၌ များစွာ ဖြစ်စေသောပုဂ္ဂိုလ်၏သန္တာန်၌ ကာမစ္ဆန္ဒသည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့၊ သုဘနိမိတ်သည် ရှိ၏။ ထိုသုဘနိမိတ်၌ စီးပွားချမ်းသာကို ရခြင်းအကြောင်းမဟုတ်သောအားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ကာမစ္ဆန္ဒ၏မူလည်း ဖြစ်ခြင်းငှါ၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏မူလည်း လွန်စွာဖြစ်ခြင်းငှါ၊ ပြန့်ပြောခြင်းငှါ အကြောင်းတည်း"ဟု မိန့်ဆိုတော်မူ၏။ ၁၃၅

အသုဘနိမိတ်၌ သင့်သော အကြောင်းအားဖြင့် စိတ်ထားမှုကြောင့် ထိုကာမစ္ဆန္ဒကို ပယ်ခြင်းမည်၏။

**"အသုဘနိမိတ်"** မည်သည်ကို ဤသို့သောနည်းဖြင့် သိထိုက်၏။ အသုဘအာရုံရှိသော ပဌမဈာန်သည်လည်းကောင်း, အသုဘအာရုံသည်လည်းကောင်း "အသုဘနိမိတ်" မည်၏။

**"သင့်သော အကြောင်းအားဖြင့် စိတ်ထားမှု"** မည်သည် အလိုရှိထိုက်သော စီးပွားချမ်းသာကို ရခြင်း၏ အကြောင်းအားဖြင့်

http://www.dhammadownload.com



စိတ်ထားမှု၊ လမ်းရိုးလမ်းမှန်အားဖြင့် စိတ်ထားမှု၊ အနိစ္စဖြစ်သော လောကီခန္ဓာငါးပါး၌ အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဖြစ်သော လောကီခန္ဓာငါးပါး၌ ဒုက္ခဟူ၍လည်းကောင်း၊ အတ္တမဟုတ်သော လောကီခန္ဓာငါးပါး၌ အနတ္တဟူ၍လည်းကောင်း၊ သုဘမဟုတ်သော လောကီခန္ဓာငါးပါး၌ အသုဘဟူ၍ လည်းကောင်း စိတ်ထားမှုတည်း။

ထိုမသင့်သောအကြောင်းအားဖြင့် စိတ်ထားမှုကို ထိုအသုဘနိမိတ်၌ များစွာဖြစ်စေသော ပုဂ္ဂိုလ်သည် ကာမစ္ဆန္ဒကို ပယ်နိုင်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် -

"ရဟန်းတို့၊ အသုဘနိမိတ် ရှိ၏။ ထိုအသုဘနိမိတ်၌ စီးပွားချမ်းသာကို ရခြင်း၏အကြောင်းဟုတ်သောအားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ကာမစ္ဆန္ဒ၏မူလည်း မဖြစ်ခြင်းငှာ၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏မူလည်း ပယ်ခြင်းငှာ အကြောင်းတည်း"ဟု မိန့်တော်မူ၏။



**အဋ္ဌကထာနည်းကား** - ဆယ့်ပါးအပြားရှိသော အသုဘတို့၌ စက်ဆုပ်ဖွယ်အခြင်းအရာ ဟူသော အာရုံကို သင်ယူခြင်း၊ ဥပစာရ အပ္ပနာတိုင်အောင် ဘာဝနာကို အဖန်ဖန်အားထုတ်ခြင်း၊ စက္ခုစသား ခြောက်ပါးသော ဣန္ဒြေတို့၌ စောင့်ရှောက်သော သတိတံခါးရှိခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ သင့်တင့်သော စကားကို ပြောဆိုခြင်း၊ ဤခြောက်ပါးကုန်သော တရားတို့သည် ကာမစ္ဆန္ဒတရားကို ပယ်ခြင်းငှာ ဖြစ်ကုန်၏။

http://www.dhammadownload.com



ချဲ့၍ ဆိုဦးအံ့၊ ဆယ်ပါးအပြားရှိသော အသုဘနိမိတ်ကို သင်ယူသောပုဂ္ဂိုလ်၊ ပွားစေသောပုဂ္ဂိုလ်၊ ဣန္ဒြေတို့၌ ပိတ်ထားသော သတိတံခါးရှိသောပုဂ္ဂိုလ်၊ ဆွမ်းလေးလုတ် ငါးလုတ်တို့၏ ဝမ်းတွင်း၌ တည်ရာအရပ်မျှရှိသော် ရေကို သောက်၍ မျှတခြင်းရှိသဖြင့် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသော ပုဂ္ဂိုလ်တို့သည်လည်း ကာမစ္ဆန္ဒတရားကို ပယ်ကုန်၏။ ထို့ကြောင့်သာလျှင် မြတ်စွာဘုရားသည်

"ဆွမ်းလေးလုတ် ငါးလုတ်စာ မစားဘဲ ချန်ထား၍ ရေကို သောက်ရာ၏၊ ဤလေးလုတ် ငါးလုတ် မစားပဲ ချန်၍ ရေကို သောက်ခြင်းသည် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော တရားအားထုတ်သောရဟန်း၏ ချမ်းသာစွာ နေနိုင်ခြင်းငှာ စွမ်းနိုင်၏"ဟု မိန့်တော်မူ၏။



အသုဘကမ္မဋ္ဌာန်းကို အားထုတ်သော တိဿထေရ်နှင့် တူကုန်သော, အသုဘဘာဝနာ၌ မွေ့လျော်ကုန်သော မိတ်ဆွေကောင်းတို့ကို မှီဝဲသောပုဂ္ဂိုလ်သည်လည်း ကာမစ္ဆန္ဒတရားကို ပယ်ထိုက်၏။ ရပ်ခြင်း, ထိုင်ခြင်းစသော ဣရိယာပုတ်တို့၌ အသုဘဆယ်ပါးတို့၌ မှီသော သင့်တင့်သော စကားပြောဆိုခြင်းဖြင့် ကာမစ္ဆန္ဒတရားကို ပယ်ထိုက်၏။ ထို့ကြောင့် "ခြောက်ပါးကုန်သော တရားတို့သည် ကာမစ္ဆန္ဒတရားကို ပယ်ခြင်းငှါ ဖြစ်ကြကုန်၏' ဟူ၍ ငါသည် မိန့်ဆိုတော်မူ၏။

ဤခြောက်ပါးကုန်သော တရားတို့ဖြင့် ပယ်ပြီးသော ကာမစ္ဆန္ဒတရား၏ ပယ်ခဲ့ပြီးသော အရဟတ္တမဂ်ကြောင့် နောင်အခါ မဖြစ်ခြင်းတည်းဟု သေချာသိ၏။

http://www.dhammadownload.com



မိမိသန္တာန်၌ ဗျာပါဒ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဗျာပါဒ ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဗျာပါဒမရှိလျှင်လည်း "ငါ၏သန္တာန်၌ ဗျာပါဒ မရှိသည်"ဟု သိ၏။ မဖြစ်သေးသော ဗျာပါဒ ဖြစ်ကြောင်းကို လည်း သိ၏။ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

---

အဖို့တစ်ပါးကား ပဋိဃနိမိတ်၌ မသင့်သော အကြောင်းအားဖြင့် စိတ်ထားမှုကြောင့် ဗျာပါဒတရား ဖြစ်ခြင်းတည်း။ ထိုပဋိဃနိမိတ် အစ ရှိသောစကား၌ စိတ်ကို ထိပါးတတ်သော ရှေးရှေးသော ဒေါသသည် လည်း နောက်နောက်သော ဒေါသ၏အကြောင်းဖြစ်သော "ပဋိဃ နိမိတ်" မည်၏။

ဒေါသ၏ အကြောင်းဖြစ်သော အာရုံသည်လည်း ထိပါးစေ တတ်သော ဗျာပါဒကြောင်းဖြစ်သော "ပဋိဃနိမိတ်" မည်၏။

မသင့်သောအကြောင်းအားဖြင့် စိတ်ထားမှုသည် အလုံးစုံသော နီဝရဏတို့၌ တူသောလက္ခဏာရှိသည်သာ။ ထိုမသင့်သော စိတ်ထား မှုကို ပဋိဃနိမိတ်နှစ်မျိုးတို့၌ များစွာ ဖြစ်တတ်သောပုဂ္ဂိုလ်၏သန္တာန်၌ ဗျာပါဒတရားသည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့ ပဋိဃနိမိတ် ရှိ၏။ ထိုပဋိဃနိမိတ်၌ စီးပွားချမ်းသာကို ရခြင်း၏ အကြောင်းမဟုတ် သောအားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။

http://www.dhammadownload.com



ဤအကြောင်းသည် မဖြစ်သေးသော ဗျာပါဒ၏မူလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော ဗျာပါဒ၏မူလည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ အကြောင်းတည်း"ဟု မိန့်တော်မူ၏။

အဖို့တစ်ပါးကား မေတ္တာနှင့်ယှဉ်သော စိတ်၏ဆန့်ကျင်ဘက် နီဝရဏတို့မှ လွတ်ကြောင်းဖြစ်သောသမာဓိ၌ အသင့်အားဖြင့် စိတ်ထားမှုကြောင့် ထိုဗျာပါဒတရားကို ပယ်ခြင်းဖြစ်၏။

ထို မေတ္တာနှင့်ယှဉ်သော စိတ်၏ဆန့်ကျင်ဘက် နီဝရဏတို့မှ လွတ်ကြောင်းဖြစ်သောသမာဓိ ဟူသော စကားရပ်၌ မေတ္တာ-ဟူ၍ ဆိုခဲ့သော် အပ္ပနာမေတ္တာသည်လည်းကောင်း၊ ဥပစာရမေတ္တာသည် လည်းကောင်း သင့်လျော်၏။

**စေတောဝိမုတ္တိ** ဟူ၍ ဆိုခဲ့သော် အပ္ပနာမေတ္တာသည်သာ သင့်လျော်၏။ အသင့်အားဖြင့် စိတ်ထားမှုသည် ဆိုခဲ့ပြီးသော လက္ခဏာ ရှိသည်သာ။ ထိုအသင့်အားဖြင့် စိတ်ထားမှုကို ထိုအပ္ပနာမေတ္တာ, ဥပစာရမေတ္တာ၌ များစွာဖြစ်စေတတ်သောပုဂ္ဂိုလ်သည် ဗျာပါဒတရားကို ပယ်ထိုက်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "မေတ္တာနှင့်ယှဉ်သော စိတ်၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့မှ လွတ်ကြောင်းဖြစ်သော သမာဓိ၌ အသင့်အားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ဗျာပါဒ၏မူလည်း မဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော ဗျာပါဒ၏မူလည်း ပယ်ခြင်းငှာ အကြောင်းတည်း" ဟူ၍ မိန့်တော်မူ၏။

http://www.dhammadownload.com



အဋ္ဌကထာနည်းကား နောက်နောက်သော မနသိကာရ၏ အကြောင်းဖြစ်သော ရှေးရှေးသော မေတ္တာစိတ်ထားမှုကို (သတ္တဝါတို့၌ စီးပွားချမ်းသာကို ဆောင်ခြင်း၌ ဖြစ်စေပုံ ဖြစ်စေနည်းကို) သင်ယူခြင်း၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိဟူသော မေတ္တာဘာဝနာကို အဖန်ဖန် အားထုတ်ခြင်း၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊ ဒေါသ၏အပြစ် မေတ္တာ၏အကျိုးကို ဟုတ်တိုင်းမှန်စွာ စဉ်းစားဆင်ခြင် ဉာဏ် ပညာများခြင်း၊ မေတ္တာဖြင့် အမြဲနေသော မိတ်ဆွေကောင်းရှိခြင်း၊ သင့်တင်သော စကားကို ပြောဆိုခြင်း၊ ဤခြောက်ပါးကုန်သော တရား တို့သည် ဗျာပါဒတရားကို ပယ်ခြင်းငှာ ဖြစ်ကုန်၏။

ချဲ့၍ ဆိုဦးအံ့၊ မိမိ, အလွန်ချစ်ခင်သောမိတ်ဆွေ, လျစ်လျူရှုသူ ပုဂ္ဂိုလ်တို့ဖြင့် ရည်ညွှန်း၍ မေတ္တာဖြန့်ခြင်း, မိမိ, အလွန်ချစ်ခင်သော မိတ်ဆွေစသည်ဖြင့် ရည်ညွှန်းခြင်းမရှိသော မေတ္တာဖြန့်ခြင်း, အရှေ့ စသော အရပ်မျက်နှာတို့၌ မေတ္တာဖြန့်ခြင်းတို့တွင် အမှတ်မထား တစ်ပါးပါးဖြင့် မေတ္တာကို သင်ယူသောပုဂ္ဂိုလ်သည်လည်း ဗျာပါဒကို ပယ်ထိုက်၏။ ယောကျ်ား မိန်းမ စသော အပိုင်းအခြား၊ ယောကျ်ား မိန်းမ စသော အပိုင်းအခြား မဟုတ်ဘဲ ဖြန့်ခြင်းအစွမ်းဖြင့် မေတ္တာကို ပွားစေသောပုဂ္ဂိုလ်သည်လည်း ဗျာပါဒကို ပယ်ထိုက်၏။



"သင်က ဒီသူကို စိတ်ဆိုးမယ်ဆိုရင် ဘာအကျိုး ရှိမလဲ၊ ထိုသူတစ်ပါးရဲ့ သီလစသောဂုဏ်တွေကို ဖျက်ဆီးဖို့ ဘယ်တတ်နိုင်မလဲ၊ သင်ဟာ မိမိရဲ့ကံကြောင့် ဒီဘဝကို ရောက်လာပြီး မိမိရဲ့ကံကြောင့်ပဲ နောက်ဘဝသို့ သွားရမယ်မဟုတ်ပါလား၊ သူတစ်ပါးကို စိတ်ဆိုးတယ်

http://www.dhammadownload.com



ဆိုတာ မီးတောက်မရှိတဲ့ အလွန်ပူတဲ့ သံချောင်း၊ မစင်စတာတွေကို ကိုင်ပြီး သူတစ်ပါးကို ပစ်ပေါက်ချင်နေတဲ့ သူလိုပဲ မဟုတ်ပါလား။ သူတစ်ပါးကလည်း သင်ကို စိတ်ဆိုးမယ်ဆိုရင် ဘာအကျိုးရှိမလဲ၊ သင်ရဲ့ သီလစသော ဂုဏ်တွေကို ဖျက်ဆီးဖို့ ဘယ်တတ်နိုင်မလဲ၊ သူတစ်ပါးက သူရဲ့ကံကြောင့် ရောက်လာပြီး သူရဲ့ကံကြောင်ပဲ နောက်ဘဝကို သွားရမယ် မဟုတ်ပါလား။

လက်မခံနိုင်တဲ့လက်ဆောင်၊ လေညာကို ပစ်လွှင့်ခဲ့တဲ့ မြူမှုန်ဆုပ်လိုပဲ သူရဲ့အပေါ်မှာသာ ဒီဒေါသက ပြန်ရောက်သွားလိမ့်မယ်" ဤသို့ မိမိဖြစ်စေ၊ သူတစ်ပါးဖြစ်စေ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာအဖြစ်ကို ဆင်ခြင်သောပုဂ္ဂိုလ်သည်လည်း ဗျာပါဒကို ပယ်နိုင်၏။ နှစ်ယောက်စလုံး၏ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာအဖြစ်ကို ဆင်ခြင်၍ အသင့်အားဖြင့် ရှုတတ်သောဉာဏ်၌ တည်သော ပုဂ္ဂိုလ်သည်လည်း ဗျာပါဒတရားကို ပယ်နိုင်၏။ ၁၄၁

အဿဂုတ္တထေရ်နှင့်တူကုန်သော မေတ္တာဘာဝနာ၌ မွေ့လျော်ကုန်သော ကောင်းသောမိတ်ဆွေတို့ကို မှီဝဲသောပုဂ္ဂိုလ်လည်း ဗျာပါဒကို ပယ်ထိုက်၏။

ရပ်ခြင်း, ထိုင်ခြင်း စသော ဣရိယာပုတ်တို့၌ မေတ္တာ၌ မှီသော သင့်တင့်သော စကားပြောဆိုခြင်းဖြင့်လည်း ဗျာပါဒတရားကို ပယ်ထိုက်၏။

ထို့ကြောင့် "ခြောက်ပါးကုန်သော တရားတို့သည် ဗျာပါဒတရားကို ပယ်ခြင်းငှါ ဖြစ်ကြကုန်၏" ဟူ၍ ငါသည် မိန့်ဆို၏။

http://www.dhammadownload.com



**မိမိသန္တာန်၌ ထိနမိဒ္ဓ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓ ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ထိနမိဒ္ဓ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓ မရှိသည်"ဟု သိ၏။ မဖြစ်သေးသော ထိနမိဒ္ဓ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။**

---

ဤခြောက်ပါးကုန်သော တရားတို့ဖြင့် ပယ်ခဲ့ပြီးသော စိတ်ပျက်စီးခြင်း၏ အနာဂါမိမဂ်ကြောင့် နောင်အခါ၌ မဖြစ်ခြင်းတည်းဟု သေချာ သိ၏။



မမွေ့မလျော်ခြင်းစသော စကားရပ်တို့၌ မသင့်သော စိတ်ထားမှုကြောင့် အိပ်ချင်ငိုက်မျဉ်းမှုဖြစ်၏။

"**ပျင်းရိခြင်း**"မည်သည် ကိုယ်ပျင်းရိခြင်းတည်း။

"**ပျင်းကြောဆွဲခြင်း**"မည်သည် ကိုယ်တွန့်လိမ်ခြင်းတည်း။

"**ထမင်းအဆီရစ်ခြင်း**"မည်သည် ထမင်းကြောင့် တွေဝေခြင်း၊ ထမင်းကြောင့် စိတ်ပူလောင်ခြင်းတည်း။

"**စိတ်၏ပျင်းရိခြင်း**"မည်သည် စိတ်၏ တွန့်ဆုတ်သော အခြင်းအရာတည်း။

ဤ "ပျင်းရိခြင်း" စသော တရားတို့ကြောင့် မသင့်သော စိတ်ထားမှုကို များစွာ ဖြစ်စေသောပုဂ္ဂိုလ်၏သန္တာန်၌ အိပ်ချင်ငိုက်မျဉ်းမှုသည် ဖြစ်၏။

http://www.dhammadownload.com



ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့ မမွေ့မလျော်ခြင်း၊ ပျင်းရိခြင်း၊ ပျင်းကြောဆွဲခြင်း၊ ထမင်းအဆီရစ်ခြင်း၊ စိတ်၏ ပျင်းရိခြင်းတို့သည် ရှိကုန်၏။ ထိုမမွေ့မလျော်ခြင်း၊ ပျင်းရိခြင်း၊ ပျင်းကြောဆွဲခြင်း၊ ထမင်း အဆီရစ်ခြင်း၊ စိတ်၏ပျင်းရိခြင်းတို့၌ မသင့်သောအားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော အိပ်ချင်ငိုက်မျဉ်းမှု၏မှုလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော အိပ်ချင်ငိုက်မျဉ်းမှု၏မှုလည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ အကြောင်းတည်း"ဟု မိန့်ဆိုတော်မူ၏။

အဖို့တစ်ပါးကား "အားထုတ်ကြောင်းဝီရိယ" စသော စကားရပ်တို့၌ သင့်တင့်သော စိတ်ထားမှုဖြင့် အိပ်ချင်ငိုက်မျဉ်းမှုကို ပယ်ခြင်းတည်း။



**"အားထုတ်ကြောင်းဝီရိယ"** မည်သည် ပထမအားထုတ်ကြောင်း ဝီရိယတည်း။

**"ထွက်မြောက်ကြောင်းဝီရိယ"** မည်သည် ပျင်းသည်အဖြစ်မှ ထွက်မြောက်ခြင်းကြောင့် ထိုပထမအားထုတ်ကြောင်းဝီရိယထက် သာ၍ အားရှိသော ဝီရိယတည်း။

**"ထပ်တလဲလဲအားထုတ်ကြောင်းဝီရိယ"** မည်သည် အဆင့်အဆင့် မြတ်သောအရာကို ရောက်တတ်သောကြောင့် ထိုထွက်မြောက်ကြောင်းဝီရိယထက်လည်း သာ၍အားရှိသော ဝီရိယတည်း။

ဤ ဝီရိယသုံးပါးအပြား၌ ပြီးစေထိုက်သော သင့်တင့်သော စိတ်ထားမှုကို များစွာဖြစ်စေသောပုဂ္ဂိုလ်သည် ထိနမိဒ္ဓကို ပယ်နိုင်၏။

http://www.dhammadownload.com



ထို့ကြောင့် မြတ်စွာဘုရားသည် " ချစ်သားတို့၊ အစရှေ့ဖျား သတိထား၍ ကြိုးစားမပြတ် အာရမ္ဘဓာတ်ဟူသော ဝီရိယသည် လည်းကောင်း၊ ပျင်းရိခြင်းမှ ထွက်မြောက်ရအောင် လှုံ့လမပြတ် အဖန်ဖန် အားထုတ်ကြောင်း (ပက္ကမဓာတ်) ဟူသော ဝီရိယသည်လည်းကောင်း၊ တစ်ဆင့်တစ်ဆင့် မြင့်ထက်မြင့်သို့ အသင့်ရောက်တတ် ပရက္ကမဓာတ် ဟူသော ဝီရိယသည်လည်းကောင်း ရှိ၏၊ ထိုဝီရိယအပြားတို့၌ သင့် တင့်သောအားဖြင့် စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ထိနမိဒ္ဓ၏မူလည်း ဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော ထိနမိဒ္ဓ၏မူလည်း ပယ်ခြင်းငှာ အကြောင်းတည်း"ဟု မိန့် တော်မူ၏။

အဋ္ဌကထာနည်းကား အလွန်စားခြင်း၌ အိပ်ချင်ငိုက်မျဉ်းမှု၏ အကြောင်းဟု မှတ်ယူခြင်း၊ ဣရိယာပုတ်ကို ပြောင်းလဲခြင်း၊ အရောင် အလင်းဟူသော အမှတ်သညာ၌ စိတ်ထားခြင်း၊ လွင်တီးခေါင်၌ နေခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ သင့်တင့်သော စကားပြောဆိုခြင်း၊ ဤခြောက်ပါးကုန်သော တရားတို့သည် ထိနမိဒ္ဓတရားကို ပယ်ခြင်းငှာ ဖြစ်ကုန်၏။



ချဲ့၍ ဆိုဦးအံ့၊ လက်ဆွဲထူပေးရလောက်အောင် စားခြင်း, စားရာ၌ပင် အိပ်ယူရလောက်အောင် စားခြင်း, ပုဆိုးအဝတ်လျှော့ယူ ရသည်အထိ စားခြင်း, လည်မျိုး၌ အစာကို ကျီးငှက်ထိုးနိုက် ယူနိုင် လောက်သည်အထိ စားခြင်း၊ စားပြီးသည်တို့ကို အံထွက်သည်အထိ စားခြင်းမျိုးတို့ကို စားပြီး၍ ညဥ့်နေရာအရပ် နေ့နေရာအရပ်၌ ထိုင်လျက် ရဟန်းတရားကို အားထုတ်သော ရဟန်းအပေါ် ထိနမိဒ္ဓသည် ဆင်ပြောင်ကြီးကဲ့သို့ လွှမ်းမိုးလျက် လာတတ်၏။

http://www.dhammadownload.com



အမှန်တကယ်အားဖြင့် လေးလုတ် ငါးလုတ်သော ဆွမ်း၏ တည်ရာအရပ်ကို ချန်ထား၍ သောက်ရေကို သောက်၍ မျှတခြင်း အလေ့ရှိသော ရဟန်း၏အပေါ် ထိုထိနမိဒ္ဓသည် မဖြစ်။ ဤသို့ အလွန် စားခြင်း၌ နိမိတ်ကို ယူသောရဟန်းသည်လည်း ထိနမိဒ္ဓကို ပယ် နိုင်၏။

ထိုထိနမိဒ္ဓသက်ရောက်ရာ ဣရိယာပုတ်မှ အခြားသော ဣရိယာ ပုတ်ကို ပြောင်းလွဲသော ရဟန်းသည်လည်း ထိနမိဒ္ဓကို ပယ်နိုင်၏။ ညဥ့်အခါ၌ လရောင်, ဆီမီးရောင်, မီးရှူးရောင်တို့ကိုလည်းကောင်း၊ နေ့အခါ၌ နေရောင်ကိုလည်းကောင်း နှလုံးသွင်းသောရဟန်းသည်လည်း ထိနမိဒ္ဓကို ပယ်နိုင်၏။ လွင်တီးခေါင်၌ နေသောရဟန်းသည်လည်း ထိနမိဒ္ဓကို ပယ်နိုင်၏။ အရှင်မဟာကဿပထေရ်နှင့် တူကုန်သော ထိနမိဒ္ဓပယ်ပြီးကုန်သော မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်သော ရဟန်းသည်လည်း ထိနမိဒ္ဓကို ပယ်နိုင်၏။ ရပ်ခြင်း, ထိုင်ခြင်း စသော ဣရိယာပုတ်တို့၌ ဓုတင်ကို မှီသော သင့်တင့်သော စကားပြောဆိုခြင်း ဖြင့်လည်း ထိနမိဒ္ဓကို ပယ်နိုင်၏။

ထို့ကြောင့် မြတ်စွာဘုရားက “ခြောက်ပါးကုန်သော တရား တို့သည် အိပ်ချင်ငိုက်မျဉ်းမှုကို ပယ်ခြင်းငှာ ဖြစ်ကုန်၏”ဟု မိန့်တော် မူ၏။

ဤခြောက်ပါးကုန်သော တရားတို့ဖြင့် ပယ်ပြီးသော အိပ်ချင် ငိုက်မျဉ်းမှု၏ အရဟတ္တမဂ်ကြောင့် နောင်အခါ၌ မဖြစ်ခြင်းတည်းဟု သေချာသိ၏။

http://www.dhammadownload.com



မိမိသန္တာန်၌ ဥဒ္ဒစ္စကုက္ကုစ္စ ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဒစ္စကုက္ကုစ္စ ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဥဒ္ဒစ္စကုက္ကုစ္စ မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဒစ္စကုက္ကုစ္စ မရှိသည်"ဟု သိ၏။ မဖြစ်သေးသော ဥဒ္ဒစ္စကုက္ကုစ္စ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

---

စိတ်မငြိမ်သက်ခြင်း၌ မသင့်သော စိတ်ထားမှုကြောင့် ပျံ့လွင့်မှု စိတ်မငြိမ်သက်မှု ဖြစ်ခြင်းတည်း။

"မငြိမ်သက်ခြင်း" မည်သည် မငြိမ်သက်သော အခြင်းအရာတည်း။ ဤစိတ်မငြိမ်သက်ခြင်းသည် ဆိုလိုရင်းအားဖြင့် ပျံ့လွင့်မှု စိတ်မငြိမ်သက်မှုသာတည်း။

ထို မငြိမ်သက်ခြင်း၌ မသင့်သော စိတ်ထားမှုကို များစွာ ဖြစ်စေတတ်သောပုဂ္ဂိုလ်၏သန္တာန်၌ ပျံ့လွင့်မှု စိတ်မငြိမ်သက်မှုသည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့ စိတ်မငြိမ်သက်ခြင်းသည် ရှိ၏။ ထိုစိတ်မငြိမ်သက်ခြင်း၌ မသင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ပျံ့လွင့်မှု စိတ်မငြိမ်သက်မှု၏မူလည်း ဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော ပျံ့လွင့်မှု စိတ်မငြိမ်သက်မှု၏မူလည်း လွန်စွာဖြစ်စေခြင်းငှာ၊ ပြန့်ပြောခြင်းငှာ အကြောင်းတည်း"ဟု မိန့်တော်မူ၏

အဖို့တစ်ပါးကား သမာဓိဟု ဆိုထိုက်သော စိတ်ငြိမ်းအေးမှု၌ သင့်တင့်သော စိတ်ထားမှုကြောင့် ထိုပျံ့လွင့်မှု မငြိမ်သက်မှုကို ပယ်ခြင်း ဖြစ်၏။

http://www.dhammadownload.com



ထို့ကြောင့် မြတ်စွာဘုရားသည် “ရဟန်းတို့၊ စိတ်ငြိမ်သက်ခြင်းသည် ရှိ၏။ ထိုစိတ်ငြိမ်သက်ခြင်း၌ သင့်တင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ပျံ့လွင့်မှု စိတ်မငြိမ်သက်မှု၏မူလည်း မဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော ပျံ့လွင့်မှု မငြိမ်သက်မှု၏မူလည်း ပယ်ခြင်းငှာ အကြောင်းတည်း”ဟု မိန့်တော်မူ၏

**အဋ္ဌကထာနည်းတား** - များသော အကြားအမြင်ရှိခြင်း၊ ထပ်တလဲလဲ မေးမြန်ခြင်း၊ ဝိနည်းအရာ၌ သဘောကို သိခြင်း၊ သက်တော်ကြီး, ဝါတော်ကြီးတို့ကို မှီဝဲဆည်းကပ်ခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ သင့်တင့်သော စကားပြောဆိုခြင်း၊ ဤခြောက်ပါးကုန်သော တရားတို့သည် ပျံ့လွင့်မှုမငြိမ်သက်မှုကို ပယ်ခြင်းငှာ ဖြစ်ကုန်၏။

ချဲ့၍ ဆိုဦးအံ့၊ များသော အကြားအမြင်ရှိခြင်းကြောင့် နိကာယ် တစ်ရပ်ကိုလည်းကောင်း၊ နိကာယ်နှစ်ရပ်တို့ကိုလည်းကောင်း၊ နိကာယ် သုံးရပ်တို့ကိုလည်းကောင်း၊ နိကာယ်လေးရပ်တို့ကိုလည်းကောင်း၊ နိကာယ် ငါးရပ်တို့ကိုလည်းကောင်း ပါဠိတော်, သဘောအဓိပ္ပါယ်တို့၏အစွမ်းဖြင့် သင်ယူသောပုဂ္ဂိုလ်သည်လည်း ပျံ့လွင့်မှု မငြိမ်သက်မှုကို ပယ်နိုင်၏။ 

သင့်, မသင့်သော အကြောင်းအရာ၌ များစွာ ထပ်တလဲလဲ အမြဲမေးမြန်းသော ရဟန်း၊ ဝိနည်းပညတ်တော်၌ လေ့လာခဲ့ပြီးသော ဝသီဘော်ရှိခြင်းကြောင့် သဘောကို သိသောရဟန်း၊ မိမိထက် ဉာဏ်ပညာအားဖြင့် ကြီးရင့်ကုန်သော သက်တော်ကြီး ဝါတော်ကြီးထေရ်တို့ကို ဆည်းကပ်သောရဟန်း၊ ဥပါလိထေရ်နှင့်တူကုန်သော, ဝိနည်းကို ဆောင်ကုန်သော မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်သော ရဟန်းတို့သည်လည်း ပျံ့လွင့်မှု စိတ်မငြိမ်သက်မှုကို ပယ်နိုင်၏။

http://www.dhammadownload.com



မိမိသန္တာန်၌ ဝိစိကိစ္ဆာ ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာ မရှိသည်"ဟု သိ၏။ မဖြစ်သေးသော ဝိစိကိစ္ဆာ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

---

ရပ်ခြင်း, ထိုင်ခြင်းစသော ဣရိယာပုထ်တို့၌ သင့်, မသင့်သော အကြောင်းအရာကို မှီသော သင့်တင့်သော စကားပြောဆိုဖြင့်လည်း ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်နိုင်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "ခြောက်ပါးကုန်သော တရားတို့သည် ပျံ့လွင့်မှု စိတ်မငြိမ်သက်မှုကို ပယ်ခြင်းငှာ ဖြစ်ကုန်၏"ဟု မိန့်တော်မူ၏။

ဤခြောက်ပါးကုန်သော တရားတို့ကြောင့် ပျံ့လွင့်မှု စိတ်မငြိမ်သက်မှုကို ပယ်ထိုက်ရာ၌ ပျံ့လွင့်မှု၏ အရဟတ္တမဂ်ကြောင့် နောင်အခါ မဖြစ်စေခြင်း၊ စိတ်မငြိမ်သက်မှု၏ အနာဂါမိမဂ်ကြောင့် နောင်အခါ၌ မဖြစ်စေခြင်းတည်းဟု သေချာသိ၏။

ယုံမှားမှု၏တည်ရာအကြောင်းတရားတို့၌ မသင့်သော စိတ်ထားခြင်းကြောင့် ယုံမှားသံသယမှု၏ ဖြစ်ခြင်းတည်း။

"ယုံမှားမှု၏တည်ရာအကြောင်းတရား" တို့မည်သည် ထပ်တလဲလဲ နောက်နောက်ယုံမှားမှုအကြောင်းကြောင့် ရှေးရှေးယုံမှား

http://www.dhammadownload.com



မှုပင်တည်း။ ထိုယုံမှားမှု၏ တည်ရာ အကြောင်းတရားတို့ကြောင့် မသင့်သော စိတ်ထားမှုကို များစွာ ဖြစ်စေတတ်သောပုဂ္ဂိုလ်၏သန္တာန်၌ ယုံမှားမှုသည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "ရဟန်းတို့ ယုံမှားမှု၏တည်ရာ အကြောင်းတရားတို့သည် ရှိကုန်၏။ ထိုယုံမှားမှု၏တည်ရာ အကြောင်း တရားတို့၌ မသင့်တင့်သော စိတ်ထားမှု၌ ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ယုံမှားမှု၏မူလည်း ဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော ယုံမှားမှု၏မူလည်း လွန်စွာ ဖြစ်စေခြင်းငှာ၊ ပြန့်ပြောခြင်းငှာ အကြောင်းတည်း" ဟူ၍ မိန့်ဆိုတော်၏။

အဖို့တစ်ပါးကား ကုသိုလ်အစရှိသော တရားတို့၌ သင့်တင့်သော စိတ်ထားကြောင့် ထိုယုံမှားမှုကို ပယ်ခြင်းဖြစ်၏။



ထို့ကြောင့် မြတ်စွာဘုရားသည် "ချစ်သားတို့ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော တရားတို့ အပြစ်ရှိ အပြစ်မရှိကုန်သော တရားတို့ မှီဝဲထိုက် မမှီဝဲထိုက်ကုန်သော တရားတို့ ယုတ်ညံ့ မွန်မြတ်ကုန်သော တရားတို့ မည်းညစ်သော အကုသိုလ်ဖြစ်၍ ဖြူစင်သော ကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက်, ဖြူစင်သော ကုသိုလ်ဖြစ်၍ မည်းညစ်သော အကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက်အဖို့ရှိကုန်သော တရားတို့သည် ရှိကုန်၏။ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော တရား စသည်တို့၌ သင့်တင့်သော စိတ်ထားမှု၌ ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ယုံမှားမှု၏မူလည်း မဖြစ်စေခြင်းငှါ၊ ဖြစ်ပြီးသော ယုံမှားမှု၏မူလည်း ပယ်ခြင်းငှာ အကြောင်း တည်း"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



**အဋ္ဌကထာနည်းကား** - များသော အကြားအမြင်ရှိခြင်း၊ ထပ်တလဲလဲမေးမြန်းခြင်း၊ ဝိနည်းအရာ၌ သဘောကို သိခြင်း၊ ယုံကြည်မှုများခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ သင့်တင့်သောစကားပြောဆိုခြင်း၊ ခြောက်ပါးကုန်သော တရားတို့သည် ယုံမှားမှုကို ပယ်ခြင်းငှာ ဖြစ်ကုန်၏။

ချဲ့၍ ဆိုဦးအံ့၊ များသော အကြားအမြင်ရှိခြင်းကြောင့် နိကာယ်တစ်ရပ်ကိုလည်းကောင်း၊ ။ပ။ နိကာယ်ငါးရပ်တို့ကိုလည်းကောင်း ပါဠိတော်, သဘောအဓိပ္ပါယ်တို့၏အစွမ်းဖြင့် သင်ယူသော ပုဂ္ဂိုလ်သည်လည်း ယုံမှားမှုကို ပယ်နိုင်၏။

ရတနာသုံးပါးတို့ကို အကြောင်းပြု၍ များစွာထပ်တလဲလဲ အမြဲမေးမြန်းသောရဟန်း၊ ဝိနည်းပညတ်တော်၌ လေ့လာခဲ့ပြီးသော ဝသီဘော်ရှိသောရဟန်း၊ ရတနာသုံးပါးတို့၌ သက်ဝင်ယုံကြည်မှု ဆိုသော ယုံကြည်မှု များစွာရှိသောရဟန်း၊ ယုံကြည်မှုသက်ဝင်လွှန်ကဲသော ဝက္ကလိထေရ်နှင့်တူသော မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်သော ရဟန်းတို့သည်လည်း ယုံမှားမှုကို ပယ်နိုင်၏။

ရပ်ခြင်း, ထိုင်ခြင်းစသော ဣရိယာပုတ်တို့၌ ရတနာသုံးပါးတို့၏ ဂုဏ်ကို မှီသော သင့်တင့်သော စကားပြောဆိုခြင်းဖြင့်လည်း ယုံမှားမှုကို ပယ်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "ခြောက်ပါးကုန်သော တရားတို့သည် ယုံမှားမှုကို ပယ်ခြင်းငှာ ဖြစ်ကုန်၏"ဟု မိန့်တော်မူ၏။

ဤခြောက်ပါးကုန်သော တရားတို့ကြောင့် ပယ်ပြီးသော ယုံမှားမှုကို သောတာပတ္တိမဂ်ကြောင့် နောင်အခါ၌ မဖြစ်ခြင်းတည်းဟု သေချာသိ၏။

http://www.dhammadownload.com



ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။



---

"ဤသို့ (မိမိ၏) သဘောတရားတို့၌မူကား" ဟူသည် ဤသို့ နီဝရဏငါးပါးတို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် မိမိ၏မူလည်း ရုပ်နာမ်တို့၌၊ သူတစ်ပါး၏မူလည်း ရုပ်နာမ်တို့၌၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ရုပ်နာမ်တို့၌ ရုပ်နာမ်သဘောကို အဖန်ဖန်ရှုသိမြင်သည်ဖြစ်၍ နေ၏။

ဤနီဝရဏအပိုင်း၌ သုဘနိမိတ်, အသုဘနိမိတ် အစရှိသည်တို့၌ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မသင့်သော စိတ်ထားခြင်း, သင့်တင့်သော စိတ်ထားခြင်းဖြင့် နီဝရဏတရားငါးပါးတို့၌ ဆိုခဲ့ပြီးသော ဖြစ်ခြင်း ပျက်ခြင်းတို့ကိုသာ ထုတ်ဆောင်ထိုက်ကုန်၏။

http://www.dhammadownload.com



ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန်တိုးပွားခြင်းငှာသာ ဖြစ်၏။

(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

---



"ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း" အစရှိသော စကားအပေါင်းမှ နောက်ဖြစ်သော "သဘောတရားသည်တို့သာလျှင် ရှိကုန်၏" စသော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းရှိသည်သာ။

အထူးကား သီးသန့်အားဖြင့် ဤနီဝရဏကို ဆိုရာအပိုင်း၌ နီဝရဏ တို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာ တည်းဟူ၍ ဤသို့ ယှဉ်စပ်၍ နီဝရဏတို့ကို သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏၊**

❖❖❖❖❖❖❖

http://www.dhammadownload.com



## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၃။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

---

## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၈၃။ ဤသို့ နီဝရဏငါးပါးတို့၏အစွမ်းဖြင့် ဓမ္မာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ ခန္ဓာငါးပါးတို့၏အစွမ်းဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထိုစကားရပ်တို့၌ "ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌" ဟူသည် လောဘ, ဒိဋ္ဌိ ဟူသော ဥပါဒါန်တရား၏ (အာရုံဖြစ်သော) ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာတို့တည်း။ "ဥပါဒါန်၏ အကြောင်းဖြစ်ကုန်သော တရားအပုံ တရားအစုတို့တည်း" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

ဤစကားသည် ဤမဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ အကျဉ်းတည်း။ အကျယ်အားဖြင့်ကား ခန္ဓာနှင့် စပ်သော စကားကို ဝိသုဒ္ဓိမဂ်၌ ငါသည် ဆိုခဲ့ပြီ။

http://www.dhammadownload.com



ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း။ ဤကား ရုပ်၏ ချုပ်ရာတည်း။ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာ၏ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ ချုပ်ရာတည်း။ ဤကား သညာတည်း၊ ဤကား သညာ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း။ ဤသည်တို့ကား သင်္ခါရတို့တည်း၊

---

"ဤကား ရုပ်တည်း" ဟူသည် ဤမဟာဘုတ်လေးပါး, ဥပါဒါရုပ်တရားသည် ရုပ်တည်း။ ရုပ်သည် ဤမဟာဘုတ်လေးပါး, ဥပါဒါရုပ်တရားသာ အတိုင်းအရှည်ရှိ၏။ ဤမဟာဘုတ်လေးပါး, ဥပါဒါရုပ်တရားမှ တစ်ပါးသော ရုပ်သည် မရှိဟု သဘောအားဖြင့် ရုပ်ကို ပိုင်းခြား၍ သေချာသိ၏။



ဝေဒနာအစရှိသည်တို့၌လည်း ဤဆိုခဲ့ပြီးသော နည်းရှိသည် သာလျှင်တည်း။ ဤဆိုခဲ့ပြီးသောစကားသည် ဤမဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ အကျဉ်းတည်း။ အကျယ်အားဖြင့်ကား ရုပ်စသည်တို့ကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ခန္ဓကထာ၌ပင် ဆိုခဲ့ကုန်ပြီ။

"ဤကား ရုပ်၏ဖြစ်ကြောင်းတည်း" ဟူသည် ဤသို့ မသိမှု အဝိဇ္ဇာ၏ဖြစ်ခြင်းစသည်တို့အစွမ်းဖြင့် အခြင်းအရာ ငါးပါးတို့ကြောင့် ရုပ်၏ဖြစ်ကြောင်းတည်း။

"ဤကား ရုပ်၏ချုပ်ကြောင်းတည်း" ဟူသည် ဤသို့ မသိမှု အဝိဇ္ဇာ၏ချုပ်ခြင်းစသည်တို့၏အစွမ်းဖြင့် အခြင်းအရာ ငါးပါးတို့ကြောင့် ရုပ်၏ချုပ်ကြောင်းတည်း။

http://www.dhammadownload.com



ဤသည်တို့ကား သင်္ခါရတို့၏ ဖြစ်ကြောင်းတည်း၊ ဤသည်တို့ကား သင်္ခါရတို့၏ ချုပ်ရာတည်း။ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိညာဏ်၏ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ချုပ်ရာတည်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဤသို့ (မိမိ၏) သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ သဘောတရားတို့၌ မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မှုလည်း နေ၏။ သဘောတရား တို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်



---

ဝေဒနာစသည်တို့၌လည်း ဤနည်းပင်။ ဤဆိုခဲ့ပြီးသည်ကား ဤမဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ အကျဉ်းတည်း။ အကျယ် ကိုကား ဝိသုဒ္ဓိမဂ်ကျမ်း၌ ဥဒယဗ္ဗယဉာဏကထာ၌ပင် ဆိုခဲ့ပြီ။

"ဤသို့ (မိမိ၏) သဘောတရားတို့၌မှုလည်း" ဟူသည် ခန္ဓာ ငါးပါးတို့ကို ပိုင်းခြား၍သိမ်းယူခြင်းဖြင့် မိမိ၏ ရုပ်နာမ်သဘောတရား တို့၌သော်လည်းကောင်း၊ သူတစ်ပါး၏ ရုပ်နာမ်သဘောတရားတို့၌သော် လည်းကောင်း၊ ရံဖန်ရံခါ မိမိ၏မှုလည်း, ရံဖန်ရံခါ သူတစ်ပါး၏မှုလည်း ရုပ်နာမ်သဘောတရားတို့၌ ရုပ်နာမ်သဘောတရားကို အဖန်ဖန် ရှုသိမြင် သည်ဖြစ်၍ နေ၏။

http://www.dhammadownload.com



ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။

ထို့ပြင် ॥ပ॥ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ် မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘော တရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

ဤခန္ဓာကို ဆိုရာအပိုင်း၌ "ဖြစ်ခြင်း ပျက်ခြင်းတို့ကို မသိမှု အဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းတည်း" စသော ခန္ဓာငါးပါးတို့၌ ဆိုပြီးကုန်သော လက္ခဏာငါးဆယ်တို့နှင့်စပ်သဖြင့် ထုတ်ဆောင်ထိုက် ကုန်၏။



ဤ "ဤသို့ မိမိ၏ သဘောတရားတို့၌မူကား" အစရှိသော စကားအပေါင်းမှ နောက်ဖြစ်သော "သဘောတရားတို့သာ ရှိကုန်၏" အစရှိသော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းရှိသည်သာ။

အထူးကား သီးသန့်အားဖြင့် ဤခန္ဓာကို ဆိုရာအပိုင်း၌ ခန္ဓာ ငါးပါးတို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်း ဟူ၍ ဤသို့ ယှဉ်စပ်၍ ခန္ဓာငါးပါးတို့ကို သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန်သမျှကို ထိုက်ခဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။

http://www.dhammadownload.com



## အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၄။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

---

## အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၈၄။ ဤသို့ ခန္ဓာငါးပါးတို့၏အစွမ်းဖြင့် ဓမ္မာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ အာယတနတစ်ဆယ့်နှစ်ပါးတို့၏အစွမ်းဖြင့် ဝေဖန်ပြတော်မူခြင်းငှာ **"တဖန် ထို့ပြင်လည်း"** အစရှိသော စကားရပ်ကို မိန့်တော်မူ၏။ ၁၅၇

ထိုစကားရပ်၌ **"ခြောက်ပါးသော အတွင်း အပ အာယတန သဘောတရားတို့၌"** ဟူသည် စက္ခုအာယတန၊ သောတအာယတန၊ ဃာနအာယတန၊ ဇိဝှါအာယတန၊ ကာယအာယတန၊ မနောအာယတန ဟူသော မိမိသန္တာန်၌ ဖြစ်ကုန်သော ဤအာယတန ခြောက်ပါးတို့၌လည်းကောင်း။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဟူသော အပသန္တာန်၌ဖြစ်ကုန်သော ဤအာယတန ခြောက်ပါးတို့၌လည်းကောင်း။

http://www.dhammadownload.com



**ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။**

———————————

**"မျက်စိကိုလည်း သိ၏"** ဟူသည် စက္ခုပသာဒကို မဖောက်မပြန် ဟုတ်မှန်သော ကိုယ်ပိုင်သဘော လက္ခဏာ၏အစွမ်းဖြင့် သေချာသိ၏။

**"အဆင်းတို့ကိုလည်း သိ၏"** ဟူသည် အပဉ္စ ဖြစ်ကြောင်း လေးပါးရှိသော ရူပါရုံကိုလည်း မဖောက်မပြန် ဟုတ်မှန်သော ကိုယ်ပိုင်သဘောလက္ခဏာ၏အစွမ်းဖြင့် သေချာသိ၏။

**"ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏"**ဟူသည် စက္ခုပသာဒ၊ ရူပါရုံတို့ဟူသော ထိုနှစ်ပါးစုံကိုစွဲ၍ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တည်း ဟူသော ဆယ်ပါးပြားသော သံယောဇဉ်ကိုလည်း မဖောက်မပြန် ဟုတ်မှန်သော ကိုယ်ပိုင်သဘောလက္ခဏာ၏အစွမ်းဖြင့် သေချာသိ၏။



အဘယ်သို့လျှင် ဤ သံယောဇဉ်သည် ဖြစ်သနည်း။ ရှေးဦးစွာ စက္ခုဒွါရ၌ ရှေးရှုထင်ခြင်းသို့ ရောက်သော ဣဋ္ဌာရုံကို တပ်မက် သာယာခြင်း၏အစွမ်းဖြင့် သာယာနှစ်သက် တပ်မက်တတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ကာမရာဂသံယောဇဉ်သည် ဖြစ်၏။

(စက္ခုဒွါရ၌ ရှေးရှုထင်ခြင်းသို့ ရောက်သော) အနိဋ္ဌာရုံ၌ စိတ်ဆိုး တတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ ပဋိဃသံယောဇဉ်သည် ဖြစ်၏။

http://www.dhammadownload.com



" ငါမှတစ်ပါး အခြား အဘယ်သူသည် ဤ ရုပါရုံကို ထင်ရှား စေခြင်းငှာ စွမ်းနိုင်သူ ရှိအံ့နည်း" ဟု မှတ်ထင်တတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မာနသံယောဇဉ်သည် ဖြစ်၏။

"ဤရုပါရုံသည် မြဲ၏၊ ခိုင်၏"ဟု ခံယူတတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဒိဋ္ဌိသံယောဇဉ်သည် ဖြစ်၏။

"ဤရုပါရုံသည် သတ္တဝါလေလော၊ သတ္တဝါ၏ ရုပါရုံလေလော" ဟု ယုံမှားတတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ ဝိစိကိစ္ဆာသံယောဇဉ်သည် ဖြစ်၏။

"ပြည့်စုံသော ဘဝ၌ ငါတို့အတွက် ဤ ရုပါရုံမျိုးသည် ရလွယ် နိုင်၏'ဟု ဘဝကို တောင့်တတတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ ဘဝရာဂ သံယောဇဉ်သည် ဖြစ်၏။



"နောင်အခါ၌လည်း ဤသို့သော ရုပါရုံကို ရခြင်းငှာ နွား, ခွေးတို့၏ အလေ့အကျင့်ကဲ့သို့သော အကျင့်ကို ဆောက်တည်၍ ရကောင်း၏"ဟု နွားခွေးတို့၏ အလေ့အကျင့်ကို ဆောက်တည်တတ် သော ပုဂ္ဂိုလ်၏သန္တာန်၌ သီလဗ္ဗတပရာမာသသံယောဇဉ်သည် ဖြစ်၏။

"ထိုရုပါရုံကို အခြားသူတို့သည် မရကုန်မူကား ဩော် . . . ကောင်းလေစွ" ဟု ငြူစူတတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ ဣဿာ သံယောဇဉ်သည် ဖြစ်၏။

မိမိရထားသော ရုပါရုံကို အခြားသူအား (မရစေရန်) ဝန်တို တတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ မစ္ဆရိယသံယောဇဉ်သည် ဖြစ်၏။

http://www.dhammadownload.com



**မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။**

---

သံယောဇဉ်အားလုံးတို့နှင့် တကွဖြစ်တတ်သော မသိခြင်း၏ အစွမ်းဖြင့် အဝိဇ္ဇာသံယောဇဉ်ဖြစ်၏။

"(အကြင်အကြောင်းကြောင့်) မဖြစ်သေးသော"ဟူသည် အကြင်အကြောင်းကြောင့် မပြတ်ကျင့်ခြင်း၏ အစွမ်းဖြင့် မဖြစ်သေးသော ထိုသံယောဇဉ်ဆယ်ပါး၏ဖြစ်ခြင်း၏အကြောင်းကိုလည်း သေချာသိ၏။

အဖို့တစ်ပါးကား "(အကြင်အကြောင်းကြောင့်) ဖြစ်ပြီးသော" ဟူသည် မဂ်ဖြင့် မပယ်ရသေးသောကြောင့်သော်လည်းကောင်း၊ မပြတ်ကျင့်ခြင်း၏ အစွမ်းကြောင့်သော်လည်းကောင်း ဖြစ်ပြီးသော ထိုသံယောဇဉ်ဆယ်ပါး၏ ပယ်ခြင်း၏အကြောင်းကိုလည်း သေချာသိ၏။



"(အကြင်အကြောင်းကြောင့်) ပယ်ပြီးသော" ဟူသည် တစ်ခဏမျှပယ်ခြင်း၊ ခွာပယ်ခြင်းတို့၏အစွမ်းဖြင့် ပယ်ထားပြီးလည်း ဖြစ်သော ထိုသံယောဇဉ်ဆယ်ပါး၏ နောင်အခါ၌ မဖြစ်ပေါ်ခြင်း၏ အကြောင်းကိုလည်း သေချာသိ၏။

အဘယ်အကြောင်းကြောင့် ထိုသံယောဇဉ်၏ နောင်အခါ၌ မဖြစ် ပါသနည်း။ ရှေးဦးစွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဣဿာ မစ္ဆရိယ ဟူသော သံယောဇဉ်ငါးပါး၏ သောတာပတ္တိမဂ်ကြောင့် နောင်အခါ၌ မဖြစ်ခြင်းတည်း။ ကြမ်းတမ်းသော ကာမရာဂ ပဋိဃ

http://www.dhammadownload.com



နားကိုလည်း သိ၏။ အသံတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏။ အနံ့တို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

လျှာကိုလည်း သိ၏။ အရသာတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော 

---

သံယောဇဉ် နှစ်ပါးအပေါင်း၏ သကဒါဂါမိမဂ်ကြောင့် (နောင်အခါ၌ မဖြစ်ခြင်းတည်း)။ သိမ်မွေ့သော ကာမရာဂ ပဋိဃသံယောဇဉ် နှစ်ခုအပေါင်း၏ အနာဂါမိမဂ်ကြောင့် (နောင်အခါ၌ မဖြစ်ခြင်းတည်း)။ မာနသံယောဇဉ် ဘဝရာဂ သံယောဇဉ် အဝိဇ္ဇာသံယောဇဉ် သုံးပါးအပေါင်း၏ အရဟတ္တမဂ်ကြောင့် နောင်အခါ၌ မဖြစ်ခြင်းတည်း။

"နားကိုလည်း သိ၏၊ အသံတို့ကိုလည်း သိ၏" ဤသို့ အစရှိသော စကားရပ်တို့၌လည်း ဤဆိုခဲ့ပြီးသော နည်းရှိသည်သာလျှင်တည်း။

http://www.dhammadownload.com





သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏။ အတွေ့အထိတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

စိတ်ကိုလည်း သိ၏။ သဘောတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။



ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏

---

ဤအာယတနကို ဆိုရာအပိုင်း၌ အာယတနနှင့် စပ်သောစကားကို အကျယ်အားဖြင့် ဝိသုဒ္ဓိမဂ်ကျမ်း၌ အာယတနနိဒ္ဒေသ၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သိထိုက်၏။

"ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း" ဟူသည် ဤသို့လျှင် အတွင်းအာယတနတို့ကို ပိုင်းခြား၍သိမ်းယူခြင်းဖြင့် မိမိ၏မူလည်း ရုပ်နာမ်သဘောတရားတို့၌သော်လည်းကောင်း၊ သူတစ်ပါး၏

http://www.dhammadownload.com



**သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ, သူတပါး၏ သဘောရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့် ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။**



---

မှူလည်း ရုပ်နာမ်သဘောတရားတို့၌၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း ရုပ်နာမ်သဘောတရားတို့၌ ရုပ်နာမ်သဘော တရားကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။

ဤအာယတနကို ဆိုရာအပိုင်း၌ ဖြစ်ခြင်း ပျက်ခြင်းတို့ကို "မသိမှုအဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့် မျက်စိအာယတန၏ဖြစ်ခြင်း" စသော ရုပ်အာယတန၏ ရူပက္ခန္ဓာ၌၊ နာမ်အာယတနတို့၌ မနောအာယတန၏ ဝိညာဏက္ခန္ဓာ၌၊ ဓမ္မာအာယတန၏ ကြွင်းသော ခန္ဓာသုံးပါးတို့၌ ဆိုခဲ့ပြီးသောနည်းဖြင့် ထုတ်ဆောင်ထိုက်ကုန်၏။ လောကုတ္တရာသဘော တရားတို့ကိုကား မယူသင့်ကုန်။

http://www.dhammadownload.com



(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

---

ဤ "မိမိ၏ ရုပ်အပေါင်း၌မူလည်း" စသော စကားအပေါင်းမှ နောက်ဖြစ်သော ကြွင်းကျန်သော စကားပေါင်းသည် ဆိုခဲ့ပြီးသော နည်းသာ။



အထူးကား သီးသန့်အားဖြင့် ဤအာယတနကို ဆိုရာအပိုင်း၌ အာယတနတို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာ တည်းဟူ၍ ဤသို့ ယှဉ်စပ်၍ အာယတနတို့ကို သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန် သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။**

❖❖❖❖❖❖❖

http://www.dhammadownload.com



## ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၅။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်

---

## ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်



၃၈၅။ ဤသို့ ခြောက်ပါးကုန်သော အတွင်းအပြင်အာယတနတို့၏ အစွမ်းဖြင့် ဓမ္မာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ ဗောဇ္ဈင်တို့၏အစွမ်ဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစ ရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထိုစကားရပ်၌ "ဗောဇ္ဈင်သဘောတရားတို့၌" ဟူသည် သစ္စာတို့ကို ထိုးထွင်း၍ သိတတ်သော သတ္တဝါ၏ အကြောင်း, အစိတ်ဖြစ် ကုန်သော။

"ရှိလျှင်လည်း" ဟူသည် ရခြင်း၏အစွမ်းဖြင့် ထင်ရှားရှိသော။

"သတိသမ္ဗောဇ္ဈင်" ဟူသည် သတိဟု ဆိုထိုက်သော သစ္စာတို့ကို ထိုးထွင်း၍သိတတ်သော သတ္တဝါ၏ အကြောင်းကို။

http://www.dhammadownload.com



**ရှိသည်”ဟု သိ၏။ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း “ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိသည်”ဟု သိ၏။**

---

ထင်ရှားအောင် ပြဦးအံ့၊ ဤ “သတိသမ္ဗောဇ္ဈင်”ဟူသော စကားရပ်၌ ဝိပဿနာအလုပ်ကို အားထုတ်သည်မှစ၍ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိတတ်သော တရားကျင့်နေသောပုဂ္ဂိုလ်သည် **သမ္ဗောဓိ**-မည်၏။

တစ်နည်းကား ထိုတရားကျင့်နေသော ပုဂ္ဂိုလ်သည် သတိအစရှိသော ခုနစ်ပါးသော သဘောတရားတို့၏ ပေါင်းဆုံခြင်းကြောင့် ကောင်းစွာ သိ၏။ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတတ်၏၊ သစ္စာတို့ကို ထိုးထွင်း၍သိတတ်၏။ ထိုသတိစသား ခုနစ်ပါးသော သဘောတရားတို့၏ ပေါင်းဆုံခြင်းသည် **“သမ္ဗောဓိ”**မည်၏။



ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတတ်သော၊ သစ္စာတို့ကို ထိုးထွင်း၍ သိတတ်သော တရားကျင့်နေသော ပုဂ္ဂိုလ်၏ အကြောင်းတည်း၊ ဗောဓိဉာဏ်တရားအပေါင်း၏ အစိတ်အင်္ဂါတည်း။ ထို့ကြောင့် **“သမ္ဗောဇ္ဈင်”** မည်၏။ ထို့ကြောင့် **“သတိဟု ဆိုအပ်သော ဗောဇ္ဈင်”**ဟူ၍ ဆိုထိုက်၏။ သတိသမ္ဗောဇ္ဈင်မှ ကျန်သော ဓမ္မဝိစယ သမ္ဗောဇ္ဈင် အစရှိသည်တို့၌လည်း ဤနည်းဖြင့်သာ ဆိုလိုသော သဘောကို သိထိုက်၏။

**“‘မရှိလျှင်လည်း”** ဟူသည် မရခြင်း၏အစွမ်းဖြင့် ထင်ရှား မရှိသော။

http://www.dhammadownload.com



**မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။**

---

"(အကြင်အကြောင်းကြောင့်) မဖြစ်သေးသော" အစရှိသော စကားရပ်တို့၌ ရှေးဦးစွာ သတိသမ္ဗောဇ္ဈင်၏ "ရဟန်းတို့၊ သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းသဘောတရားတို့သည် ရှိကုန်၏။ ထိုဖြစ်ကြောင်းတရားတို့၌ သင့်တင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏မှုလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်၏မှုလည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ဖြစ်စေခြင်းငှာ၊ ပြည့်စုံလုံလောက်ခြင်းငှာ အကြောင်းတည်း" ဤသို့လျှင် ဖြစ်ခြင်းတည်း။ 

ထိုသတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားတို့၌ ရှေးရှေးသော သတိသည်ပင် နောက်နောက် သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားတို့တည်း။ သင့်တင့်သော စိတ်ထားမှုသည် ဆိုခဲ့ပြီးသော လက္ခဏာ ရှိသည်သာ။

ထိုသင့်တင့်သော စိတ်ထားမှုကို ထိုသတိဖြစ်ကြောင်းတို့၌ များစွာ ဖြစ်စေတတ်သောပုဂ္ဂိုလ်၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။

**အဋ္ဌကထာနည်းကား** သတိဉာဏ်ရှိခြင်း၊ သတိကင်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ သတိအားကောင်းသောပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ သတိအမြဲဖြစ်လိုခြင်း၊ ဤလေးပါးကုန်သော တရားတို့သည် သတိသမ္ဗောဇ္ဈင်တရားကို ဖြစ်စေခြင်းငှါ ဖြစ်ကုန်၏။

http://www.dhammadownload.com



မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိသည်"ဟု သိ၏။

မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

---

ချဲ့၍ ဆိုဦးအံ့၊ ရှေးသို့တက်လှမ်းခြင်း အစရှိကုန်သော ခုနစ်ပါးကုန်သော အရာတို့၌ သတိဉာဏ်ရှိခြင်းကြောင့်၊ စားကြွင်းခွက်၌ စားနေသော ကျီးကန်းနှင့်တူသော သတိကင်းသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်းကြောင့်၊ တိဿဒတ္တထေရ်၊ အဘယထေရ်နှင့် တူကုန်သော သတိအားကောင်းသော ပုဂ္ဂိုလ်တို့ကို ပေါင်းသင်းခြင်းကြောင့်၊ ရပ်ခြင်း၊ ထိုင်ခြင်းစသော အမူအရာတို့၌ သတိကို ကောင်းစွာဖြစ်စေခြင်းအကျိုးငှာ ညွတ်ကိုင်းယိမ်းသော စိတ်ရှိခြင်းကြောင့်လည်း သတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။

ဤသို့လျှင် လေးပါးကုန်သော အကြောင်းတို့ဖြင့် ထိုဖြစ်ပေါ်လာသော သတိသမ္ဗောဇ္ဈင်၏ ဘာဝနာကို ပြည့်စုံခြင်းသည် အရဟတ္တမဂ်ကြောင့် ဖြစ်၏ဟု သေချာသိ၏။

ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ကား "ရဟန်းတို့၊ ကုသိုလ် အကုသိုလ်တရားတို့သည် ရှိကုန်၏ ။ပ။ မည်းညစ်သော အကုသိုလ်ဖြစ်၍ ဖြူစင်သော ကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက်၊ ဖြူစင်သော ကုသိုလ်

http://www.dhammadownload.com



**တည်မြဲစေရန် မပျောက်စေရန် တိုးတက် ဖြစ်ပွားစေရန် ပြန့်ပြော စေရန် ပွားများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။**

**ရဟန်းတို့ ဤ (အားထုတ်ခြင်း) ကို မှန်စွာ အားထုတ်ခြင်း သမ္မာဝါယမ ဟူ၍ ဆိုအပ်၏။**

---

ဖြစ်၍ မည်းညစ်သော အကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက် အဖို့ရှိ ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့၌ သင့်တင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏မူလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီး သော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏မူလည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြော ခြင်းငှာ၊ ဖြစ်စေခြင်းငှာ၊ ပြည့်စုံလုံလောက်ခြင်းငှာ အကြောင်းတည်း” ဤသို့လျှင် ဖြစ်ခြင်းတည်း။ 

**အဋ္ဌကထာနည်းကား** ခန္ဓာသဘောစသည်တို့၌ ထပ်တလဲလဲ မေးမြန်းခြင်း၊ အတွင်းအပြင် ဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုခြင်း၊ သဒ္ဓိန္ဒြေစသည်တို့ကို ညီမျှအောင် ကျင့်ခြင်း၊ ပညာမရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ပညာရှိသောပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ နက်နဲသော ဉာဏ်ကျက်စားမှုကို ဆင်ခြင်ခြင်း၊ ထိုဓမ္မဝိစယသမ္ဗောဇ္ဈင် အမြဲဖြစ် လိုခြင်း၊ ဤ ခုနစ်ပါးကုန်သော တရားတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကုန်၏။

ထိုခုနစ်ပါးတို့တွင် **“ခန္ဓာသဘောစသည်တို့၌ နားလည်အောင် မေးမြန်းခြင်း”**ဟူသည် ခန္ဓာ, ဓာတ်, အာယတန, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်,

http://www.dhammadownload.com



မဂ္ဂင်, ဈာန်, သမထ, ဝိပဿနာ တရားတို့၏ ဆိုလိုရင်းသဘောတို့၌ အမှီပြု၍ နားလည်အောင် ကြိမ်ဖန်များစွာ မေးမြန်းခြင်းတည်း။

"အတွင်းအပြင် ဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုခြင်း" ဟူသည် အတွင်းအပြင်၌ ဖြစ်ကုန်သော ဝတ္ထုပစ္စည်းတို့၏ သန့်ရှင်းမှုကို ပြုခြင်းတည်း။

ချဲ့၍ဆိုဦးအံ့၊ ထိုတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဆံပင်, လက်သည်း, ခြေသည်း, အမွေးတို့ ရှည်ခြင်း၊ ခန္ဓာကိုယ်၌ များသော သလိပ်, သည်းခြေ, လေဟူသော အပြစ်ရှိခြင်း၊ ချွေးအညစ်အကြေးတို့ လိမ်းကျံနေခြင်းသည် ကိုယ်တွင်းသန္တာန်၌ဖြစ်သော ဝတ္ထုပစ္စည်းတို့၏ မသန့်ရှင်း မစင်ကြယ်ခြင်း ဖြစ်၏။ ဤမှတစ်ပါး သင်္ကန်းသည် ဆွေးမြေ့ခြင်း၊ ညစ်နွမ်းခြင်း၊ အနံ့ မကောင်းခြင်း၊ ကျောင်းအိပ်ရာနေရာ သည်လည်း အမှိုက်ရှုပ်ခြင်းသည် ပြင်ပသန္တာန်၌ဖြစ်သော ဝတ္ထု ပစ္စည်း၏ မသန့်ရှင်း၊ မစင်ကြယ်ခြင်း ဖြစ်၏။



ထို့ကြောင့် ဆံပင်စသည်တို့ကို ရိတ်ဖြတ်ခြင်းအားဖြင့်လည်း ကောင်း၊ အထက်သို့ ပို့အန်စေခြင်း, အောက်သို့ သက်လျှောစေခြင်း အစရှိသည်တို့ဖြင့် ကိုယ်၏ပေါ့ပါးသည်ကို ပြုခြင်းအားဖြင့်လည်း ကောင်း၊ ချွေးစသည်တို့ကို ပွတ်တိုက်ခြင်း, ရေချိုးခြင်းအားဖြင့်လည်း ကောင်း၊ ကိုယ်တွင်းသန္တာန်၌ဖြစ်သော ဝတ္ထုကို သန့်ရှင်းစင်ကြယ် အောင် ပြုထိုက်၏။ သင်္ကန်းချုပ်ခြင်း, ဖွပ်လျှော်ခြင်း, ဆေးဆိုးခြင်း, အိပ်ရာနေရာ သန့်ရှင်းအောင် ပြုခြင်း စသည်တို့ဖြင့် ပြင်ပသန္တာန်၌ ဖြစ်သော ဝတ္ထုကို သန့်ရှင်းအောင် ပြုထိုက်၏။

http://www.dhammadownload.com



မှန်၏၊ အတွင်းအပြင်ဝတ္ထုသည် မသန့်ရှင်းသော် ဖြစ်ကုန်သော စိတ်စေတသိက်တို့၌ ဉာဏ်သည်လည်း မသန့်ရှင်း၊ မစင်ကြယ်နိုင်။ မစင်ကြယ်ကုန်သော ဆီမီးခွက်, မီးစာ, ဆီတို့ကို မှီ၍ ဖြစ်လာသော ဆီမီးလျှံ၏ မှိန်သောအရောင်ကဲ့သို့တည်း။

စင်စစ်ကား အတွင်းအပြင်ဝတ္ထုသည် သန့်ရှင်းသော် ဖြစ်ကုန်သော စိတ်စေတသိက်တို့၌ ဉာဏ်သည်လည်း သန့်ရှင်းစင်ကြယ်၏။ စင်ကြယ် ကုန်သော ဆီမီးခွက်, မီးစာ, ဆီတို့ကို မှီ၍ ဖြစ်သော ဆီမီးလျှံ၏ ထွန်းလင်း တောက်ပသော အရောင်ကဲ့သို့တည်း။ ထို့ကြောင့် "အတွင်း အပြင် ဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ ဖြစ်စေခြင်းငှာ ဖြစ်၏" ဟု မိန့်တော်မူ၏။

"သဒ္ဓိန္ဒြေစသည်တို့ကို ညီမျှအောင် ကျင့်ခြင်း" မည်သည် သဒ္ဓါ အစရှိကုန်သော ဣန္ဒြေတို့၏ ညီမျှမှုကို ပြုခြင်းတည်း။ 

ချဲ့၍ဆိုဦးအံ့၊ ထိုတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ သဒ္ဓိန္ဒြေသည် အားကောင်းသည်ရှိသော် တခြားကုန်သော ဣန္ဒြေ တို့သည် အားနည်းတတ်ကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့် ဝီရိယိန္ဒြေသည် သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်းကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်ပါ။ သတိန္ဒြေသည် အာရုံ၌တည်ခြင်းကိစ္စကို၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်း ကိစ္စကို၊ ပညိန္ဒြေသည် သိမြင်ခြင်းကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်ပါ။

ထို့ကြောင့် ထိုအားလွန်ကဲသောသဒ္ဓါကို အကြောင်းအကျိုး တရားသဘောကို ဆင်ခြင်ခြင်းအားဖြင့်သော်လည်းကောင်း၊ သဒ္ဓါအား လွန်ကဲမှု ဖြစ်စေတတ်သော စိတ်ထားမှုကို နှလုံးမသွင်းခြင်းအားဖြင့်

http://www.dhammadownload.com



လည်းကောင်း (လွန်သောအားကို) ယုတ်လျော့စေသင့်၏။ ဤနေရာ၌ ဝက္ကလိထေရ်အကြောင်းသည် ထုတ်ပြသင့်သော သာဓကတည်း။

ဝီရိယိန္ဒြေသည်လည်း အားကောင်းသည်ရှိသော် သဒ္ဓိန္ဒြေသည် ယုံကြည်ဆုံးဖြတ်ကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်။ တခြားကုန်သော ဣန္ဒြေတို့သည်လည်း တခြားဆိုင်ရာဆိုင်ရာ ကိစ္စတို့ကို ပြုခြင်းငှာ မစွမ်းနိုင်ကုန်။ ထို့ကြောင့် ထိုအားလွန်ကဲသော ဝီရိယကို ငြိမ်းအေးခြင်းစသည်တို့ကို ဖြစ်စေခြင်းအာဖြင့် (လွန်သောအားကို) ယုတ်လျော့စေသင့်၏။ ထိုနေရာ၌လည်း သောဏထေရ်အကြောင်းကို ထုတ်ပြထိုက်၏။

ဤသို့လျှင် ကြွင်းကျန်သော ဣန္ဒြေတို့တွင်လည်း တစ်ပါးသော ဣန္ဒြေအားကောင်းသည်ရှိသော် အခြားသော ဣန္ဒြေတို့၏ မိမိ၏ဆိုင်ရာ ကိစ္စတို့၌ မစွမ်းနိုင်ခြင်းတို့ကို သိထိုက်ကုန်၏။



အထူးအားဖြင့် ဤဣန္ဒြေတို့တွင် သဒ္ဓါပညာတို့၏လည်းကောင်း၊ သမာဓိ ဝီရိယတို့၏လည်းကောင်း ညီမျှခြင်းကို ချီးမွမ်းကြကုန်၏။ ချဲ့၍ဆိုဦးအံ့၊ သဒ္ဓါလွန်၍ ပညာနည်းသောပုဂ္ဂိုလ်သည် မဟုတ်ရာ၌ ကြည်ညိုတတ်၏။ ကြည်ညိုဖွယ်မဟုတ်သော အရာ၌ ကြည်ညိုတတ်၏။ ပညာလွန်ကဲ၍ သဒ္ဓါနည်းသော ပုဂ္ဂိုလ်သည် ကောက်ကျစ်စဉ်းလဲ (အထွင့်တက်) တတ်၏။ ဆေးလွန်ခြင်းကြောင့် ဖြစ်သော ရောဂါသည် ဆေးကု၍ မရနိုင်သကဲ့သို့တည်း။ ကုသိုလ်ဟူသည် စိတ်ဖြစ်ရုံမျှဖြင့် ဖြစ်နိုင်၏ဟု ပညာလွန်၍ ဒါနစသည်တို့ကို မပြုသည်ရှိသော် ငရဲ၌ ဖြစ်တတ်၏။ သဒ္ဓါပညာနှစ်ဖြာတို့ ညီမျှကုန်သည်ရှိသော် ကြည်ညို ထိုက်သော အရာ၌သာ ကြည်ညို၏။

http://www.dhammadownload.com



သမာဓိလွန်ကဲ, ဝီရိယနည်းသောပုဂ္ဂိုလ်ကို သမာဓိ၏ ပျင်းရိခြင်းသို့ ရောက်တတ်သောကြောင့် ပျင်းရိခြင်းသည် နှိပ်စက်တတ်၏။ ဝီရိယလွန်ကဲ သမာဓိနည်းသောပုဂ္ဂိုလ်ကို ဝီရိယ၏ ပျံ့လွင့်ခြင်းသို့ ရောက်တတ်သောကြောင့် ပျံ့လွင့်ခြင်းသည် နှိပ်စက်တတ်၏။

ဝီရိယရှိသော သမာဓိသည်ကား ပျင်းရိခွင့်ကို မရ၊ သမာဓိရှိသော ဝီရိယသည် ပျံ့လွင့်ခွင့်ကို မရ။ ထို့ကြောင့် ထိုသမာဓိဝီရိယ နှစ်ပါးစုံကိုလည်း ညီမျှအောင် ပြုထိုက်၏။ မှန်၏၊ သဒ္ဓါပညာ, ဝီရိယသမာဓိ နှစ်ပါးစုံတို့ ညီမျှသောကြောင့်သာ အပ္ပနာစိတ်သည် ဖြစ်၏။

စိုးစဉ်းအနည်းငယ် ဆိုဖွယ်ရှိသေး၏။ သမာဓိအလုပ်အားထုတ်သော ပုဂ္ဂိုလ်အား သဒ္ဓါအားကြီးမှုသည်လည်း ဖြစ်သင့်၏။ ဤသို့ သဒ္ဓါအားကြီးလတ်သော် သဒ္ဓါဖြင့် ယုံကြည်သော, သဒ္ဓါဖြင့် သက်ဝင်သော ပုဂ္ဂိုလ်သည် မြင့်မြတ်သော အပ္ပနာသို့ ရောက်လတ္တံ့။

သမာဓိပညာတို့တွင် သမာဓိအလုပ်အားထုတ်သော ပုဂ္ဂိုလ်၏ တစ်ခု တည်းသော အာရုံ၌ တည်သော သမာဓိသည် အားကြီးလတ်သော် သင့်၏။ အကျိုးကား ဤသို့ တစ်ခုတည်းသော အာရုံ၌ တည်သော သမာဓိအားကြီးသောပုဂ္ဂိုလ်သည် အပ္ပနာစျာန်သို့ ရောက်၏။

ဝိပဿနာအလုပ် အားထုတ်သော ပုဂ္ဂိုလ်၏ ပညာသည် အားကြီးလတ်သော် သင့်၏။ အကျိုးကား ဤသို့ ပညာအားကြီးသော ပုဂ္ဂိုလ်သည် အနိစ္စစသော လက္ခဏာကို ထိုးထွင်း၍သိခြင်းသို့ ရောက်၏။ သမာဓိပညာ နှစ်ပါးစုံတို့လည်း ညီမျှကုန်လတ်သော် မြင့်မြတ်သော အပ္ပနာသည် ဖြစ်တော့သည်သာ။

http://www.dhammadownload.com

http://www.dhammadownload.com



ဝီရိယသမ္ဗောဇ္ဈင်၏မူလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်မူ၏လည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ဖြစ်စေခြင်းငှာ၊ ပြည့်စုံလုံလောက်ခြင်းငှာ အကြောင်းတည်း” ဤသို့လျှင် ဖြစ်ခြင်းတည်း။

**အဋ္ဌကထာနည်းကား** အပါယ်ဘေးကို ဆင်ခြင်ခြင်း၊ ဝီရိယ၏ အကျိုးကို သိမြင်ခြင်း၊ မြတ်သောပုဂ္ဂိုလ်တို့သွားခဲ့သော လမ်းစဉ်ကို ဆင်ခြင်ခြင်း၊ ဆွမ်း ဆွမ်းလောင်းသူတို့၏အပေါ်၌ လေးစားခြင်း၊ မြတ်သော အမွေခံနိုင်မှုကို ဆင်ခြင်ခြင်း၊ မြတ်စွာဘုရား၏ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း၊ အမျိုးဇာတ်မြင့်မြတ်မှုကို ဆင်ခြင်ခြင်း၊ သီတင်းသုံးဖော်တို့၏ မြင့်မြတ်တို့ကို ဆင်ခြင်ခြင်း၊ ပျင်းရိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ဝီရိယဖြင့် အားထုတ်လေ့ရှိသောပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ ထိုဝီရိယသမ္ဗောဇ္ဈင် အမြဲဖြစ်လိုခြင်း၊ ဤတစ်ဆယ့်



တစ်ပါးသော တရားတို့သည် ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကုန်၏။

ထိုတစ်ဆယ့်တစ်ပါးတို့တွင် ငရဲတို့၌ နှောင်ဖွဲ့မှုငါးမျိုး ညှဉ်းပန်း

http://www.dhammadownload.com



မည်သော အသုရာတို့၌ အတောင်ခြောက်ဆယ်, ရှစ်ဆယ်အတိုင်းအရှည် ရှိသော အရိုးအရေမျှသာရှိသော အတ္တဘောဖြင့် လေ နေပူစသည် တို့ကြောင့် ဖြစ်သော ဆင်းရဲကို ခံစားရာအခါ၌လည်းကောင်း ဝီရိယ သမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်။ အို ရဟန်း, ဤလူ့စင်စစ် ရဟန်းဖြစ်ခိုက်အခါသည်သာ သင့်အတွက် ဝီရိယကို ပြုခြင်းငှာ အခွင့် ကောင်းတည်း။ ဤသို့ အပါယ်ဘေးကို ဆင်ခြင်သော ပုဂ္ဂိုလ်၏သန္တာန်၌ လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။

ပျင်းရိသောပုဂ္ဂိုလ်သည် ကိုးပါးသော လောကုတ္တရာတရားကို မရနိုင်။ ဝီရိယဖြင့် အားထုတ်သောပုဂ္ဂိုလ်သည်သာ ကိုးပါးသော လောကုတ္တရာတရားကို ရနိုင်၏။ ဤသို့ အကျိုးရခြင်းသည် ဝီရိယ၏ အကျိုးတည်း။

ဤသို့လျှင် ဝီရိယ၏အကျိုးကို သိမြင်သောပုဂ္ဂိုလ်၏သန္တာန်၌ လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။ အလုံးစုံသော ဘုရားရှင် ပစ္စေက ဗုဒ္ဓါ မဟာသာဝကတို့သွားခဲ့သော လမ်းစဉ်ကိုသာ သင်သည် သွား ထိုက်၏။ ထိုလမ်းစဉ်ကို ပျင်းရိသူသည် မသွားနိုင်။ ဤသို့လျှင် မြတ်သော ပုဂ္ဂိုလ်တို့သွားခဲ့သော လောကုတ္တရာလမ်းစဉ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။ 

"သင်ရဲ့ဆွေမျိုးလည်း မတော်၊ အခိုင်းအစေ အလုပ်သမား လည်းမဟုတ်တဲ့၊ ဒီလူတွေဟာ သင့်ကို ဆွမ်းစတာတွေဖြင့် ပြုစုလုပ် ကျွေးကြတယ်။ သင့်ကို အားကိုးရမှု အသက်မွေးနိုင်ကြလိမ့်မယ်လို့ နှလုံးသွင်းပြီး သင့်အတွက် မွန်မြတ်တဲ့သက်န်းစတာတွေကို ပေးလှူ ကြတာမဟုတ်။ တကယ်တော့ ကိုယ်လုပ်တဲ့ ကောင်းမှုကံတို့ရဲ့ ကြီးမား မြင့်မြတ်တဲ့အကျိုးကို သိမြင် တောင့်တကြပြီး ပေးလှူကြတာပါ"။

http://www.dhammadownload.com



မြတ်စွာဘုရားသည်လည်း "ဤသံဃာအပေါင်းဟာ ပစ္စည်းလေးပါး ဘုဉ်းပေးသုံးဆောင် ကိုယ်အလွန်ကျန်းမာပြီး ချမ်းချမ်းသာသာ နေနိုင်လိမ့်မယ်"ဟု သိမြင်၍ သင့်အတွက် ပစ္စည်းလေးပါးတွေကို ခွင့်ပြုထားတာမဟုတ်။

တကယ်တော့ "ဤသံဃာအပေါင်းဟာ ပစ္စည်းလေးပါးတို့ကို ဘုဉ်းပေးသုံးဆောင်ရလို့ ရဟန်းတရားကို ကျင့်နိုင်ပြီး ဝဋ္ဋဆင်းရဲမှ ထွက်မြောက်လိမ့်မယ်"ဟု သိမြင်၍ သင့်အတွက် ပစ္စည်းလေးပါးတွေကို ခွင့်ပြုထားတာ။ အခု သင်ဟာ ပျင်းရိပြီးနေမယ်ဆိုလျှင် ထိုဆွမ်းစတဲ့ ပစ္စည်းလေးပါးကို လေးစားရာရောက်မည်မဟုတ်။ မှန်၏၊ ဝီရိယဖြင့် အားထုတ်လေ့ရှိသော ပုဂ္ဂိုလ်မှသာ ဆွမ်း ဆွမ်းလောင်းသူကို လေးစားရာရောက်မည်။ ဤသို့ ဆွမ်း ဆွမ်းလောင်း သူကို လေးစားခြင်းကို ဆင်ခြင်သော ရဟန်း၏သန္တာန်၌လည်း အယျမိတ္တထေရ်ကဲ့သို့လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။



ဖြစ်ပုံကား အယျမိတ္တထေရ်သည် ကဿကမည်သောလိုဏ်ဂူ၌ သီတင်းသုံး၏။ ထိုထေရ်၏ဆွမ်းခံရွာ၌လည်း ဥပါသိကာမကြီးတစ်ယောက်သည် မထေရ်ကို သားအနေဖြင့် စိတ်ထား၍ ပြုစုလုပ်ကျွေး၏။

တစ်နေ့သ၌ ထိုဥပါသိကာမကြီးသည် တောသို့ သွားခါနီး သမီးကို "သမီး ဟိုနေရာမှာ ဆန်ဟောင်းလေး ရှိတယ်။ ဟိုနေရာမှာ ထောပတ်၊ ဟိုနေရာမှာ နွားနို့၊ ဟိုနေရာမှာ တင်လဲ ရှိတယ်။ သင်ရဲ့ အကိုကြီး အယျမိတ္တကြွလာတဲ့အခါ ဆွမ်းချက်ပြီး နွားနို့ ထောပတ် တင်လဲတွေနဲ့ လောင်းလှူလိုက်ပါ။ နင့်လည်း စားပေါ့။ အမေကတော့

http://www.dhammadownload.com



မနေ့က ချက်လို့ကျန်တဲ့ထမင်းကြမ်းကို ပုံးရည်ဟင်းနဲ့ စားသွားမယ်'ဟု ပြောဆို၏။

"အမေ၊ နေ့လည်ပြန်လာရင် ဘာကို စားမလဲ"ဟု သမီးက ပြန်မေးပြီ။ "သမီး၊ ဆန်ကွဲတွေနဲ့ဟင်းရွက်ကို ထည့်ပြီး ယာဂုချဉ်ကို ကျိုထားလိုက်ပေါ့"ဟု အမေက ပြောသွားလေ၏။

မထေရ်သည် သက်န်းကို ရုံပြီး သပိတ်ကို သပိတ်အိတ်မှ ထုတ်ယူနေစဉ်ပင်လျှင် မှာကြားနေသော ထိုအသံကို ကြားရ၍ "ဥပါသိကာမကြီးဟာ ပုံးရည်ဟင်းနဲ့ ထမင်းကြမ်းကို စားသတဲ့၊ နေ့လည်စာလည်း ဟင်းရွက်ပြုတ် ယာဂုချဉ်ကို စားမယ်တဲ့။ သင့်အတွက်ကိုတော့ ဆန်ဟောင်းဆိုတာတွေကို မှာနေတယ်။ ဒီဥပါသိကာမကြီးဟာ ငါကို အားကိုးပြီး လယ်၊ ယာ၊ ထမင်း၊ အဝတ်တွေကို တောင့်တတာ မဟုတ်ဘူး။ တကယ်တော့ လူ နတ် နိဗ္ဗာန် သုံးတန်ပြည့်စုံမှုတွေကို လိုလားလို့သာ လှူရှာတာ၊ သင်ဟာ ဒီဥပါသိကာမကြီးအတွက် အဲဒီပြည့်စုံမှုတွေကို ပေးစွမ်းနိုင်သလား၊ မပေးစွမ်းနိုင်ဘူးလား"ဟု မိမိကိုယ်ကို ဆုံးမပြီ။

ဆုံးမပြီးရာအခါ၌ "ဒီဆွမ်းကို သင်ဟာ ရာဂဒေါသမောဟရှိတဲ့စိတ်နဲ့ ခံယူဖို့ မကောင်း" ဟု မိမိကိုယ်ကို ဆုံးမ၍ သပိတ်ကို သပိတ်အိတ်၌ ပြန်ထည့်ပြီး အထုံးကို ဖြည်၍ ပြန်လှည်ပြီး ကဿက လိုဏ်ဂူသို့သာ သွား၍ သပိတ်ကို ကုဋင်အောက်၌လည်းကောင်း, သက်န်းကို သက်န်းတန်းဝါး၌လည်းကောင်း ထားပြီး၍ "ငါဟာ အရဟတ္တဖိုလ်ကို မရောက်မချင်း လိုဏ်ဂူမှ မထွက်တော့"ဟု ဝီရိယကို ဆောက်တည်၍

http://www.dhammadownload.com



ထိုင်နေ၏။ နေ့ရောညဉ့်ပါ ကာလပတ်လုံး မမေ့မလျော့ မပေါ့မဆ တတ်သော သတိဉာဏ်ရှိသည်ဖြစ်၍ တရားဖြင့်နေသော ထိုရဟန်းသည် ဝိပဿနာဉာဏ်ကို တိုးပွားစေလျက် ဆွမ်းမစားမှီ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ ပွင့်လန်းသော ပဒုမ္မာကြာကဲ့သို့ မြတ်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ပြုံးရွှင်လျက်သာလျှင် ထိုင်နေပြီ။

လိုဏ်တံခါးအနီး၌ ရှိသော သစ်ပင်ကို စိုးအုပ်နေသောနတ်သည် "ဆင်းရဲကင်းပျောက် ချမ်းသာရောက်သော အရှင်မြတ်ဘုရား၊ အာသဝေါတရားတို့ကင်းကုန်သော အရှင်မြတ်သည် မြတ်သောအလှူကို ခံထိုက်ပါပေ၏။ ယောကျ်ားအာဇာနည် ပီသတော်မူသော အရှင်မြတ်ဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏။ ယောကျ်ားမြတ်ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏"ဟု ဥဒါန်းစကားကို ကျူးရင့်၍ "အရှင်မြတ်ဘုရား၊ ဆွမ်းခံကြွတော်မူကြတဲ့ အရှင်ဘုရားတို့လို ရဟန္တာတွေအား ဆွမ်းလှူရခြင်းကြောင့် မိန်းမအိုကြီးတွေဟာ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါလိမ့်မယ်"ဟု လျှောက်ပြီ။

မထေရ်သည် ထ၍ လိုဏ်ဂူတံခါးကို ဖွင့်လျက် အချိန်ကို ကြည့်သော် "စောသေးသည်သာ" ဟု သိ၍ သပိတ်သင်္ကန်းကို ယူ၍ ရွာသို့ ဝင်သွားလေပြီ။

သတို့သမီးငယ်သည်လည်း ဆွမ်းကို စီစဉ်ပြီး၍ "ငါ့ရဲ့အကိုကြီး အခုလာတော့မယ်၊ အခုတော့ပဲ လာတော့မယ်"ဟု တံခါးဝကို ကြည့်လျက် ထိုင်နေပြီ။ ထိုသတို့သမီးငယ်သည် အိမ်တံခါးဝသို့ မဟာထေရ် ရောက်လတ်သော် သပိတ်ကို ယူ၍ ထောပတ်, တင်လဲတို့ဖြင့် ရောထားသော နွားနို့ဆွမ်းဖြင့် ဖြည့်၍ မထေရ်၏လက်၌ ပြန်ကပ်လေပြီ။

http://www.dhammadownload.com



မထေရ်သည် "ချမ်းသာပါစေ"ဟု ဝမ်းမြောက်စေမှုကို ပြု၍ ပြန်ကြွလေပြီ။ ထိုသတို့သမီးငယ်သည်လည်း မထေရ်ကို ဖူးမြင်လျက်သာ ရပ်နေပြီ။ ထိုအခါ၌ မထေရ်၏ ကိုယ်အရေအဆင်းသည် အလွန် သာလျှင် စင်ကြယ်နေ၏။ ဣန္ဒြေတို့သည်လည်း အလွန်ကြည်လင် ကုန်၏။ မျက်နှာသည် အညှာမှ ကြွေကျပြီးခါစ ထန်းသီးမှည့်ကဲ့သို့ အလွန်တင့်တယ်နေကုန်၏။

ဥပါသိကာမကြီးသည် တောမှ ပြန်လာ၍ "သမီး၊ သင့်အကိုကြီး ကြွလာပြီလား"ဟု မေးလေပြီ။ ထိုသတို့သမီးငယ်သည် ထိုဖြစ်ပုံ အလုံးစုံကို ပြောပြလေပြီ။ ဥပါသိကာမကြီးသည် "ယနေ့ ငါ့ရဲ့သားကြီး ရဟန်းတော့ ရဟန်းကိစ္စကို အထွတ်အထိပ်ရောက်ပြီ"ဟု သိ၍ "သမီး၊ နင့်အကိုကြီးကတော့, ဒီဘုရားသာသနာတော်မှာ အပျော်ကြီးပျော် နေပြီ၊ လူမထွက် တော့ဘူး"ဟု ပြောပြလေပြီ။

ဤအရိယာဥစ္စာ ခုနစ်ပါးတို့မည်သည် မြတ်စွာဘုရားရှင်၏ မြတ်သော အမွေတော်တို့တည်း။ ထိုမြတ်သော အမွေကို ပျင်းရိသူသည် မခံယူနိုင်။

အကျင့်ပျက်သော သားသမီးတို့ကို မိဘတို့သည် "ဒီသား ဒီသမီးဟာ ငါတို့ သားသမီး မဟုတ်"ဟု သားသမီးအဖြစ်မှ အမွေဖြတ် ကြကုန်၏။ ထိုသားသမီးသည် ထိုမိဘတို့ကွယ်လွန်ရာအခါ၌ အမွေကို မရနိုင်သကဲ့သို့ ထို့အတူ ပျင်းရိသောသူသည်လည်း ဤအရိယာဥစ္စာ ခုနစ်ပါးဟူသော မြတ်သောအမွေကို မရနိုင်။ ဝီရိယဖြင့် အားထုတ်လေ့ ရှိသောသူသည်သာ အမွေကို ရနိုင်၏။ ဤသို့ မြတ်သော အမွေခံနိုင် မှုကို ဆင်ခြင်သောပုဂ္ဂိုလ်၏သန္တာန်၌လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။

http://www.dhammadownload.com



"သင်၏ဘုရားရှင်သည် မြင့်မြတ်လှပါပေ၏၊ သင်၏ဘုရားရှင်၏ အမိဝမ်းတိုက်၌ ပဋိသန္ဓေယူရာအခါ၌လည်း၊ တောထွက်ရာအခါ၌ လည်း၊ ဘုရားဖြစ်ရာအခါ၌လည်း၊ ဓမ္မစကြာတရားဟောရာ, ရေမီးအစုံ တန်ခိုးပြာဋိဟာပြရာ, တာဝတိံသာနတ်ပြည်မှ သက်ဆင်းရာ, အာယု သင်္ခါရလွှတ်ရာအခါတို့၌လည်း၊ ပရိနိဗ္ဗာန်စံရာအခါ၌လည်း တစ်သောင်း သော စကြဝဠာလောကဓာတ်သည် တုန်လှုပ်ခဲ့လေပြီ။

ဤသို့ မြင့်မြတ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီး ပျင်းရိနေခြင်းငှာ သင့်အား မသင့်တော်" ဤသို့လျှင် မြတ်စွာ ဘုရား၏ မြင့်မြတ်မှုကို ဆင်ခြင်သောပုဂ္ဂိုလ်၏သန္တာန်၌လည်း ဝီရိယ သမ္ဗောဇ္ဈင်သည် ဖြစ်၏။



"ယခုအခါ၌ သင်သည် အမျိုးအားဖြင့် အမျိုးညံ့သူ မဟုတ်၊ ယုတ်ညံ့မှုမရောသော မဟာသမ္မတမင်းအနွယ်မှ ဆင်းသက်လာသော ဉက္ကာပမင်းအနွယ်၌ ဖြစ်သူတည်း။

သုဒ္ဓေါဒနမင်းကြီး၊ မြတ်သော မဟာမာယာဒေဝီတို့၏ မြေး တော်သူတည်း။ ရာဟုလာအရှင်မြတ်၏ ညီငယ်တည်း။ ဤသို့သော ဘုရားသားတော်ဖြစ်သော သင်သည် ပျင်းရိခြင်းဖြင့် နေခြင်းငှာ မသင့်" ဤသို့လျှင် အမျိုးဇာတ် မြင့်မြတ်မှုကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ မဟာသာဝက ရှစ်ကျိပ်တို့သည်လည်း ဝီရိယဖြင့်သာလျှင် လောကုတ္တရာတရားကို

http://www.dhammadownload.com



**မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိသည်"ဟု သိ၏။**

———————————

ထိုးထွင်း၍ သိခဲ့ကြကုန်ပြီ။ သင်သည် ဤမြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ လမ်းစဉ်ကို ကျင့်နေသူလော၊ မကျင့်သူလော" ဤသို့ သီတင်းသုံးဖော်တို့၏ မြင့်မြတ်ခြင်းကို ဆင်ခြင်သောပုဂ္ဂိုလ်၏သန္တာန်၌လည်း ဝီရိယ သမ္ဗောဇ္ဈင်သည် ဖြစ်၏။

အစာဖြင့် ဝမ်းပြည့်ပြီးတည်နေသော စပါးကြီးမြွေနှင့်တူသော ကိုယ်ဝီရိယ စိတ်ဝီရိယစွန့်ထားကုန်သော ပျင်းရိသောပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်သောပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ ဝီရိယဖြင့် အားထုတ်ကုန်သော, နိဗ္ဗာန်သို့ ရောက်လိုသော စိတ်ရှိကုန်သောပုဂ္ဂိုလ်တို့ကို ပေါင်းသင်းသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ ဝီရိယကို ဖြစ်စေခြင်းအကျိုးငှာ ညွတ်ကိုင်းယိမ်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း ဝီရိယသမ္ဗောဇ္ဈင်သည် ဖြစ်၏။

ဤသို့လျှင် တစ်ဆယ့်တစ်ပါးကုန်သော တရားတို့ကြောင့် ထိုဖြစ်ပေါ်လာသော ဝီရိယသမ္ဗောဇ္ဈင်၏ ဘာဝနာကို ပြည့်စုံခြင်းသည် အရဟတ္တမဂ်ကြောင့် ဖြစ်၏ဟု သေချာသိ၏။

**ပီတိသမ္ဗောဇ္ဈင်၏** "ရဟန်းတို့၊ ပီတိသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့၌ သင့်တင့်သော

http://www.dhammadownload.com



စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏မူလည်း ဖြစ်စေခြင်းငှာလည်းကောင်း၊ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်၏မူလည်း လွန်စွာဖြစ်ခြင်း၊ ပြန့်ပြောခြင်း၊ ဖြစ်စေခြင်း၊ ပြည့်စုံလုံလောက်ခြင်းငှာလည်းကောင်း အကြောင်းတည်း" ဤသို့လျှင် ဖြစ်ခြင်းတည်း။

ထိုတရားတို့၌ ရှေးရှေးပီတိသည်ပင် နောက်နောက် ပီတိသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော တရားတို့မည်၏။ ထိုပီတိကို ဖြစ်စေတတ်သော စိတ်ထားမှုသည် ယောနိသော မနသိကာရ မည်၏။

အဋ္ဌကထာနည်းကား ဘုရား၏ဂုဏ်တော်တို့ကို ကြိမ်ဖန်များစွာ အမှတ်ရခြင်း၊ တရားတော်၏ဂုဏ်တော်၊ သံဃာ၏ဂုဏ်တော်၊ မိမိ၏ စင်ကြယ်သောသီလဂုဏ်၊ မိမိ၏စွန့်ကြဲခြင်းဂုဏ်၊ နတ်တို့ဖြစ်ခဲ့သော သဒ္ဓါစသည်တို့နှင့် တူသော မိမိသဒ္ဓါစသောဂုဏ်တို့၊ နိဗ္ဗာန်ငြိမ်းအေးခြင်း ဂုဏ်တို့ကို ကြိမ်ဖန်များစွာ အမှတ်ရခြင်း၊ ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ သိမ်မွေ့သောပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ ကြည်ညို ဖွယ်ကောင်းသော သုတ္တန်တို့ကို ဆင်ခြင်ခြင်း၊ ထိုပီတိသမ္ဗောဇ္ဈင် အမြဲ ဖြစ်လိုခြင်း၊ ဤတစ်ဆယ့်တစ်ပါးသော တရားတို့သည် ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကြကုန်၏။



ချဲ့ဦးအံ့၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ကြိမ်ဖန်များစွာ အမှတ် ရသောပုဂ္ဂိုလ်၏သန္တာန်၌လည်း ဥပစာရဘာဝနာတိုင်အောင် တစ်ကိုယ် လုံးကို ဖြန့်နှံ့၍ဖြစ်သော ပီတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ တရားတော် သံဃာတော်တို့၏ဂုဏ်တို့ကို ကြိမ်ဖန်များစွာ အမှတ်ရသော ပုဂ္ဂိုလ်၏

http://www.dhammadownload.com

http://www.dhammadownload.com



မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိသည်"ဟု သိ၏။

http://www.dhammadownload.com



မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏မူလည်း ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏မူလည်း လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ဖြစ်စေခြင်းငှာ၊ ပြည့်စုံလုံလောက်ခြင်းငှာ အကြောင်းတည်း" ဤသို့လျှင် ဖြစ်ခြင်းတည်း။

**အဋ္ဌကထာနည်းကား** မွန်မြတ်သော ဘောဇဉ်ကို သုံးဆောင်ခြင်း၊ ရာသီဥတုကောင်းကို မှီဝဲရခြင်း၊ ဣရိယာပုတ်ကို ချမ်းသာစွာ မှီဝဲရခြင်း အလယ်အလတ်အားထုတ်ခြင်း၊ ကြမ်းတမ်းသော ကိုယ်ရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ငြိမ်းအေးသော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ ထိုပဿဒ္ဓိသမ္ဗောဇ္ဈင် အမြဲဖြစ်လိုခြင်း၊ ဤခုနစ်ပါးကုန်သော တရားတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကုန်၏။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ကောင်းမွန်နူးညံ့သော သင့်တင့်သော စားစရာကို စားရသောပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ အအေးအပူ ရာသီဥတုတို့၌ သင့်တင့်လျောက်ပတ်သော ရာသီဥတုကို မှီဝဲရသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ ရပ်ခြင်းစသော ဣရိယာပုတ်တို့၌လည်း သင့်တင့်သော ဣရိယာပုတ်ကို မှီဝဲသောပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဖြစ်၏။

ဤစကားရပ်ကို မြင့်မြတ်သော ယောကျ်ားမျိုးဖြစ်သော အလုံးစုံသော ရာသီဥတု ဣရိယာပုတ်တို့၌ ခံနိုင်ရည်ရှိသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဆိုခဲ့သည် မဟုတ်။

http://www.dhammadownload.com



**မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။**

---

သင့်တင့် မသင့်တင့်သော ရာသီဥတု ဣရိယာပုတ်တို့နှင့် ကြုံရသူ၏ မသင့်တင့်သော ရာသီဥတု ဣရိယာပုတ်ကို ရှောင်ကြဉ်၍ သင့်တင့်သည်တို့ကိုသာ မှီဝဲသောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်၏။

မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်းကို "အလယ်အလတ် အားထုတ်ခြင်း"ဟူ၍ ဆိုထိုက်၏။ ဤ အလယ်အလတ်အားထုတ်မှုကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏။

ခဲ, တုတ် စသည်တို့ဖြင့် သူတစ်ပါးကို ညှဉ်းဆဲမှုပြုကျင့်တတ်သော သဘောရှိသော ကြမ်းတမ်းသော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ စောင့်ရှောက်ထားသော ခြေလက်အမူအရာရှိသော ငြိမ်းအေးသော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို မှီဝဲသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ ရပ်ခြင်း, ထိုင်ခြင်းစသည်တို့၌ ပဿဒ္ဓိကို ဖြစ်စေခြင်းအကျိုးငှာ ညွတ်ကိုင်းယိမ်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဖြစ်၏။

http://www.dhammadownload.com



**မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ သမာဓိ သမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် မရှိသည်"ဟု သိ၏။**

**မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။**

— — — — — — — — — —

ဤသို့လျှင် ခုနစ်ပါးကုန်သော တရားတို့ကြောင့် ဖြစ်ပေါ်လာသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဘာဝနာကို ပြည့်စုံခြင်းသည် အရဟတ္တမဂ်ကြောင့် ဖြစ်၏ဟု သေချာသိ၏။

**သမာဓိသမ္ဗောဇ္ဈင်၏** "ရဟန်းတို့၊ သမာဓိနိမိတ်သည်လည်းကောင်း အဗျဂ္ဂနိမိတ်သည်လည်းကောင်း ရှိကုန်၏။ ထိုတရားတို့၌ သင့်တင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏မူလည်း ဖြစ်စေခြင်းငှာလည်းကောင်း၊ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်၏မူလည်း လွန်စွာဖြစ်ခြင်း၊ ပြန့်ပြောခြင်း၊ ဖြစ်စေခြင်း၊ ပြည့်စုံလုံလောက်ခြင်းငှာလည်းကောင်း အကြောင်းတည်း။" ဤသို့လျှင် ဖြစ်ခြင်းတည်း။

ဤစကားရပ်၌ ရှေးရှေးသမထသည်ပင် နောက်နောက်သမထ၏ အကြောင်း၏အဖြစ်ကြောင့် သမထနိမိတ် မည်၏။ သမထသည်ပင် မပျံ့လွင့်သောသဘောကြောင့်လည်း အဗျဂ္ဂနိမိတ် မည်၏။ ဤသို့ သိထိုက်၏။

http://www.dhammadownload.com



**အဋ္ဌကထာနည်းကား** အတွင်းအပြင် ဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုခြင်း၊ သဒ္ဓိန္ဒြေစသည်တို့ကို ညီမျှအောင် ကျင့်ခြင်း၊ အကြောင်းအာရုံ၌ ကျွမ်းကျင်ခြင်း၊ ချီးမြှောက်သင့်ရာအခါ၌ စိတ်ကို ချီးမြှောက်ခြင်း၊ နှိပ်ကွပ်သင့်ရာအခါ၌ စိတ်ကို နှိပ်ကွပ်ခြင်း၊ ရွှင်လန်းစေသင့်ရာအခါ၌ စိတ်ကို ကောင်းစွာရွှင်လန်းစေခြင်း၊ လျစ်လျူရှုသင့်ရာအခါ၌ စိတ်ကို သင့်သောအားဖြင့် လျစ်လျူရှုခြင်း၊ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်း၊ ထိုသမာဓိသမ္ဗောဇ္ဈင် အမြဲဖြစ်လိုခြင်း၊ ဤတစ်ဆယ့်တစ်ပါးသော တရားတို့သည် သမာဓိ သမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကြကုန်၏။



ထိုတစ်ဆယ့်တစ်ပါးသောတရားတို့တွင် **ဝတ္ထုကို သန့်ရှင်းအောင် ပြုခြင်းကိုလည်းကောင်း၊ သဒ္ဓိန္ဒြေစသည်တို့ကို ညီမျှအောင် ကျင့်ခြင်း၊ ကိုလည်းကောင်း** ဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် သိထိုက်၏။

**"အကြောင်းအာရုံ၌ ကျွမ်းကျင်ခြင်း"** မည်သည် ကသိုဏ်း အာရုံ နိမိတ်ကို သင်ယူခြင်း၌ ကျွမ်းကျင်ခြင်းတည်း။

**"ချီးမြှောက်သင့်ရာအခါ၌ စိတ်ကို ချီးမြှောက်ခြင်း"** ဟူသည် ဝီရိယမရှိ အလွန်ပျင်းရိခြင်းစသည်တို့ကြောင့် တွန့်ဆုတ်သော စိတ်ဖြစ်ရာ အခါ၌ ဓမ္မဝိစယ, ဝီရိယ, ပီတိသမ္ဗောဇ္ဈင်ကို ကောင်းစွာဖြစ်စေခြင်း အားဖြင့် ထိုတွန့်ဆုတ်သောစိတ်ကို ချီးမြှောက်ခြင်းတည်း။

**"နှိပ်ကွပ်သင့်ရာအခါ၌ စိတ်ကို နှိပ်ကွပ်ခြင်း"**ဟူသည် အလွန် အားထုတ်သော ဝီရိယရှိခြင်း စသည်တို့ကြောင့် ပျံ့လွင့်သောစိတ်ဖြစ်ရာ

http://www.dhammadownload.com



အခါ၌ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်ကို ကောင်းစွာဖြစ်စေခြင်းအားဖြင့် ထိုပျံ့လွင့်သောစိတ်ကို နှိပ်ကွပ်ခြင်းတည်း။

**"ရွှင်လန်းစေသင့်ရာအခါ၌ စိတ်ကို ကောင်းစွာ ရွှင်လန်းစေခြင်း"** ဟူသည် အသိဉာဏ်လုံ့လ အားနည်းခြင်းကြောင့်လည်းကောင်း၊ ငြိမ်းအေးမှုချမ်းသာကို မရခြင်းကြောင့်လည်းကောင်း သာယာခြင်းမရှိသော စိတ်ဖြစ်ရာအခါ၌ ရှစ်ပါးသောဉာဏ်ဖြင့် ထိတ်လန့်စရာအကြောင်းရင်းတို့ကို ဆင်ခြင်ခြင်းအားဖြင့် ထိတ်လန့်စေရ၏။

မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း လေးပါးမျိုးတို့လည်းကောင်း၊ ငါးခုမြောက် အပါယ်ဆင်းရဲလည်းကောင်း၊ အတိတ်၌ဖြစ်သော သံသရာဝဋ်အကြောင်းရင်းဆင်းရဲလည်းကောင်း၊ အနာဂတ်၌ ဖြစ်လတ္တံ့သော သံသရာဝဋ်အကြောင်းရင်းဆင်းရဲလည်းကောင်း၊ ပစ္စုပ္ပန်၌ ဖြစ်နေသော အာဟာရကို ရှာမှီးရခြင်းအကြောင်းဆင်းရဲလည်းကောင်း ဤရှစ်ပါးတို့သည် **"ဉာဏ်ဖြင့် ထိတ်လန့်စရာ အကြောင်းရင်းတို့"** မည်ကုန်၏။ ၁၉၁

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ကြိမ်ဖန်များစွာ အောက်မေ့ခြင်းဖြင့် ကြည်လင်မှုကို ဖြစ်စေ၏။ ဤဉာဏ်ဖြင့် ထိတ်လန့်ခြင်း။ ကြည်လင်မှုကို ဖြစ်စေခြင်းကို "ရွှင်လန်းစေသင့်ရာ အခါ၌ စိတ်ကို ကောင်းစွာ ရွှင်လန်းစေခြင်း"ဟု ဆိုထိုက်၏။

**"လျစ်လျူရှုသင့်ရာအခါ၌ စိတ်ကို သင့်သောအားဖြင့် လျစ်လျူရှုခြင်း"** မည်သည် မဖောက်မပြန် အကျင့်မှန်ကို အမှီပြု၍ မတွန့်

http://www.dhammadownload.com



ဆုတ်သော စိတ်၊ မပျံ့လွင့်သော စိတ်။ သာယာခြင်းမရှိသော စိတ်၊ အာရုံ၌ ကောင်းစွာဖြစ်သော, သမထလမ်းစဉ်ကို ကျင့်နေသော စိတ်တို့ ဖြစ်ရာအခါ၌ (ရထားကို) ညီညီညာညာ ဆွဲနေသော မြင်းတို့၌ ရထား ထိန်းသည် ကြောင့်ကြစိုက်မှုကို မပြုရသကဲ့သို့ တရားအားထုတ်သော ပုဂ္ဂိုလ်၏ ချီးမြှောက်ခြင်း, နှိပ်ကွပ်ခြင်း, ကောင်းစွာ ရွှင်လန်းစေခြင်းတို့၌ ကြောင့်ကြစိုက်မှုသို့ မရောက် ခြင်းတည်း။ ဤသို့ ကြောင့်ကြစိုက်မှု မရောက်ခြင်းကို **"လျစ်လျူရှုသင့်ရာအခါ၌ စိတ်ကို သင့်သောအားဖြင့် လျစ်လျူခြင်း"** ဟူ၍ ဆိုထိုက်၏။

ဥပစာရစျာန်သို့သော်လည်းကောင်း၊ အပ္ပနာစျာန်သို့သော်လည်း ကောင်း မရောက်သေးကုန်သော, ပျံ့လွင့်စိတ်ရှိကုန်သော ပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ခြင်းသည် **"မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း"** မည်၏။



ဥပစာရစျာန်ဖြင့်သော်လည်းကောင်း၊ အပ္ပနာစျာန်ဖြင့်သော် လည်းကောင်း တည်ကြည်စိတ်ရှိကုန်သော ပုဂ္ဂိုလ်တို့ကို ပေါင်းသင်း ခြင်း, မှီဝဲခြင်း၊ ချဉ်းကပ်ခြင်းတို့သည် **"တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း"** မည်၏။

ရပ်ခြင်း, ထိုင်ခြင်းစသည်တို့၌ သမာဓိကို ဖြစ်စေခြင်းအကျိုးငှာ သာလျှင် ညွတ်ကိုင်းယိမ်းသောစိတ်ရှိခြင်းသည် **"ထိုသမာဓိသမ္ဗောဇ္ဈင် အမြဲဖြစ်လိုခြင်း"** မည်၏။

အကျိုးကား ဤသို့ ကျင့်သောပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသမာဓိ သမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဤသို့လျှင် တစ်ဆယ့်တစ်ပါးသော အကြောင်း

http://www.dhammadownload.com



မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် မရှိသည်"ဟု သိ၏။

မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

-----------

တို့ကြောင့် ဖြစ်ပေါ်လာသော သမာဓိသမ္ဗောဇ္ဈင်၏ ဘာဝနာကို ပြည့်စခြင်းသည် အရဟတ္တမဂ်ကြောင့် ဖြစ်၏။ ဤသို့ သေချာသိ၏။

ဥပေက္ခာသမ္ဗောဇ္ဈင်၏ "ရဟန်းတို့၊ ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့၌ သင့်တင့်သော စိတ်ထားမှုကို ကြိမ်ဖန်များစွာ ပြုခြင်းသည် ရှိ၏။ ဤအကြောင်းသည် မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏မှုလည်း ဖြစ်စေခြင်းငှာလည်းကောင်း၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ မှုလည်း လွန်စွာဖြစ်ခြင်း၊ ပြန့်ပြောခြင်း၊ ဖြစ်စေခြင်း၊ ပြည့်စုံလုံလောက်ခြင်းငှာလည်းကောင်း အကြောင်းတည်း" ဤသို့လျှင် ဖြစ်ခြင်းတည်း။

ထိုတရားတို့၌ ရှေးရှေးဥပေက္ခာသည်ပင် နောက်နောက် ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော တရားတို့မည်၏။

အဋ္ဌကထာနည်းကား သတ္တဝါတို့၌ လျစ်လျူရှုခြင်း၊ သင်္ခါရတို့၌ လျစ်လျူရှုခြင်း၊ သတ္တဝါသင်္ခါရတို့ကို မက်မောတတ်သော ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ရှောင်ကြဉ်ခြင်း၊ သတ္တဝါသင်္ခါရတို့အပေါ် ဝယ် လျစ်လျူရှုသော ပုဂ္ဂိုလ်ကို ပေါင်းသင်းခြင်း၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင် အမြဲဖြစ်လိုခြင်း၊ ငါးပါး ကုန်သော တရားတို့သည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ဖြစ်ကုန်၏။

ထိုငါးပါးသော တရားတို့တွင် "သင်ဟာ မိမိရဲ့ကံကြောင့် ဒီလူ့ဘဝကို ရောက်လာပြီး မိမိရဲ့ကံကြောင့်ပဲ နောက်ဘဝကို သွားရ လိမ့်မယ်၊ ဒီလူဟာလည်း သူ့ကံကြောင့်သာ (ဒီလူ့ဘဝကို) ရောက်လာပြီး သူ့ကံကြောင့်ပဲ (တမလွန်ဘဝကို) သွားရလိမ့်မယ်၊ သင်ဟာ ဘယ်သူကို မက်မောနေရသလဲ" ဤသို့သော ကံသာလျှင် မိမိဥစ္စာအဖြစ်ကို ဆင်ခြင် ခြင်း၊ "ပရမတ်သဘောအနေနဲ့ သတ္တဝါဆိုတာ မရှိ၊ ဒီလိုသိတဲ့သင်ဟာ ဘယ်သူကို မက်မောနေရသလဲ"ဟု သတ္တဝါမဟုတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊ ဤအကြောင်းနှစ်မျိုးတို့ကြောင့် သတ္တဝါတို့၌ လျစ်လျူရှု ခြင်းကို ဖြစ်စေ၏။

'ဒီသင်္ကန်းဟာ တဖြည်းဖြည်းနဲ့ အဆင်းဟောင်းပျက်လာမယ်။ ဆွေးမြေ့လာမယ်။ နောက်ပြီး ခြေသုတ်အဝတ်ဖြစ်သွားမယ်။ နောက် ဆုံးတော့ တောင်ဝှေးစွန်းနဲ့ (ကော်ပြီး) စွန့်ပစ်ရလိမ့်မယ်။ သင်္ကန်းရဲ့ ပိုင်ရှင်အစစ်ဖြစ်ခဲ့လျှင် ဒီလိုသင်္ကန်းရဲ့ ပျက်စီးခွင့်ကို မပေးနိုင်ဘူး" ဤသို့လျှင် ပိုင်ရှင်အစစ်မဟုတ်သည်ကို ဆင်ခြင်ခြင်းလည်းကောင်း၊ "ဒီသင်္ကန်းဟာ အမြဲမခိုင်၊ အတိုင်းအတာ ကာလတစ်ခုလောက်သာ ခိုင်တာပါ'ဟု တစ်ခဏမျှ ခိုင်ခံ့သည်၏အဖြစ်ကို ဆင်ခြင်ခြင်းလည်း ကောင်း" ဟူသော အကြောင်းနှစ်မျိုးတို့ကြောင့် **သင်္ခါရတို့၌ လျစ်လျူ ရှုခြင်းကို** ဖြစ်စေ၏။

http://www.dhammadownload.com



သက်နိုး၌ ဆိုလိုရင်းကို နားလည်သကဲ့သို့၊ ဤအတူသာလျှင် သပိတ်အစရှိသော ပစ္စည်းတို့၌လည်း ဆိုလိုရင်းကို နားလည်ထိုက်၏။

**"သတ္တဝါသခ်ီရတို့ကို မက်မောတတ်သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း"**ဟူသော စကားရပ်၌ မိမိရဲ့ သားသမီး အစရှိသူတို့ကို ငါ့ဥစ္စာဟု လွန်စွာမက်မောတတ်သော လူပုဂ္ဂိုလ်သည်လည်း ရှိတတ်၏။ မိမိ၏ အနီးနေတပည့်, ဥပဇ္ဈာယ်တူ သီတင်းသုံးဖော် စသောသူတို့ကို ငါ့ဥစ္စာဟု လွန်စွာ မက်မော တတ်သော ရဟန်းပုဂ္ဂိုလ်တို့သည်လည်း ရှိတတ်ကြ၏။ ထိုသူတို့သည် မိမိလက်ဖြင့် (ကိုယ်တိုင်သာလျှင်) မိမိ လွန်စွာမက်မော သောသူတို့၏ ဆံပင်ကို ရိတ်မှု, အပ်ချုပ်မှု, သက်နိုးကို ဖွပ်လျှော်မှု, သက်နိုးဆိုးမှု, သပိတ်ဖုတ်မှု စသော အမှုတို့ကို ပြုပေး၏။ တစ်ခဏ မျှလောက် မမြင်လတ်သော် "ဒီကိုရင် ဒီရဟန်းဟာ အဘယ်မှာလဲ၊ ဒီရဟန်းငယ်ဟာ အဘယ်မှာလဲ"ဟု ဤမှ ထိုမှလည်း ကြည့်ရှုရှာဖွေ တတ်သော တုန်လှုပ်သော သမင်ကဲ့သို့ အခြားသူသည် ဆံပင်ကိုရိတ်ခြင်း စသောအမှုတို့အတွက် "တစ်ခဏမျှလောက် ဒီကိုရင် ဒီရဟန်းငယ်ကို စေလွှတ်ပေးကြပါကုန်"ဟု တောင်းပန်ခဲ့ပါသော်လည်း "ငါတို့သော် မှလည်း ဒီကိုရင် ဒီရဟန်းငယ်ကို ငါတို့ရဲ့အလုပ်ကိုတောင် မပေးလုပ်ကြ။ သင်တို့ဟာ ဒီသာမဏေ, ဒီရဟန်းငယ်ကို ခေါ်ပြီး ပင်ပန်းစေအောင် ခိုင်းကြမလို့လား" ဟု ပြော၍ မပေး။ ဤပုဂ္ဂိုလ်သည် သတ္တဝါကို မြတ်နိုးသူမည်၏။

သက်နိုး, သပိတ်, ခွက်, တောင်ဝှေး စသော ပစ္စည်းတို့ကို ငါ့ဥစ္စာဟု လွန်စွာမက်မောသော ပုဂ္ဂိုလ်သည် အခြားသူအား လက်ဖြင့်

http://www.dhammadownload.com

http://www.dhammadownload.com



## ကိုယ်သိ (မိမိ၏) သဘောတရားတို့၌မလည်း သဘောကား

http://www.dhammadownload.com



ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိ တဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။

(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောကၡ တစုံတရာကိုမျှလည်း (ငါ ငါ၏ဥစ္စာဟု) စွဲ လည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘော တရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---



"ဤသို့ (မိမိ၏) သဘောတရားတို့၌မူကား" အစရှိသော စကားအပေါင်းမှ နောက်ဖြစ်သော "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" အစရှိသော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်း ရှိသည်သာ။

အထူးကား သီးသန့်အားဖြင့် ဤဗောဇ္ဈင်တို့ကို ဆိုရာအပိုင်း၌ ဗောဇ္ဈင်တို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာ တည်းဟူ၍ ဤသို့ ယှဉ်စပ်၍ ဗောဇ္ဈင်တို့ကို သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန် သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။

❖❖❖❖❖❖❖

http://www.dhammadownload.com



## သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း

၃၈၆။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ "ဤကား ဒုက္ခချုပ်ရာတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ "ဤကား ဒုက္ခနိရောဓဂါမိနိပဋိပဒါတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။



ပထမအခဏ်း ပြီး၏။

---

## သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့်

၃၈၆။ ဤသို့ ဗောဇ္ဈင်ခုနစ်ပါးတို့၏အစွမ်းဖြင့် ဓမ္မာနုပဿနာကို ဝေဖန်ပြတော်မူပြီး၍ ယခုအခါ၌ သစ္စာလေးပါးတို့၏အစွမ်းဖြင့် ဝေဖန်ပြတော်မူခြင်းငှာ "တဖန် ထို့ပြင်လည်း" အစရှိသော စကားရပ်ကို မိန့်တော်မူ၏။

ထို စကားရပ်၌ "ဤကား ဒုက္ခတည်း'ဟု ဟုတ်မှန်သည့်အတိုင်း သိ၏"ဟူသည် တဏှာကို ကြဉ်ထား၍ ဘုံသုံးပါး၌ဖြစ်သော တရားတို့ကို "ဤဘုံသုံးပါးတို့၌ဖြစ်သော တရားအပေါင်းသည် ဒုက္ခ

http://www.dhammadownload.com



သစ္စာတည်း”ဟု ဟုတ်မှန်သော သဘောအားဖြင့် သေချာသိ၏။ ထိုမှ တစ်ပါး ထိုဒုက္ခသစ္စာကိုပင် ဖြစ်စေတတ်သော, ဖြစ်ပေါ်စေတတ်သော ရှေး၌ဖြစ်ကြောင်း တဏှာကို “ဤတဏှာသည် ဒုက္ခသစ္စာ၏ဖြစ်ကြောင်း သမုဒယသစ္စာတည်း” ဟု၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏ မဖြစ်ကြောင်းမဖြစ်ရာ နိဗ္ဗာန်ကို “ဤနိဗ္ဗာန်သည် ဒုက္ခသစ္စာချုပ်ကြောင်း ချုပ်ရာ နိရောဓသစ္စာတည်း” ဟု၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်စွန့်တတ်သော, နိရောဓသစ္စာကို မျက်မှောက်ပြုတတ်သော အရိယမဂ်ကို “ဤမဂ္ဂင်ရှစ်ပါး မြတ်တရားသည် ဒုက္ခသစ္စာ၏ ချုပ်ကြောင်း ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်တည်း”ဟု ဟုတ်မှန်သော သဘောအားဖြင့် သေချာသိ၏။ ဤကား ဆိုလိုရင်းကို သိထိုက်၏။



ဇာတိ အစရှိသည်တို့၏ ပုဒ်တို့ကို ဝေဖန်ကြောင်းစကားကို ထား၍ ကြွင်းကျန်သော အရိယသစ္စာကို ဆိုကြောင်းစကားကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ငါသည် အကျယ်ချဲ့ခဲ့ပြီးသည်သာ။

**သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်းအဖွင့် ပြီး၏။**

http://www.dhammadownload.com



## ဒုက္ခအရိယသစ္စာ

၃၈၇။ ရဟန်းတို့ ဒုက္ခသစ္စာ ဟူသည် အဘယ်နည်း၊ ဇာတိ ဟူသည် ဒုက္ခတည်း။ ဇရာသည်သည်လည်း ဒုက္ခတည်း။ မရဏာသည်လည်း ဒုက္ခတည်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်း ဒုက္ခတို့တည်း။ မချစ်ခင် မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းခြင်းသည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း။ အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း။

၃၈၈။ ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုသတ္တဝါတို့၏ ၂၀၁

---

## ဒုက္ခအရိယသစ္စာအဖွင့်

၃၈၈။ ပုဒ်တို့ကို အကျယ်ဝေဖန်ရာ၌ကား "ရဟန်းတို့, ဇာတိသည် အဘယ်နည်း" ဟူသည် ရဟန်းတို့ ဇာတိသည်လည်း ဒုက္ခဟူ၍ ဟောတော်မူသော ဇာတိသည်ကား အဘယ်နည်း။ ဤသို့ အလုံးစုံသော အမေးတို့၌ ဆိုလိုရင်းသဘောကို သိထိုက်၏။

"(အကြင်) ထိုထိုသတ္တဝါတို့၏" ဟူသော ဤစကားရပ်သည် "ဤမည်သောသတ္တဝါတို့၏" ဟု သတ်မှတ်ခြင်း မရှိခြင်းကြောင့် သတ္တဝါအားလုံးတို့ကို ကုန်အောင်ယူကြောင်းစကားရပ်တည်း။

http://www.dhammadownload.com



**ထိုထို သတ္တဝါအစုအပေါင်း၌ ရှေးဦးစွာ ဖြစ်ခြင်း၊ ပြည့်စုံစွာဖြစ်ခြင်း၊ (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊**

---

"ထိုထိုသတ္တဝါအပေါင်း၌"ဟူသော ဤစကားရပ်သည်လည်း အလုံးစုံသောသတ္တဝါအပေါင်းကို ကုန်အောင်ယူကြောင်း စကားရပ်တည်း။

ရှေးဦးဖြစ်ခြင်းသည် "ဇာတိ" တည်း။

ဤ"ဖြစ်ခြင်း"ဟူသော အမည်သည် ဖောက်ပြန်တတ်သော ရုပ်တို့နှင့်အတူဖြစ်ကုန်သော ရှေးဦးစွာဖြစ်သော ခန္ဓာတို့၏အမည်တည်း။



"ပြည့်စုံစွာ ဖြစ်ခြင်း" ဟူသော ဤစကားရပ်သည် ထိုဖြစ်ခြင်း၏ပင် သံ-ဥပသာရပုဒ်ဖြင့် တန်ဆာဆင်ထားသော ပရိယာယ်စကားတည်း။

ထိုရှေးဦးဖြစ်ခြင်းသည်ပင် အမိဝမ်းသို့ သက်ဝင်ခြင်း ဟူသော အခြင်း အရာအားဖြင့် သက်ရောက်ခြင်းသဘောကြောင့် "(အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း" မည်၏။

ထင်ရှားဖြစ်ခြင်းဟု ဆိုအပ်သော ရှေးရှုဖြစ်ခြင်း သဘောကြောင့် "ကိုယ်ထင်ရှားဖြစ်ခြင်း" မည်၏။

ဤလေးမျိုးသော စကားရပ်သည် သတ်မှတ်ပြောဆိုသော စကား မည်၏။

http://www.dhammadownload.com



**ခန္ဓာကိုယ်၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇာတိဟူ၍ ခေါ်ဆိုအပ်၏။**

**၃၈၉။ ရဟန်းတို့ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း၊ အိုသောအခြင်းအရာ၊ သွား**

---

**"ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း"** ဟူသော ဤစကားရပ်သည် အစစ်အမှန်အရှိသဘောကို ပြောဆိုသောစကားတည်း။

ခန္ဓာတစ်မျိုးရှိသောဘဝ စသည်တို့၌ တစ်မျိုး, လေးမျိုး, ငါးမျိုး ကွဲပြားကုန်သော ခန္ဓာတို့၏သာလျှင် ထင်စွာဖြစ်ခြင်းတည်း။ ပုဂ္ဂိုလ်၏ ဖြစ်ခြင်း မဟုတ်။ ထိုခန္ဓာတို့ဖြစ်သော် ပုဂ္ဂိုလ်သည်လည်း ထင်ရှားဖြစ်၏ဟု ခေါ်ဝေါ်ခြင်းမျှသာဖြစ်၏။ ၂၀၃

**"အာယတနတို့ကို ရခြင်း"** မည်သည် အာယတနတို့သည် ထင်ရှားဖြစ်ကုန်သည်ရှိသော် (အာယတနတို့ကို) ရခြင်းတို့မည်ကုန်၏။ ထိုအာယတနတို့၏ ထင်ရှားဖြစ်ခြင်းဟု ဆိုခဲ့သော ရခြင်းသာတည်း။ ဤကား ဆိုလိုရင်းတည်း။

၃၈၉။ **"အိုခြင်း"** ဟူသော စကားရပ်သည် သဘောကို ညွှန်ပြကြောင်းစကားတည်း။

**"အိုသောအခြင်းအရာ"** ဟူသောစကားရပ်သည် အိုခြင်း၏ ရင့်ရော်ခြင်းကို ညွှန်ပြကြောင်းစကားရပ်တည်း။

**"သွားကျိုးခြင်း"**စသော စကားရပ်သည် ဖောက်ပြန်ခြင်းကို ညွှန်ပြကြောင်း စကားရပ်တည်း။

http://www.dhammadownload.com



**ကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ရှုံ့ခြင်း၊ ရုပ်အသက် ဆုတ်ယုတ်ခြင်း၊ (မျက်စိစသော) ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇရာဟူ၍ ခေါ်ဆိုအပ်၏။**

---

မှန်၏၊ ငယ်စဉ်အခါ၌ သွားတို့သည် အညီအမျှဖြူကုန်၏။ ထိုသွားတို့သည်ပင် အရွယ်ရင့်လတ်သော် တဖြည်းဖြည်း အရောင်အဆင်း ဖောက်ပြန်ခြင်းသို့ ရောက်၍ ထိုထိုအခါ၌ ကျိုးကျကုန်၏။ ထိုအခါ၌ ကျိုးကျသောသွားကိုလည်းကောင်း၊ ကျန်ရစ်သောသွားကိုလည်းကောင်း ဉာဏ်ဖြင့်သိ၍ သွားကျိုးရှိသူတို့သည် သွားကျိုးတို့ မည်၏။ သွားကျိုး သူတို့၏ ဖြစ်ခြင်းသဘောကို **"သွားကျိုးခြင်း"**ဟူ၍ ဆိုထိုက်၏။



တဖြည်းဖြည်း ဖြူလာကုန်သော ဆံပင် မွေးညင်းတို့သည် "ဆံဖြူခြင်း" မည်ကုန်၏။ ဖြူသော ဆံပင် မွေးညင်းတို့ရှိနေသော ပုဂ္ဂိုလ်ကို ဆံဖြူဟု ခေါ်၏။ ဆံပင် မွေးညင်းဖြူသူ၏ ဖြစ်ခြင်းသဘောသည် **"ဆံပင်မွေးညင်းဖြူခြင်း"** မည်၏။

အိုခြင်းဟူသော လေထိခတ်ခြင်းဖြင့် ခြောက်သွေ့သော အသားအသွေးကြောင့် တွန့်ရှုံ့သော အရေရှိသော ပုဂ္ဂိုလ်သည် အရေတွန့်သောသူတည်း။ ထိုအရေအတွန့်သူ၏ ဖြစ်ခြင်းသဘောသည် **"အရေတွန့်ရှုံ့ခြင်း"**မည်၏။

ဤစကားအစဉ်ဖြင့် သွား, ဆံပင်, မွေးညင်း, အရေတို့၌ ဖောက်ပြန်ပုံကို ပြခြင်း၏အစွမ်းဖြင့် ထင်ရှားသည်ဖြစ်၍ ဖြစ်သော, ထင်ရှားသော အိုခြင်းကို ပြခဲ့ပြီ။

http://www.dhammadownload.com



ဥပမာအားဖြင့် ရေပြတ်တောက် ရေကုန်ခန်းခြင်းကြောင့်လည်းကောင်း၊ လေပြတ်တောက် လေကုန်ခန်းခြင်းကြောင့်လည်းကောင်း၊ မီးပြတ်တောက် မီးကုန်ခန်းခြင်းကြောင့်လည်းကောင်း၊ မြက်သစ်ပင်စသည်တို့၏ ပြတ်တောက်ကုန်ခန်း, မီးလောင်ကျွမ်းခြင်းကြောင့်လည်းကောင်း သွားရာလမ်းသည် ထင်ရှား၏။ ထိုသွားလမ်းသည် ထိုရေစသည်တို့ပင် မဟုတ်ကုန်သကဲ့သို့၊ အိုခြင်း၏ သွားစသည်တို့၏ ကျိုးခြင်းအစရှိကုန်သော သူတို့၏အစွမ်းဖြင့် အိုခြင်းသဘောသည် ထင်ရှား၏။ မျက်စိကိုဖွင့်၍လည်း သိမြင်နိုင်၏။ သွားကျိုးခြင်းစသည်တို့၏အဖြစ်သည် ဇရာမဟုတ်။

မှန်၏၊ အိုခြင်းကို မျက်စိဖြင့် သိနိုင်ကောင်းသည်မဟုတ်။

အိုခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ အသက်သည် ယုတ်လျော့သောကြောင့် အိုခြင်းကို "အသက်ဆုတ်ယုတ်ခြင်း" ဟူ၍ အကျိုးအမည်ကို အကြောင်းအမည်ပေါ်၌ တင်စားသောအားဖြင့် ဆိုထိုက်၏။

ငယ်စဉ်အခါ၌ မိမိသိလိုသော သိမ်မွေ့သည်လည်းဖြစ်သော အာရုံကို လွယ်ကူစွာသာလျှင် ယူခြင်း၌ စွမ်းနိုင်ကုန်သော အလွန်ကြည်လင်ကုန်သော, မျက်စိအစရှိကုန်သော ဣန္ဒြေတို့သည် အိုခြင်းသို့ ရောက်သော ပုဂ္ဂိုလ်၏ ရင့်ကျက် ချောက်ချား မသန့်ရှင်းကုန်သော (မျက်စိ အစရှိသော ဣန္ဒြေတို့သည်) မိမိသိလိုသော ရုန့်ရင်းသော အာရုံကိုမျှလည်း ယူခြင်းငှါ မစွမ်းနိုင်ကုန်သောကြောင့် (အိုခြင်းကို) "ဣန္ဒြေတို့၏ရင့်ခြင်း" ဟူ၍လည်း အကျိုးအမည်ကို အကြောင်းအမည်ပေါ်၌ တင်စားသောအားဖြင့်ပင် မိန့်ဆိုထိုက်ကုန်ပြီ။

http://www.dhammadownload.com



**၃၉၀။ ရဟန်းတို့၊ မရဏသည် အဘယ်နည်း၊ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်းအရာ၊ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သက်ပြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊**

— — — — — — — — — —

၃၉၀။ သေခြင်းသဘောကို ပြရာ၌ "ယံ" ဟူသော စကားရပ်သည် သေခြင်း ဟူသော နပုံလိင်သဒ္ဒါကို ရည်ရွယ်၍ နပုံလိင်သဒ္ဒါဖြင့် ညွှန်ပြခြင်းတည်း။

ယင်း သေခြင်းသဘောကို ရွေ့လျောခြင်း, ရွေ့လျောသော အခြင်းအရာ-ဟူ၍ ဆိုထိုက်၏။ ဤသည်ကား ဤ သေခြင်းသဘော၌ ဆိုလိုရင်း သဘောကို ယှဉ်စပ်စေခြင်းတည်း။

ထိုသေခြင်းသဘော၌ **"ရွေ့လျောခြင်း"** ဟူသည် သေခြင်း သဘောကို ညွှန်ပြကြောင်းစကားရပ်တည်း။



**"ရွေ့လျောသော အခြင်းအရာ"** ဟူသည် (သေခြင်း၏) အခြင်း အရာသဘောကို ညွှန်ပြကြောင်းစကားရပ်တည်း။

သေခြင်းသို့ ရောက်သောပုဂ္ဂိုလ်၏ ခန္ဓာတို့သည် ပျက်လည်း ပျက်ကုန်၏။ ကွယ်ပျောက်လည်း ကွယ်ပျောက်ကုန်၏။ မမြင်ခြင်းသို့ လည်းရောက်ကုန်၏။ ထို့ကြောင့် ထိုသေခြင်းသဘောကို **"ပျက်စီးခြင်း, ကွယ်ပျောက်ခြင်း"** ဟူ၍ ဆိုထိုက်၏။

**"သက်ပြတ်သေဆုံးခြင်း"**ဟူသည် အပြီးအပြတ် သေခြင်းမျိုး တည်း။ ခဏသေခြင်းမျိုးမဟုတ်၊

**"ကွယ်လွန်ခြင်း"**ဟူသည် သေချိန်ကာလကို ပြခြင်းတည်း။

http://www.dhammadownload.com



**ခန္ဓာတို့၏ပျက်စီးခြင်း၊ ကိုယ်ကို ပစ်ချခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။**

---

ဤဆိုခဲ့ပြီးသော အလုံးစုံသည်လည်း လောကသဘော သတ်မှတ်ပြောဆိုသော စကားသာတည်း။

**"ခန္ဓာတို့၏ ပျက်စီးခြင်း"**ဟူသော စကားသည် အစစ်အမှန်အရှိသဘောကို ပြောဆိုသောစကားတည်း။

ခန္ဓာတစ်မျိုးဘဝအစရှိသည်တို့၌ တစ်မျိုး, လေးမျိုး, ငါးမျိုး ကွဲပြားကုန်သော ခန္ဓာတို့၏သာ ပျက်စီးခြင်းတည်း။ ပုဂ္ဂိုလ်၏ ပျက်စီးခြင်းမဟုတ်၊ ထိုခန္ဓာအပေါင်းသည် ပျက်စီးလတ်သော် "ပုဂ္ဂိုလ်သည် သေပြီ"ဟု ခေါ်ဝေါ်ခြင်းမျှသည် ဖြစ်၏။ ၂၀၇

**"ကိုယ်ကို ပစ်ချခြင်း"** ဟူသည် ကိုယ်ကောင်ကြီးကို ပစ်ချခြင်းတည်း။ သေခြင်းသို့ ရောက်သောသူ၏ ကိုယ်ကောင်ကြီးသည် အသုံးမကျသော ထင်းပုပ်ဆွေးအဖြစ်ကဲ့သို့ ရောက်သွားသောကြောင့် ထိုသေခြင်းကို "ကိုယ်ကို ပစ်ချခြင်း" ဟူ၍ ဆိုထိုက်၏။

**"ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း"** ဟူသည် အစစ်အမှန်အရှိသဘောအားဖြင့် ရုပ်သက်နာမ်သက်အားလုံး သေခြင်းတည်း။ ဤရုပ်သက်နာမ်သက်အားလုံး၏ ပြတ်ခြင်းကိုပင် လောကသဘောအားဖြင့် သတ်မှတ်ပြောဆိုသော ပုဂ္ဂိုလ်သေခြင်း ဟူ၍လည်း ဆိုထိုက်၏။

မှန်၏၊ ရုပ်သက် နာမ်သက်အားလုံး၏ ပြတ်စဲခြင်းကိုသာ ယူ၍ လောကအပြောအားဖြင့် "တိဿ သေပြီ၊ ဖုဿ သေပြီ" ဟု ဆိုကုန်၏။

http://www.dhammadownload.com



၃၉၁။ ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါတို့၏ စိုးရိမ်ခြင်း၊ စိုးရိမ်သော အခြင်းအရာ၊ စိုးရိမ်သူ၏အဖြစ်၊ အတွင်း၌ စိုးရိမ်ခြင်း၊ အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤသဘောတရားကို သောကဟူ၍ ခေါ်ဆိုအပ်၏။

---

"ပျက်စီးခြင်းနှင့်" ဟူသည် ဆွေမျိုးတို့၏ပျက်စီးခြင်း စသည်တို့တွင် တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် (မလွတ်ကင်းသော)၊



"ဆင်းရဲကြောင်းနှင့်" ဟူသည် သတ်ခြင်း, နှောင်ဖွဲ့ခြင်း အစရှိသော ဒုက္ခ၏အကြောင်းနှင့် (တွေ့ကြုံသော)၊

"တွေ့သော (သူ၏) " ဟူသည် လွှမ်းမိုး နှိပ်စက်ခံရသူ၏။

"စိုးရိမ်ခြင်း" ဟူသည် ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည် တို့တွင် သော်လည်းကောင်း၊ သတ်ခြင်း, နှောင်ဖွဲ့ခြင်း စသည်တို့တွင်သော် လည်းကောင်း တစ်မျိုးမျိုးသည် ကြုံတွေ့လတ်သော် ထိုကြုံတွေ့ရသော ပုဂ္ဂိုလ်၏သန္တာန်၌ ပူလောင်ခြောက်သွေ့ခြင်း လက္ခဏာရှိသော စိုးရိမ်ခြင်းတည်း။

"စိုးရိမ်သူသည်၏အဖြစ်" ဟူသည် စိုးရိမ်စိတ်ရှိနေသော ပုဂ္ဂိုလ်၏ အဖြစ်တည်း။ ဤစိုးရိမ်ခြင်းသည် ကိုယ်တွင်း၌ ပူလောင်

http://www.dhammadownload.com



၃၉၂။ ရဟန်းတို့၊ ပရိဒေဝသည် အဘယ်နည်း၊ ရဟန်းတို့၊ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမျိုးမျိုးသော ဆင်းရဲကြောင်းနှင့်တွေ့သော သတ္တဝါတို့၏ ငိုကြွေးခြင်း၊ ပြင်းစွာ ငိုကြွေးခြင်း၊ ငိုကြွေးသောအခြင်းအရာ၊ ပြင်းစွာ ငိုကြွေးသော အခြင်းအရာ၊ ငိုကြွေးသည်၏အဖြစ်၊ ပြင်းစွာ ငိုကြွေးသည်၏အဖြစ်တည်း။ ရဟန်းတို့၊ ဤသဘောတရားကို ပရိဒေဝ ဟူ၍ ခေါ်ဆိုအပ်၏။

---

ခြောက်သွေ့စေလျက်, ထက်ဝန်းကျင်ပူလောင်ခြောက်သွေ့စေလျက် ဖြစ်တတ်သောကြောင့် "အတွင်း၌ စိုးရိမ်ခြင်း၊ အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်း" ဟူ၍ ဟောတော်မူခဲ့၏။



၃၉၂။ "ငါ့သမီးလေးရဲ့, ငါ့သားလေးရဲ့"ဟု ရည်ညွှန်း ရည်ညွှန်း ပြောဆို ငိုကြွေး လွန်စွာ ငိုကြွေးကြရခြင်းအကြောင်းသည် ငိုကြွေးခြင်း (ကြောင်း) တည်း။

ထိုထိုဆုံးရှုံးသူတို့၏ ဂုဏ်ကျေးဇူးကို ထပ်ခါထပ်ခါ ပြောဆို၍ ငိုကြွေးကြရခြင်းအကြောင်းသည် ပြင်းစွာ ငိုကြွေးခြင်း (ကြောင်း) တည်း။

ထိုနောက် ငိုကြွေးသည်၏အဖြစ်၊ ပြင်းစွာ ငိုကြွေးသည်၏ အဖြစ် ဟူသော စကားနှစ်မျိုးတို့သည် ထို ငိုကြွေးခြင်း (ကြောင်း)၊ ပြင်းစွာ ငိုကြွေးခြင်း (ကြောင်း) စကားရပ်၏ပင် သဘောတရားကို ညွှန်ပြကြောင်း စကားတို့တည်း။

http://www.dhammadownload.com



၃၉၃။ ရဟန်းတို့၊ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့၊ ကိုယ်၌ဖြစ်သော ဆင်းရဲ၊ ကိုယ်၌ဖြစ်သော မသာယာခြင်း၊ ကိုယ်တွေ့ကြောင့်ဖြစ်သော ဆင်းရဲ၊ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့၊ ဤသဘောတရားကို ဒုက္ခ ဟူ၍ ခေါ်ဆိုအပ်၏။

၃၉၄။ ရဟန်းတို့၊ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့၊ စိတ်၌ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော မသာယာခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ၊ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့၊ ဤသဘောတရားကို ဒေါမနဿ ဟူ၍ ခေါ်ဆိုအပ်၏။

---

၃၉၃။ "ကိုယ်၌ဖြစ်သော" ဟူသည် (ထိမှန်းသိစေနိုင်ရာ) ကာယပသာဒ မှီရာရှိသော။

(မနှစ်သက်စရာ) သည်းမခံနိုင်သော သဘောကြောင့် "ဒုက္ခ" မည်၏။

"မသာယာသော"ဟူသည် ကောင်းသော အရသာမရှိသော။

"ကိုယ်တွေ့ဖြစ်သော ဆင်းရဲ" ဟူသည် ကိုယ်၌တွေ့ထိသော ဆင်ရဲဖြစ်ခြင်းတည်း။

"မသာယာသော ခံစားခြင်းတည်း" ဟူသည် ကောင်းသော အရသာမရှိသော ခံစားမှုတည်း။

၃၉၄။ "စိတ်၌ဖြစ်သော" ဟူသည် စိတ်နှင့်အတူ ယှဉ်ဖြစ်သော။ ကျန်သော စကားရပ်သည် ဒုက္ခအဖွင့်၌ ဆိုခဲ့ပြီးသော နည်းရှိသည်သာ။

http://www.dhammadownload.com



၃၉၅။ ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ အမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမျိုးမျိုးသော ဆင်းရဲခြင်း၏အကြောင်းနှင့်တွေ့ကြုံသော သတ္တဝါတို့၏ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပင်ပန်းသည်၏အဖြစ်၊ ပြင်းစွာပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ဥပါယာသ ဟူ၍ ခေါ်ဆိုအပ်၏။

၃၉၆။ ရဟန်းတို့ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောတရားတို့သော်၎င်း၊ အကျိုးမဲ့ခြင်း၊ အစီးအပွားမဲ့ခြင်း၊ မချမ်းသာခြင်း၊ ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်၎င်း ထိုသူအား ရှိကုန်၏။ ထို (အာရုံသတ္တဝါ) တို့နှင့်တကွ တွေ့ရခြင်း၊ ဆုံရခြင်း၊ ပေါင်းဖော်ရခြင်း၊ ရောနှောရခြင်းတည်း။ ရဟန်းတို့

---

၃၉၅။ "ပင်ပန်းခြင်း"ဟူသည် ဆုတ်နစ်ခြင်း, လွန်စွာဆုတ်နစ်ခြင်း သဘောသို့ ရောက်သော စိတ်၏ပင်ပန်းခြင်းတည်း။

လွန်မင်းစွာ ပင်ပန်းခြင်းသည် "ပြင်းစွာ ပင်ပန်းခြင်း" မည်၏။

ထိုနောက် ပင်ပန်းသည်အဖြစ်၊ ပြင်းစွာ ပင်ပန်းသည်၏အဖြစ် ဟူသော စကားနှစ်မျိုးတို့သည် မိမိ, မိမိဥစ္စာမဖြစ်ခြင်းကို ပြတတ်ကုန်သော သဘောတရားကို ညွှန်ပြကြောင်းစကားတည်း။

http://www.dhammadownload.com



ဤတရားသဘောကို မချစ်မနှစ်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

၃၉၇။ ရဟန်းတို့၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလားနှစ်သက် မြတ်နိုး အပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့သဘော တရားတို့သော်၎င်း၊ အကျိုး၊ အစီးအပွား၊ ချမ်းသာခြင်း၊ ဘေးကင်း ခြင်းကို လိုလားကုန်သော အမိ အဖ ညီအစ်ကို နှမ အစ်မ မိတ်ဆွေ အပေါင်းအဖော် ဆွေမျိုးသားချင်းတို့သော်၎င်း ထိုသူအား ရှိကုန်၏။ ထို (အာရုံသတ္တဝါ) တို့နှင့်တကွ မတွေ့ရခြင်း၊ မဆုံရခြင်း၊ မပေါင်း ဖော်ရခြင်း မရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သောသူတို့နှင့် ကွဲကွာကွေကွင်းရခြင်းကို ဆင်းရဲဟူ၍ ခေါ် ဆိုအပ်၏။



၃၉၈။ ရဟန်းတို့၊ အလိုရှိသည်ကို မရခြင်းဆင်းရဲသည် အဘယ် နည်း၊ ရဟန်းတို့၊ ဇာတိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤကဲ့သို့ တောင့်တ ခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ (ဇာတိ

———————————

၃၉၈။ "ဇာတိသဘောရှိကုန်သော" ဟူသည် ပဋိသန္ဓေနေရခြင်း သဘော ရှိကုန်သော။

"တောင့်တခြင်းသည် ဖြစ်ပေါ်၏" ဟူသည် လိုလားတောင့်တ တတ်သော တဏှာသည် ဖြစ်၏။

http://www.dhammadownload.com



မလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်ကား အလိုရှိသည်ကို မရခြင်းဆင်းရဲ မည်၏။

ရဟန်းတို့၊ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဇရာသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤကဲ့သို့ တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ (ဇရာမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်ကား အလိုရှိသည်ကို မရခြင်းဆင်းရဲ မည်၏။

ဗျာဓိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဗျာဓိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤကဲ့သို့ တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ (ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်ကား အလိုရှိသည်ကို မရခြင်းဆင်းရဲ မည်၏။ 

---

"ကောင်းလေစွ" ဟူသည် တောင့်တခြင်းတည်း။

"တောင့်တခြင်းဖြင့် မရအပ်" ဟူသည် ဤသို့ ပဋိသန္ဓေဖြစ်မလာခြင်းကို မဂ်ဉာဏ်ကို ပွားစေဖြစ်စေခြင်းနှင့်ကင်း၍ လိုချင်ခြင်းဖြင့် မရထိုက်။

"ဤသည်လည်း" ဟူသည် ဤ ပဋိသန္ဓေမရှိခြင်း၊ ပဋိသန္ဓေဖြစ်လာခြင်းကို လိုလားတောင့်တခြင်းသည်လည်း။

http://www.dhammadownload.com



မရဏာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် မရဏာသဘောမရှိကြကုန်မူ ကောင်းလေစွ၊ မရဏာသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ" ဟု ဤကဲ့သို့ တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ (မရဏာမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်ကား အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောမရှိကြကုန်မူ ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံသို့ မလာကုန်မူကား ကောင်းလေစွ"ဟု ဤကဲ့သို့ တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်ကား အလိုရှိသည်ကို မရခြင်းဆင်းရဲ မည်၏။



---

နောက်၌ ကြွင်းကျန်ကုန်သော အိုခြင်း၏ မလားခြင်းကို လိုလားတောင့်တခြင်း စသည်တို့ကိုလည်း ဉာဏ်ဖြင့် သိစေရန် ပေါင်းဆည်းပြသော ပိ-အဋ္ဌကထာ၏ ဆိုလိုရင်းတည်း။

"(အကြင်အကြောင်းကြောင့်လည်း) တောင့်တခြင်းကို" ဟူသည် မရနိုင်သည်ကို လိုလားတောင့်တသော် မရနိုင်သော အကြောင်း (မရနိုင်သည်ကိုမှ) လိုလားတောင့်တခြင်းသည် ဆင်းရဲ၏။

http://www.dhammadownload.com



၃၉၉။ ရဟန်းတို့၊ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ ဟူသည် အဘယ်နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာတို့ပေတည်း။ ရဟန်းတို့၊ ဤ (ဥပါဒါနက္ခန္ဓာငါးပါး) တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခအရိယသစ္စာဟူ၍ ဆိုအပ်၏။

ဒုက္ခအရိယသစ္စာ ပြီး၏။

---



အလုံးစုံသော အိုခြင်းသဘော စသည်တို့၌ ဤကား သိကြောင်းနည်းတည်း။

၃၉၉။ ခန္ဓာကို ဖွင့်ဆိုရာ၌ ထိုရုပ်သည်လည်း စွဲလမ်းတတ်သော တရားတို့၏ လောကီအာရုံလည်း ဖြစ်သောကြောင့် "ရူပုပါဒါနက္ခန္ဓာ"မည်၏။ ဝေဒနုပါဒါနက္ခန္ဓာ အစရှိသော အလုံးစုံသောပုဒ်တို့၌ ဤအတူတည်း။

ဒုက္ခအရိယသစ္စာအဖွင့် ပြီး၏။

❖❖❖❖❖❖❖

http://www.dhammadownload.com



## ဒုက္ခသမုဒယ အရိယသစ္စာ

၄၀၀။ ရဟန်းတို့၊ ဒုက္ခ သမုဒယ အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက် တပ်မက်ခြင်းနှင့် တကွဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာတည်း။

---

## ဒုက္ခသမုဒယအရိယသစ္စာအဖွင့်

၄၀၀။ "ယာယံ တဏှာ" ဟူသော ပါဠိကို "ယာ + အယံ တဏှာ" ဟု ပုဒ်ခွဲနိုင်၏။ အကြင်တဏှာသည်။

**"တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော"** ဟူသည် ဘဝသစ်ကို ပြုခြင်း၊ ဘဝသစ်ဖြစ်ခြင်း။ ထိုတဏှာ၏ ဘဝသစ်ကို ပြုခြင်းအလေ့ ရှိသည်ကို ဖြစ်စေတတ်သော။ နှစ်သက်တတ်, တပ်မက်တတ်သော ရာဂနှင့် အတူတကွ တစ်ခုတည်း၏အဖြစ်သို့ ရောက်တတ်သောကြောင့် **"နှစ်သက်တပ်မက်ခြင်းနှင့် တကွဖြစ်သော"** မည်၏။ နှစ်သက်တတ်, တပ်မက်တတ်သော ရာဂနှင့်တကွ တရားကိုယ်အားဖြင့် တစ်ခုတည်း၏ အဖြစ်သို့သာ ရောက်၏။ ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

**"ထိုထိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်း"** ဟူသည် ကိုယ်ကောင်ကြီးရှိသော ထိုထိုဘဝ၌ အလွန်နှစ်သက်ခြင်းရှိ၏။ တစ်နည်းကား- ရူပါရုံ အစရှိကုန်သော အာရုံတို့တွင် ထိုထိုအာရုံ၌ အလွန် နှစ်သက်ခြင်း ရှိ၏။ ရူပါရုံကို အလွန်နှစ်သက်ခြင်းရှိ၏၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံကို အလွန်နှစ်သက်ခြင်းရှိ၏။ ဤသို့ ဆိုရင်းသဘောကို သိထိုက်၏။

http://www.dhammadownload.com



**ထိုတဏှာသည် အဘယ်နည်း။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့တည်း။**

**ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း၊ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏)၊ ထို (တဏှာ)သည်**

---

"**ထိုတဏှာသည် အဘယ်နည်း**" စကားရပ်သည် နိပါတ်ပုဒ်တည်း။ ထိုနိပါတ်ပုဒ်၏ ထိုတဏှာသည်ကား အဘယ်နည်း။ ဤသို ဆိုလို၏။

လိုချင်စရာအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာသည် "**ကာမတဏှာ**" မည်၏။ ဤ"ကာမတဏှာ"ဟူသော အမည်သည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ ဖြစ်သော တပ်မက်မှု ရာဂတည်း။



ဖြစ်ချင်စရာ အာရုံဘဝ၌ တပ်မက်တတ်သော တဏှာသည် "**ဘဝတဏှာ**" မည်၏။

ဤ ဘဝတဏှာ ဟူသောအမည်သည် ဘဝကို တောင့်တခြင်း၏ အစွမ်းဖြင့် မြဲ၏ဟူသော အယူနှင့်တကွဖြစ်သော ရူပဘဝ, အရူပဘဝကို တပ်မက်တတ်သော ရာဂ၏လည်းကောင်း၊ ဈာန်ကို နှစ်သက်တတ်သော တဏှာ၏လည်းကောင်း အမည်တည်း။

မဖြစ်စရာအာရုံ ဘဝပြတ်၌ တပ်မက်တတ်သော တဏှာသည် "**ဝိဘဝတဏှာ**" မည်၏။ ဤ ဝိဘဝတဏှာဟူသော အမည်သည် ပြတ်၏ ဟူသော အယူနှင့်တကွဖြစ်သော ရာဂ၏အမည်တည်း။

http://www.dhammadownload.com



ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်အာရုံ၌ ဖြစ်၏။ တည်သည်ရှိသော် ဤ (ချစ်ခင်ဖွယ် သာယာဖွယ်အာရုံ) ၌ တည်၏။

လောက၌ ချင်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း၊ လောက၌ မျက်စိသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နား ॥ပ॥

---

ယခုအခါ၌ ထိုတဏှာ၏ တည်ရာအာရုံကို အကျယ်အားဖြင့် ပြတော်မူခြင်း၌ "ထိုတဏှာသည်" အစရှိသော စကားတော်ကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ထိုစကားရပ်၌ **"ဖြစ်၏"** ဟူသည် ဥပါဒ်ထင်ရှားသောအားဖြင့် ပထမဆုံးဖြစ်၏။



**"တည်၏"** ဟူသည် ထပ်ခါထပ်ခါ ဖြစ်ခြင်း၏အစွမ်းဖြင့် တည်၏။

**"(အကြင်) လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘော"** ဟူသည် အကြင်အာရုံသည် လောက၌ ချစ်ခင်ဖွယ်သဘောရှိသည်လည်းကောင်း၊ ချိုမြိန်သာယာသဘောရှိသည်လည်းကောင်း ဖြစ်၏။

**"လောက၌ မျက်စိသည်"** အစရှိသော စကာရပ်တို့တွင် လောက၌ မျက်စိစသောတရားတို့၌ ငါ့ဥစ္စာဟု စွဲလမ်းနေကုန်သော သတ္တဝါတို့သည် စည်းစိမ်၌ တည်ကုန်လျက် မိမိ၏ မျက်စိကို မှန်အပြင်စသည်တို့၌ မျက်နှာပုံရိပ်ကို ဂရုစိုက်ခြင်းဖြင့် အလွန်ကြည်လင်သော ကြည့်ရှုဖွယ်ကောင်းသော ငါးမျိုးကို ရွှေဗိမာန်၌ ဖွင့်သော ခြသေ့်ရုပ်ခံ ပတ္တမြားစီ ပြူတင်းပေါက်ကဲ့သို့ မှတ်ထင်ကုန်၏။

http://www.dhammadownload.com



**လောက၌ နှာခေါင်း ။ပ။ လောက၌ လျှာသည် ။ပ။ လောက၌ ကိုယ်သည် ။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏။ တည်သည်ရှိသော် ဤစိတ်၌ တည်၏။**

**လောက၌ ရူပါရုံတို့သည် ။ပ၊ လောက၌ သဒ္ဒါရုံတို့သည် ။ပ။ လောက၌ ဂန္ဓာရုံတို့သည် ။ပ။ လောက၌ ရသာရုံတို့သည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည် ။ပ။ လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထို (တဏှာ) သည်ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏။ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။**



---

နားရွက်ကို ငွေကျည်တောက်ကဲ့သို့လည်းကောင်း၊ ဆောက်လုံးချည်ကဲ့သို့လည်းကောင်း မှတ်ထင်ကုန်၏။ "နှာတံရှင်"ဟူ၍ အမည်ပေးခံရသော နှာခေါင်းကို လုံးထားသော ဆေးဒန်းမြင်းသီလာလုံးကဲ့သို့ မှတ်ထင်ကုန်၏။ နူးညံ့ညက်ညော ချိုမြိန်သော အရသာကို ပေးတတ်သောလျှာကို နီမြန်းသော ကမ္ဗလာအလွှာကဲ့သို့လည်းကောင်း မှတ်ထင်ကုန်၏။ ကိုယ်လုံး ကိုယ်ဟန်ကို အင်ကြင်းပင်ပျိုကဲ့သို့လည်းကောင်း၊ ရွှေတုရိုဏ်တိုင်ကဲ့သို့လည်းကောင်း မှတ်ထင်ကုန်၏။

မိမိစိတ်ကို သူတစ်ပါးတို့၏ စိတ်နှင့် မတူ၊ မွန်မြတ်၏ဟူ၍ မှတ်ထင်ကုန်၏။ ရုပ်အဆင်းကို ရွှေစကားပန်း၊ မဟာလှေကားပန်း စသည်တို့၏ အဆင်းကဲ့သို့ မှတ်ထင်ကုန်၏။ အသံကို သာယာဖွယ်

http://www.dhammadownload.com



လောက၌ စက္ခုဝိညာဏ်သည် ။ပ။ လောက၌ သောတဝိညာဏ်သည် ။ပ။ လောက၌ ဃာနဝိညာဏ်သည် ။ပ။ လောက၌ ဇိဝှါဝိညာဏ်သည် ။ပ။ လောက၌ ကာယဝိညာဏ်သည် ။ပ။ လောက၌ မနောဝိညာဏ်သည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏။ တည်သည်ရှိသော် မနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿသည် ။ပ။ လောက၌ သောတသမ္ဖဿသည် ။ပ။ လောက၌ ဃာနသမ္ဖဿသည် ။ပ။ လောက၌ ဇိဝှါသမ္ဖဿသည် ။ပ။ လောက၌ ကာယသမ္ဖဿသည် ။ပ။ လောက၌ မနောသမ္ဖဿသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ဖြစ်၏။ တည်သည်ရှိသော် မနောသမ္ဖဿ၌ တည်၏။



---

ကရဝိက်ငှက်၏အသံ, ဥဩငှက်၏အသံ, သာသာညင်ညင်း မှုတ်လွတ်သော ပတ္တမြားပုလွေ၏အသံကဲ့သို့ မှတ်ထင်ကုန်၏။

မိမိရထားကုန်သော (ကံ, စိတ်, ဥတု, အာဟာရ ) အကြောင်း လေးပါးရှိသော မွှေးသောအနံ့အာရုံ စသည်တို့ကို "ငါမှ တစ်ပါး အခြားသူတို့၌ ဒီလို အမွှေး အနံ့ အရသာ အတွေ့အထိတို့ ဘယ်ရှိနိုင်ကြမလဲ"ဟု မှတ်ထင်ကုန်၏။

ဤသို့မှတ်ထင်ကုန်သော ထိုသတ္တဝါတို့၏သန္တာန်၌ ထိုမျက်စိ အစရှိသော ပသာဒအာရုံတို့သည် ချစ်ခင်ဖွယ်သဘောလည်း ရှိကုန်၏၊ သာယာဖွယ်သဘောလည်း ရှိကုန်၏။

http://www.dhammadownload.com



လောကဉ္ဇ် စက္ခုသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကဉ္ဇ် သောတသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကဉ္ဇ် ဃာနသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကဉ္ဇ် ဇိဝှါသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကဉ္ဇ် ကာယသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကဉ္ဇ် မနောသမ္ဖဿဇာ ဝေဒနာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ဖြစ်၏။ တည်သည်ရှိသော် မနောသမ္ဖဿဇာ ဝေဒနာ၌ တည်၏။

လောကဉ္ဇ် ရူပသညာသည် ။ပ။ လောကဉ္ဇ် သဒ္ဒသညာသည် ။ပ။ လောကဉ္ဇ် ဂန္ဓသညာသည် ။ပ။ လောကဉ္ဇ် ရသသညာသည် ။ပ။ လောကဉ္ဇ် ဖောဋ္ဌဗ္ဗသညာသည် ။ပ။ လောကဉ္ဇ် ဓမ္မသညာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏။ တည်သည်ရှိသော် ဓမ္မသညာ၌ တည်၏။

---

ထို့ကြောင့် သတ္တဝါတို့အား မျက်စိအစရှိသော ပသာဒ အဆင်း အစရှိသော အာရုံတို့၌ မဖြစ်သေးသော တဏှာသည်လည်း ဖြစ်တတ်၏။ ဖြစ်ပြီးသော တဏှာသည်လည်း ထပ်ခါထပ်ခါ ဖြစ်ခြင်း၏အစွမ်းဖြင့် တည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် "လောကဉ္ဇ် မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ဤမျက်စိ၌ ထိုတဏှာသည်

http://www.dhammadownload.com



လောကဝ်၌ ရူပသဉ္စေတနာသည် ။ပ။ လောကဝ်၌ သဒ္ဒ သဉ္စေတနာသည် ။ပ။ လောကဝ်၌ ဂန္ဓသဉ္စေတနာသည် ။ပ။ လောကဝ်၌ ရသသဉ္စေတနာသည် ။ပ။ လောကဝ်၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည် ။ပ။ လောကဝ်၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏။ တည်သည်ရှိသော် ဓမ္မသဉ္စေတနာ၌ တည်၏။

လောကဝ်၌ ရူပတဏှာသည် ။ပ။ လောကဝ်၌ သဒ္ဒတဏှာ သည် ။ပ။ လောကဝ်၌ ဂန္ဓတဏှာသည် ။ပ။ လောကဝ်၌ ရသ တဏှာသည် ။ပ။ လောကဝ်၌ ဖောဋ္ဌဗ္ဗတဏှာသည် ။ပ။ လောကဝ်၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏။ တည်သည် ရှိသော် ဓမ္မတဏှာ၌ တည်၏။



လောကဝ်၌ ရူပဝိတက်သည် ။ပ။ လောကဝ်၌ သဒ္ဒ ဝိတက်သည် ။ပ။ လောကဝ်၌ ဂန္ဓဝိတက်သည် ။ပ။ လောကဝ်၌ ရသဝိတက်သည် ။ပ။ လောကဝ်၌ ဖောဋ္ဌဗ္ဗဝိတက်သည် ။ပ။ လောကဝ်၌

-----------

ထင်ရှားဖြစ်လျက် ဖြစ်တတ်၏" ဟု အစရှိသော စကားတော်ကို ဟော တော်မူပြီ။

ထို စကားရပ်၌ "ဖြစ်သည်ရှိသော်" ဟူသည် ဤချစ်ခင်သာယာ ဖွယ်သဘောရှိသော မျက်စိ၌ ထင်ရှားဖြစ်လျက် ဖြစ်တတ်၏။ ဤကား ဆိုလိုရင်းတည်း။

http://www.dhammadownload.com



ဓမ္မဝိတက်သည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ ဖြစ်၏။ တည်သည်ရှိသော် ဓမ္မဝိတက်၌ တည်၏။

လောက၌ ရူပဝိစာရသည် ။ပ။ လောက၌ သဒ္ဒဝိစာရသည် ။ပ။ လောက၌ ဂန္ဓဝိစာရသည် ။ပ။ လောက၌ ရသဝိစာရသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည် ။ပ။ လောက၌ ဓမ္မဝိစာရသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ဖြစ်၏။ တည်သည်ရှိသော် ဓမ္မဝိစာရ၌ တည်၏။

ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခသမုဒယ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။ 

ဒုက္ခသမုဒယအရိယသစ္စာ ပြီး၏။

---

အလုံးစုံသော နားစသော စကားရပ်တို့၌လည်း ဤနည်းသာတည်း။

ဒုက္ခသမုဒယအရိယသစ္စာအဖွင့် ပြီး၏။

❖ ❖ ❖ ❖ ❖ ❖ ❖

http://www.dhammadownload.com



## ဒုက္ခနိရောဓအရိယသစ္စာ

၄၀၁။ ရဟန်းတို့၊ ဒုက္ခနိရောဓအရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကို စွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ (နိဗ္ဗာန်)တည်း။

ရဟန်းတို့၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် (ရှိ၏)၊ ထို (တဏှာ) ကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤ ချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ချုပ်၏။



လောက၌ ချင်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း၊ လောက၌ မျက်စိသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ) ကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌ ပယ်

---

## ဒုက္ခနိရောဓအရိယသစ္စာအဖွင့်

၄၀၁။ "အကြွင်းမရှိ ကင်းချုပ်ရာ" အစရှိသော အလုံးစုံစကားရပ်တို့သည် နိဗ္ဗာန်၏ပရိယာယ် စကားလှယ်တို့သာတည်း။

နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခြင်းကြောင့် တဏှာ အကြွင်းအကျန်မရှိ၊ မတပ်မက် ၊ ချုပ်ဆုံးခြင်းကြောင့် ထိုနိဗ္ဗာန်ကို "ထိုတဏှာ၏သာလျှင် အကြွင်းမရှိကင်းချုပ်ရာ" ဟူ၍ ဟောတော်မူခဲ့၏။

http://www.dhammadownload.com



အပ်၏။ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏။ လောက၌ နား ။ပ။ လောက၌ နှာခေါင်း ။ပ။ လျှာသည် ။ပ။ လောက၌ ကိုယ်သည် ။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ) ကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

လောက၌ ရူပါရုံတို့သည် ။ပ၊ လောက၌ သဒ္ဒါရုံတို့သည် ။ပ။ လောက၌ ဂန္ဓာရုံတို့သည် ။ပ။ လောက၌ ရသာရုံတို့သည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည် ။ပ။ လောက၌ တရားသဘော တို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ်သည်ရှိသော် ဤတရားသဘောတို့၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤတရားသဘောတို့၌ ချုပ်၏။



လောက၌ စက္ခုဝိညာဏ်သည် ။ပ၊ လောက၌ သောတ ဝိညာဏ်သည် ။ပ။ လောက၌ ဃာနဝိညာဏ်သည် ။ပ။ လောက၌

---

သည်သာမကသေး၊ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက် ခြင်းကြောင့် တဏှာကို စွန့်ခြင်း၊ အပြီးစွန့်ခြင်းကြောင့်၊ တဏှာမှ လွတ်ခြင်း၊ တဏှာ၏မငြိကပ်ခြင်းကြောင့် နိဗ္ဗာန်ကို "စွန့်ရာ ဝေးစွာ စွန့်ရာ လွတ်မြောက်ရာ မငြိကပ်ရာ" ဟူ၍ ဟောတော်မူထိုက်၏။

အမှန်စင်စစ် နိဗ္ဗာန်သည် တစ်မျိုးတည်းသာတည်း။ သို့သော် ထိုနိဗ္ဗာန်၏ နာမည်တို့သည် အလုံးစုံသော သင်္ခတတရားတို့၏ နာမည် ဆန့်ကျင်ဘက်အဖြစ်ဖြင့် များစွာသော နာမည်တို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



ဃိဝှါဝိညာဏ်သည် ။ပ။ လောက၌ ကာယဝိညာဏ်သည် ။ပ။ လောက၌ မနောဝိညာဏ်သည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ) ကို ပယ်အပ်သည် ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည် ။ပ။ လောက၌ သောတသမ္ဖဿသည် ။ပ။ လောက၌ ဃာနသမ္ဖဿသည် ။ပ။ လောက၌ ဇိဝှါသမ္ဖဿသည် ။ပ။ လောက၌ ကာယသမ္ဖဿသည် ။ပ။ လောက၌ မနောသမ္ဖဿသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ) ကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ချုပ်၏။

---



နိဗ္ဗာန်၏ များစွာသော အမည်တို့ဟူသည် အဘယ်နည်း။ တဏှာ၏ အကြွင်းအကျန်မရှိရာ မတပ်မက်ကြောင်းနိဗ္ဗာန်၊ တဏှာ၏ အကြွင်း အကျန်မရှိရာ ချုပ်ကြောင်းဖြစ်သောနိဗ္ဗာန်၊ တဏှာစွန့်လွှတ်ရာ, စွန့်ကြောင်း နိဗ္ဗာန်၊ တဏှာ၏အပြီး စွန့်လွှတ်ရာ, စွန့်လွှတ်ကြောင်း နိဗ္ဗာန်၊ တဏှာမှ လွတ်ရာ, လွတ်ကြောင်းနိဗ္ဗာန်၊ တဏှာ၏ မကပ်ငြိရာ, မကပ်ငြိကြောင်း နိဗ္ဗာန်၊ ရာဂ၏ကုန်ရာ, ကုန်ကြောင်းနိဗ္ဗာန်၊ ဒေါသ၏ ကုန်ရာ, ကုန်ကြောင်းနိဗ္ဗာန်၊ မောဟ၏ကုန်ရာ, ကုန်ကြောင်းနိဗ္ဗာန်၊ တဏှာ၏ကုန်ရာ, ကုန်ကြောင်းနိဗ္ဗာန်၊ တဏှာ၏နောက်ထပ်မဖြစ်ရာ, မဖြစ်ကြောင်းနိဗ္ဗာန်၊ သင်္ခါရတို့၏ မဖြစ်ရာ, မဖြစ်ကြောင်းနိဗ္ဗာန်၊ သင်္ခါရအရိပ်နိမိတ်မရှိသော နိဗ္ဗာန်၊ တဏှာဖြင့် မတောင့်တထိုက်သော နိဗ္ဗာန်၊ ဒုက္ခကို ပေါင်းယှဉ်ခြင်းမရှိရာ, မရှိကြောင်းနိဗ္ဗာန်၊ ပဋိသန္ဓေ

http://www.dhammadownload.com



လောကၔ် စက္ခုသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကၔ် သောတသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကၔ် ဃာနသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကၔ် ဇိဝှါသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကၔ် ကာယသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောကၔ် မနောသမ္ဖဿဇာ ဝေဒနာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ) ကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာၔ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာၔ် ချုပ်၏။

လောကၔ် ရူပသညာသည် ။ပ။ လောကၔ် သဒ္ဒသညာသည် ။ပ။ လောကၔ် ဂန္ဓသညာသည် ။ပ။ လောကၔ် ရသသညာသည် ။ပ။ လောကၔ် ဖောဋ္ဌဗ္ဗသညာသည် ။ပ။ လောကၔ် ဓမ္မသညာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ် သည်ရှိသော် ဤဓမ္မသညာၔ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသညာၔ် ချုပ်၏။ 

---

မရှိသောနိဗ္ဗာန်၊ ခန္ဓာမရှိသောနိဗ္ဗာန်၊ လားခြင်းမရှိသောနိဗ္ဗာန်၊ ဖြစ်ခြင်း မရှိသောနိဗ္ဗာန်၊ အိုခြင်းမရှိသောနိဗ္ဗာန်၊ နာခြင်းမရှိသောနိဗ္ဗာန်၊ သေခြင်းမရှိသောနိဗ္ဗာန်၊ ဝမ်းနည်းခြင်းမရှိသော နိဗ္ဗာန်၊ ငိုကြွေးခြင်း မရှိသောနိဗ္ဗာန်၊ ပြင်းစွာစိတ်ပင်ပန်းခြင်းမရှိသောနိဗ္ဗာန်၊ ညစ်နွမ်းခြင်း မရှိသောနိဗ္ဗာန်တို့တည်း။

ယခုအခါၔ် မဂ်ဖြင့် ဖြတ်ပြီးသော တဏှာ၏လည်းကောင်း, နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခြင်းကြောင့် မဖြစ်နိုင်ခြင်းသို့

http://www.dhammadownload.com



လောကဌ် ရူပသဉ္စေတနာသည် ။ပ။ လောကဌ် သဒ္ဒသဉ္စေတနာသည် ။ပ။ လောကဌ် ဂန္ဓသဉ္စေတနာသည် ။ပ။လောကဌ် ရသသဉ္စေတနာသည် ။ပ။ လောကဌ် ဖောဋ္ဌဗ္ဗသဉ္စေတနာသည် ။ပ။ လောကဌ် ဓမ္မသဉ္စေတနာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာဌ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာဌ် ချုပ်၏။

လောကဌ် ရူပတဏှာသည် ။ပ။ လောကဌ် သဒ္ဒတဏှာသည် ။ပ။ လောကဌ် ဂန္ဓတဏှာသည် ။ပ။ လောကဌ် ရသတဏှာသည် ။ပ။ လောကဌ် ဖောဋ္ဌဗ္ဗတဏှာသည် ။ပ။ လောကဌ် ဓမ္မတဏှာသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာဌ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မတဏှာဌ် ချုပ်၏။



---

ရောက်သော တဏှာ၏လည်းကောင်း ထိုတဏှာ၏ ဖြစ်ခြင်းကို ပြတော်မူခဲ့သော မျက်စိစသောမှီရာတို့၌ တဏှာ၏ မဖြစ်နိုင်တော့ခြင်းကို ပြခြင်းငှာ "ထိုတဏှာသည်" အစရှိသော စကားကို မိန့်တော်မူ၏။

ထိုစကားရပ်၌ ယောကျ်ားသည် လယ်၌ ပေါက်သော ဗူးခါးနွယ်ကို မြင်၍ အဖျားမှ အမြစ်အရင်းသို့ လိုက်၍ဖြတ်သကဲ့သို့၊ ထိုဗူးခါးနွယ်သည် တဖြည်းဖြည်း ညှိုးနွမ်း ပျောက်ပျက်ခြင်းသို့ ရောက်သကဲ့သို့၊ ထိုနောင် ထိုလယ်၌ ဗူးခါးပင်ကို ချုပ်ပြီ၊ ရှင်းပြီဟူ၍ ဆိုထိုက်သကဲ့သို့ ဤအတူသာလျှင် မျက်စိစသည်တို့၌ ဖြစ်သော တဏှာကို

http://www.dhammadownload.com



လောက၌ ရူပဝိတက်သည် ။ပ။ လောက၌ သဒ္ဒဝိတက်သည် ။ပ။ လောက၌ ဂန္ဓဝိတက်သည် ။ပ။ လောက၌ ရသဝိတက်သည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည် ။ပ။ လောက၌ ဓမ္မဝိတက်သည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောက၌ ရူပဝိစာရသည် ။ပ။ လောက၌ သဒ္ဒ ဝိစာရသည် ။ပ။ လောက၌ ဂန္ဓဝိစာရသည် ။ပ။ လောက၌ ရသဝိစာရသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည် ။ပ။ လောက၌ ဓမ္မဝိစာရသည် ချင်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထို (တဏှာ)ကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။



---

လယ်၌ပေါက်သော ဗူးခါးနွယ်ကဲ့သို့ သိထိုက်၏ ထိုတဏှာသည် အရိယမဂ်ဖြင့် ပယ်ဖြတ်ပြီးသော အမြစ်ရှိသည် ဖြစ်၍ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခြင်းကြောင့် နောက်ထပ် မဖြစ်ခြင်းသို့ ရောက်၏။ လယ်၌ပေါက်သော ဗူးခါးပင်သည် ညှိုးနွမ်း ပျောက်ပျက်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူ တဏှာသည်လည်း ထိုမျက်စိမှီရာတို့၌ ပျောက်ပျက်ခြင်းသို့ ရောက်၏။

ဥပမာတစ်နည်းကား၊ တောအုပ်ထဲမှ တောပုန်းဒမြတို့ကို ဖမ်းခေါ်၍ မြို့၏တောင်တံခါး၏အနီး၌ သတ်လိုက်ကြသောကြောင့် တောအုပ်၌ တောပုန်းဒမြတို့သည် သေလည်းသေကုန်ပြီ၊ သတ်လည်း

http://www.dhammadownload.com



**ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ ဟူ၍ ဆိုအပ်၏။**

**ဒုက္ခနိရောဓအရိယသစ္စာ ပြီး၏။**

---

သတ်ခံကုန်ပြီဟု ပြောနိုင်ကုန်သကဲ့သို့၊ ဤအတူသာလျှင် မျက်စိစသည်တို့၌ ဖြစ်သော တဏှာသည် တောအုပ်၌ ရှိသော တောပုန်းဒမြတို့ကဲ့သို့တည်း။ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်၍ ချုပ်ပျောက်ခြင်းကြောင့် နိဗ္ဗာန်၌ ချုပ်သောတဏှာသည် မြို့၏တောင်တံခါးအနီး၌ သတ်ခံရသော တောပုန်းဒမြတို့ကဲ့သို့တည်း။

ဤသို့ ချုပ်ပြီးသောတဏှာသည် တောအုပ်၌ တောပုန်းဒမြတို့ ချုပ်ပျောက်ကုန်သကဲ့သို့ ထိုမျက်စိမှီရာတို့၌လည်း ချုပ်ပျောက်လေ၏။ ထို့ကြောင့် ထိုတဏှာ၏ ထိုမျက်စိမှီရာတို့၌ပင် ချုပ်ပျောက်ခြင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌ ပယ်အပ်၏၊ ချုပ်အပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်အပ်၏" အစရှိသော စကားကို ဟောတော်မူပြီ။

**ဒုက္ခနိရောဓအရိယသစ္စာအဖွင့် ပြီး၏။**

http://www.dhammadownload.com



## ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ

၄၀၂။ ရဟန်းတို့၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာသည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့်လမ်းတည်း။ ဤမဂ်အကျင့်လမ်းတို့သည် အဘယ်တို့နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တို့ပေတည်း။

ရဟန်းတို့၊ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း၊ ဒုက္ခ၏ဖြစ်ကြောင်း၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ (သိမြင်ခြင်း) ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟူ၍ ဆိုအပ်၏။ 

---

## ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာအဖွင့်

၄၀၂။ "ဤမဂ်အကျင့်လမ်းတည်း"ဟူသော စကားရပ်သည် နိဗ္ဗာန်ရောက်ကြောင်း မဂ်အကျင့်လမ်းစဉ်မှ တစ်ပါး အခြားသော အကျင့်လမ်းစဉ်ကို ပယ်မြစ်ခြင်းအကျိုးငှာ ဆိုသော စကားရပ်တည်း။

"မြတ်သော" ဟူသည် ထိုထိုမဂ်ဖြင့် ပယ်သတ်ပြီးသော ကိလေသာတို့မှ ဝေးကွာသောကြောင့်လည်းကောင်း၊ မြတ်သောအရိယာအဖြစ်ကို ပြုတတ်သောကြောင့်လည်းကောင်း "မြတ်သော" မည်၏။

"ဒုက္ခ၌ သိမြင်ခြင်း"အစရှိသော စကားရပ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိစေနိုင်သော ကမ္မဋ္ဌာန်းကို ပြတော်မူပြီ။

http://www.dhammadownload.com



ထိုသစ္စာလေးပါးတို့တွင် ရှေးဖြစ်ကုန်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့သည် သံသရာလည်သော လောကဝဋ်သစ္စာတည်း။ နောက်ဖြစ်ကုန်သော နိရောဓသစ္စာ, မဂ္ဂသစ္စာတို့သည် သံသရာဝဋ်မှ လွတ်ရာ, လွတ်ကြောင်း လောကုတ္တရာသစ္စာတည်း။

ထိုဝဋ္ဋသစ္စာ, ဝိဝဋ္ဋသစ္စာနှစ်ပါးတို့တွင် ရဟန်း၏ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည် လောကီဝဋ်သစ္စာ၌သာ ဖြစ်နိုင်၏။ လောကုတ္တရာ ဝိဝဋ္ဋသစ္စာ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည် မရှိနိုင်။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ ရှေးဖြစ်ကုန်သော ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးတို့သည် "ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာတည်း။ တဏှာသည် သမုဒယသစ္စာတည်း" ဤသို့လျှင် အကျဉ်းအားဖြင့်လည်းကောင်း၊ "ခန္ဓာငါးပါးတို့သည် အဘယ်တို့နည်း၊ ရူပက္ခန္ဓာလည်းကောင်း၊" ဤသို့ အစရှိသောနည်းဖြင့် အကျယ်အားဖြင့်လည်းကောင်း ဆရာတို့၏အထံ၌ သင်ယူ၍ နှုတ်ဖြင့် ထပ်ခါထပ်ခါ ပြန်ပေါ်စေလျက် တရားအားထုတ်သောပုဂ္ဂိုလ်သည် အားထုတ်မှုကို ပြု၏။



ထိုမှတစ်ပါး အခြားကုန်သော နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့တွင် နိရောဓသစ္စာကို လိုလားထိုက်၏၊ နှစ်သက်ထိုက်၏၊ မြတ်နိုးထိုက်၏။ မဂ္ဂသစ္စာကို လိုလားထိုက်၏၊ နှစ်သက်ထိုက်၏၊ မြတ်နိုးထိုက်၏။ ဤသို့ ကြားနာခြင်းမျှဖြင့် အားထုတ်မှုကို ပြု၏။

ထိုတရားအားထုတ်သောပုဂ္ဂိုလ်သည် ဤသို့ ပြုလတ်သော် သစ္စာလေးပါးတို့ကို တစ်ခုတည်းသော ပဋိဝေဓဉာဏ်ဖြင့်ပင် ထိုးထွင်း၍ သိ၏။ တစ်ခုတည်းသော ထိုးထွင်း၍ သိတတ်သောဉာဏ်ဖြင့် ထိုးထွင်း၍

http://www.dhammadownload.com



သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏။ သမုဒယသစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍ သိ၏။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ဟူသော ထိုးထွင်း၍သိခြင်းဖြင့် ထိုးထွင်း၍သိ၏။ မဂ္ဂသစ္စာကို မိမိ သန္တာန်၌ ဖြစ်စေခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းဟူသော ထိုးထွင်း၍သိခြင်းဖြင့်, သမုဒယ သစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့်, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့်, မဂ္ဂသစ္စာကို မိမိ သန္တာန်၌ ဖြစ်စေခြင်းဟူသော ထိုးထွင်း၍ သိခြင်းဖြင့် ထိုးထွင်း၍သိ၏။

ဤသို့ ထိုတရားအားထုတ်သော ပုဂ္ဂိုလ်၏ မဂ်၏ရှေးအဖို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၌ သင်ယူခြင်း, အဖန်ဖန်မေးမြန်းခြင်း, နာယူခြင်း, ဆောင်ခြင်း, သုံးသပ်ခြင်း, ထိုးထွင်း၍သိခြင်းသည် ဖြစ်၏။ နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့၌ကား နာယူခြင်းမျှဖြင့် ထိုးထွင်း၍ သိနိုင်သည်သာ။



မဂ်ရပြီးသည်မှ နောက်အဖို့၌ ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ သုံးပါးတို့၌ (ပိုင်းခြား၍သိခြင်း, ပယ်ခြင်း, မိမိသန္တာန်၌ ဖြစ်စေခြင်း) ကိစ္စအားဖြင့် ထိုးထွင်း၍သိခြင်းသာတည်း။ နိရောဓသစ္စာ၌ အာရုံ ပြုခြင်းဟူသော ထိုးထွင်း၍သိခြင်းသာတည်း။

သစ္စာတို့ကို ဆင်ခြင်ကြောင်း ပစ္စဝေက္ခဏာဉာဏ်သည်ကား မဂ္ဂသစ္စာကို ရပြီးသောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်၏။ ဤပုဂ္ဂိုလ်သည်လည်း

http://www.dhammadownload.com



သစ္စာလေးပါးကိစ္စကို ပထမဦးစွာ ပြုပြီးသူတည်း။ ထို့ကြောင့် သစ္စာတို့ကို ဆင်ခြင်ကြောင်း ပစ္စဝေက္ခဏာဉာဏ်ကို ဤနေရာ၌ မဆိုသင့်။

ဤရဟန်း၏ ကမ္မဋ္ဌာန်းကို မသိမ်းဆည်းမှီ "ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏။ သမုဒယသစ္စာကို ပယ်စွန့်၏။ နိရောဓသစ္စာကို မျက်မှောက်ပြု၏။ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်စေ၏" ဤသို့ နှလုံးသွင်းခြင်း, စိတ်ကို ကောင်းစွာဆောင်ခြင်း, စိတ်ထားခြင်း, ဆင်ခြင်ခြင်း မရှိ။ ကမ္မဋ္ဌာန်းကို သိမ်းဆည်းရာအခါမှစ၍ နှလုံးသွင်းခြင်း, စိတ်ကို ကောင်းစွာဆောင်ခြင်း, စိတ်ထားခြင်း, ဆင်ခြင်ခြင်းသည် ဖြစ်၏။ မဂ်ဖြစ်သည့်နောက်၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးသည်သာ။ သမုဒယသစ္စာကို ပယ်စွန့်ပြီးသည်သာ။ နိရောဓသစ္စာကို မျက်မှောက်ပြုပြီးသည်သာ။ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်စေပြီးသည်သာ။ ထိုလေးပါးသော သစ္စာတို့တွင် ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးတို့သည် မြင်နိုင်ခဲကုန်သောကြောင့် နက်နဲကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ သစ္စာနှစ်ပါးတို့သည် နက်နဲကုန်သောကြောင့် မြင်နိုင်ခဲကုန်၏။



အကျယ်ချဲ့၍ ဆိုဦးအံ့၊ ဒုက္ခသစ္စာသည် ဖြစ်ခြင်းအားဖြင့် ထင်ရှား၏။ သစ်ငုတ်ဆူးတို့ဖြင့် ပုတ်ခတ်မိရာအခါ အစရှိသည်တို့၌ "သြော် - ဆင်းရဲပါတကား" ဟူ၍ ပြောဆိုရလောက်အောင် ဖြစ်၏။ သမုဒယသစ္စာသည်လည်း ခဲမြုံ့လိုခြင်း၊ စားလိုခြင်း အစရှိသည်ဖြင့် ဖြစ်ခြင်းအားဖြင့် ထင်ရှား၏။ ထိုသို့ပင် ထင်ရှားပါသော်လည်း ဒုက္ခ, သမုဒယသစ္စာတို့၏ လက္ခဏာတို့ကို ထိုးထွင်း၍သိခြင်းအားဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးသည်လည်း နက်နဲ၏။ ထိုသစ္စာနှစ်ပါးတို့သည် ထိုမြင်နိုင်ခဲကုန်သောကြောင့် နက်နဲကုန်၏။

http://www.dhammadownload.com



ဒုက္ခသစ္စာ, သမုဒယသစ္စာမှတစ်ပါး အခြားကုန်သော နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့ကို မြင်ခြင်းအကျိုးငှာ လုံ့လပြုရခြင်းသည် ဘဝ၏ ထိပ်ဖျားဖြစ်သော နေဝသညာနာသညာယတနဘုံကို ဆွဲကိုင်နိုင်ခြင်းအကျိုးငှာ လက်ကို ဆန့်တန်းရသကဲ့သို့လည်းကောင်း၊ အဝီစိကို ထိတွေ့ခြင်းအကျိုးငှာ ခြေကို ဆန့်တန်းရသကဲ့သို့လည်းကောင်း၊ အစိတ်တစ်ရာ ခွဲထားပြီးသော သားမြီးတစ်စိတ်၏ အစွန်းတစ်ခုဖြင့် အစွန်းတစ်ခုကို ထိတွေ့ရခြင်းငှာ လုံ့လပြုရခြင်းသည် ခဲယဉ်းသကဲ့သို့ ခဲယဉ်း၏။ ထိုနိရောဓ, မဂ္ဂသစ္စာတို့သည် ထိုသို့နက်နဲကုန်သောကြောင့် မြင်နိုင်ခဲကုန်၏။

ဤသို့ နက်နဲသောတရားတို့၌ မြင်နိုင်ခဲသောကြောင်လည်း၊ မြင်နိုင်ခဲသော တရားတို့၌ နက်နဲကုန်သောကြောင့်လည်းကောင်း (မြင်နိုင်ခဲ, နက်နဲကုန်သော) သစ္စာလေးပါးတရားတို့၌ သင်ယူခြင်း အစရှိသည်တို့၏အစွမ်းဖြင့် မဂ်ဉာဏ်၏ရှေး၌ ဉာဏ်၏ဖြစ်ခြင်းကို ရည်ရွယ်၍ **"ဒုက္ခ၌ သိမြင်ခြင်း"** အစရှိသော ဤစကားကို မိန့်တော်မူပြီ။ ထိုးထွင်း၍ သိရာခဏ၌ကား တစ်ခုတည်းသာလျှင်ဖြစ်သော ထိုမဂ်ဉာဏ်သည် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ သမ္မာသင်္ကပ္ပသည် အဘယ်နည်း။ (ကာမအာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း၊ ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ (ကြံစည်ခြင်း) ကို မှန်စွာကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါစာသည် အဘယ်နည်း။ မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကုံးစကားမှ ကြဉ်ရှောင်ခြင်း၊ ရုန့်ကြမ်း

---

ထွက်မြောက်ကြောင်း အကြံအစည် အစရှိတို့သည် ကာမဂုဏ် ကြံစည်ခြင်း၊ ဖျက်ဆီးမှုကြံစည်ခြင်း၊ ညှဉ်းဆဲမှုကြံစည်ခြင်းတို့မှ ရှောင် ကြဉ်ကြောင်းသညာတို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ရှေ့အဖို့၌ ကွဲပြားကုန်၏။



မဂ်ခဏ၌ကား ဤသုံးပါးကုန်သော မကောင်းကြံစည်မှုတို့၌ ဖြစ်သော အကုသိုလ်အကြံအစည်၏အကြောင်းရင်းကို ဖြတ်ခြင်းအားဖြင့် မကောင်းကြံစည်မှု မဖြစ်ခြင်းကို ပြီးစေခြင်း၏အစွမ်းဖြင့် မဂ်၏ အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်းသာလျှင်ဖြစ်သော ရှောင်ကြဉ်ခြင်း ကုသိုလ်ကြံစည်မှုသည် ဖြစ်၏။ ဤကုသိုလ်ကြံစည် မှုသည် 'သမ္မာသင်္ကပ္ပ'မည်၏။

ချွတ်ယွင်းလျက် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း အစရှိသော တရားတို့သည်လည်း ချွတ်ယွင်းလျက် ပြောဆိုခြင်း အစရှိသော

http://www.dhammadownload.com



သောစကားမှ ကြဉ်ရှောင်ခြင်း၊ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့၊ ဤကြဉ်ရှောင်ခြင်းကို မှန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာကမ္မန္တသည် အဘယ်နည်း။

အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့၊ ဤ (ကြဉ်ရှောင်ခြင်း) ကို မှန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' ဟူ၍ ဆိုအပ်၏။

---

ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်းသညာတို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ရှေ့အဖို့၌ ကွဲပြားကုန်၏။

မဂ်ခဏ၌ကား ဤလေးပါးကုန်သော မကောင်းပြောဆိုမှုတို့၌ ဖြစ်သော အကုသိုလ် မကောင်းသော အကျင့်စေတနာ၏ အကြောင်းရင်းကို ဖြတ်ခြင်းအားဖြင့် မကောင်းသော ပြောဆိုမှု မဖြစ်ခြင်းကို ပြီးစေခြင်း၏အစွမ်းဖြင့် မဂ်၏ အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်းသာလျှင်ဖြစ်သော ရှောင်ကြဉ်ခြင်း ကုသိုလ် ပြောဆိုမှုသည် ဖြစ်၏။ ဤကုသိုလ်ပြောဆိုမှုသည် 'သမ္မာဝါစာ' မည်၏။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း-အစရှိသော တရားတို့သည်လည်း သူ့အသက်သတ်ခြင်းအစရှိသော ကာယဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်းသညာတို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ရှေ့အဖို့၌ ကွဲပြားကုန်၏။

http://www.dhammadownload.com



ရဟန်းတို့၊ သမ္မာအာဇီဝသည် အဘယ်နည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းစွာ အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာအသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့၊ ဤ (အသက်မွေးခြင်း) ကို မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟူ၍ ဆိုအပ်၏။

——————————

မဂ်ခဏ၌ကား ဤသုံးပါးကုန်သော မကောင်းသောပြုလုပ်မှုတို့၌ ဖြစ်သော အကုသိုလ် မကောင်းသော အကျင့်စေတနာ၏ အကြောင်းရင်းကို ဖြတ်ခြင်းအားဖြင့် မကောင်းပြုလုပ်မှုမဖြစ်ခြင်းကို ပြီးစေခြင်း၏ အစွမ်းဖြင့် မဂ်၏အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်း သာလျှင်ဖြစ်သော ရှောင်ကြဉ်ခြင်း ကုသိုလ် ပြုလုပ်မှုသည် ဖြစ်၏။ ဤကုသိုလ်ပြုလုပ်မှုသည် **'သမ္မာကမ္မန္တ'** မည်၏။



**"မှားယွင်းစွာ အသက်မွေးခြင်းကို"** မည်သည် ခဲဖွယ်စားဖွယ် အစရှိသည်တို့၏အတွက် ဖြစ်စေသော ကာယဒုစရိုက်, ဝစီဒုစရိုက်ကို (ပယ်စွန့်၍)

**"ပယ်စွန့်၍"** ဟူသည် ရှောင်ကြဉ်၍။

**"မှန်စွာ အသက်မွေးခြင်းဖြင့်"**ဟူသည် မြတ်စွာဘုရားချီးမွမ်းတော်မူသော အသက်မွေးဝမ်းကြောင်းဖြင့်။

**"အသက်မွေး၏"**ဟူသည် အသက်မွေးဝမ်းကြောင်းကို ဖြစ်စေ၏။

**ရဟန်းတို့၊ သမ္မာဝါယမသည် အဘယ်နည်း။**

**ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို**

— — — — — — — — — —

မှန်စွာ အသက်မွေးခြင်းသည်လည်း အံ့ဩဖွယ်ကို ဖြစ်စေခြင်း အစရှိသည်တို့မှ ရှောင်ကြဉ်ကြောင်းသညာတို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ရှေ့အဖို့၌ ကွဲပြားကုန်၏။

မဂ်ခဏ၌ကား ဤခုနစ်ပါးကုန်သော မကောင်းသော ပြောဆိုမှု၊ ပြုလုပ်မှုတို့၌ ဖြစ်သော မှားယွင်းစွာ အသက်မွေးခြင်း မကောင်းသော အကျင့်စေတနာ၏ အကြောင်းရင်းကို ဖြတ်ခြင်းအားဖြင့် မကောင်းသောပြောဆိုမှု ပြုလုပ်မှု မဖြစ်ခြင်းကို ပြီးစေခြင်း၏အစွမ်းဖြင့် မဂ်၏ အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်းသာလျှင်ဖြစ်သော ရှောင်ကြဉ်ခြင်း ကုသိုလ် ပြောဆိုမှု ပြုလုပ်မှုသည် ဖြစ်၏။ ဤကုသိုလ် ပြောဆိုမှု ပြုလုပ်မှုသည် **'သမ္မာအာဇီဝ'** မည်၏။ ၂၃၉

**"မဖြစ်သေးသော"**ဟူသည် ဘဝတစ်ခု၌သော်လည်းကောင်း၊ ထို (အကုသိုလ်ဖြစ်လောက်အောင်) သဘောရှိသော အာရုံ၌သော်လည်း ကောင်း မိမိသန္တာန်၌ မဖြစ်ပေါ်ကုန်သေးသော။

သူတစ်ပါး၏သန္တာန်၌ ဖြစ်သော အကုသိုလ်တရားတို့ကို မြင်၍ ကား "ငါမှာ ဤသို့သဘောရှိကုန်သော မကောင်းမှုအကုသိုလ်တို့သည် မဖြစ်ပါကုန်မူကား ဩော် . . . ကောင်းလေစွ" ဤသို့ မဖြစ်ပေါ်ကုန်း သေးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်ခြင်းငှာ။

http://www.dhammadownload.com



**ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။**

**ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။**

———————————

"**ဆန္ဒပြု၍ ဖြစ်စေ၏**" ဟူသည် ထိုမဖြစ်ကုန်သေးသော အကုသိုလ် တရားတို့ကို မဖြစ်စေတတ်သောအကျင့်ကို ပြီးစေတတ်သော ဝီရိယနှင့် ယှဉ်သောဆန္ဒကို ဖြစ်စေ၏။

"**အားထုတ်၏**" ဟူသည် အားထုတ်မှုကို ပြု၏။



"**လုံ့လပြု၏**" ဟူသည် ဝီရိယကို ဖြစ်စေ၏။

"**စိတ်ကို ချီးမြှောက်၏**" ဟူသည် ဝီရိယဖြင့် စိတ်ကို ချီးမြှောက်မှုကို ပြု၏။

"**ဆောက်တည်၏**" ဟူသည် အရေ၊ အကြော၊ အရိုးသည်သာ အကယ်၍ ကြွင်းကျန်ပါစေဦးတော့။ ဤသို့ အားထုတ်ကြောင်းလုံ့လကို ဖြစ်စေ၏။

"**ဖြစ်ပြီးကုန်သော**" ဟူသည် အမြဲမပြတ် ဖြစ်တတ်ခြင်း၏ အစွမ်းဖြင့် မိမိ၏သန္တာန်၌ ဖြစ်ဖူးကုန်သော။

ယခုအခါ၌ ထိုသို့သော အကုသိုလ်တို့ကို မဖြစ်စေတော့အံ့ဟု ထိုအကုသိုလ်တရားတို့ကို ပယ်ခြင်း၌သာ ဆန္ဒကို ဖြစ်စေ၏။

http://www.dhammadownload.com



မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊

---

"မဖြစ်သေးသော ကုသိုလ်တရားတို့ကို" ဟူသည် မရကုန်သေးသော ပဌမစျာန်အစရှိသော တရားတို့ကို။

"ဖြစ်ပြီးသော"ဟူသည် ရကုန်ပြီးသော ထိုပဌမစျာန်အစရှိသော ကုသိုလ်တရားတို့ကိုပင်။

"တည်မြဲစေရန်" ဟူသည် ထပ်ခါထပ်ခါ ဖြစ်ခြင်းအစဉ်၏ အစွမ်းဖြင့် တည်ခြင်းအကျိုးငှာ။

"မပျောက်ပျက်စေရန်" ဟူသည် မပျောက်ပျက်ခြင်းအကျိုးငှာ။

"တိုးတက်ဖြစ်ပွားစေရန်" ဟူသည် အထက်၌ ဖြစ်ခြင်းငှာ။

"ပြန့်ပြောစေရန်"ဟူသည် ပြန့်ပြောခြင်းအကျိုးငှာ။

"ပွားများမှု ပြည့်စုံစေရန်" ဟူသည် ဘာဝနာ၏ ပြည့်စုံခြင်းအကျိုးငှာ (ဆန္ဒကို ဖြစ်စေ၏)။

ဤမှန်စွာ အားထုတ်ခြင်းသည်လည်း မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေကြောင်းစသော စိတ်တို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ရှေ့အဖို့၌ ကွဲပြားကုန်၏။

http://www.dhammadownload.com



စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ (ဤအားထုတ်ခြင်း)ကို မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိသည်ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိသည်ရှိသည်ဖြစ်၍ လောက၌

---



မဂ်ခဏ၌ကား ဤလေးပါးကုန်သော အရာတို့၌ပင် ကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့် မဂ်၏အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်းသာလျှင်ဖြစ်သော ကုသိုလ်အားထုတ်မှုသည် ဖြစ်၏။ ဤကုသိုလ် အားထုတ်မှုသည် သမ္မာဝါယာမမည်၏။

မှန်စွာအောက်မေ့ခြင်းသတိသည်လည်း ရုပ်အပေါင်း အစရှိသည်ကို သိမ်းယူတတ်သော စိတ်တို့၏ ကွဲပြားကုန်သောကြောင့် မဂ်၏ ရှေ့အဖို့၌ ကွဲပြားကုန်၏။

မဂ်ခဏ၌ကား ဤလေးပါးကုန်သောအရာတို့၌ပင် ကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့် မဂ်၏အကြောင်းအင်္ဂါကို ပြည့်စေလျက် တစ်ပေါင်းတည်းသာလျှင်ဖြစ်သော ကုသိုလ်အောက်မေ့ခြင်းသည် ဖြစ်၏။ ဤကုသိုလ် အောက်မေ့ခြင်းသည် 'သမ္မာသတိ' မည်၏။

http://www.dhammadownload.com



**အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိသည်ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍**

---

စျာန်တရားတို့သည် မဂ်၏ရှေ့အဖို့၌လည်းကောင်း၊ မဂ်ခဏ၌လည်းကောင်း ကွဲပြားကုန်၏။ မဂ်၏ရှေးအဖို့၌ သမာပတ်၏အစွမ်းဖြင့် ကွဲပြားကုန်၏။ မဂ်ခဏ၌ အမျိုးမျိုးသောမဂ်၏အစွမ်းဖြင့် (ကွဲပြားကုန်၏)။

အကျယ်ချဲ့၍ ဆိုဦးအံ့၊ တစ်ယောက်သောပုဂ္ဂိုလ်၏ ရှေးဦးစွာဖြစ်သော သောတာပတ္တိမဂ်သည် ပဌမစျာန်နှင့်ယှဉ်၏။ ဒုတိယမဂ် အစရှိသော မဂ်တို့ သည်လည်း ပဌမစျာန်နှင့်ယှဉ်ကုန်သည်သော်လည်းကောင်း၊ ဒုတိယစျာန် အစရှိသော စျာန်တို့တွင် အမှတ်မထား တစ်ပါးပါးသောစျာန်နှင့် ယှဉ်ကုန်သော်လည်းကောင်း ဖြစ်ကုန်၏။

တစ်ယောက်သော ပုဂ္ဂိုလ်၏လည်း သောတာပတ္တိပဌမမဂ်သည် ဒုတိယစျာန်အစရှိသော စျာန်တို့တွင် အမှတ်မထား တစ်ပါးပါးသော စျာန်နှင့် ယှဉ်၏။ ဒုတိယအစရှိသော မဂ်တို့သည်လည်း ဒုတိယအစရှိသောစျာန်တို့တွင် အမှတ်မထား တစ်ပါးပါးသောစျာန်နှင့် ယှဉ်ကုန်သည်သော်လည်းကောင်း၊ ပဌမစျာန်နှင့်ယှဉ်ကုန်သည်သော်လည်းကောင်း (ဖြစ်ကုန်၏)။

http://www.dhammadownload.com



## သတိသည်ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားကို အကြိမ်ကြိမ်

ဤသို့ မဂ်လေးပါးတို့သည်လည်း ဈာန်နှင့်စပ်သဖြင့် အလုံးစုံတူကုန်သည်သော်လည်းကောင်း၊ အလုံးစုံမတူကုန်သည်သော်လည်းကောင်း၊ အချို့တူကုန်သည်သော်လည်းကောင်း ဖြစ်ကုန်၏။

ထိုမဂ်၏ အလုံးစုံတူကုန်, အလုံးစုံမတူကုန်, အချို့တူကုန်သည်ဟူသော ဤထူးခြားခြင်းသည် အခြေခံပါဒကဈာန်၏ အမှတ်အသားကြောင့် ဖြစ်၏။

သမ္မသိတဈာန် စသည်တို့မှ ရှေးဦးစွာ ညွှန်ပြထားသော အခြေခံပါဒကဈာန်၏ အမှတ်အသားကြောင့် သိထိုက်၏။ ပထမဈာန်ကို ရရှိသောပုဂ္ဂိုလ်သည် ပထမဈာန်မှထ၍ ဝိပဿနာအားထုတ်လတ်သော် ဖြစ်ပေါ်လာသောမဂ်သည် ပထမဈာန်နှင့် ယှဉ်၏။

ဤပထမဈာန်မဂ်၌ မဂ္ဂင်တရား ဗောဇ္ဈင်တရားတို့သည် ပြည့်စုံကြကုန်သည်သာ။ ဒုတိယဈာန်မှ ထ၍ ဝိပဿနာအားထုတ်လတ်သော် ဖြစ်ပေါ်လာသောမဂ်သည် ဒုတိယဈာန်နှင့် ယှဉ်၏။ ဤဒုတိယဈာန်မဂ်၌ကား မဂ်၏အင်္ဂါတို့သည် ခုနစ်ပါးရှိကုန်၏။

တတိယဈာန်မှထ၍ ဝိပဿနာအားထုတ်လတ်သော် ဖြစ်ပေါ်လာသောမဂ်သည် တတိယဈာန်နှင့်ယှဉ်၏။ ဤတတိယဈာန်မဂ်၌လည်း မဂ်၏အင်္ဂါတို့သည် ခုနစ်ပါးတို့သည်လည်းကောင်း၊ ဗောဇ္ဈင်တို့သည် ခြောက်ပါးတို့သည်လည်းကောင်း ဖြစ်ကုန်၏။

http://www.dhammadownload.com



**ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအောက်မေ့ခြင်းကို သတိကို မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူ၍ ဆိုအပ်၏။**

---

စတုတ္ထစျာန်မှ ထ၍ နေဝသညာနာသညာယတနစျာန်တိုင်အောင် ဝိပဿနာအားထုတ်သောပုဂ္ဂိုလ်၏ မဂ်ဖြစ်ခြင်းသည် ဤကဲ့သို့သောနည်းသာလျှင်တည်း။

အရူပဘုံ၌ စျာန်လေးပါးအပေါင်း၊ စျာန်ငါးပါးအပေါင်းသည် ဖြစ်၏။ ထိုစျာန်သည်လည်း လောကုတ္တရာစျာန်တည်း။ လောကီစျာန် မဟုတ်။ ဤသို့ အဋ္ဌသာလိနီကျမ်း၌ ဆိုခဲ့ပြီ။

ဤစကားရပ်၌ အဘယ်သို့ ဖြစ်သနည်း။ ဤအရူပဘုံ၌လည်း ပထမစျာန်အစရှိသည်တို့တွင် ရသော စျာန်မှထ၍ သောတာပတ္တိမဂ်ကို ရပြီး အရူပသမာပတ်ကို ဖြစ်စေ၍ အရူပဘုံ၌ ဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ထိုအရူပဘုံ၌ပင် ပါဒကစျာန်နှင့်တူသော စျာန်ရှိကုန်သော အထက်မဂ်သုံးပါးတို့သည် ဖြစ်ကုန်၏။ ဤသို့ (ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်၏ အာရုံသည်) ပါဒကစျာန်သည်သာ သတ်မှတ်၏။

တစ်ချို့ကုန်သော ထေရ်တို့သည် "ဝိပဿနာ၏အာရုံတို့သည် ခန္ဓာတို့သည်သာ သတ်မှတ်ကုန်၏" ဤသို့ ဆိုကုန်၏။

တစ်ချို့ကုန်သော ထေရ်တို့သည် "ပုဂ္ဂိုလ်၏အလိုဆန္ဒသည် သတ်မှတ်၏" ဤသို့ ဆိုကုန်၏။

တစ်ချို့ကုန်သော ထေရ်တို့သည် "သင်္ခါရုပေက္ခာဉာဏ်နောက်ပိုင်း အနုလောမဉာဏ် တည်းဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် သတ်မှတ်ကုန်၏" ဤသို့ ဆိုကုန်၏။

http://www.dhammadownload.com





ရဟန်းတို့ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင်ဖြစ်သော အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ဖြစ်သော ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော နီဝရဏ ကင်းခြင်းကြောင့် ဖြစ်သည့် ပီတိသုခရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော သမာဓိကို ပွားစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်းမရှိသော သမာဓိကြောင့်ဖြစ်သည့် ပီတိသုခ ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ပီတိ၏လည်း ကင်းခြင်း ကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက် နေ၏။ သုခ ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် (တတိယစျာန်) ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာ (ပုဂ္ဂိုလ်) တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယ စျာန်သို့ ရောက်၍နေ၏။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း၊ ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာယာခြင်းတို့၏ ချုပ်ခြင်း ကြောင့်၎င်း ဆင်းရဲချမ်းသာကင်းသော (ဥပေက္ခာ) ကြောင့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။

---

ထိုထေရ်တို့၏ ဝါဒအဆုံးအဖြတ်ကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ဝုဋ္ဌာနဂါမိနီ အရာ၌ ဆိုပြီးသောနည်းဖြင့်သာ သိထိုက်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသမာဓိကို မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

၄၀၃။ ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ, သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌



---

"ရဟန်းတို့ ဤသမာဓိကို မှန်စွာတည်ခြင်း 'သမ္မာသမာဓိ' ဟူ၍ ဆိုအပ်၏" ဟူသည် ရှေးအဖို့၌ လောကီဖြစ်သော ဝိပဿနာမဂ်၊ နောက်အဖို့၌ လောကုတ္တရာဖြစ်သော အရိယမဂ် သမာဓိကို မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဟူ၍ ဆိုထိုက်၏။

"ဤသို့ (မိမိ၏) သဘောတရားတို့၌မူလည်း" ဟူသည် ဤသို့လျှင် မိမိ၏မူလည်း သစ္စာလေးပါးတို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့်၊ သူတစ်ပါး၏မူလည်း၊ ရံဖန်ရံခါ မိမိ၏မူလည်း, ရံဖန်ရံခါ သူတစ်ပါး၏မူလည်း သစ္စာလေးပါးတို့ကို ပိုင်းခြား၍ သိမ်းယူခြင်းဖြင့် ရုပ်နာမ်သဘောတရားတို့၌ ရုပ်နာမ်သဘောတရားကို အဖန်ဖန် ရှုသိမြင်သည်ဖြစ်၍ နေ၏။

http://www.dhammadownload.com



ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။

ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိ တဖန်တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။

ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။



**ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ ပြီး၏။**

**သစ္စာအပိုင်း ပြီး၏။**

---

ဤသစ္စာတို့ကို ဆိုရာအပိုင်း၌ ဖြစ်ခြင်း ပျက်ခြင်းတို့ကို ထိုသစ္စာလေးပါးတို့၏ ဟုတ်တိုင်းမှန်စွာ ဖြစ်သည့်အတိုင်း, ဆုတ်နစ်သည့်အတိုင်း သိထိုက်၏။

"ဤသို့ (မိမိ၏) သဘောတရားတို့၌မူကား" အစရှိသော စကားအပေါင်းမှ နောက်ဖြစ်သော "သဘောတရားတို့သာလျှင် ရှိကုန်၏" အစရှိသော စကားအပေါင်းသည် ဆိုခဲ့ပြီးသော နည်းရှိသည်သာ။

http://www.dhammadownload.com



အထူးကား သီးသန့်အားဖြင့် ဤသစ္စာတို့ကို ဆိုရာအပိုင်း၌ သစ္စာတို့ကို ပိုင်းခြား၍ သိမ်းယူတတ်သော သတိသည် ဒုက္ခသစ္စာတည်းဟူ၍ ဤသို့ ယှဉ်စပ်၍ သစ္စာတို့ကို သိမ်းယူတတ်သော ရဟန်း၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းကို သိထိုက်၏။ ကြွင်းကျန်သမျှကို ထိုကဲ့သို့ သိထိုက်သည်သာတည်း။ ဤကား အပြီးတည်း။

**ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာအဖွင့် ပြီး၏**

**သစ္စာလေးပါးကို ဖွင့်ဆိုရာအပိုင်း ပြီး၏။**

**သဘောတရားကို ဆင်ခြင်ခြင်းအဖွင့် ပြီး၏။**

❖ ❖ ❖ ❖ ❖ ❖ ❖

၄၀၄။ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းလည်းကောင်း၊ ဣရိယာပုတ်လေးပါးတို့ကို ရှုဆင်ခြင်ခြင်းအပိုင်းလည်းကောင်း။ သတိသမ္ပဇဉ်လေးပါးဖြင့် ရှုဆင်ခြင်ခြင်းအပိုင်းလည်းကောင်း၊ သုံးဆယ့်နှစ်ပါးအစရှိသော အပိုင်းကို ရှုသိမြင်ခြင်းလည်းကောင်း၊ ဓာတ်လေးပါးကို ပိုင်းခြားခြင်းလည်းကောင်း၊ သင်္ချိုင်း၌ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ရှုသိမြင်ခြင်းအပိုင်းလည်းကောင်း၊ ခံစားမှုဝေဒနာကို အဖန်ဖန်ရှုသိမြင်ခြင်းအပိုင်းလည်းကောင်း၊ စိတ်ကို အဖန်ဖန် ရှုသိမြင်ခြင်းအပိုင်းလည်းကောင်း၊ နီဝရဏတို့ကို ပိုင်းခြား၍ယူကြောင်းအပိုင်းလည်းကောင်း၊ ခန္ဓာတို့ကို ပိုင်းခြား၍ ယူကြောင်းအပိုင်းလည်းကောင်း၊ အာယတနတို့ကို ပိုင်းခြား၍ ယူကြောင်းအပိုင်းကောင်း၊ ဗောဇ္ဈင်တို့ကို ပိုင်းခြား၍ယူကြောင်းအပိုင်းလည်းကောင်း၊

http://www.dhammadownload.com



သစ္စာတို့ကို ပိုင်းခြား၍ယူကြောင်းအပိုင်းလည်းကောင်း၊ ဤသို့ နှစ်ဆယ့် တစ်ပါးသောကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။

ထိုနှစ်ဆယ့်တစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းလည်းကောင်း၊ သုံးဆယ့်နှစ်ပါးသော အစုရှိသော အပိုင်းကို ရှုသိမြင်ခြင်းလည်းကောင်း၊ သင်္ချိုင်း၌ ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ရှုသိမြင်ခြင်းလည်းကောင်း၊ ဤတစ်ဆယ့် တစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာကို ဆောင်သော ကမ္မဋ္ဌာန်း တို့သည် ဖြစ်ကုန်၏။

ဒီဃနိကာယ်ကို အဓိကဆောင်တော်မူသော မဟာသီဝ ထေရ် သည် "သင်္ချိုင်း၌ဖြစ်သော ကိုးပါးသော အကောင်ပုပ်တို့ကို ရုပ်အပေါင်းကာယ၏ အပြစ်ကို အဖန်ဖန်ရှုသိမြင်ခြင်း၏အစွမ်းဖြင့် မိန်တော်မူကုန်၏" ဤသို့ ဆိုပြီ။



ထို့ကြောင့် ထိုမဟာသီဝထေရ်၏ အလိုအားဖြင့် နှစ်မျိုးသာ လျှင်ဖြစ်ကုန်သော ကမ္မဋ္ဌာန်းတို့သည်သာ အပ္ပနာစျာန်ကို ဆောင်နိုင် သော ကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။ ကြွင်းသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရစျာန်ကို ဆောင်နိုင်သော ကမ္မဋ္ဌာန်းတို့သည်သာ ဖြစ်ကုန်၏။

ထိုအလုံးစုံကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည် ဖြစ်နိုင်သလော၊ ဤကား အမေးတည်း။ နှလုံးသွင်းခြင်းသည် မဖြစ်နိုင်။ မှန်၏၊ ဣရိယာပထအပိုင်း၊ သမ္ပဇညအပိုင်း၊ နီဝရဏအပိုင်း၊ ဗောဇ္ဈင်အပိုင်းတို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည် မဖြစ်နိုင်။ ကြွင်းသောအပိုင်းတို့၌ နှလုံးသွင်းခြင်းသည် ဖြစ်နိုင်၏။ ဤကား အဖြေတည်း။

http://www.dhammadownload.com



**၄၀၄။ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါး တို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားများအံ့၊ ထိုပွားသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါး တို့တွင် တပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။**

---

မဟာသိဝထေရ်သည်ကား "ဤအပိုင်းတို့၌လည်း နှလုံးသွင်း ခြင်းဖြစ်၏။ မှန်၏၊ ဤတရားအားထုတ်သောပုဂ္ဂိုလ်သည် 'ငါ့မှာ ဣရိယာပုတ်လေးပါးတို့သည် ရှိလေကုန်သလော, မရှိလေကုန်သလော။ ငါ့မှာ သမ္ပဇညလေးပါးသည် ရှိလေသလော, မရှိလေသလော။ ငါ့မှာ နီဝရဏ ငါးပါးတို့သည် ရှိလေကုန်သလော, မရှိလေကုန်သလော။ ငါ့မှာ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရှိလေကုန်သလော, မရှိလေကုန်သလော' ဤသို့ ပိုင်းခြား၍ သိမ်းယူတတ်၏။ ထို့ကြောင့် အလုံးစုံသော ကမ္မဋ္ဌာန်း တို့၌ နှလုံးသွင်းခြင်းသည် ဖြစ်နိုင်၏" ဤသို့ ဆို၏။

**"ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို"** ဟူသည် ရဟန်းတို့ တစ်စုံ တစ်ယောက်သော ရဟန်းသည်လည်းကောင်း၊ ရဟန်းမသည်လည်း ကောင်း၊ ဥပါသကာသည်လည်းကောင်း၊ ဥပါသိကာမသည်လည်း ကောင်း (ပွားများအံ့)။

**"ဤဟောပြသောနည်းဖြင့် ပွားများအံ့"** ဟူသည် အစမှစ၍ ဟောတော်မူခဲ့သော ဘာဝနာအစဉ်အားဖြင့် (မိမိသန္တာန်၌) ဖြစ်စေ ငြားအံ့။

http://www.dhammadownload.com



ရဟန်းတို့၊ ခုနစ်နှစ်တို့ကို ထားဘိဦး၊ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားများအံ့၊ ငါးနှစ်တို့ပတ်လုံး၊ လေးနှစ်တို့ပတ်လုံး၊ သုံးနှစ်တို့ပတ်လုံး၊ နှစ်နှစ်တို့ပတ်လုံး၊ တနှစ်ပတ်လုံး၊

ရဟန်းတို့၊ တနှစ်ကို ထားဘိဦး၊ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားများအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

---



"အလိုရှိအပ်၏" ဟူသည် အလိုရှိထိုက်၏၊ နှစ်သက်ထိုက်၏။ "အသေအချာ ဖြစ်မည်တည်း" ဤသို့ ဆိုလိုရင်းကို သိထိုက်၏။

"အရဟတ္တဖိုလ်" ဟူသည် (သစ္စာလေးပါးကို အထွတ်အထိပ်သို့ ရောက်သော သိခြင်း အရဟတ္တမဂ်ပညာ၏ အကျိုးဖြစ်သော) အရဟတ္တဖိုလ်ကို။

"ဥပါဒါန်အကြွင်းရှိသေးလျှင်" ဟူသည် စွဲလမ်းမှုဥပါဒါန်ကြွင်းကျန်လတ်သော်, မကုန်ခန်းသေးသော်။

"အနာဂါမိဖိုလ်" ဟူသည် အနာဂါမ်ပုဂ္ဂိုလ်ကို။

ဤသို့ ခုနစ်နှစ်တို့၏ အစွမ်းဖြင့် သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သော သာသနာတော်ကို ပြတော်မူ၍ တစ်ဖန် ထိုခုနစ်နှစ်

http://www.dhammadownload.com



ရဟန်းတို့၊ ခုနစ်လတို့ကို ထားဘိဦး၊ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ။ပ။ ငါးလတို့ပတ်လုံး၊ လေးလတို့ပတ်လုံး၊ သုံးလတို့ပတ်လုံး၊ နှစ်လတို့ပတ်လုံး၊ တလပတ်လုံး၊ လခွဲပတ်လုံး။

ရဟန်းတို့၊ လခွဲကို ထားဘိဦး၊ ရဟန်းတို့၊ မည်သည့် ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်

---

ကာလမှ သာ၍နည်းကုန်သော အချိန်ကာလတို့ကို ပြလိုတော် မူသောကြောင့် "ရဟန်းတို့၊ ထားကြဘိဦး" အစရှိသော စကားကို မိန့်တော်မူ၏။

ဤအလုံးစုံလည်းဖြစ်ကုန်သော စကားတော်ကို အလယ်အလတ် ဆုံးမထိုက်သောပုဂ္ဂိုလ်၏ အစွမ်းဖြင့် မိန့်ဆိုခဲ့၏။

ပညာထက်သော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ "နံနက်စောစောကပင် ဆုံးမခံရသောပုဂ္ဂိုလ်သည် (အားထုတ်သည်ရှိသော်) ညနေချမ်း၌ တရားထူးကို ရလတ္တံ့။ ညနေချမ်း၌ ဆုံးမခံရသောပုဂ္ဂိုလ်သည် (အားထုတ်သည် ရှိသော်) နံနက်စောစော၌ တရားထူးကို ရလတ္တံ့"ဟု မိန့်ဆိုတော်ခဲ့၏။

ဤသို့ မြတ်စွာဘုရားသည် "ချစ်သားတို့၊ ငါဘုရား၏အဆုံးအမတော်သည် ဤသို့သော သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သော သာသနာတော်တည်း" ဤသို့ ပြဆိုတော်မူ၍ နှစ်ဆယ့်တစ်ပါးသော အရာတို့၌ အရဟတ္တဖိုလ်တည်းဟူသော အထွတ်ဖြင့် ဟောတော်မူ

http://www.dhammadownload.com



ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

၄၀၅။ "ရဟန်းတို့၊ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ တကြောင်းတည်းသော ခရီးလမ်းဖြစ်၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း"ဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကြေငြာချက်ကို ငါဆိုခဲ့၏။ ဤကြေငြာချက်ကို ဤ (အကျိုးနှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း) ကို ရည်ရွယ်၍ ဆို၏ ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။

---

ခဲ့သော ဒေသနာတော်ကို နိဂုံးချုပ်လိုတော်မူသောကြောင့် "ရဟန်းတို့၊ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်စေရန်၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်၏။ ယင်းသည့် ခရီးလမ်းကား

http://www.dhammadownload.com



ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်းဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကြေငြာချက်ကို ငါဆိုခဲ့၏” ဟူ၍ မိန့်တော်မူခဲ့၏။

ကြွင်းသော စကားအပေါင်းသည် ပေါ်လွင် ထင်ရှားသော သဘော ရှိသည်သာ။

ဒေသနာတော်၏အဆုံး၌ သုံးသောင်းအတိုင်းအရှည်ရှိသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်ပြီ။ ဤကား အပြီးတည်း။

**မဟာသတိပဋ္ဌာနသုတ္တန်အဖွင့် မြန်မာပြန် ပြီးပါပြီ။**

❖❖❖❖❖❖❖